# နန်းစဥ်ပုဏ္ဏာ

အလောင်းဘုရားအမေး

အတုလဆရာတော်အဖြေ

ဦးသော်ဇင်

# နန်းစဉ်ပုစ္ဆာ

## အလောင်းဘုရား အံမေး

## အတုလဆရာတော် အဖြေ

ဦးသော်ဇင်

စာပေလောကတိုက်

အမှတ် ၁၁၆/၇-ရန်ကင်း၊ စော်တိုက်၊ ရန်ကုန်

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ်(၄၀၀၃)၊

ပထမအကြိမ် အုပ်ရေ( ၂၀၀၀ )၊
၁၉၇၀-ခု၊ ဇွန်လ

(ရန်ကုန်မြို့ တော်ဝင်ဥက္ကလာပ ၆–ရပ်ကွက် ဟံသာဝတီလမ်း အမှတ် ၁၀၅ ဥယျာဉ်မှူးစာပေ (၀၇၈၉–မြ) ဦးသော်ဇင်က ထုတ်ဝေ၍ရန်ကုန်မြို့ အမှတ် ၂၈၅ သစ္စာလမ်း ကန်ဘဲ့ မြန်မာ့ ပုံနှိပ်တိုက် (၀၇၆၈–မြ) ဦးအုန်းတင်က ပုံနှိပ်သည်။)

# မာတိကာ


၁။ အဘိဓမ္မာသာ မြတ်သလော .... .... ၃၄
၂။ နိဗ္ဗာန်အနိမ့်အမြင့် .... .... ၃၆
၃။ မျက်လုံးတော် ထုတ်လှူခြင်း .... .... ၃၉
၄။ သာသနာကို လှူသလော .... .... ၄၅
၅။ သာသနာဆိုသည် အဘယ်နည်း .... ၄၉
၆။ သာသနာတည်ရာ .... .... ၅၇
၇။ သရဏဂုံတည်ပုံ .... .... ၅၉
၈။ အဟောသိကံ ဖြစ်မည်လော .... .... ၆၈
၉။ ဗေဒင်နှင့် ဘုရားစကား .... .... ၇၂
၁၀။ ကျောင်းဘုရားမြေပြဿနာ .... .... ၇၅
၁၁။ ခုဒ္ဒကသိက္ခာပုဒ် နှုတ်ပယ်ရန် .... .... ၇၈
၁၂။ ရဟန်းက သူ့သမီးလက်ဆွဲလျှင် .... ၈၀
၁၃။ ရဟန်းနှင့်လူ အချင်းဖြစ်မှု .... .... ၈၇
၁၄။ လူသတ်မှု ပါရာဇိက .... .... ၈၉
၁၅။ အာပတ် မသင့်သော်လည်း .... .... ၉၄
၁၆။ ဒေသနာကြားလျှင် ပျောက်သလား .... ၉၇
၁၇။ ရှင်ရဟန်း မပြုအပ်သူ .... .... ၉၉
၁၈။ အအိပ်ကြူး အပြစ်လွတ် .... .... ၁၀၀
၁၉။ ရဟန်းတို့ ဥပုသ်နေ့ .... .... ၁၀၁
၂၀။ ရန်ဖြစ်သော ရဟန်းလေးပါး .... ၁၀၂
၂၁။ အုံကြီးရှစ်တန်-ကံကြီးလေးပါး-မှားကြီးလေးရပ် ၁၀၈
၂၂။ ဆဲ၍မသင့် လွဲ၍သင့် .... .... ၁၁၁
၂၃။ သာ၍ မြတ်သော အကျိုးများ .... ၁၁၂
၂၄။ လူနိဗ္ဗာန်-ရဟန်းနိဗ္ဗာန် .... .... ၁၁၇
၂၅။ ကံကို ဖွဲ့ပေးလျှင် ရ၏လော .... .... ၁၂၁
၂၆။ တပ်မက်ခြင်းနှင့် ပြိတ္တာဖြစ်ရခြင်း .... ၁၂၃

၂၇။ လူစင်စစ်က နတ်ဖြစ်ခြင်း .... .... ၁၂၅
၂၈။ စေတနာ သုံးတန် .... .... ၁၂၇
၂၉။ တရားနှင့်အညီ မင်းပြုခြင်း .... .... ၁၃၁
၃၀။ မမ္မကထိက တရား၊ သာချင်းတရားဟူသည်....၁၃၅၊၁၃၆
၃၁။ တရားဟောပုံ-နာပုံ .... .... ၁၃၇
၃၂။ လူ ရဟန်း အတန်း အစား ခွဲမှု .... ၁၃၈
၃၃။ ဆွမ်းခံပုံ ဆွမ်းခံနည်း၊ရဟန်းတို့အလှူခံကိစ္စ–၁၄၂၊၁၄၄
၃၄။ လူကျင့်နှင့် ရဟန်းကျင့် .... .... ၁၄၆
၃၅။ တဦးပြုမှုနှင့် အများစု ခံစံရခြင်း .... ၁၄၈
၃၆။ သတ္တဝါတိုင်း ခေါင်းလေးလုံး .... ၁၅၃
၃၇။ စိတ်တခုယုတ်ကိုးဆယ်၊ထီးကျိုးစည်ပေါက် ၁၅၄၊၁၅၇
၃၈။ လင်ရှိ ကျွန်မကို ကျင့်မှု .... .... ၁၆၂
၃၉။ သူ့လင်ကို ခိုးလျှင်၊မဟာဂုတ်အာရုံ.... ၁၆၄၊၁၆၆
၄၀။ သတ္တဝါအလိုက် အပြစ်ထိုက်ခြင်း .... ၁၇၀
၄၁။ ကံကို ကံချင်း အချေးဆပ် .... ၁၇၃
၄၂။ လောကဓံတရားနှင့် ဘုရား .... .... ၁၇၇
၄၃။ လယ်လုပ်ခြင်းသည် မင်္ဂလာ .... .... ၁၇၉
၄၄။ တိဟိတ် ပဋိသန္ဓေကံ .... .... ၁၈၂
၄၅။ မျက်ကန်း နားပင်း ကုသိုလ်ကံ .... ၁၈၃
၄၆။ တန်ခိုးကြီးသော အကုသိုလ် .... .... ၁၈၆
၄၇။ အသူရကာယ်ဘုံ .... .... ၁၉၀
၄၈။ အကျွတ်တရား ရ၏ဆိုသည် .... .... ၁၉၃
၄၉။ ကိလေသာမဂ်ဖြင့် ပယ်ပုံ .... .... ၁၉၅
၅၀။ ကျွတ်သည်နှင့် နိဗ္ဗာန်ရသည် .... .... ၁၉၆
၅၁။ သာသနာ့ အမွေခံ .... .... ၁၉၈
၅၂။ စနည်းတဘောင် ဖတ်ဆိုခြင်း .... ၁၉၉
၅၃။ ကောသလ အိပ်မက် .... .... ၂၀၃

# နိဒါန်း

## ၁

မိမိသည် မိလိန္ဒပဉှာ ပါဠိတော်ကို လူအများ လေ့လာဖတ်ရှုနိုင်စေရန် စီရင်ပြီးသောအခါ အလောင်းမင်းတရားကြီး မေး၍ မဟာအတုလ ဆရာတော် ဖြေဆိုသော နန်းစဉ်ပုစ္ဆာကျမ်းကို သတိရခဲ့၏၊ သို့ရာတွင် ထိုကျမ်းသည် မိမိထံတွင် မရှိချေ၊ ဒုတိယ ကမ္ဘာစစ်ကြီး မဖြစ်မီ အခါက ဟင်္သာတမြို့ မြစ်ကျွေး ဆရာတော် အရှင်ပညာဝံသထံ၌ ဖတ်ခဲ့ဘူးခြင်းဖြစ်၏၊ ထိုဆရာတော်သည် ဂျပန်ခေတ်က စစ်ဒဏ် ရှောင်ရှားရင်း ကွင်းကောက်မြို့၌ ပျံလွန်တော်မူခဲ့၍ သူ၏ အဖိုးထိုက်တန်လှသော စာပေတို့လည်း မတော်သူတို့လက်တွင် ပျောက်ပျက် တိမ်မြုပ်သွားကုန်၏၊ သို့ဖြင့် နန်းစဉ်ပုစ္ဆာနှင့် ပတ်သက်၍ သတင်းပေးရန်ပင် ခက်ခဲနေ၏၊ သို့ရာတွင် စကားစပ်မိပါက ဤနန်းစဉ်ပုစ္ဆာ အကြောင်းကို စုံစမ်း မေးမြန်းခဲ့၏၊ သို့ဖြင့် နှစ်ပရိစ္ဆေဒ ကြာမြင့်လှလေပြီ၊ တနေ့တွင် စာပလေ့တိုက်မှ ပေထုပ် အတန်များစွာ မိမိထံသို့ ရောက်လာ၏၊ ထိုတွင် နန်းစဉ်ပုစ္ဆာ ပေထုပ်လည်း ပါလာ၍ ပြောမပြနိုင်လောက်အောင် အားရသွား၏၊ အားရလောက်ပါသည်၊ ထိုပေမှာ ရွှေတောင် ကျီးသဲလေးထပ် ဆရာတော်၏ လက်သုံး ပေစာဖြစ်၏။

မိမိ၏ ဟင်္သာတမြို့ မြစ်ကျွေးဆရာတော် အရှင်ပညာဝံသသည် ရွှေတောင် ကျီးသဲလေးထပ် ဆရာတော်ကို လွန်စွာ လေး

စား မြတ်နိုး၏၊ အချို့ ဆရာတော်ကြီးတို့က ရွှေတောင် ကျီးသဲလေးထပ် ဆရာတော်၏ ဇိနတ္ထပကာသနီကို ဖိုးသူတော် မယ်သီလ ကြည့်သော စာဟု ရှုတ်ချ၏၊ ဤပြဿနာနှင့် ပတ်သက်၍ ဆရာတော်က—"တကယ်လိုတာက ဖိုးသူတော် မယ်သီလ ကြည့်နိုင်တဲ့ စာဘဲ၊သာသနာတော်မှာ သူတို့တွေ ကြည့်နိုင်တဲ့ စာမျိုးအများကြီး လိုနေတယ်၊ ဆရာတော် သမားတော်တွေကြည့်ဘို့ စာမျိုးက စာတိုက်ထဲ အပြည့်ရှိတယ်၊ ခုအခါ ဆရာတော်တွေအတွက် သမားဂုဏ်ပြနေဘို့ မလိုပါဘူး၊ ဖိုးသူတော် မယ်သီလလို တကာ တကာမတွေ သာသနာ့ ဗဟုသုတ ဖြစ်စေမဲ့ စာမျိုးအများကြီး လိုနေတယ်၊ ဇိနတ္ထတောင် အတန် မြင့်နေသေးတယ်၊ ဒါထက် သက်သာ လွယ်ကူတဲ့ စာမျိုး ကြိုးစားဘို့ အာရုံပြုသင့်တယ်"—စသည်ဖြင့် ဝေဘန်ပြီး အနာဂတ် သာသနာရေးအတွက် လမ်းစခင်းပေး၏၊ သို့ဖြင့် မိမိသည် မြန်မာပြည်ရောက် ဗုဒ္ဓသာသနာ အမည်ရှိသော စာအုပ်ကို ဖော်ထုတ်ခြင်း ဖြစ်၏၊ မိမိ ကျောက်ထီး တန္တိ အလေးပြုသော ဆရာတော်ဘုရား လေးစား မြတ်နိုးသော ရွှေတောင် ကျီးသဲလေးထပ် ဆရာတော်၏ ပေစာကို ရသောအခါ အဘယ်မှာ ဝမ်းမသာနိုင်ဘဲ ရှိအံ့နည်း။

မြစ်ကျေး ဆရာတော်၏ နန်းစဉ်ပုစ္ဆာ ပေစာကို ဖတ်ရသည်မှာ—နှစ်ပရိစ္ဆေဒလည်း ကြာမြင့်လှလေပြီ၊ ထိုပြင် ထိုစဉ်အခါက မိမိသည် ငယ်ငယ် ရွယ်ရွယ်ပင် ရှိသေး၍ ထိုပေစာအကြောင်းကို ကောင်းစွာ မအောက်မေ့နိုင်တော့ပါ၊ ယခုလက်ဝယ် ကိုင်လျက်ရှိသော ရွှေတောင် ကျီးသဲလေးထပ်

ဆရာတော်၏ ပေစာကား ဆယ်ကြောင်းပေ ဃ-မှ ဈီအထိ ဖြစ်၏၊ ပေထက် အက္ခရာတင်ပြီးသော သက္ကရာဇ်မှာ ၁၂၂၆-ခုနှစ် သီတင်းကျွတ် လပြည့်ဖြစ်၏၊ ယခုနှစ်မှ ပြန်၍ ရေတွက်သော် လွန်ခဲ့သော အနှစ် တရာကျော်က ပေစာဖြစ်၏၊ မိမိသည် ဤပေစာကို လွန်ခဲ့သော ၆-နှစ်ခန့်က ရဘိမူ ပေစာ၏ ရာပြည့်နှစ် အထိမ်းအမှတ် ပြုလုပ်ရာ၏၊ ယခုမူ ပေစာ၏ အသက်မှာ ရာပြည့်ထက် ၅-နှစ်ခန့် ကျော်လွန်နေပေပြီ၊ ကျီးသဲလေးထပ် ဆရာတော်သည် စွယ်စုံကျော်ထင်နိဂုံး၌ ၁၁၂၆ ခုနှစ်မှစ၍ စွယ်စုံ-ကျော်ထင်ကျမ်းကို ဖြေဆိုရာ ၁၁၂၇-ခုနှစ်တွင် ပြီးဆုံးခြင်းသို့ ရောက်၏ဟု ဖော်ပြထား၏၊ထို့ကြောင့် နန်းစဉ်ပုစ္ဆာကို ပေထက် အက္ခရာတင်သော ၁၂၂၆-ခုမှာ စွယ်စုံကျော်ထင် ကျမ်းကို ဖြေဆိုနေချိန် သို့မဟုတ် ဖြေဆို၍ မပြီးမီ တနှစ်က ဖြစ်ကြောင်း သိနိုင်၏။

*

ကျည်းကန် ရှင်နန္ဒမေဓသည် မြင်မြင်ဝါးဝါး သူတပါးတို့ ဖွဲ့ထားကုံးသီနိုင်မည်ကို မဆိုထားလင့်၊ မေးခွင့်မေးရာကိုမျှ ကြံခြင်းငှာ မစွမ်းနိုင်သောပုစ္ဆာ,သိလွယ်ငြားသော်လည်း နောက်သားတို့ ပညာပွားရန် အကျိုးရှိသော ပုစ္ဆာ-ဤပုစ္ဆာ အရပ်ရပ် တို့ကို ပိဋက ဗေဒင် ရာဇဝင်ကျမ်း ဆန်း လင်္ကာ လောကာယတဖြစ်သော ဂန္ထန္တရကျမ်း ပုံပြင်ကျမ်းတို့မှ အဆန်းတကြယ် မှတ်ဖွယ်ကောင်းလှသော စကားအဆီအနှစ် အဆစ်အဖုတို့ကို ဖေ့နှုတ်၍ ပုစ္ဆာပြုလုပ်ခဲ့ပေ၏၊ ယင်းပုစ္ဆာ တထောင်ကျော်တို့ကို ရွှေတောင်မြို့ ကျီးသဲလေးထပ် ဆရာတော် ရှင်မုနိန္ဒာဘိဓဇ အမည်ရှိသော ပုဂ္ဂိုလ်ကျော်က ဖြေဆို၏၊သူသည် ဤပုစ္ဆာတို့ကို

ဖြေဆိုရာတွင် ရှေးယခင်က ပုစ္ဆာနှင့် အဖြေတို့ကိုလည်း လေ့လာခဲ့မည်၊ ထိုတွင် ဤနန်းစဉ်ပုစ္ဆာလည်း တခု အပါအဝင် ဖြစ်ပေလိမ့်မည်၊ အမေး အဖြေနှင့် ပတ်သက်၍ ကျီးသဲလေးထပ်ဆရာတော်၏ မှတ်ချက်ကို သတိပြုသင့်ပေသည်—

အမေး အဖြေ နှစ်ပါးတွင် အမေးသည် ခဲယဉ်းသလော၊ အဖြေသည် ခဲယဉ်းသလော ဟူငြားအံ့၊ မေးလိုသောသူသည် မိမိသင်၍ရင်း၊ သူတပါးထံမှ ကြားရ၍ရင်း၊ အလိုလို ကြံဆ၍ရင်း ရအပ်သော အနက်သဘောကို မေးရသောကြောင့် ဝန်လေးခဲယဉ်းသည် မဟုတ်၊ ဖြေသောသူသာလျှင် ဥပမာ ဥပမေယျသာဓက ယုတ္တိကို နှိုင်းညှိ၍ ဖြေဆိုရသောကြောင့် ခဲယဉ်းလှသည်ဖြစ်၍ တနည်းလည်း–အကြောင်း ယုတ္တိကိုရှာလျက် သင့်လျော်စွာ မေးခြင်းသည်လည်း ခဲယဉ်း၏၊ အကြောင်းကို ဖော်ဖွေ၍ အဖြေပြုရခြင်းသည်လည်း ခဲယဉ်း၏၊ သတိ ပညာ ကြီးစွာသောသူတို့၏ အာရုံပြုရာသာဖြစ်၏။

ဤစကား နှစ်ခွန်းတွင် 'အမေး လွယ်၏၊အဖြေ ခက်၏'—ဟူသော စကားသည်သာလျှင် များစွာသော ဇာတ်နိပါတ် ဝတ္ထု သက်သေတို့နှင့် ညီသည်၊ ဘယ်သို့ ညီသနည်းဟူမူ ဥမင်္ဂဇာတ်တော်၌ မဟော် သုခမိန်၏ ပညာရှိ–မရှိကို စုံစမ်းခြင်းငှာ ၁၄–ရပ်သော ပြဿနာကို ပညာသင့်ရှိရှိသော သိန်း,ဒေဝိန်း,ကာမိန်း,ပက္ကုသ်တို့ပင် မပြုလုပ်နိုင်ပါ၊ တဦးလုပ်သော ပြဿနာကို တဦး

ဖြေခြင်းငှာ မဘတ်နိုင်ရာ၊ ဘုရားလောင်း သုခမိန်သာ လျှင် မေးလာသမျှ ပုစ္ဆာ၏ အနက်တို့ကို ပြက်ပြက် ထင်ထင် သိမြင်နိုင်သည်။

မိလိန္ဒပဥှာတွင်လည်း ပုထုဇဉ် ပညာရှိ ဖြစ်သော မိလိန္ဒမင်းကြီး မေးသောပုစ္ဆာကို ပဋိသမ္ဘိဒါပတ္တ–တိပိဋကဓရဖြစ်သော ရဟန္တာ အရှင်မြတ်တို့မှ ဖြေဆိုခြင်းငှာ မတတ်စွမ်းနိုင်သောကြောင့် ယောနကတိုင်းမှ ရှောင်ခွာ၍ ဟိမဝန္တာ အရပ်၌ နေကြရသည်၊ ရှေးပါရမီ ဝိသေသ ကြီးမြတ်လှသော နာဂသေနထေရ်ရောက်လာမှ ရဟန္တာအပေါင်းတို့သည် သာဂလမြို့သို့ လာဝံ့ကြသည်၊ ဤသို့သောကျမ်းဂန် သက်သေကို ထောက်ထားသဖြင့်ရင်း၊ကျွဲကျောင်းသား တယောက်သည် ခလောက်ဆွဲလျက် မြက်စားသော ကျွဲ၏ဗျုပ်ဂြောင်း မြည်သော အသံကို မှတ်ပြီးလျှင် ပညာရှိ ရဟန်းတဦးအား “အရှင်ဘုရား ဗျုပ်ဂြောင်း သဒ္ဒါသည် အဘယ်ကို ဟောပါသနည်း”-ဟု မေးလျှင် ထိုအရှင်သည် ကျမ်းဂန်တွင် တွေးမြော်၍ မြင်တော် မမူနိုင်ရှိဘူးသည် တထုံး၊ ပေါက္ကံပြည်၌ တဦးသော ဒါယိကာမသည် ကျမ်းတတ် ဆရာထံသို့ ကပ်၍–“အရှင်မြတ် ပြဿနာတခုကို တကာမအား ခွင့်ပြုပါ၊ဗုဒ္ဓေသဒ္ဒါ၊ ဗုဒ္ဓေါသဒ္ဒါ၊ ဗုဒ္ဓံသဒ္ဒါ တို့သည် ဘုရားသခင်ကို ဟော၏ဟူပြီ ဗုဒ္ဓိုင်းသဒ္ဒါ သည် အဘယ်အနက်ကို ဟောပါသနည်း”–ဟုမေးလျှင် ထိုကျမ်းတတ် အရှင်သည် ဆင်ခြင်၍ မရနိုင်ရှိဘူးသည် တထုံး၊ ဤထုံးများကို ထောက်ထား၍–“မေးသောသူ

ကား နွားကျောင်း ဖြေသူကား ဘုရားလောင်း”-ဟု စကားဟောင်း ဆိုရိုးရှိကြသည်၊ ယင်းသို့သောကျမ်းဂန် ထုံးစံကို နှိုင်းဆလျှင် အမေးကားလွယ်၏၊ အဖြေသာ ခက်သည်ဟူသော စကားသည် သင့်မြတ် ညီညွတ် သတည်း။

အမေးဟူသော စကားကို ပါဠိဘာသာ၌ ပဉှာ,အနုယောဂ ပုစ္ဆာ ဟူသော သဒ္ဒါသုံးပါးဖြင့် ထိုက်သင့်သည်အားလျော်စွာ ခေါ်ဆိုသုံးစွဲ၏၊ သိကြားမင်းကမေး၍ မြတ်စွာဘုရား ဖြေကြား သော သုတ်ကို သက္ကပဉှာသုတ်ဟု ခေါ်၍ မြတ်စွာဘုရား မေး ၍ ကုမာရ(သူငယ်)ဖြေကြားသော သုတ်ကိုမူ ကုမာရပဉှာသုတ် ဟု ခေါ်၏၊ မိလိန္ဒမင်းကြီး မေး၍ ရှင်နာဂသေန ဖြေဆိုသော ပါဠိတော်ကို မိလိန္ဒပဉှာဟု ခေါ်၏၊ အနုယောဂ သဒ္ဒါကိုကား အမှုအခင်းဖြစ်၍ မေးစိစစ်ရာမှာ အသုံးပြု၏၊ အလောင်းဘုရား မေး၍ မဟာအတုလဆရာတော် ဖြေဆိုသော ဤကျမ်းကိုကား- “**နန်းစဉ်ပုစ္ဆာ**”—ဟု ခေါ်ဆိုလေသည်၊ နန်းစဉ်ပုစ္ဆာနှင့် ပတ် သက်၍ အလောင်းဘုရားနှင့် မဟာအတုလ ဆရာတော်၏ အကြောင်းကို အသင့်အတင့် သိထားသင့်၏၊ ထိုအကြောင်းကို မဟာဓမ္မသင်္ကြံအမတ်ကြီး ပြုစုသော သာသနာလင်္ကာရ စာ တန်းမှ ကောက်နှုတ်ဖော်ပြပါမည်—

၂

၁၁၁၃-ခုနှစ် ရောက်လတ်သော်- “ဆုံကျည်ပွေ့မှ မလွတ် အဝပြည်လုံး ပင်လယ်နားသို့ မျောပါးလတ့်၊

ထိုရောအခါ ဘုန်းပညာနှင့် ပြည့်စုံသော အမတ်သားသည် ဌာဝရကိန်း မရ၊ ဇင်္ဂမကိန်း၌ မြို့သိမ်ဟုနန်းမပြည်ကြီး တည်လတ့်”—ဟူ၍ ဂဝံပတေ့ ရသေ့သိကြား ဗျာဒိတ်ထားသော သိုက်နိမိတ်ရှိသည့် အတိုင်းရတနာသိမ်မြို့ကြီးနှင့်တကွ ရွှေနန်းပြာသာဒ် တည်ထောင်တော်မူ၏၊ ရွှေဘုံအောင်မျို့ ရွှေမြို့ကျုံးဝန်း နတ်ကွန်းရေကန် ချိန်မှန်ဗဟို ရွှေချက်သိုဟူသော ခုနစ်ဌာနကိုတပြိုင်နက် တချက်တည်း စ၍ တည်တော်မူသည်။

သာသနာတော်မြတ်ကို ပြုစု ချီးမြှင့်တော်မူသောသာသန ဒါယကာ အစစ် ဖြစ်သည်ဟူ၍ နတ်တံဆိပ်သာ မိန့်တော်မူသည်၊ သံတံဆိပ် နာမံ ခံတော်မမူ၊ပါရမီပြည့်သော မင်းလောင်းဖြစ်၍ **အလောင်းမင်းတရားကြီး**ဟု မြေပြင်မဆံ့ ကောင်းကင်နှံ့မျှ—ကြားလို့ကျော်စောတော်မူသည်၊ တလ လေးသီတင်း နန်းတော်တွင် သံဃာတော်တို့အား မပြတ် ဆွမ်းလုပ်ကျွေးတော်မူ၏၊ မိဘုရား မောင်းမ မိဿံ မှူးမတ် ခြံရံနှင့်တကွ ဥပုသ်စောင့်တော်မူ၏၊ ဂုဏ်တော်သုံးပါး ပါဠိအနက်ကိုတနန်းလုံး လေ့ကျက် ဆောင်ရွက်စေတော်မူ၏၊ ပွဲကျောင်း အလင်္ကာ ဂါမဝါသီတို့အား တရားသဖြင့်ဆုံးမ၍ သာသနာတော်မြတ်ကို သုတ်သင်ပြုစုတော်မူ၏၊ ဥရှစ်ကျေးရွာကျောင်း တောင်ဘီလူး ဆရာတော်တပည့် အတင်ဂိုဏ်း ရှင်ဃဿကို— **မဟာအတုလယသဓမ္မရာဇဂုရု** တံဆိပ်နှင့်ဆရာရင်းပြု၍ ကိုးကွယ်တော်မူ၏။

ထိုရောအခါ အရုံဂိုဏ်း ပလိုင်း ရှင်သုဇာတတို့က သာမဏေများကို ရွာသွား–ရွာဝင် သင်္ကန်းရုံစေခြင်းသာ မမှုဝါဒဖြစ်ကြောင်းနှင့် ကျမ်းဂန်ပြ၍ စာသွင်းသည်၊ အတင်ဂိုဏ်း အတုလဆရာတော်တို့ကလည်းအဝ ကောင်းစဉ် တနင်္ဂနွေမင်း, ကြာသပတေးမင်းတို့ လက်ထက် မာရ်ရှိအောင်ရတနာ သုမမှာတွင် ဆရာတော်သံဃာတော်တို့ မျက်မှောက် ဖြတ်တန်း ဖြတ်စာနှင့်ပြီးသော အမှုဖြစ်ကြောင်းကို စာသွင်း၍ မင်းတရားကြီးက ပြောဆိုစေလိုသော ဆန္ဒတော် ရှိလျက်ပင် မပြောမဆိုရလေ၊ တိုင်းရေးပြည်ရေး ကုန်စေဦး၊ သာသနာရေးမှာ နောက်မှ ဆွေးနွေး စီစစ်၍ တရားရှိရာ ဖြစ်စေရမည် အမိန့်တော်ကိုသာ နာခံဆိုင်းလင့်ရသည်။

မြန်မာပြည် ဗုဒ္ဓသာသနာတွင် ဤအတင် အရုံပြဿနာမှာ လွန်စွာ ရှုပ်ထွေး၏၊ မင်းအဆက်ဆက် ပြောင်းခဲ့၏၊ ယနေ့တိုင်အောင် ရှင်းရှင်းလင်းလင်း မရှိချေ၊ သာမဏေတို့သည် ရွာတွင်းသို့ဝင်လျှင် အချို့တင်၍ အချို့ရုံ၍ ဝင်ကြ၏၊ အများအားဖြင့် ရွှေကျင်နှင့် ဒွါရဂိုဏ်းဝင် အရှင်တို့သည် ရွာတွင်းသို့ ဝင်လျှင် သင်္ကန်းရုံ၍ ဝင်ကြ၏၊ သို့ရာတွင် ဤကိစ္စကို အရေးကြီးသော ပြဿနာတရပ်အနေဖြင့် ဘယ်သူမျှ အာရုံ မပြုကြချေ၊ သာသနာ အရှိန်အဝါ မှိန်မှေးလာခြင်း၏ လက္ခဏာပင် ဖြစ်ပေလိမ့်မည်၊ အတုလဆရာတော်ကား ရှင်သာမဏေတို့ ရွာတွင်းသို့ဝင်လျှင် သင်္ကန်းရုံနေဖွယ် မရှိ၊ တင်၍ပင် ဝင်နိုင်၏ဟုဆုံးဖြတ်၏၊ အလောင်းမင်းတရားကြီး နတ်ရွာစံ၍ သားတော်

အစဉ် မြေးတော်အဆက် မြစ်တော်အညွန့်တို့၏ လက်ထက်တွင် တောင်တွင်းကြီး ပုဂ္ဂိုလ်ကျော် ခင်ကြီးဖျော်, စရစ်ရွာရှင်စန္ဒာဝရ, ဗန်ကျီတွင်းတိုက် ပေါက်မြင့်ဇာတိ ရှင်နန္ဒမာလာ, မောင်းထောင် ရှင်ဉာဏ စသူတို့ သာသနာတွင် ပေါ်လွင် ထင်ရှား လာကုန်၏၊ သူတို့ကား ရှင်သာမဏေတို့ ရွာတွင်းသို့ဝင်လျှင် သင်္ကန်းရုံပြီး ဝင်သင့်သည်ဟု ယူဆသူများ ဖြစ်ကြ၏၊ ထို့ကြောင့် သူတို့သည် အတင်ဂိုဏ်း ဆရာတော် မဟာအတုကို အဓမ္မဝါဒီဟု ပြင်းထန်စွာ ပြစ်တင်ရှုတ်ချကြ၏၊ ထိုအကြောင်းကိုလည်း ဤတွင် ဖော်ပြသင့်သည်ဟု ယူဆပါသည်—

သက္ကရာဇ် ၁၁၄၆-ခုနှစ် ရောက်သောအခါ အလောင်းမင်းတရားကြီးလက်ထက် ဆရာတော်ဖြစ်သော အတုလ ဆရာတော်က—'စူဠဂဏ္ဌိတွင် သာမဏေတို့ တင်သင့်ကြောင်းကို ပါသည်၊ ယင်းကျမ်းကိုလည်း သီဟိုဠ်ကျွန်း အနုရာဓမြို့တောင် ပေါက္ကန္တိ ဂါမရွာ၌ ရဟန္တာ ရှင်မောဂ္ဂလာန် ပြုသည်—' ဟူ၍ မင်းတရားကြီး ရွှေနားတော်ကြား စာဆက်သွင်းပြန်သည်တွင် "အတုလဆရာတော်ကို စာမေးဆရာတော်တို့နှင့် ဆွေးနွေး ပြောဟောကြစေ"—အမိန့်တော်ပြန်၍ သုဓမ္မာ စရပ်တော်တွင် မျက်နှာစုံညီ ဆွေးနွေး ပြောဟောကြရ၏။

ထိုအခါ သာမဏေတို့ ဒုကုဋ်တင်၍ ရင်စည်းသင့်ကြောင်းကို "စီဝရ ပဋလ ဥပရိ သံဃာဋိ ကတွာ ဥရဗန္ဓနဝတ္တံ ဗန္ဓိတဗ္ဗံ"—ဟု စူဠဂဏ္ဌိ၌လာသည်ဟူ၍ အတုလဆရာတော်က ပါဠိရှုတ်၍ ဆို၏။

ထိုပါဠိနှင့် အနက်အဓိပ္ပါယ် အထူးအခြား ကျမ်းများမှာ ရှိ-မရှိ ထိုဆရာတော်တို့က မေးဆေးလျှင်— "အခြားကျမ်းများ မှာ မရှိပေ" ဟု အတုလဆရာတော်က ဆို၏။

"ယင်းကျမ်းကို အဘယ်ဆရာ ပြုသနည်း"ဆရာတော်တို့က မေးဆေးလျှင် "သီဟိုဠ်ကျွန်း အနုရာဓမြို့တောင် ပေါက္ကန္တိဂါမရွာ၌ ရဟန္တာ ရှင်မောဂ္ဂလာန် ပြုစုသောကျမ်းဟု သီဟိုဠ် ပိဋကမှန်မှာ ရှိသည်"-ဟူ၍ အတုလဆရာတော်ကဆိုပြန်သည်။

"ပိဋကမှန်ကို ဘယ်ဆရာပြုသနည်း"—ဆရာတော်တို့က မေး ဆေးပြန်လျှင်—"ရှင်ဗုဒ္ဓဃောသ သီဟိုဠ်ကျွန်းက ကျမ်းဂန်များ ကို ယူခဲ့သည်တွင် သီဟိုဠ်ပါ ကျမ်းစာရင်းကို ရှင်ဗုဒ္ဓဃောသ မှတ်သော မှန်စာဖြစ်သည်၊ ထိုပိဋကမှန်စာလည်း ငါ့လက်တွင် ပင် ရှိသည်"—ဟု အတုလဆရာတော်က ဆိုပြန်၏။

ဆိုချက်အတိုင်း— "လက်ရှိပိဋကမှန်ကို တင်ပြစေ" ဆရာ တော်တို့က ဆိုပြန်လျှင်— "ဤကား လက်ရှိပိဋကမှန်—" ဟု အတုလဆရာတော်က တင်ပြ၏။

ထိုပိဋကမှန်ကို ပရိသတ်ဘောင်တွင် ကြည့်ရှုကြသော် ဝိနယ ဂဏ္ဌိပုဒ်ကို သီဟိုဠ်၌ ပရက္ကမဗာဟုမင်း လက်ထက် ရှင်မောဂ္ဂ လာန် ပြုသည်ဟူ၍သာ ပိဋကမှန် လာရှိသည်၊ စူဠဂဏ္ဌိကို သီဟိုဠ်ကျွန်း အနုရာဓမြို့တောင် ပေါက္ကန္တိဂါမရွာ၌ ရဟန္တာ ရှင်မောဂ္ဂလာန် ပြုစုသည်ဟူ၍ အတုလဆရာတော်ဆိုတိုင်း မလာ မရှိ၊ ထိုသို့—"ပိဋကမှန်တွင် မလာမရှိဘဲလျက် အဘယ်ကြောင့် ရှိသည်ဆိုလေသနည်း" ဆရာတော်တို့က မေးမြန်းပြန်လျှင် ခိုး

ထုပ်နှင့် ခိုးသူကို ဖမ်းမိသကဲ့သို့ မုသာ:ထုပ်နှင့် မုသားသည် အဓမ္မဝါဒီကို ဖမ်းမိ၍ ပြေလည်အောင် မဆိုနိုင်ရှိလေပြီ။

"စူဠဂဏ္ဌိသည် ဋီကာကြီး ၃-စောင်တွင် ဆောင်သော စူဠဂဏ္ဌိပင်လော" မေးဆေးလျှင် "မှန်၏"- ဆိုသည်။

"ထိုသို့လျက် ယခုဆိုသော စူဠဂဏ္ဌိတွင်—ဝဇီရဗုဒ္ဓိ ဋီကာယံ, သာရတ္ထဒီပနီယံ, ဝိမတိဝိနောဒနီယံ ဟူ၍ အဘယ်ကြောင့် ဋီကာကြီး ၃-စောင်ကို ဆောင်လေသနည်း"— မေးဆေးပြန်လျှင် ခိုးသူကို ခိုးဆဲတွင် ဥသျှောင်၌ ကြပ်ကြပ်ကိုင်မိသကဲ့သို့ အဓမ္မဝါဒီကို အဓမ္မပြောဆိုဆဲတွင် မိမိခိုမှီရှာကျမ်း၌ ကြပ်ကြပ် ကိုင်မိ၍ မဆိုနိုင် ရှိလေသည်။

"စူဠဂဏ္ဌိတွင်ပင် ပရိမဏ္ဍလ သုပ္ပဋိစ္ဆန္နဖြစ်အောင် ဝတ်ရုံခြင်းကိုလည်း ဆိုသည်၊ လက်ကန်တော့ ဒုကုဋ်တင် ရင်စည်း၍ ဝတ်ရုံခြင်းကိုလည်း ဆိုသည်၊ ဘယ့်ကြောင့် ရှေ့နောက် မညီ မညွတ် ဆိုလေသနည်း"-မေးဆေးပြန်လျှင် အတင်ဝါဒ၌ မှီခိုရာပါဠိ အဋ္ဌကထာ ဋီကာ မရှိ၍ မှီခိုပါသော စူဠဂဏ္ဌိပင် ရှေ့နောက် မညီ ဖြစ်ရပြန်လေရကား ခိုမှီရာမှ ဘေးဖြစ်ခဲ့၍ ခိုးသူကို ပုန်းအောင်းရာနှင့်တကွ ဖမ်းမိလေသကဲ့သို့ အဓမ္မဝါဒီကို မှီခိုရာနှင့်တကွ ဖမ်းမိ၍ မဆိုနိုင်ရှိလေပြီ။

ဤသို့ သုံးကြိမ်တိုင်အောင် မဆိုနိုင်ရှိကြောင်းကို လက်နက်စကြာသခင် ဆင်ဖြူရှင်များရှင် ဘဝရှင် မင်းတရားကြီး ကြားသိတော်မူ၍ အတင်ဆရာတို့ မှီခိုရာဖြစ်သော စူဠဂဏ္ဌိ ကျမ်း မခိုင် မခန့်သောအဖြစ်ကို သိတော်မူသည်၊ အကုန်အစင်

မေးဆေး စိစစ်၍ သာသနာတော်ကို သုတ်သင်ပြုစုသည်ဟူ၍လည်း ဝမ်းမြောက်ဝမ်းသာ ရှိတော်မူသည်။

ဤသာသနာလက်ာရစာတန်းကို စီရင်သော မဟာဓမ္မသင်္ကြံ အမတ်ကြီးကား မောင်းထောင် သာသနာပိုင် လူထွက်ဖြစ်သည်၊ သူသည် ထိုစဉ်အခါက အရုံဂိုဏ်း၏ ဦးစီးခေါင်းဆောင်ဖြစ်ခဲ့ဘူးသည့်အတိုင်း အတင်ဂိုဏ်း ခေါင်းဆောင် အတုလဆရာတော်ကို ပြင်းထန်သော စကားလုံးတို့ဖြင့် သုံးနှုန်းကာ မှတ်တမ်းတင်သွားခြင်း ဖြစ်၏၊ မောင်းထောင် နောက်ကလိုက်ပြီး မြေနိမ့်ရာ လှံစိုက်ကြသူများလည်း အများအပြားပင်၊ ထိုတွင် ဝံသဒီပနီ၌ ဤသို့ဆိုလေသည်-

> အတုလဆရာတော် စီရင်ဆုံးဖြတ်သော စာအစောင်စောင်ကိုလည်း ဆက်သွင်းစေရာတွင် ဆက်သွင်းသော စာခွေတို့ကို ကျမ်းဂန်သိမြင်သော အမတ်တို့ကို ဖတ်နာစေသော် အမတ်တို့က-"သည်အတိုင်းမှန်လျှင် တရားလက်လွတ် သီလမရှိ ဖြစ်ချေသည်"-ဟု သံတော်ဦးတင်ကြရာတွင် ဘိုးတော်မင်းတရားကြီးက "ဤအတုလယသ ပုဂ္ဂိုလ်သည် သာသနာတော်၏ ရန်ဆူး ရန်ညှောင့် ပြုကျင့်၍ နေသသူဖြစ်သည်၊ ထင်ရှားအောင် လူဝတ်လဲ၍ မောင်းကျော်ပြီးမှ မိမိရပ်ရွာသို့ နှင်ထုတ်လေ"-အမိန့်တော်ရှိ၍ နှင်ထုတ်လိုက်ရသည်။

နှင်ထုတ်ပုံ အပြည့်အစုံကိုကား ကဝိသာရမဉ္ဇူသာ အမည်ရှိသောကျမ်းတွင် အသေးစိတ် ဖော်ပြထားသည်ကို တွေ့ရ၏-

အတုလယသ မထေရ် လူအမည် ဦးပန်းထွေးကို နှင့်ထုတ်ပုံ အခြင်းအရာ တွေ့ရှိရသည်ကား ကြက်ငှက် တိရစ္ဆာန်တို့ကဲ့သို့ အဝတ်မပါ ပလာကိုယ်ထည်း ထားပြီးလျှင် လေ့ဦးတွင် ခြင်းကြားနှင့်လှောင်၍ စလောင်းဖုံးနှင့် ထမင်းကျွေး၍ **အတုလဘွဲ့ခံ ယေမည် ပန်းထွေး**—ဟူသော အမည်း စာလုံးကြီးရေး၍ လှံ့ မား ရုံကာလျက် အောက် သရက်မြို့ရောက်အောင် ရောဝတီ မြစ်ကြောင်းအလိုက် စုန်မျော ပို့လွှတ်စေ၏၊ ရောက်ရာ ဆိပ်ကမ်းကလည်း မြို့သူရွာသားတို့က ထွက်၍ မေးရန် အမိန့်တော်ဆင့်ဆို၍ ထားသောကြောင့် မေးမြန်းကြသည်မှာ—

"မားရောင် လှံ့ရောင် ပြိုးပြိုးပြောင် အမောင်ဘယ်က လူပေလဲ"

ထိုအခါမှ လှေပေါ်၌ပါသော အမှုထမ်းသားတို့က—

"ဝိနည်းတတ်ယောင် ဂဏ္ဌိဆောင် နှာယောင်ကောက်နှင့် လူမဲမဲ"—ဟုဆို၍ သွားကြပြီးလျှင် သရက်မြို့တဘက် အာလံကျွန်းဆွယ်တွင် လွှတ်ခဲ့ကြ၏။

၃

အာဏာရှိသော မောင်းထောင် သာသနာပိုင်၏ နောက်သို့ သံယောင်လိုက်ကာ အတုလဆရာတော် ခေါင်းမဖော်နိုင်အောင် နှိပ်စက်ခန်း ဖွင့်ကြခြင်းဖြစ်၏၊ ပွဲထဲတွင် လူကြမ်းက ဇာတ်လိုက်ကို ယောင်ဆဲ့ပြီး-"အဝိဇ္ဇရေ သူကောင်မြှုပ်တဲ့ သုသာန်မြေမှာ လူသေချင်းစကားပြောလို့ သောသောညံ့ရော့လဟယ်"

ဟုဆိုကာ ခေါဖြင့် ပိုင်းလိုက်သည်နှင့် တူနေပေ၏၊ ထိုတွင် ဝံသမာလာ အမည်ရှိသောကျမ်းမှာကား "အတင်ဂိုဏ်း အချို ဂိုဏ်း နှစ်ဂိုဏ်းလုံးပင် မမ္မဝါဒီတို့ဖြစ်ကြ၏၊ သာမဏေတို့ကို ဆုံးမရာမှာသာ သဘောကွဲလွဲခြင်းဖြစ်သည်"ဟု ဖြန့်ဖြေပေး သည်ကို တွေ့ရ၏၊ ကုန်းဘောင်ခေတ်ဆီက အတ္ထုပ္ပတ္တိတို့မှာ အများအားဖြင့် လိုလျှင် လိုသလို မလိုလျှင် မလိုသလို မြှောက် တတ် ချောက်တတ်ကြ၏၊ တဦးကို ဘဝင် ရောက်အောင် မြှောက်လိုသဖြင့် အခြားတဦးကို နရက်တိုင်အောင် ချပစ်လေ့ ရှိကြ၏၊ ဘဝင်လည်း မြှောက်လွန်းသည်၊ နရက်လည်း ချောက် လွန်းသည်၊ သို့ဖြင့် အရေးကြီးသော အကြောင်းအရာ အတ္ထုပ္ပတ္တိ ရာဇဝင်သမိုင်းတို့မှာ ဇဏ္ဍာရီဆန်ဆန်တို့ ဖြစ်ကြရ ကုန်၏။

အတုလဆရာတော်ကို စတင်ပြီး စွဲချက်တင်သူမှာ မောင်း ထောင်သာသနာပိုင်ဟောင်း မဟာဓမ္မသင်္ကြံ အမတ်ကြီးဖြစ်၏၊ အတုလဆရာတော်သည် အလောင်းမင်းတရားကြီး၏ ဆရာ ဖြစ်၏၊ မောင်းထောင်ကား ဘိုးတော်မင်းတရားကြီး၏ ဆရာ ဖြစ်၏၊ အတုလဆရာတော်သည် အလောင်းမင်းတရားကြီး မေးလျှောက်သော ပုစ္ဆာတို့ကို ဖြေဆိုခဲ့၏၊ ယင်းသည် နန်းစဉ် ပုစ္ဆာ ဟူသောအမည်ဖြင့် ထင်ရှား၏၊ မောင်းထောင်သာသနာ ပိုင်သည် ဘိုးတော်မင်းတရားကြီး မေးလျှောက်သော ပုစ္ဆာတို့ကို ဖြေဆိုခဲ့၏၊ ယင်းသည် အမေးတော်ဖြေ ဟူသော အမည်ဖြင့် ထင်ရှား၏၊ အလောင်းမင်းတရားကြီး၏ နန်းစဉ်ပုစ္ဆာမှာ ပုစ္ဆာ ပေါင်း ၅၇-သို့မဟုတ် ၅၆-ခုသာ ပါဝင်၏၊ ဘိုးတော်၏

အမေးတော်ဖြေမှာကား အမေးပေါင်း ၂၅၅-ခု ပါဝင်၍ အလောင်းဘုရားနှင့် မဟာအတုလ ဘိုးတော်နှင့်မောင်းထောင် ဟူသော အတွဲနှစ်တွဲ၏ ပုံစံကို သူတို့၏ အမေး အဖြေ ကျမ်းနှစ်စောင်ဖြင့် အကဲခပ်နိုင်၏၊ ထိုကျမ်းနှစ်စောင်ကို တွဲဖတ်ပြီး လေ့လာလျှင် သူတို့၏ အသွင်ကို အတော်အသင့် ထင်မြင်လာနိုင်စရာ ရှိ၏၊ ဤတွင် အမေးတော်ဖြေ၏ ကျမ်းဦးအစ ပဋိညာဉ်စကားကို ကောက်နှုတ် ဖော်ပါမည်၊ နန်းစဉ်ပုစ္ဆာ၏ ကျမ်းဦးပဋိညာဉ်ကား ဤကျမ်း၏ စာကိုယ်တွင် ပါဝင်လျက်ရှိ၏၊ ဤပဋိညာဉ်နှစ်ရပ်ကို အကဲခတ်ပါက ဆရာနှစ်ပါး၏ စိတ်နေသဘောထား ခြားနားချက်ကို တွေ့ရပေမည်၊ အမေးပုစ္ဆာနှင့် ဖြေဆိုသည့် အရည်အချင်း အတွက်မှာ ကျမ်းစာနှစ်အုပ်ကို တွဲဖက်လေ့လာဘို့ လိုပေမည်။

အထူးထူး အပြားပြားသော တိုင်းကြီး ပြည်ကြီး ထီးဆောင်း မင်းများသခင် ရွှေတွင်း ငွေတွင်း ပတ္တမြားတွင်း စသည်ဖြစ်ရာ ဌာနနှင့်တကွ ရတနာများ အရှင်လည်း ဖြစ်တော်မူသော ကောင်းစွာ ဆည်းပူးအပ်သည့် သာသနာတော်ကျမ်းဂန် လောကီကျမ်းဂန် ထုံးစံ ဥပဒေ ပဝေဏီ အကြားအမြင် ပညာ၏ လျှင်လျား ထက်မြန် စွမ်းသန်နက်နဲခြင်းနှင့်လည်း ပြည့်စုံတော်မူသော ရခိုင် ဓညဝတီ ယိုးဒယား ဒွါရာဝတီ စသော ပြည်ကြီး တိုင်းကြီးတို့ကို နိုင်ငံတော်အဖြစ်သို့ ရောက်စေနိုင်၍ ကြံ့ခိုင် ကြီးမြတ်လှစွာ ကေလာသ ဂိရိသဖွယ် လက္ခဏာကြီးငယ်နှင့် ပြည့်စုံသော ဆင်ဖြူရတနာများကို

မြေတော်တင်ရန် ခံရောက်လာစေနိုင်သည့် ပုညသမ္ဘာရ ဟူသော ရွှေဘုန်းတော်ဖြင့်လည်း ကျော်စောထင်ရှား တော်မူသော ဘုရားရှင် ရွှေမျက်တော် သွန်းလုပ်ခဲ့ သည့် ရခိုင် မဟာမုနိဘုရားရှင်ကို နေပြည်တော်ကြီး သို့ ရောက်စေတော်မူခြင်း, တရာ့ငါးဆယ် မကသော ရွှေစည်းခုံ ရွှေဂူ တည်တော်မူခြင်း, ငါးဆယ်ကျော် သော ပဒေသရာဇ်တို့နေရာ မြို့ ရွာ အရပ်သို့ ပိဋကတ် တော်အစုံနှင့်တကွ တံဆိပ်တော်ရ ဆရာတော်တို့ကို ဂိုဏ်းသံဃာနှင့် သာသနာပြု စေတော်မူခြင်း၊ ဘေး လောင်းတော် အဆက်ဆက် လှူဒါန်းခဲ့သော ကျောင်း ဘုရား ရွာ မြေ စေတိယသန္တက သံဃသန္တကတို့ကို အဆင့်ဆင့်ထပ်၍ ကျောက်တိုင် ကျောက်မှတ် နယ်ပယ် သတ်လျက် ရေစက် သွန်းလှူတော်မူခြင်း၊ ရွှေမော်ဓော ထူပါရုံ ရွှေစည်းခုံ စသော နိုင်ငံတော် အတွင်း၌ ရှိသမျှ သော ဘုရားစကား ရတနာဗိမာန်စသော နိုင်ငံတော် အတွင်း၌ ဘေးလောင်းတော် ဘိုးလောင်းတော် အဆက်ဆက် တည်ထားသော ဆောက်လုပ်ဘူးသမျှ သော ကျောင်းကန်တို့ကို ကြပ်တော့ရှိအောင် ပြင်ဆင် တော်မူခြင်း စသည်များဖြင့် သာသနာတော်စီးပွားကို များစေနိုင်သောပညာ, ဗာရာဏသီကျေးမှ အရာမက သော ကလာပ် ဗျာကရိုဏ်းစသော သဒ္ဒါကျမ်း, စန္ဒော မဉ္ဇရီစသော ဆန်းကျမ်း, နာမလိင်္ဂါနုသာသန စသော အဘိဓာန်ကျမ်း, မဟာကာဗျ စသော လင်္ကာကျမ်း, တက္ကိက သိရောမဏိစသော တက်ကျမ်း, ဇောတိသတ္တ

ဇောတိရတနစသော ဗေဒင်ကျမ်း, သိဝပုရာဏ်စသော ဠတိဟာသကျမ်း, ဒဗျဂုဏ်စသော ဆေးကျမ်းတို့ကို ရောက်ပေါက်စေနိုင်သော ပညာ, တိုင်းဘက်ချင်းမျိုးနွယ် အနိမ့်–အမြင့်, အထူး–အပြားကို ခြားနားခြင်း၊ မြို့ရွာသူကြီး, စမြင်, မြေတိုင်းတို့ကို အနွယ်အဆက်နှင့် သင့်အောင် ခန့်ထားတော်မူခြင်း စသည့် အစီအရင်တို့ဖြင့် တိုင်းကားပြည်ရွာကို သာယာစည်ပင်စေနိုင်သော ပညာအမြင်တို့၏ အကြောင်း ဉာဏသမ္ဘာရဟူသော ရွှေဘုန်းတော်ဖြင့်လည်း မမြော်ရည်ခြင်း တုဘက်ကင်းတော်မူသော မအံ့အဲနိုင်သော ဒါန သီလ စသည့် ကျေးဇူးအပေါင်းနှင့် ပြည့်စုံစွာ၍ မင်းတကာတို့ ဝံ့နိုင်ခဲလျက် ရဲတင်းတော်မူသဖြင့် နှစ်ကြိမ်တိုင်အောင် ခံဆောင်အပ်သော ကျမ်းဂန်လာသည်နှင့် အညီ စီရင်အပ်သည့် မုဒ္ဒါဘိသေက မဟာမင်္ဂလာ အခါတော်၌ ဘုန်း ပါရမီတော်ကြောင့်ဖြစ်သော သီရိ ပဝရ ဝိဇယာနန္တ ယသ တြိဘဝနာဒိတျာဓိပတိ ပဏ္ဍိတ မဟာဓမ္မ ရာဇာဓိရာဇာဟူသည့် တံဆိပ်မည်ဖြင့်လည်း သာကြည်တင့်ရွှန်း ထွန်းလင်းတိုးပွားသော ကြက်သရေနှင့် ပြည့်စုံတော်မူသော အမရပူရ ရွှေမြို့ကြီးဘည့် ရွှေနန်းသခင် ဆင်ဖြူများရှင် အသျှင် ဘဝရှင် မင်းတရားကြီး ဘုရားသည် အမြင် တထောင်ဆောင်သော သိကြားမင်း၏ ပညာအမြင်နှင့်တူသော ရွှေဉာဏ်တော်ဖြင့် သာသနာတော်ရေး တိုင်းရေးပြည်ရေး မင်းရေး မင်းခမ်းများ၌ ထောက်ထား ဆင်ခြင်တော်မူပြီးလျှင်

> ဥာဏာဘိဝံသ ဓမ္မသေနာပတိ မဟာဓမ္မရာဇာ ဓိရာဇဂုရု ဟူသော နာမံ တံဆိပ်တော်ရှိသည့် သာသနာတော်ပိုင် မောင်းထောင် ဆရာတော်ဘုရားအား လျှောက်ထား ဖြေသွင်းချက် စကားရပ်များသည် နောက်နောက်သော အမျိုးသားတို့အား ဉာဏ်ပွားရသော အကြောင်းဖြစ်၍ ယင်းစကားချက်ကို မှတ်သားနာယူစိမ့်သောငှာ လျှောက်ထားလာသည့်ကာလ လျှောက်ထားလာသည့်သူ ဖြေသွင်းသည့်ကာလများနှင့် အသေအချာ မှတ်သား ရေးစီပေအပ်သတည်း။

ဤကား အမေးတော်ဖြေ၏ ပဋိညာဉ်စကားဖြစ်၏၊ ဤပဋိညာဉ်ကို နန်းစဉ်ပုဆ္ဆာ ပဋိညာဉ်နှင့် စာရှုသူတို့ကိုယ်တိုင် နှိုင်းယှဉ်ကြည့်ပြီး ဝေဘန်ဆုံးဖြတ်ကြပါဘိ၊ မိမိသည် ဤတွင် အကျိုး အပြစ် စီစစ်ဝေဘန်ရန် အများပင် တွေ့မြင်ပါ၏၊ သို့ရာတွင် တစုံတရာ မပြောလိုပါ၊ အကြောင်းကား မိမိသည် အတုလဆရာတော်၏ နန်းစဉ်ပုဆ္ဆာကို တည်းဖြတ် သုတ်သင် အမှန်းတင်နေသူ ဖြစ်၏၊ သို့ဖြစ်၍ အဘယ်မျှ သဘာဝချ၍ ပြောပြစေကာမူ "သူ၏ဇာတ်ဆောင်ကို နှိပ်စက်သူအား တန်ပြန် နှိပ်စက်ခန်း ဖွင့်သည်"-ဟု ဆိုနိုင်ဘွယ်ရှိ၍ ရှောင် နေလိုက်ခြင်း ဖြစ်၏။

ဆိုခဲ့သည့်အတိုင်း မိမိသည် စာပလွေမှ နန်းစဉ်ပေမူ တခုကို ရခဲ့၏၊ အခြေခံ အလျှင် ရှိသောအခါ အခြား ပေမူ နှစ်ခုနှင့် ပုရပိုက်မူ တခုကိုပါ မရှေး မနှောင်း ဆက်ကာ ဆက်ကာ ရခဲ့၏၊ သို့ဖြင့်နန်းစဉ်ပုဆ္ဆာ စာမူပေါင်း လေးခုကို တိုက်ဆိုင် ကြည့်ရှုနိုင်

နဲ့၏၊ ပေမူသုံးခုမှာ ယေဘုယျအားဖြင့် တူညီကြသည်၊သို့ရာတွင် နောက် ပေနှစ်ခုမှာ သေသပ်ခြင်း မရှိသည့်အပြင် ပေမူ၏ သဏ္ဍာန် ရာဇ် အမှတ်အသားလည်း မပါချေ၊ပုရပိုက်မူများကား ပဏ္ဏာသမ သုံးဂါထာ ပါဠိအနက် ပါဝင်၏၊ ကျမ်းပြုသူ အတုလဆရာ တော်၏ အနေဖြင့် ပဏ္ဏာသမ ပြုသည့်အသွင် ဖြစ်သော်လည်း ကျမ်းဆရာ စီရင်ခဲ့မည် မထင်ပါ၊ အကြောင်းကား ယင်းပဏ္ဏာသမ သည် ပေမူတို့တွင်လည်း မရှိချေ၊ ထို့ပြင် ပဋိညာဉ်နှင့်လည်း အစီအစဉ် အဆင် မပြေလှချေ၊ ဂါထာ ဖွဲ့စီပုံနှင့် အနက်ပေး ဟန်မှာလည်း အင်္ဂလိပ်ခေတ်က ပါဠိဆရာ စာပြင်ဆရာတို့၏ လက်ရာနှင့် ခပ်ဆင်ဆင် တူနေသည်၊ ထို့ပြင် အတုလဆရာတော် သည် ပဏ္ဏာသမကို ဂါထာဖြင့် ဖွဲ့ဆိုပါက နိဂုံးမှာလည်း ဂါထာ ဖြင့် အဆုံးသတ်ဖြိမ့်မည်၊ နိဂုံးတွင် ဂါထာမပါချေ၊ ဤသို့ စသော အကြောင်းတို့ကြောင့် ပဏ္ဏာသမ ဂါထာကို အတုလ ဆရာတော် ဖွဲ့ဆိုခဲ့သည်ဟု ဆိုရန် မဝံ့ဖြစ်နေ၏။

အင်္ဂလိပ်ခေတ်က ပါဠိဆရာ စာပြင်ဆရာ အယ်ဒီတာ ဆိုသူ များသည် ရှေးခေတ်က ဆရာတော် ပုဂ္ဂိုလ်ကျော်တို့ အကြောင်း ကို ကောလာဟလဖြင့်၎င်း, စိတ်ကူးဖြင့်၎င်း ချဲ့ထွင်၍ တန်ဆာ ဆင်တတ်ကြ၏၊ ရှင်သီလဝံသနှင့် ရှင်ရဋ္ဌသာရ၏ အတ္ထုပ္ပတ္တိ, ခုံတော်ဟောင်းကျဘုမ်း စကားစစ်ထိုးခန်း, အမတ်ကြီးဦးပေါ်ဦး လျှောက်ထုံး, အယူတော်မင်္ဂလာ လျှောက်ထုံး,သင်္ဂဇာ စကားပုံ စသည်တို့မှာ အဆိုပါ ဆရာကြီးတို့၏ မခမတ္တဒီပနီတို့ပင် ဖြစ် ကုန်၏၊ သူတို့၏ ရည်ရွယ်ချက်မှာ ထိုပုဂ္ဂိုလ်ကျော်တို့ကို တန် ဆာဆင်ပြီး ထုတ်ဖော်ခြင်း ဖြစ်ကောင်း ဖြစ်မည်၊ သို့ရာတွင်

ဥာဏ်ရှင်ရှင်နှင့် အလွန်အကျွံ တန်ဆာဆင်သဖြင့် တခါတရန် ပေါကြောင်ကြောင်အသွင် တွေ့မြင်ရ၏၊ ဤနန်းစဉ်ပုစ္ဆာတွင် လည်း အပိုအမိုများ ပါဝင်နေသည်၊ ပဏာမ ဂါထာများသာ မဟုတ်ချေ၊ အောက်ပါ အမေးအဖြေတို့မှာ မူလေးစောင်လုံး တွင် ပါဝင်နေသည်ကို တွေ့ရ၏၊ ပုစ္ဆာတို့မှာ ကြောင်တောင် တောင်ဖြစ်၏၊ အရက်သမားက တနေ့လျှင် အရက် ငါးလုံး သောက်နိုင်ကြောင်းကို လက်ငါးချောင်း ထောင်ပြရာ ငါးပါး သီလမြဲသည်ဟု အဓိပ္ပါယ် ပြန်ဆိုသကဲ့သို့ ဖြစ်နေ၏၊ မေးပုံမှာ လည်း အခြား မေးခွန်းတို့ကို မေးပုံနှင့် မတူချေ။

နန်းစဉ်ပုစ္ဆာရင်း၌ "သိခ်ဆိုသည့် ဆုံသည့်ရပ်၊ ဘုရားဆိုသည် ရှင်သိဒ္ဓတ်၊ တရားဆိုသည် ကိုယ်စောင့်နှတ်၊ သံဃာဆိုသည် လူစပြတ်၊ ဝေါဟာရဆိုသည် ဗိုလ်သုံးရပ်၊ လူဖြစ်မည်လော၊ နတ်ဖြစ်မည်လော၊ တတ်လျှင်လည်း မဖြေရာ၊ မတတ်လျှင်လည်း မနေရာ၊ အရည်တူ၍ လူ့သမျှလည်း မအပ်၊ အရည်မတူ၍ လူ့ သမျှလည်း အပ်၏၊ အိတ်ကိုလည်း ဆုတ်လိုက်ဘိ၊ ချိတ်ကိုလည်း နှုတ်လိုက်ဘိ၊ အမေး သုံးလွန်းတင် အဖြေ သုံးစဖျင်၊ အမေး သုံးထပ်တင်၊ အဖြေ သုံးရပ်ဝင်၊ အမေး တကြောင်းတည်း၊ အဖြေ သုံးတန်းစဉ်" ဤကားအမေး။

နန်းစဉ်ပုစ္ဆာ ၅၆-ခုတို့မှာ "တကာတော်လျှောက်သည် ဆရာတော်" ဟု ပုစ္ဆာတိုင်းမှာပါ၏၊ ထိုနောက် မေးလျှောက် သော အကြောင်းအရာတို့မှာလည်း တည်ငြိမ်ခန့်ငြားး၏၊ ဤ အမေးတွင် ထိုသို့တကာတော်လျှောက်သည် ဆရာတော် ဟု လည်း မပါချေ၊ အကြောင်းအရာတို့ကလည်း တဘောင်လိုလို

စနည်းလိုလို စိတ်မနှံ့သူများ ပြောသည့်စကားလိုလို ဖြစ်နေ၏၊ ဤပုစ္ဆာကို နန်းစဉ်ပုစ္ဆာတွင် ထည့်သွင်းရေတွက်ပါက ကျမ်းဂန၏ သိက္ခာ လျော့ကျစေနိုင်၏၊ အကယ်၍ အလောင်းမင်းတရားကြီး မေးလျှောက်သော ပုစ္ဆာဖြစ်ပါက တကာတော် လျှောက်သည် ဆရာတော် ရှေးလူတို့သည် သိမ်ဟူသည်ဆိုသည့် ရပ်... လ........ အဖြေသုံးတန်းစဉ် ဟု ပြောဆိုကြပါသည်၊ ယင်းစကားတို့၏ အနက်အဓိပ္ပာယ်ကို သိချင်ပါသည် ဆရာတော်ဟု မေးပေလိမ့်မည် ဤသို့ စသဖြင့်လည်းမမေးသဖြင့် ဤပုစ္ဆာမှာ ပေစာရေးတို့၏ လက်စွမ်းပြ ဖြစ်ကောင်း ဖြစ်ပေမည်၊ ပေစာရေးတို့သည် ပေပိုနေလျှင် မိမိတို့၏ အလိုအတိုင်း အပိုစာများကို ရေးထည့်တတ်ကြ၏၊ အချို့မှာ ရိုးရိုးရေး၍ အချို့မှာ မိမိစာ လေးနက်စေရန် ကျမ်းဆရာ၏ အမည်ကို ယူ၍ အသုံးပြုတတ်ကြ၏၊ ဤတွင်မူ နန်းစဉ်ပုစ္ဆာ၏ သိက္ခာကို စောင့်သောအားဖြင့် ထိုပုစ္ဆာကို ချင်းချန်ထားလိုက်ပါသည်။

၄

ဤနိဒါန်း အစတွင် အမေးအဖြေနှင့် ပတ်သက်၍ ရွှေတောင် ကျီးသဲလေးထပ်ဆရာတော်၏ အဆိုအမိန့်ကို ဖော်ပြခဲ့ပါပြီ၊ ယင်းမှာ အမေးအဖြေ၏ အလွယ်အခက်ကို ထင်ရှားစေခြင်း ဖြစ်၏၊ ယခုတဖန် မဟုတ် မဟာတ် လုပ်ဇာတ် အမေးတို့နှင့်ပတ်သက်၍ မုံရွေးဆရာတော်၏ ဩဝါဒကို ဖော်ပြဦးပါသေးသည်၊ အကြောင်းမူ နန်းစဉ်ပုစ္ဆာတွင် “ဆွမ်းဆန်ထဲ ကြွက်ချေးရော” ဆိုသလို ပါဝင်နေသော မတော်မလျော် ပုစ္ဆာကို

အဟုတ်ထင်နေသူများ ရှိနေ၍ဖြစ်၏၊ မုံရွေး ဆရာတော်အား ကျောင်းတကာ ငပြေက လေးချိုး ကဗျာဖြင့် ပုစ္ဆာ မေးလျှောက်၏—

အပင်မင်း အရင်းနေက အမြစ်ကို၊
အိုးသစ်ကယ်လှယ်ကာ ကဋ္ဌနာမူ
နာဠာမုတ္တာ နှစ်နားမှာသမယ်လို့
သိကြာ့ကွက်ရာ လက်မွန်စာလည်း
ပါကလှည့်မူ သကြည့်ငယ်လူသည်
တံချူရွှေညှပ် ညှာဖျားအပ်လို့
ကရပ်ကယ်လှယ်ကာ ဂမုဒါမှာ
ကဝါသစ်ကယ် နှစ်မပြယ်မို့
စံပယ်မှာစုလျား ထားဘိမယ်၊
စလင့်ကြာငယ် စဉ်လာအင်ကြေ့
ကျင်းမလေ့မူ သပြေနှစ်မှာ
ဆဲ့ရှစ်ထွာဝယ် အသာနှစ်မှဌ
အရိုးခုတ်လို့ ကုပ်ကယ်ငွေစင်
ဇော်ရသ်ကယ်တင်သည် ခုံရှင်ဆောက်လှဲ့
မှောက်ပခဲ့သော် ကြယ့်အပေါ်မှာ
ဘော်လဲရံရွှေ နှစ်ဆောင်နေနှင့်
ပွေ့သလိုမှုးသည်ကိုကဲကာ ကပြိမို့၊
မဟာခတ္တ် သုံးမည်ညီသည်
မဟိဒ္ဓိခေါင် ရှစ်သောင်းဘောင်ဝယ်
နှစ်ထောင်ဆင့်လောင်း မင်းမင်းနှောင်းတွင်

ရင့်ညောင်းငယ်လိုက်ဆူ ဘူမကျိုပ်၌
တံဆိပ်ကယ်စိုက်လို့ သည်ရိုက်ကိုယူသောခါ
အောင်ဘူမိမှူးရန်မှာ ဘေ့သဟန်—
ရေပြန်ပွဲတွင်မှ ကွဲရစ်စေသို့။ ။

ကဗျာမှာ ခေတ်စီ–ခေတ်စံပျက်လုံး ခေတ်ပြေးထဲက "အသာ ဝေန အောက်ဆိုင်း၊ ဘဒ္ဒသေဋ္ဌော၊ ဂေါနုတောချာနတိမ်၊ ဘာကထိန် သာကထုကြီးနှယ်"— အစရှိသော အမိန့်တော်နှင့် တူနေသည်၊ ထိုအမိန့်တော်ကြီးကို ဘာမှန်းမသိသလိုပင် ဤ ကဗျာကိုလည်း ဘာမှန်းမသိချေ၊ စကားလုံးတို့သာ ကြီးကျယ် ခမ်းနားး၏၊ မှုံရွှေးဆရာတော်ပင် ဘာမှန်းမသိ၍ ကျောင်း တကာအား ဤသို့ ပြန်ကြားတော်မူ၏—

ကျွန်းငယ်လည်း အသီးသီး ကျွန်းကြီးလည်း အရပ်ရပ် ကျွန်းလပ်လည်း အစုစု ထိုသူတို့၏ နှစ်လိုမှတ်သား ရေးသား ကြသည့် အရာမှာ အက္ခရာမျိုး အလီလီ နာဂရိ, မာဂဓိ, ကဒမ္ဗ, သက္ကတမျိုး အဆန်းဆန်း ဒူးဂဏန်း, ကြေးဂဏန်း, မီးထွန်းမှောင်စာ, ရေစာ, ကျောက်စာအကွဲကွဲ ပိတုန်းပျံ့, မုတ္တရှဲ, ငါးကွဲ, ရင်စေ့, ခြသေ့လည်ပြန်, စပ်ဟုန်နရည်း ထုံး နည်းသေခွေ ငပြေတက်သက်, ပြန်ကာဘက်, ပြန်ကာဟတ်, သုဝဏ္ဏလိပ် တံဆိပ်ပြဖော် မနော်ဟာရ ဖတ်ရာသည်တနည်း။

ကလပ်နည်းဆန်းထွက် ဝိဒဂ်ဒဏ္ဍိ အလီလီအဖြာဖြာ သဒ္ဒါ ပုဒ်ပါဌ်မျိုး အနည်းနည်း နေတ္တိနည်းအံ၁၀၀ ပရမတ်အရနှင့် ချသော်လည်း ရ-ဟန်ပင်ထုံးမရှိသောကြောင့် စိစိဝါးဝါးမကြံ

ပြီ၊ ဂမ္ဘီရညာဏ်တို့၏ကျက်စားရာ အာရုံ အာရမ္မဏ်က မဟုတ်၊ တုတ်တုတ်ကြံသည်မှာ ဤစာ၏ရ-ရာ အရပ်ကပင် ရေခပ်, ဝါကောက်, ပေါင်းပေါက်, မြေတူး, ဟင်းရွက်ခူးတို့ စိတ်ကူး အလုပ် ပျိုးနုတ်, ကောက်စိုက်, နွားလိုက်, မြင်းကျောင်း ထမင်းတောင်းကို လမ်းကောင်းမလျှောက် လမ်းကောက်သွား ကဗျာ လုပ်သည့်စာဟု ပညာဖြင့်ကြံဆ၍ ဆရာ့စိတ်တွင် အထင်ရှိသော်လည်း သိလိုသူ မေးသည်ကို ကြာနှေး၍ မနေ ဖြေရ အောင်ပင် စိတ်ကထင်သောကြောင့် နေဝင်ချိန် နေထွက်ခါ တောလာ တောပြန် ဟင်းရွက်ခူး ကောက်စိုက်ပြန် ထိုသူတို့ အသံကို နားခံဦးမည် စိတ်ကရည်သော်လည်း စိန္တိတမ္ပိ ဝိနဿတိ ပါဠိနှင့်မဆံ ကြံသာကြံရသည်၊ စာအံ စာကျက် စာတက် စာပြော စာဟောနည်းညွှန်း ကမ္ဘဋ္ဌာန်း ဉာဝနာ မေတ္တာပို့ သွန်း ရွတ်စည်းဖြန်းလျက် ရဟန်းအိပ်မွေ့ ဆံတသွေ့မျှ မမေ့ စေရ နေ့နှင့်ညကို ကာလသာကုန်၍ လိုရုံသို့မကျ ရှိသေးရခဲ့။

ခုပြသည့်ပုဆိုး အက္ခရာသေးသေး ခြောက်ကြောင်းရေးနှင့် မေးလျှောက်သည့်သူမှာ အလွယ်ပါကို ဆရာဘုန်းမို့ တက္ကသိုလ် တူမျှ ကြံမရသောကြောင့် ရှိရသည့်အရာကို ပမာခင်းလိုက်လျှင် သားရင်းမြတ်စွာ ရာဟုလာသက်ဝေ အိပ်နေရာကို သိပါ၏လော မေးသောကာလ အာကာသပမာ ညာဏ်ကြယ်စွာဖြင့် လကျာ်ရံပကို့ တတ်မသိသောကြောင့် နဇာနာမိ ဘန္တေ လျှောက်လေဟန်။

ရှေးကတတန် ပုဂံရွှေပြည် ကောင်းသည့်ခေတ်တွင် ငှက်ပစ် တောင်ဆရာ ဂေါဓာဝရ ထေရ်မြတ် ပိဋကတ်သုံးပုံ ငုံနိုင်သည့်

ဆရာဝယ် သူငယ်တယောက် တက်၍လျှောက်၏၊ လျှောက်သည့်အနေမှာ "လော်ဆေသတိ ရက်တေဟောတိ-သိပါစေဘုရား" သည်စကားကို ထေရ်ဖျားဆီမီး ဉာဏ်ကြီးသည့်ဆရာ ကြံပါ၏မရ။

ရှေးကတတန် ပုဂံရွှေပြည် ကောင်းသည်ကာလ တကာမတယောက်ထံ ဆီခံသည့်အခန်း ဂွမ်းဖတ်သည့်အနေတွင် "သာမကောမောင်လှ ဂွမ်းဖြူရှတဆုပ် ရုပ်တွက်စမ်းပါ" ဆိုသောခါလည်း သာမကောကြံမရ ရှိရလေဟန်။

ထိုပုဂံတွင် သန္ဓိသင်မောင်ရင်ကို လမ်းတွင်သူငယ်မ နေရာကထထည့်၍ "ဝေံ ဝုတ္တေကို ပုဒ်ပြေအောင် ဖြတ်စမ်းပါ"ဆိုသောခါလည်း ကြံပါ၏ မရ။

ရှေးကဟတန် ပုဂံရွှေပြည် ကောင်းသည့်အနေတွင် မောင်ရှင်သာမကော "လှေထိုးရင်းကုန်သွား–သည်စကားကို တရားတတ် ကျမ်းတတ် သူမြတ်ဆရာ ကမ်းထိပ်ညာက မောင်သာမကော စာပေမတတ် ကုန်မပြုအပ် မိန့်တည့်လတ်သော် "ဇာတ်တင်အစ တေမိယဟု နေဝပသိ သု ပါဌ်စုအနေ၏ ဒြပ်ဂုဏ်၊ ကြိယာ သည်နှစ်ဖြာကို ဘယ်မှာဇနေမည် မေးလျှောက်သည်ကို မထေရ်ဘုန်းဝေ မဖြေနိုင်ဘူးဟန်။

တဖန်ရှေးက အင်းဝရွှေပြည် ကောင်းသည်ကာလ ရှင်ရဋ္ဌသာရ ကျော်လှသည့်ကျမ်းတတ် ဘုရိဒတ်ကို စာစပ်စဉ်အတွင်း သတင်းသုံးတယောက် တက်၍လျှောက်၏၊ လျှောက်သည့်အရာမှာ "ညီလှအရိဋ္ဌ မျက်မှိတ်သည့်အရာ ဝဲယာဖြစ်မည်" သို့

လျှောက်သည်ကို နားမလည်သောကြောင့် ဗိုင်းဝါနှင့်ဆောင့်သလို ရင်အောင့်ချေပြီး အနေခက်လှချည့် ဆိုရသည့်ပုံလို။

သီဟိုဠ်ကျူး ဗုဒ္ဓဒတ် ပိဋကတ်စာ ကျူးမည့်အခါတွင် လက်ဒါ ဒီပေ သာမဏေတယောက် တက်၍လျှောက်၏၊ လျှောက်လေဟန်မှာ "ဘဂဝန္တံ ဂေါတမံကို ကျမ်းဂန်နှင့်အညီ ဆင့်ဦးအနက် ဝိဘတ်ထွက်အောင် အနက်ဖွင့်ပါ" ဆိုသောခါလည်း ကြံပါ၍မရ။

ရှေးကသရော် မဟောသဓ လောင်းဖွင့်လျှာကို ရာဇာ ရန်နှိပ် ခွေးနှင့်ဆိတ်တို့ မိတ်ဖွဲ့သည့်အရေး မေးလျှောက်သည့်ကာလ နက်ဖြန်မှဖြေမည် ဆိုရသည့်အလား။

စကားအရ အဝဝကို အစဖော်ထုတ် အမြစ်နုတ်၍ လောကုတ္တရ ဓမ္မအရာ အဖြာဖြာကို ဖြေပါနိုင်လျက် လမ်းသို့ထွက်၍ မြက်ရိတ်နွားကျောင်း ထမင်းတောင်းတို့ သောင်းပြောင်းထွေးရစ် ဟစ်လိုက်ကြသည့်အရာ အဖြာဖြာကို ဆရာလက်လျှော့စိတ်ချတော့ပြီ၊ နောင်သော့အခါ သည့်နှယ်စာကို ဆရာကိုမလျှောက် ဉာဏ်ဖြင့်လျှောက်၍ ထောက်ထား စေချင်သည့်အကြောင်း ခွင့်တောင်းပန်ထွာ ဆရာမှာသည် ကျောင်းတကာ ငပြေ တောင်ရပ်နေ။

ရှေးအခါက ပေမူ ပုရပိုက်မူတို့တွင် ကျောင်းတကာ ငပြေ၏ ပုဆိုးမျိုး ကြားညပ်၍ ပါဝင်တတ်၏၊ဤနန်းစဉ်ပုဆိုးတွင်လည်း ထိုသို့ပင် ပါဝင်နေလိမ့်မည်ဟု ယူဆပါ၍ ဖယ်ထုတ် ပစ်လိုက်ပါသည်၊ စင်စစ် ဆွမ်းဆန်ထဲက ကြွက်ချေးကို ကောက်ပစ်လိုက်ခြင်း ဖြစ်၏၊ ပါဠိတော်တို့တွင် ဤနည်းတူစွာ ထုတ်ပယ်

သင့်သော အရာတို့ များစွာ ပါဝင်လျက်ရှိ၏၊ သို့ရာတွင် အကျွန်ုပ်တို့သည်-"ဤသည်တို့ကား ဘုရားဟော မဖြစ်နိုင်"ဟု ပိုင်နိုင်စွာ ဆုံးဖြတ်ရန် မဝံ့ကြချေ။

ကထာဝတ္ထုကို အသောကမင်းကြီး လက်ထက်ရောက်မှ ရှင်မောဂ္ဂလိပုတ္တတိဿ စီရင်သော ကျမ်းဖြစ်ကြောင်း အညီ အညွတ် သဘောတူကြသည်၊ မိလိန္ဒပဉှာကိုလည်း ဘုရား ပရိနိဗ္ဗာန် စံဝင်ပြီးနောက် အနှစ်ငါးရာမြောက်တွင် ပေါ်ထွက် လာသော အမေးအဖြေကျမ်းဖြစ်ကြောင်း ဝန်ခံကြလျက် ဘုရားဟော ပါဠိတော်စာရင်း၌ ထည့်သွင်းကြ၏၊ သူ့အတိုင်း ထားပါလျှင် ဤသည်တို့အတွက် ပြဿနာ ပေါ်ထွက်နိုင်ဘွယ် မရှိချေ၊ ယခုမူ ဘုရားဟောထဲ အတင်းရိုက်သွင်းရန် သိုင်းဝိုင်း နေကြရ၏၊ မြတ်စွာဘုရား မျက်မှောက်က အထောက်အထား တို့ဖြင့် ဗျာဒိတ်ကြားနေကြရ၏၊ တဘက်သားကိုလည်း ဝိတဏ္ဍ ဝါဒီဟု နှိပ်ထားရ၏၊ ထိုကျမ်းတို့ကို ပို့ပြီး လေးနက်အောင် ဘုရားဟောအဖြစ် ပြုလုပ်ကြခြင်း ဖြစ်ကောင်းဖြစ်မည်၊သို့ရာတွင် ရှင်းရှင်း လင်းလင်း ကွဲကွဲပြားပြား ခွဲခြားနေခြင်းက သာ၍ ကောင်းမည်၊ ပြဿနာလည်း ပေါ်ရန် မရှိချေ။

မိလိန္ဒပဉှာတွင်ပင် သုတ်သင်ဖွယ် အများအပြား ပါဝင် လျက်ရှိ၏၊ ထိုတွင် ဘုရားလက်ထက်က တိတ္ထိကြီးတွေ ပါဝင် နေ၏၊ သူတို့သည် ယနေ့တိုင်အောင် အသက်ရှင်လျက် ရှိကြ သေးသလောဟု မေးပါလျှင် မည်သို့ ဖြေဆိုမည်နည်း၊ ထိုတိတ္ထိ တွေကို ထုတ်ပယ်၍သော်လည်း ထားသင့်၏၊ သို့မဟုတ် အမည် နာမဖြစ်ဖြစ် ပြောင်းလဲ ထားသင့်၏၊ သို့မဟုတ် ထိုဂိုဏ်းမှ

အဆက်အနွယ်တွေဟုလည်း ပြင်ဆင်သင့်၏၊ ဘုရားလက်ထက်က တိတ္ထိတွေပင် ဖြစ်နေ၏၊ လူအများ ယုံမှားစရာပင် ဖြစ်နေ၏၊ ပါဠိတော် စစ်စစ်တွေမှာပင် ဤသို့သော အဖြစ်တွေ အများအပြား ပါဝင်နေ၏၊ ဆင္ခသံဂါယနာတင် အရှင်တို့က ဗုဒ္ဓဓမ္မတွင် ဟိန္ဒူဝါဒတွေ ရောနှောလျက်ရှိကြောင်း မိန့်ကြားသွားကြ၏၊ ဟိန္ဒူဝါဒနှင့် ဗုဒ္ဓဓမ္မ၏ တူညီချက်ပင် ဖြစ်၏၊ တူညီမှုမှာ ကောင်းပါသည်၊ ဗုဒ္ဓဓမ္မအနေနှင့် လက်ခံနိုင်စရာ မရှိသော အချို့သော သုတ်နှင့် သဘောတရားတို့မှာ ဗုဒ္ဓဓမ္မ၏ ဂုဏ်ကို ယုတ်လျော့စေနိုင်စေ၏၊ ထိုသို့သော သုတ်တို့ကို ဖယ်ထုတ်ပြီး လက်ရွေးစဉ် ဘုရားစကားတို့ကို စာပေအနေဖြင့် ဖတ်၍ကောင်းအောင် စီစဉ်သင့်၏။

> "ယခုခေတ်မှာတော့ အဲဒီလို စက်တွေလှည့်ပြီးတော့ ပေယျာလတွေ လုပ်ထားတဲ့ ဥစ္စာတွေကို အနက်ဟောင်းတွေကိုဘဲ ထပ်ကာ ထပ်ကာ လာနေတာဘဲ အပိုတွေဘဲလို့ တချို့က ထင်မြင်ချက် ချကြပါတယ်၊ အဲဒီလို ထင်မြင်တဲ့ ပုဂ္ဂိုလ်တွေကတော့ ယခုအဋ္ဌကထာဆရာ ပြောတဲ့ သဒ္ဓါသမ္ပန္န ပသာဒ ဗဟုလဆိုတဲ့ သဒ္ဓါတရား ပြည့်စုံတဲ့ပုဂ္ဂိုလ်ထဲမှာ စာရင်းမဝင်ဘဲ ဖြစ်နေတယ်၊ ဉာဏုတ္တရ–ဉာဏ်လွန်ကဲတဲ့ ပုဂ္ဂိုလ်ထဲမှာ သူတို့ဟာ စာရင်း မဝင်ဘူးလို့ဘဲ ယူဆရလိမ့်မယ်"။

နတ်ဝတ်ပုဆိုး တိမ်မီးခိုးကို ပြသည်နှင့် တူနေသည်၊ ယင်း နတ်ဝတ်ပုဆိုးကို အပြစ်ရှိသူ မမြင်နိုင်၊ အပြစ် မရှိသူသာ

မြင်ရမည်ဟု ဆိုသဖြင့် မြင်လိုက်ရသကဲ့သို့ သဒ္ဓါတရားနှင့် ပြည့်စုံသူ ဉာဏ်လွန်ကဲသူ မဖြစ်မည်စိုး၍ အပိုတွေကို မလိုဟု မဆိုခြင်းသာ ဖြစ်မည်၊ ပိုနေသည်မှာ အမှန်ပင် ဖြစ်၏၊ ထိုအပိုတွေကို စံနစ်တကျ ပြုလုပ်ပေးပါလျှင် လွန်စွာဖတ်၍ ကောင်းမည်၊ ကျစ်ကျစ်လစ်လစ်နှင့် ချစ်စရာဖြစ်သွားမည်၊ ပိဋကတ်သုံးပုံကို ထုံးလိုချေ ရေလိုနှောက်နေလောက်အောင် အချိန်ရသူများကား ပိဋကတွင် မိမိကြည့်လိုသောအချက်ကို ရှတ်တရက်ကြည့်နိုင်ကြ၏၊ ဤသို့ အချိန်မရသူများကား အစမှ အဆုံးတိုင်အောင် ကိုင်ရပေမည်၊ ထိုတွင် စကားရပ်တို့ အထပ်ထပ် ပါဝင်နေသဖြင့် ဆက်လက် မဖတ်နိုင်ကြတော့ချေ၊ သဒ္ဓါတရားနှင့် ထိန်းသိမ်းပြီး ကြိုးစားနေရခြင်းထက် သူ့အလိုအလျောက် ဖတ်ချင်အောင် စီစဉ်ပေးလိုက်ခြင်းက သာ၍ မကောင်းပါလော၊ ယခုလက်ရှိ အခြေအနေမှာ ဖတ်ချင်လျက် ဖတ်မဖြစ်၍ လူတို့သည် ပိဋကတော်နှင့် ဝေးကွာနေရခြင်းဖြစ်၏၊ ပိဋက ဘာသာပြန်တို့ကို အရစ်ကျစနစ်ဖြင့် ဝယ်ယူထားသော်လည်း ဖတ်မဖြစ်သောကြောင့် အိမ်ဦးတွင် ကိုးကွယ်ထားကြရ၏။

မိမိသည် မိလိန္ဒပဉှာ အမေးအဖြေကိုရင်း, စွယ်စုံကျော်ထင် အမေးအဖြေကိုရင်း လူအများ လေ့လာနိုင်အောင် စီစဉ်ပေးခဲ့ပါသည်၊ ယခု ဤနန်းစဉ်ပုစ္ဆာကို မိမိပို၍ နှစ်သက်၏၊ မိလိန္ဒပဉှာတွင် ဗာဟိရကထာ ပုဗ္ဗယောဂ ါဒိမှာ ယုတ္တိမရှိသော အချက်တို့ဖြင့် ပြည့်နှက်လျက်ရှိ၏၊ ရှင်နာဂသေန၏အကြောင်းမှာ ရှင်မောဂ္ဂလိပုတ္တတိဿနှင့် ရှင်ဗုဒ္ဓဃောသတို့နှင့် ထူးမခြား ဖြစ်နေ၏၊ တိုက်ကျမ်းတွင် ယင်းအခန်းကို အကာယ်၍ ထုတ်ပယ်ပစ်

လိုက်ပါက အတော် သန့်ရှင်းသွားနိုင်၏၊ နန်းစဉ်ပုစ္ဆာတွင်လည်း ဤနည်းနှင့်နှင့် ပါဝင်နေသော "သိင်္ဂဆိုသည် ဆုံသည့်ရုပ်"အစရှိသော အမေးအဖြေကို ထုတ်ပယ်ပစ်လိုက်ခြင်း ဖြစ်၏။

အလောင်းမင်းတရားကြီးသည် အစိတ်စိတ် အမွှာမွှာ ကွဲပြားနေသော မြန်မာနိုင်ငံကို ကုန်းဘောင်လမ်းစဉ်ဖြင့် အပူတပြင်း ပြန်လည် ထူထောင်နေသူ ဖြစ်၏၊ ထို့ကြောင့် သူ့အတွက် စည်းစိမ်ခံရန် အမြှောက်အပင့်ခံရန် အချိန် မရှိချေ၊ အလောင်းမင်းတရားကြီးဟူသော အမည်ပင် အသမ္ဘိန္န ခတ္တိယနွယ်စဉ် သာကီဝင်ဖြစ်ချင်ကြသော သားတော်အစဉ် မြေးတော်အညွန့် မြစ်တော်အဆက်တို့၏ ပညတ်ချက်သာ ဖြစ်မည်၊ သူက ပဒေသရာဇ်တို့ကို ပေါင်းစုထားသော ကေရာဇ်သာ ဖြစ်၏၊ ကေရာဇ်ဟူသည် ယနေ့ ဝေါဟာရဖြင့် ပြည်ထောင်စုပင်ဖြစ်၏၊ ကုန်းဘောင်ဆိုသည်မှာလည်း လုပ်သားပြည်သူ့ လမ်းစဉ်ပင် ဖြစ်နိုင်၏၊ ဤအတွေးအာခေါ်ကို သူ၏ နန်းစဉ်ပုစ္ဆာကပင် ထုတ်ဖော်ပေးခြင်း ဖြစ်၏၊ အမေးတို့မှာ ရိုးသားဖြောင့်မတ်၍ တိကျပြတ်သား ကုန်၏၊ "အာသဝေနအောက်ဆိုင်း ဘဒ္ဒသစ်ထော"ကဲ့သို့သော အဆောင်အယောင်တို့မပါချေ၊ ထိုအတူဖြေဆိုသူခြင်းလည်း ကွာခြားမည်သာတည်း၊ အမြှောက်ကြိုက်သူနှင့် မြှောက်တတ်သူ၊ အမြှောက် မခံချင်သူနှင့် မမြှောက်ချင်သူသာ ကြုံဆုံပေလိမ့်မည်။ ။

သော်ဇင်

# ပဋိညာဉ်

သက္ကရာဇ် ၁၁၁၅-ခုနှစ် ပထမ ဝါဆိုလ အတွင်း ကုန်းဘောင်ပြည် ရတနာ သိင်္ခ မြို့တော် ထီးကနက်ကို တည်ရင်မိလျှင်ပင် ပြည်တော်တည်စဦး မင်းတရားကြီးသည် ဆရာတော်ကို လျှောက်ထားသည်ကား—

တကာတော်လျှောက်သည် ဆရာတော်—လူတို့တွင် ဖွား သက္ကရာဇ် ဇာတာ အမှတ်အသား မရှိသောသားကို သူကောင်း သားပင် ဖြစ်သော်လည်း အမှတ်အသား အစွဲ မရှိသော အရိုင်း သား ကျွန်သားဟူ၍ ထင်မှတ်သမုတ်ကြကုန်၏၊ ရာဇဝင် သမိုင်း မော်ကွန်း စသော ထားမြဲထုံးစံ အစဉ် မရှိသော မြို့ပြည်ရွာ တို့ကိုလည်း ထီးဆောင်းမင်း နေပြည်တော်ပင် ဖြစ်သော်လည်း မြို့ကြမ်း ပြည်ကြမ်း မင်းကြမ်းဟူ၍ သမုတ်ကြကုန်၏၊ တကာ တော့ပြည် တကာတော့မြို့ကိုလည်း သမိုင်း မော်ကွန်း မထား ပါလျှင် နောင် မထင်မရှား လူသာမညတို့ ပြုမိပြုရာ ပြုလုပ် လေသည်ဟု သမုတ်လေတော့မည်၊ ရှေး သာသနာပြု ပြည် ထောင်မင်း ကေရာဇ်တို့ မြို့ပြည်ရွာ၌ ထုံးစံအစဉ်အတိုင်း မြို့ သမိုင်း မော်ကွန်း သာသနာရောက် သာသနာပြု မင်းဆက် အမေးပုံ အရေးပုံတို့ကို အကုန်အစင် စီရင်တော်မူပါကုန်—ဟု မဟာဒဏ် ဇေယျရန်အောင် အမိန့်တော်ပြန် လျှောက်လာသည် ဖြစ်၍ ဆရာတော် အမိန့်ရှိသည်မှာ— "အရေးတော်ပုံမှာ လောကဝတ် သက်သက် စစ်မှုအရာဖြစ်ခဲ့သည်၊ ဆရာတော် မစီရင်

ချင်ပါ၊ သင့်ရာ ခိုင်းစေတော်မူပါတော့၊ ကျန်သမျှတို့ကို ရှေး သူဟောင်းပညာရှိတို့ ထုံးစံအစဉ်အတိုင်း စီရင်တော်မူပါမည်”— ဟု ဝန်ခံပြီးလျှင် ဝန်ခံသည့် အတိုင်း ကိုယ်တော်ရှိစဉ် မြို့ သမိုင်း မော်ကွန်း နန်းစဉ် မင်းကျင့် ရာဇသတ် မင်းဆက် သာသနာဆက် ဆရာဆက် သံဃိက အဆုံးအဖြတ်တို့ကို စီရင်၍ ဆက်သွင်းမိ၏၊ မင်းဆက်သမိုင်းနှင့် နန်းစဉ်မေးတမ်း ပုစ္ဆာ ခုနစ် ရာတို့ကို မသွင်းမိ၍ သက္ကရာဇ် ၁၁၂၈–ခု သားတော်ကြီး ဆင်ဖြူရှင် လက်ထက်မှ စာကိုယ်ကို သွင်းမိ၏၊ အဖြေကို မသွင်း မိ၍ သက္ကရာဇ် ၁၁၃၀–ပြည့်နှစ်မှ အဖြေကို စီရင်သည်။

သိရှိပုညာ၊ ဂုဏ်ခေတ္တကို၊ ဖော်ပြမယုတ်၊ စီရင်
ချုပ်အုံ၊ သရုပ်ကျယ်စွာ၊ မြစ်လဟာနှင့်၊ မမာပုံ
ချင့်၊ နှိုင်းသော်သင့်လိမ့်၊ မပွင့်သိပ်သည်း၊ ဝိနည်း
သုတ္တန်၊ ကျမ်းရိုးပြန်သား၊ ချိန်မှန်ပရမတ်၊
ပိဋကတ်လည်း၊ လေ့မှတ် ကျမ်းကျင်၊ ပုံပြင်
နည်းနာ၊ အဖြာဖြာနှင့်၊ သဒ္ဒါ ဆန်းဂုဏ်း၊
ဖြတ်ပိုင်းယတိ၊ နေတ္တိကလာပ်၊ စာစပ်ကျမ်းရိုး၊
စုဒ်မျိုးပရိယာယ်၊ ကျဉ်းကျယ်ပိုက်ကျုံး၊ စက်နှင့်
ရိုးသို၊ နိဂုံးစုဏ္ဏိယ၊ ထုတ်ဖော်ပြလျက်၊ လောက
တန်ဆာ၊ လူ့ ဘာသာလည်း၊ ရာဇဝင် သံပိုင်း၊
သမိုင်း မော်ကွန်း၊ သာခွန်းကဗျာ၊ ဖတ်စာ
မမှုသတ်၊ လေ့မှတ်ဝတ္ထု၊ ရတုသာချင်း၊ ရဲတင်း
တိတ္ထုံ၊ လုံခြုံဗေဒင်၊ သိမြင်မင်းခမ်း၊ ကျင့်ရိုး
လမ်းနှင့်၊ ထုံးဌာမ်းဥပဒေ၊ ခွဲဝေစိတ်ဖြာ၊
အရာရာ၌၊ ငယ်ခါသတိ၊ သွင်းယူမိ၍၊ သိရှိ

ခေါင်ထက်၊ ကျေးငှုးနက်သား၊ မိန့်ကြား
ဒေသနာ၊ ပညတ်လာကို၊ တရာမယွင်း၊ နှလုံး
သွင်း၍၊ ရှင်ချင်းတကာ၊ မြတ်သံဃာဝယ်၊ ထွန်း
ကယ်သော်တာ၊ လပမာသို့၊ အညာတင်ထား၊
ထေရ်မြတ်ဖျားမူ၊ တရားမင်းကျော်၊ နတ်ရွာ
ပျော်နောက်၊ ကျရောက်သက္ကရာဇ်၊ ရောက်လစ်
ထောင်ပေါ်၊ ရာကျော်သုံးဆယ်၊ ထိုနှစ်ဝယ်၌၊
ထွန်းကယ်ဆန်းစ၊ ဝါခေါင်လတွင်၊ နေတြဟ်၊
နှစ်ကြိမ်ဖိကာ၊ ပေါင်းရှိစုံစီ၊ လေးပါးညီ၍၊ ဒင္ဓိ
ထောက်တွယ်၊ ပြုသည်ဝယ်၌၊ ပွင့်ကျယ်ရောင်ဝါ၊
နေစကြာလျှင်၊ ဒေဝါသူရိန်၊ နတ်နှင့်ကြိမ်သို့၊
ဂုဏ်ရှိန်မလင်း၊ သတင်းမပျံ့၊ ရန့်မသွား၊ လွန်နွမ်း
ပါးလည်း၊ တရားသံဝေ၊ ရှုယူဖြေမှု၊ စိတ်ကြေ
လန်းလန်း၊ ပွင့်သစ်ပန်းသို့၊ စွဲလန်းသတိ၊ ထား
လိုက်မိ၍၊ သိရိလှိုင်ပေါ်၊ ကျွန်းလုံးကျော်သား၊
နောင်တော်ဘုရင်၊ ဆင်ဖြူရှင်လျှင်၊ နန်းခွင်ရွှေ
အိမ်၊ စံတော်ချိန်၌၊ ဆက်လိုက်ပုစ္ဆာ၊ နန်းစဉ်
စာကို၊ နောင်လာသိသာ၊ မျိုးသကျတို့၊ ဆရာ့
နည်းယူ၊ မှတ်လေဟူလျက်၊ ထုတ်ယူဖော်ပြ၊ ဖြေ
လိုက်ဟရှင့်၊ သိခ်ညွှန့်လူ၊ မွေးနုံ့ကြူသား၊ မဉ္ဇူ
သကာ၊ သစ်ရှက္ခဝယ်၊ လိုတလုံ့ခြုံ၊ ပန်းမျိုးစုံသို့၊
တူပုံနည်းနာ၊ အရာရာကို၊ ကြိုက်ရာစိတ်ဖြူ၊ စွဲလမ်း
မူ၍၊ ရှင်လူများလယ်၊ တင့်စမှယ်လျက်၊ ပွင့်ကျယ်
ရန့်၊ ကျေးငှုးပျံ့သည်၊ နှံ့နှံ့သိကြစေကုန်သော်။

## ၁—အဘိဓမ္မသာ မြတ်သလော

တကာတော်လျှောက်သည် ဆရာတော်— ဝိနည်းဒေသနာ, သုတ္တန်ဒေသနာ, အဘိဓမ္မာဒေသနာ ဤဒေသနာသုံးရပ်သည် ဘုရားရှင် ရွှေနှုတ်တော်ထွက် ဘုရားရှင် စကားတော်ချည်း ဖြစ်ပါလျက် အဘိဓမ္မာဒေသနာတော်သာလျှင် လွန်မြတ်သော ပရမတ္ထဒေသနာတော်ဟူ၍ ဆရာတို့ ဟောတော်မူကြ၏၊ ဘုရားရှင် စကားတော်ပင် အယုတ် အလတ် အမြတ်ရှိသလော ဆရာတော်—။

မေးတော်မူသည့်အချက်မှာ အနိမ့်ရှိလျှင် အမြင့်, အမြင့်ရှိလျှင် အနိမ့်, အယုတ်ရှိလျှင် အမြတ်, အမြတ်ရှိလျှင် အယုတ်ရှိမြဲ ဓမ္မတာဖြစ်၍ အဘိဓမ္မာ ဒေသနာတော်သာလျှင် မြတ်၏ ဆိုလျှင် ဝိနည်း သုတ္တန် ဒေသနာသည် ဗျတိရေက နည်းအားဖြင့် ယုတ်ရာရောက်သောကြောင့် မေးတော်မူသင့်လှပေသည်၊ ဤအရာ၌ ဟီနာဓမ္မာ, ပဏီတာဓမ္မာတို့ကဲ့သို့ အပါယ်လေးပါးသို့ ကျရောက်စေတတ်သော အကုသိုလ် အယုတ် တခု, နတ်ရွာသုဂတိသို့ သွားရောက်စေတတ်သော ကုသိုလ် အမြတ် တခုတို့ကဲ့သို့ ဆိုလိုသည် မဟုတ်၊ ဝိနည်းဒေသနာ သုတ္တန်ဒေသနာတော်လည်း မြတ်၏၊ ထိုဒေသနာ နှစ်ပါးထက်ပင် အဘိဓမ္မာဒေသနာတော် မြတ်၏ဟု ဆိုလိုသည်။

ဥပမာဆိုသည်ကား— လက်ဝဲအမှုထမ်း လကျ်ာအမှုထမ်း ၂-ဦးလုံးပင် ကောင်းကြလျက် အမှုထမ်းဆောင်သောသူ

အပေါင်းတို့တွင် ရဲ့စွာ အာမခံ လွန်ကဲသောသူကို အမှုထမ်းကောင်းသည်ဟု ဆိုသကဲ့သို့ မှတ်ရမည်။

အဘိ အတိရေကော ဓမ္မော-အဘိဓမ္မော။

အဘိ အတိရေကော-သုတ္တန် ဝိနည်းတို့ထက် လွန်မြတ်သော ဓမ္မော-တရားတည်း၊ အဘိဓမ္မော-သုတ္တန် ဝိနည်းတို့ထက် လွန်မြတ်သော တရား၊ ဤသို့ ဝစနတ္ထ ဆိုသည်ကို ထောက်၍ သုတ္တန် ဝိနည်းတို့ထက် လွန်မြတ်သော အနက် သဒ္ဒါ နာနာနယ စသော နည်းတို့ရှိသည်ကို ထောက်၍ အဘိဓမ္မာကို အမြတ်ဟု ဆိုပါသည်၊ သုတ္တန် ဝိနည်း တို့သည် ယုတ်သောကြောင့် အဘိဓမ္မာကို အမြတ်ဟု မဆို မှတ်တော်မူရမည်။

တနည်းလည်း—သုတ္တန်ဒေသနာ ဝိနည်းဒေသနာတော်သည် ဒါန သီလတို့၏ အကြောင်း အကျိုးတို့ကို ပြဆိုခြင်း, ရှေးရှေးသော ဘဝတို့၌ ဖြစ်ခဲ့ဘူးသည့် အနိမ့် အမြင့်, ဆင်းရဲ ချမ်းသာတို့ကို ပြဆိုခြင်းမျှကိုသာလျှင် ဟောတော်မူသည်၊ သုတ္တန် ဒေသနာ ဝိနည်း ဒေသနာတော်သည်ကား သစ်ပင် သစ်ပွင့်နှင့်တူ၏၊ အဘိဓမ္မာ ဒေသနာတော်သည်ကား ခန္ဓာ,အာယတန, ဓာတ်, သစ္စာ, ဣန္ဒြေ, အာရုံ, အာရမ္မဏိက, ရုပ်, နာမ် တရားတို့ကို ခွဲခြမ်း စိတ်ဖြာ စီစဉ်၍ ဟောတော်မူသောကြောင့် ထုပ်၍ ထားသော ဝတ္ထုကို ဖြေ၍ပြသကဲ့သို့ မိမိ ခန္ဓာကိုယ်၌ ရုပ် နာမ် အပေါင်း ပရမတ္ထ သဘောကို နှလုံးသွင်းမိရာတွင်-သဗ္ဗေ သင်္ခါရာ အနိစ္စာ, သဗ္ဗေ သင်္ခါရာ ဒုက္ခာ, သဗ္ဗေ သင်္ခါရာ အနတ္တာ ဟူ၍ လက္ခဏာရေး သုံးပါးတို့ကို ရှုဆင်ခြင်သဖြင့် မဂ်ဖိုလ်ကိုရ၍ အကျွတ်တရား ရထိုက်သော သတ္တဝါတို့သည်

ဝဋ်သုံးပါးမှ လွတ်၍ နိဗ္ဗာန်သို့ ရောက်ကြကုန်သည်ဖြစ်၍ အဘိဓမ္မာ ဒေသနာတော်သည် သစ်သီးနှင့်တူ၏၊ သစ်ပင် သစ်ပွင့် သစ်သီး သုံးပါးတို့တွင်လည်း သစ်သီးသာလျှင် အမြတ်ဖြစ်သကဲ့သို့ အဘိဓမ္မာ ဒေသနာတော်သည်သာလျှင် ဝဋ်သုံးပါးမှ ထွက်မြောက်၍ အဆုံးစွန်ဖြစ်သောကြောင့် အဘိဓမ္မာ ဒေသနာတော်သည်သာလျှင် ဝိနည်း သုတ္တန်တို့ထက် လွန်မြတ်၏ဟု ဟောတော်မူသည်၊ ဝိနည်း သုတ္တန် ဒေသနာ ယုတ်၍ အဘိဓမ္မာ ဒေသနာတော်သည်သာ မြတ်သောကြောင့် ဟောတော်မူသည် မဟုတ်ဟု မှတ်တော်မူရမည်။

## ၂-နိဗ္ဗာန်အနိမ့်အမြင့်

တကာတော် လျှောက်သည် ဆရာတော် ဘုရားလောင်း သုံးပါးတို့ အရှည်-အတိုအားဖြင့် ပါရမီကို ဖြည့်ကြရသဖြင့် ဘုရားဖြစ်၍ နိဗ္ဗာန် ယူတော်မူကြကုန်၏၊ ပါရမီ အရှည်—အတို ဖြည့်ရသည့် အလိုက် နိဗ္ဗာန်လည်း အယုတ်,အလတ်,အမြတ်,အနိမ့်,အမြင့် ရှိရမည်လော ဆရာတော်။

လောက ဓမ္မ နှစ်ပါးလုံးပင် အကြောင်း နိမ့် မြင့် ရှိလျှင် အကျိုး နိမ့် မြင့် ရှိမြဲဖြစ်၍ မေးတော်မူသင့်လှ ပေတော့သည်၊ သူရင်းငှား သုံးယောက်တို့သည် အမှုသည် တဦးတည်းတွင် တယောက်မှုကား တလခန့်သာ ဝင်၍ အလုပ် လုပ်၏၊ တယောက်မှုကား နှစ်လခန့် ဝင်၍ လုပ်၏၊ တယောက်မှုကား

လေးလခန့် ဝင်၍ လုပ်၏၊ ယင်းသုံးယောက်တို့ကို ကိုယ်လုပ်ခ ပေးသောအခါ သုံးဆယ်လျှင် သုံးဆယ်ချင်း, လေးဆယ်လျှင် လေးဆယ်ချင်း, အလုပ်ခကို အတူတူပေးခဲ့၏၊ အဘယ့်ကြောင့် အတူပေးလေသနည်း ဟူမူကား တလ လုပ်သူကား မြန်ထက် သောကြောင့် အမူကုန်တွင်သည်၊ နှစ်လ လုပ်သူကား အယင် လူ တလ လုပ်ခန့်သာ တွင်သည်၊ လေးလ လုပ်သော သူသည် ကား အလယ်လူ နှစ်လ လုပ်ခန့်သာ တွင်သည်၊ လများသော်လည်း လုပ်ရာ လုပ်ချက်ခြင်း အတူတူသာ ရှိလေသောကြောင့် အခကို အတူတူ ပေးလေသကဲ့သို့ ထိုအတူ ပညာဓိက သဒ္ဓါဓိက ဝိရိယာဓိက ဘုရားလောင်း သုံးပါးတို့သည်လည်း ပညာ သဒ္ဓါ ဝိရိယ တရား သုံးပါးတို့သည် သူရင်းငှား သုံးယောက် ကဲ့သို့ အရည် နိမ့်မြင့်ဖြစ်၍ ရှည်–တို ရှိရခြင်းသည်လည်း ပညာ သမ္ဘာရ ပါရမီဖြည့်ခြင်း ထူးသောကြောင့်ဖြစ်၏၊အကျိုး နိဗ္ဗာန် ရခြင်းသည်ကား နိမ့်–မြင့် မရှိ တူလေသည်ဟု မှတ်တော်မူရမည်။

တနည်းလည်း—နိဗ္ဗာန်တရားသည်ကား ငွေ တပိဿာ တန် သော ပတ္တမြားကျောက်နှင့် တူ၏၊ ငွေ တပိဿာတန်သော ပတ္တမြားကျောက်ကို ရွှေနှင့် ဝယ်လေသောသူသည် ဆယ်လေး စက်ရသော ရွှေ အကျပ်တဆယ် ပေး၍ ဝယ်လျှင် ရ၏၊ ငွေနှင့် ဝယ်လိုသော သူကား ငွေ တပိဿာပေးလျှင် ရ၏၊ ကြေး ခဲမနှင့် ဝယ်လိုသော သူကား ကြေး တထောင်ပေးသော်လျှင် ရ၏၊ လေး သင်္ချေနှင့် ကမ္ဘာ တသိန်း ပါရမီ ဖြည့်၍ အကျွတ် တရားကို ရသော ပညာဓိက ဘုရားရှင်၏ ပညာကို ရွှေစင် အကျပ် တဆယ်ကဲ့သို့ မှတ်ရမည်၊ ရှစ် သင်္ချေနှင့် ကမ္ဘာ တသိန်း

ပါရမီဖြည့်မှု အကျွတ်တရားရသော သဒ္ဓါမိက ဘုရားလောင်းတို့၏ ပါရမီ သဒ္ဓါကို ငွေ တပိဿာကဲ့သို့ မှတ်ရမည်၊ တဆယ့်ခြောက် သင်္ချေနှင့် ကမ္ဘာ တသိန်း ပါရမီ ဖြည့်မှ ကျွတ်သော ဝိရိယာဓိက ဘုရားလောင်းတို့ ပါရမီ ဝိရိယကို ကြေး ခဲမ တထောင်ကဲ့သို့ မှတ်ရမည်၊ နိဗ္ဗာန် တရားကိုကား ငွေ တပိဿာ တန်သော ပတ္တမြား ကျောက်ကဲ့သို့ မှတ်ရမည်၊ ပညာ, သဒ္ဓါ, ဝိရိယ တရား သုံးရပ်တို့သည် အရည်မတူ နိမ့်-မြင့် ရှိလေသောကြောင့် ပါရမီ ဖြည့်ရသော အကြောင်း ရှည်-တို ရှိလေသည်၊ အကျိုးရခြင်း နိဗ္ဗာန်သည်ကား တူ၏ဟု မှတ်တော်မူရမည်။

တနည်းလည်း ပညာ တရားသည်ကား အမှုမှု အရာရာတို့ကို ကျွမ်းကျင် လိမ်မာ၍ တိုင်းနိုင်ငံကို ကောင်းစွာ စီရင်တတ်သော အမတ်ကြီးနှင့် တူ၏၊ သဒ္ဓါ တရားသည်ကား သူတပါးတို့ ညွန်းပြသည်ကို နှစ်သက်စွာ အရှိအသေ ခံဝေ စီရင်တတ်သော အမတ်ကြီးနှင့် တူ၏၊ ဝိရိယ တရားသည်ကား ခွဲခြမ်း၍ သူတပါး ပေးသည့်အတိုင်း အမှုကို ကုန်လွယ်အောင် လုပ်ဆောင်တတ်သော အမတ်ကြီးနှင့် တူ၏၊ ထိုအမတ်ကြီး သုံးယောက်တို့ကို မင်း ကေရာဇ် ချီးမြှောက်သောအခါ အရည်တူ အမတ်ကြီးတို့ ရာထူး မြို့ ရွာ စည်းစိမ်ကို အတူ ပေးသကဲ့သို့ ပညာရှိ အမတ်တို့ကား စီရင်ရ၏၊ ခံဝေသည့် အမတ်က ထိုသူထက် အမှု ကျယ်သောကြောင့် သာ၍ ရကောင်း၏ဟု မဆိုသာ၊ ခံဝေသည့် အမတ်ထက်လည်း လုပ်ဆောင်ရသည့် အမတ်ပင်ပန်းသည်ဖြစ်၍ သာ၍ပင် ရကောင်း၏ဟု မဆိုသာ သကဲ့သို့ ပညာ, သဒ္ဓါ, ဝိရိယ တရားတို့သည်လည်း အရည်မတူ နိမ့်-မြင့်

ရှိသောကြောင့် ပါရမီဖြည့်ခြင်း အကြောင်း ရှည်တို့ ရှိလျက် အကျိုး နိဗ္ဗာန်ရခြင်း မျှကြလေသည်ဟု မှတ်တော်မူရမည်။

## ၃-မျက်လုံးတော်ထုတ်လှူခြင်း

တကာတော် လျှောက်သည် ဆရာတော် ဘုရား အလောင်းတော်တို့ အသက်ကိုစွန့်၍ လေးသင်္ချေ နှင့် ကမ္ဘာ တသိန်း အတွင်းတွင် အဖြစ် ငါးရာ့ငါးဆယ် ပါရမီကို ဖြည့်တော်မူသည်ဟု ဟောတော်မူ၏၊ "ဘုရား ဆုကို အလိုတော်ရှိ၍ မျက်လုံးတော်ကို ထုတ်၍ လှူ တော်မူသည်ကား မိုး၌ ကြယ်သော်ကား နည်းသေး၏၊ ငါ၏ မျက်လုံးတော်သည်ကား ထိုကြယ် အပေါင်း ထက်ပင် များသေး၏" ဟု ဟောတော်မူသည်၊ ငါးရာ့ ငါးဆယ် အဖြစ်၌လည်း အဖြစ်တိုင်းပင် မျက်လုံးတော် ကို မလှူ၊ အဖြစ်တိုင်းပင် လှူသော်လည်း တထောင့် တရာသာ ရှိတန်ရာ၏၊ ဤဒေသနာတော် နှစ်ရပ်သည် တပါးပါး မမှန်ပါသလော၊ ဘုရားသော်လည်း ဤ အတိုင်း မဟောပါသလော၊ သိသာအောင် အမိန့်ရှိ ပါ ဆရာတော်။

ဒေသနာတော် နှစ်ရပ်ကို ထောက်လျှင် မေးသင့်လှတော့ သည် ဖြစ်ပေသည်၊ ဘုရားအလောင်းတော်သည် ဒီပင်္ကရာ ဘုရားရှင် လက်ထက်တော်၌ သုမေဓာ ရသေ့အစ ဝေဿန္တရာ မင်းကြီး အဆုံးတိုင်အောင် ကမ္ဘာ အသင်္ချေကို ရေတွက်လျှင်

လေး အသင်္ချေနှင့် ကမ္ဘာ တသိန်း ရှိ၏၊ ဤလေးအသင်္ချေနှင့် ကမ္ဘာ တသိန်း အတွင်းတွင်လည်း နိမ့်တုံ-မြင့်တုံ, ယုတ်တုံ-မြတ်တုံအားဖြင့် ဘဝကြီး-ငယ်တို့၌ ဖြစ်လေသည့် အဖြစ်ကို မည်မျှ မည်ရွေ့ မရေတွက်နိုင်၊ ဘုရားအဖြစ်ကို အလိုရှိ၍ ပါရမီကို ဖြည့်သောအဖြစ်ကား-'အဇ္ဈဆက္ကေသု ဇာတက သတေသု ပရိစိတာ'-ဟု ကျမ်းဂန်ဆိုသောကြောင့် ငါးရာငါးဆယ် ပါရမီ ဝိသေသဖြည့်သောဘဝဟူ၍ ဟောတော်မူသည့် ဒေသနာတော်လည်း မှန်၏၊ ဘုရားဆုကို အလိုတော်ရှိသောကြောင့် အလှူခံလာသော သူတို့အား ငါ မျက်လုံးတော်တို့ကို ထုတ်၍ လှူတော်မူသည်ဟု ဟောတော်မူခြင်းသည်ကား-'စေ တာရကာနိ ပရာဇေတွာ ဒိန္နော'-စသည်ဖြင့် မိုးမှာ ကြယ်တို့ကို ရှုံးစေ၍ ငါလှူသော မျက်လုံးတော်ကား များလေ၏ဟု ဟောတော်မူသောကြောင့်လည်း မှန်၏၊ ဤဒေသနာတော် နှစ်ပါးသည် ဘုရားကိုယ်တော်တိုင် ဟောတော်မူသော ဒေသနာတော်ချည်းဟု မှတ်တော်မူရမည်။

မှတ်တော်မူရမည့် အကြောင်းကို ပြပေဦးအံ့- ဘုရားလောင်းတော် သိဝလိမင်း ဖြစ်တော်မူသောအခါ ဘုရားဆုကို တောင်းတော်မူလျက် သက်ရှိ သက်မဲ့ များစွာတို့ကို အလှူကြီး ပေးတော်မူရသော်လည်း ရောင့်ရဲ တင်းတိမ်တော် မမူသောကြောင့် နေ မိုးသောက်ထ အခါ၌ ဤသို့ ကြံတော်မူ၏-'အကယ်၍ ငါ၏ ခြေ လက်တို့ကို အလှူခံ လာအံ့၊ ဆင်သား အပ်သော ရဟန္တာတို့နှင့်တကွ ဖြစ်၍ လှူတော့အံ့၊ အကယ်၍ ငါ၏ မျက်လုံးတော်ကို အလှူခံလာအံ့၊ နှစ်ဘက်သော မျက်လုံး

တို့ကို ယခုပင် ထုတ်၍ လှူအံ့၊ အကယ်၍ ဦးခေါင်းတော်ကို အလိုရှိ၍ အလှူခံလာအံ့၊ ရတနာ ဥသျှောင်ကျင်နှင့်တကွ ငါ၏ ဦးခေါင်းကို ယခုပင် ဖြတ်၍ လှူတော့အံ့၊ အကယ်၍ ငါ၏ နှလုံး သည်းပွတ်ကို အလိုရှိ၍ အလှူခံလာအံ့၊ ယခုပင် ထုတ်၍ လှူတော့အံ့၊ အကယ်၍ ငါ၏ ကိုယ်တခြမ်းကို အလိုရှိ၍ အလှူခံလာအံ့၊ ယခုပင် ကိုယ်တခြမ်းကို ခွဲ၍ လှူတော့အံ့'ဤသို့စသည် ဖြင့် မိမိ အသက်တော်ကို တံထွေးပေါက်ခန့်မျှ မှတ်တော် မမူ၊ သဗ္ဗညုတ ဘုရားဆုကိုသာ အလိုရှိ၍ အလှူပေးလိုသော အကြံ တော် ရှိသည်ကို သိကြားမင်း သိလေလျှင် ကိုယ်တခြမ်းသာ ရှိသော ပုဏ္ဏား အရောင် ဖန်ဆင်း၍ တောင်ဝှေး လက်စွဲလျက် လာ၍ ရောက်လာလျှင် "အရှင်မင်းကြီး အကျွန်ုပ်၌ ကိုယ် တခြမ်းသာ ရှိ၍ ကိုယ်တခြမ်း အလိုရှိပါသည်"ဟု ဆို၍ အလှူ ခံလေ၏၊ ထိုသို့ခံလျှင် အလွန် ဝမ်းမြောက် ဝမ်းသာ လှူအံ့ဟူ ဝန်ခံပြီးလျှင် ငါ့အား ကိုယ်တခြမ်းကို ခွဲတတ်သောသူတို့ ရလို ပါ၏ဟု နှလုံးတော် ထားလျှင်ပင် ဘီလူး နှစ်ယောက်တို့သည် လွှနှင့် ခွဲအံ့ဟု လာ၍ ရောက်လျှင် သဗ္ဗညုတ ဘုရားဆုကို ပန် တော်မူ၍ ဘီလူး နှစ်ယောက်တို့ကို လွှနှင့် ခွဲစေ၍ လှူတော် မူသည်။

ထိုသို့ လှူတော်မူသောနေ့၌ အလှူခံပုဏ္ဏား မရောက်မီ ငါ၏ ကိုယ်တခြမ်းကို လှူလိုသည်ဟု အကြိမ်ကြိမ် အာဝဇ္ဇန်းဇော ဖြစ်ရောက်၍ ဆင်ခြင်တော်မူသော မဟာကုသိုလ်ဇော စေတနာ သည် မည်၍ မည်မျှဟု မပိုင်း မခြားနိုင်၊ လူတို့ စိတ်သည် လက်ဖစ် တတွက်ခန့် ကာလ အတွင်း ကုဋေ တသိန်း ဖြစ်သည် ဟု ဆိုသောကြောင့် မရေတွက်နိုင်၊ သို့ဖြစ်၍ မလှူမီ ဖြစ်သည့်

မဟာကုသိုလ် ပုဗ္ဗ စေတနာ, လှူစဉ် ဖြစ်သော မဟာကုသိုလ် မုဉ္စ စေတနာ, လှူပြီးသည့်နောက် ဝမ်းမြောက် ဝမ်းသာ ရှိခြင်း တည်းဟူသော မဟာကုသိုလ် ပရ စေတနာ—ဤသုံးတန်သော စေတနာတို့သည် ကိုယ်တော် တခြမ်းကို လှူနှင့် ခွဲ၍ လှူသော ဇော စေတနာချည်း ဖြစ်သည်ဟု ဟောတော်မူသည်။

တနည်းလည်း— သူဆင်းရဲတို့ ပါရမီ ဖြည့်ခြင်းသည်ကား ပျဉ်းကော လောင်းစပ်နှင့် ကုန်ကူးသွားသော သူနှင့်တူ၏၊ ရေ မြေကို အစိုးရသော သာသနာ့ ဒါယကာတော် မင်းဧကရာဇ် တို့ ပါရမီတော်ကို ဖြည့်ရခြင်းသည်ကား သင်္ဘောနှင့် ကုန်ကူး သွားသော သူနှင့် တူ၏၊ အဘယ်ကြောင့် သင်္ဘောနှင့် ကုန်ကူး သွားသည်နှင့် တူလေသနည်း ဟူမူကား—ဧကရာဇ် မင်းမြတ်တို့ သည် မြေပေါ် ရေပေါ် ရှိသမျှသော သက်ရှိ-သက်မဲ့ သတ္တဝါ အပေါင်းတို့ကို ကိုယ့် အသက် စည်းစိမ်နှင့် တကွ အစိုးရ အာဏာပိုင်ဖြစ်၍ အလိုရှိတိုင်း စီရင်ပိုင်လေသောကြောင့် ထို မင်းကို အသက်စည်းစိမ် ဦးလည် သခင် အသျှင်ဟူ၍ ဝေါဟာရ အားဖြင့် အရှင် မည်လေသည်၊ ထို့ကြောင့် အသက် ဒါနကို မင်းမှသော်သာလျှင် ပေးနိုင်ရာ၏ဟု ရှေးဆရာတို့ စပ်ဆိုတော် မူကုန်သည်။

ဆရာကျော်တို့ စပ်ဆိုတော်မူကြသည်နှင့် အညီလည်း သာသနာပြု ဧကရာဇ်ဖြစ်သော မင်းမြတ်တို့သည် အသက် ဒါန ကို ပေးလိုသောကြောင့် ငါတိုင်း နိုင်ငံတော်အတွင်း၌ ကျေးရွာ မြို့သားတို့ အစဉ်အလာ ဘာသာသုံးစွဲ ပြုကြသည်တို့ကို မြစ် တားတော်မူကြလျှင် ကျွဲနွား ဆိတ် ကြက် ဝက် စသော သတ္တဝါ

တို့ကို မသတ်စေနှင့်၊ ရဲလောင်း အိုင် အင်း လေး မြှုံး ပိုက်ကွန် ပြွောင့်တို့ကို ဖျက်ဆီး ဆုတ်နှုတ်ရမည်၊ သေ့းစိမ်း သားစိမ်းတို့ကို မမြင်စေနှင့်ဟူ၍ မောင်းကြေးနင်း ခတ်စေလျှင် အမိန့်တော် အာဏာတော်ကို မဆံ့၊ ကြဉ်ရှောင် နေရသောကြောင့် ဇီဝိတ ဒါန အသက် အလှူ ပေးခြင်းသည် ကေရာဇ်မင်းမြတ်တို့ မည်၏၊ တကိုယ်လုံးကို အသက်သာ ပြဌာန်းသောကြောင့် အသက်အလှူလည်း မည်၏။

ထိုမင်းအာဏာနှင့် အိုင် အင်း တခုကိုပင် လွှတ်ထိုက်သော်လည်း ထို အိုင် အင်း၌ ရှိသော ဘား ငါး အစရှိသော သတ္တဝါ အပေါင်းတို့သည် မရေတွက်နိုင်၊ ထိုသို့ မရေတွက်နိုင်သော သတ္တဝါ တခု တခု၌လည်း မျက်စိနှစ်လုံးစီ ရှိလေသောကြောင့် မျက်စိပေါင်းလည်း မရေတွက်နိုင်၊ ထိုမျက်စိအပေါင်းကိုပင် အလှူပေးခြင်းသည် ကေရာဇ်မင်းတို့၏ မျက်စိမည်သောကြောင့် "ဘုရားဆုကို အလိုရှိတော်မူ၍ ငါ မျက်လုံးတော်ကို လှူသည်ကား မိုးမှာ ကြယ်သော်မှ နည်းသေး၏၊ ထိုထက်ပင် ငါ၏ မျက်လုံးတော်သည် များလေ၏" ဟု ဟောတော်မူသည်။

တကြောင်းလည်း ဘုရားအလောင်းတော် သမင်မင်းဇာတ်ဖြစ်တော်မူသောအခါ သမင်တကာတို့ ကိုယ်စား အသေခံတော်မူသည်၊ မျောက်မင်းဇာတ် ဖြစ်တော်မူသော အခါလည်း မျောက်တကာတို့ ကိုယ်စား အသေခံတော် မူသည်၊ ထိုအခါ လွတ်လေသမျှသော သမင် မျောက်တို့၏ နား နှာခေါင်း မျက်စိ ခြေ လက် ဦးခေါင်း နှလုံး သည်းပွတ် အပေါင်းတို့သည် အလောင်းတော်၏ အလှူချည်းပင် ဖြစ်လေတော့သည်။

ဥပမာကား—မည်သည့်မင်းသည် မည်သည့်မြို့ကို တိုက်၍ ရ၏ဆိုလျှင် ထိုမင်း တိုက်၍ ရသည် မဟုတ်၊ ရဲမက် လက်နက် ကိုင်သားတို့ တိုက်၍ ရသည်၊ ထိုမင်း၏ ဘုန်း အာဏာသည် ရဲမက်တို့၌ တည်သောကြောင့် ထိုမင်း တိုက်၍ ရ၏ဟု ဆိုပိုင် လေသကဲ့သို့ ဖြစ်သည်။

ထိုမင်းသည်လည်း ထိုမြို့ပြည်တို့ကို ရလျှင် ချမ်းသာစွာ အသက်၏ အန္တရာယ်ကို မပြုဘဲ လွှတ်လေသည်၊ ထိုသို့ လွှတ် သောသူတို့၏ အသွေး အသား နား နှာခေါင်း မျက်စိ နှလုံး သည်းပွတ်တို့ကို ထိုမင်း၏ အလှူချည်းသာ ဖြစ်သောကြောင့် လည်း "ငါ့ဘုန်း ငါ့ကံ ငါ့ကိုမှီ၍ချည်း လွှတ်ကြလေသည်ဖြစ်၍ ငါ၏အလှူချည်း မည်ကုန်၏" ဟု ဝမ်းမြောက် ဝမ်းသာ ရှိရ မည်ဟု ကျမ်းဂန် လာသည့်အတိုင်း ပညာရှိတို့ထုံး ဥပဒေသ နည်းကိုယူ၍—

ကုန်းဘောင် မင်းတရားကြီးသည် ၁၁၁၇ ခုနှစ် "ငါ့တိုင်း ငါ့နိုင်ငံ အတွင်းဇွင် ငါ့ဘုန်းတော်ကိုမှီ၍ ငါ့ကျေးဇူး သစ္စာခံ ကျွန်တော်မျိုး မြို့ရွာ စီရင်ကြသော သူကြီး စော်ဘွား မြို့စား အမတ် မြေတိုင်း စာချီ မြို့ကျေးရွာနေ ကျွန်တော်မျိုးအပေါင်း တို့ ထန်းရည် အရက် ခေါင်ရည် ကစော် လှော်စာ စသည်တို့ကို မဖော် မလုပ် မသောက် မစားစေနှင့်၊ အစဉ် ထုံးစံရှိသော ကျွဲ နွား ကြက် ဝက်တို့ကို သတ်၍ နတ် စုန်းတို့ကို တင်ခြင်း ပသခြင်းတို့ကို မပြုစေနှင့်၊ ကုလား ပသီတို့သည်လည်း လည် ကို လှီး၍ သွေးခံခြင်း အလေ့ကို မပြုစေနှင့်၊ သားတို့ကိုလည်း သတ်ဖြတ်၍ သားထိုးသည့် အမှုကို ပြု၍ အမဲဈေး တည်ခင်း

ရောင်းချခြင်းကို မပြုစေနှင့်” ဟု အရပ်ရပ်တို့ကို အမိန့်တော် ပေးအပ်ခြင်းသည်လည်း ဇိဝိတ အလှူတော်ပင် ဖြစ်လေသည် ဟု မှတ်ရမည်။

## ၄-သာသနာကိုလှူသလော

> တကာတော် လျှောက်သည် ဆရာတော် ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းတို့ကို တကာတော် တို့က လှူသောကြောင့် ဆရာတော်တို့က ပစ္စည်း ဒါယကာ ခေါ်သည်မှာ သိသာပါ၏၊ ကေရာဇ်မင်း တို့ကို သာသနာ့ ဒါယကာ ခေါ်သည်မှာ ကေရာဇ် မင်းတို့က သာသနာတော်ကို လှူသလော၊ မင်းကေရာဇ် တို့က လှူမှပင် ဆရာတော်တို့မှာ သာသနာ ရှိပါသ လော ဆရာတော် သိသာအောင် အမိန့်ရှိတော်မူပါ။

ဆွမ်း သင်္ကန်း စသော ပစ္စည်းတို့ကို လှူသောကြောင့် ပစ္စည်း ဒါယကာ ခေါ်သည်ကို ထောက်၍ အမေးတော် ရှိ သည်မှာ ရှိသင့် မေးသင့်လှပါသည်၊ တကာတော်တို့က ပစ္စည်း ထောက်၍ သာမဏေ ပဥ္စင်း ခံကြသည်ကိုလည်း သာမဏေ ပဥ္စင်း ဒါယကာဟုပင် သံသရာကို ရည်မှတ်၍ ပစ္စည်းတို့ကို စွန့်လှူပေးသည်ကို အစွဲပြု၍ ခေါ်ရမည်ဟု ဘုရားရှင် ပညတ် တော် မူပါသည်၊ သာသနာကို ပစ္စည်း လေးပါးတို့ဖြင့် ချီးမြှင့် ထောက်ပံ့ သည်ကိုလည်း သာသနာ ဒါယကာတော် ဟူ၍လည်း ဘုရားရှင် ပညတ်တော် မူပါသည်—မဟာဓမ္မရာဇ် ဖြစ်သော သာသန ဒါယကာတော်။

တနည်းလည်း "ဒဒါတိတိ ဒါယကော"—ဟု ဝစနတ္ထ ပြုရမည်၊ ယောပုဂ္ဂလော—အကြင် ပုဂ္ဂိုလ်သည်၊ ပစ္စယာနဥ္စ—ပစ္စည်း ဝတ္ထုကို လည်းကောင်း၊ ဟတ္ထကမ္မဉ္စ—လက်အမှုကို လည်းကောင်း၊ အာဏဉ္စ—အာဏာကို လည်းကောင်း၊ ဒဒါတိ—ပေးလှူ ထောက်ပံ့တတ်၏၊ ဣတိတသ္မာ—ထို့ကြောင့်၊ သောပုဂ္ဂလော—ထိုပုဂ္ဂိုလ်သည်၊ ဒါယကော-ဒါယကာမည်၏၊ ဤဝိဂ္ဂြိုဟ် ဝစနတ္ထ အရမှာ ပစ္စည်း လေးပါးတို့ကို လည်းကောင်း, လက်မှု အလုပ်ကို လည်းကောင်း, အာဏာ အမိန့်ကို လည်းကောင်း—ပေးတတ် ထောက်ပံ့တတ် လေသောကြောင့် သာသန ဒါယကာတော် မည်ပါသည်။

တနည်း—"သာသနေ ဒါယကော သာသန ဒါယကော" ဟု တပ္ပုရိသ်သမာသ် ပြုရာ၏၊ သာသနေ—သာသနကမ္မေ—သာသနာတော် အမှု၌၊ ဒါယကော—ပေးတတ် သည်တည်း၊ သာသနဒါယကော—သာသနာတော် အမှု၌ ဆွမ်း စသော ပစ္စည်း, လက်မှု, အာဏာကို ပေးတတ်သည်၊ အရကား—သာသနာတော်၌ ကြည်ညိုသော သာသန ဒါယကာတော် ကြေရာဇ်မင်းမြတ်ကို ရ၏။

သက်သေ ပြကြောင်းကား—ဘုရားရှင် ပရိနိဗ္ဗာန် ပြုတော်မူပြီးနောက် လေးလမြောက်၌ ရာဇဂြိုဟ်ပြည် ဝေဘာရတောင် ခြေရင်းပင် ရောက်ရာ လှိုဏ်၏အနီး ရတနာ မဏ္ဍပ်၌ ရှင်မဟာ ကဿပ အမှူးရှိသော ရဟန္တာ ငါးရာ သင်္ဂါယနာ တင်မည် ပြုရာတွင် ကြေရာဇ် မင်းတို့၏ အာဏာကို ရမှသာ သာသနာ တော် အမှုကို ဆောင်နိုင်မည်ဟု ရှင်မဟာကဿပ မထေရ်က

"အဇာတသတ်မင်းထံ အာဏာရစေခြင်းငှာ ရပ်ချေ" ဟု ရဟန္တာတို့ကို စေတော်မူ၍ ရပ်စေလျှင် "သာဓု ဘန္တေ ဝိသဇ္ဇာ ကရောထ၊ မယှံ အာဏာစက္ကံ တုမှာကံ ဓမ္မစက္ကံ ဟောတု"— စသည်ဖြင့် အဇာတသတ်မင်းကြီးက ပြန်၍ လျှောက်သည်။

အဓိပ္ပါယ်ကား— "အရှင်ဘုရားတို့ လွှတ်လွှတ် ပြုတော်မူပါကုန်၊ တကာတော်၏ အာဏာသည် အရှင့်ဘုရားတို့ အာဏာ ဖြစ်စေကုန်"—ဟု အဇာတသတ်မင်းကြီးက သံဃာတော် ငါးရာတို့ကို အစိုးပိုင် အာဏာကို လှူလိုက်၍ ထိုအာဏာကို အမှီပြု၍ ရဟန္တာ ငါးရာတို့ ခုနစ်လပတ်လုံး ပဌမ သင်္ဂါယနာ တင်တော်မူကုန်သည်။

ထိုနောက် တဖန် မဟာသံဃိက ဆရာတို့၏ အနွယ်ဖြစ်သော မဟာဝဇ္ဇီတိုင်းသား ရဟန်းများတို့သည် ဆယ်ပါးသော ဝတ္ထု တို့ကိုပြု၍ ဂုဏ္ဌဝေဿန္တရ ဂုဏ္ဌဝိနယ ဂါရယှ ပါဠိတို့ကိုလည်း စီရင်၍ စင်ကြယ်ခြင်း မရှိ၊ မိစ္ဆာဒိဋ္ဌိ တရားတို့သည် ထင်ရှား ဖြစ်ပြန်သည်ကို အကြောင်းပြု၍ သဗ္ဗညု အထွတ် သုံးလူနတ် သည် ပြည်မြတ် နိဗ္ဗာန် စံတော်မူသည်မှ ကာလ မကြာမီ နှစ် ကာလ၌ ကာလာသောကမင်းကို အမှီပြု၍ အရှင်မဟာယသ အမှူးရှိသော ရဟန္တာမြတ် ခုနစ်ရာတို့သည် မဟာသံဃိက အနွယ်အစုဖြစ်သော ကျမ်းပြု စာပြုလုပ်ကုန်သော ထိုရှင်ယုတ် တို့ကို နှင်ထုတ်လိုက်ပြီးမှ ကာလာသောကမင်းကြီး အာဏာ ကို အမှီပြု၍ ရှစ်လတိုင်တိုင် ဒုတိယ သင်္ဂါယနာ တင်တော် မူကြကုန်သည်။

တဖန် ထိုနောက် သူတော်ကောင်းဟု ဝန်ခံကုန်သော သာသနာတော်မှ အပ အညှ အယူရှိကုန်သော ဒိဋ္ဌိ ခြောက်

သောင်းတို့သည် ရှင်ကောင်းယောင် ပြုကုန်လျက် သာသနာ တော် ဖျက်ခြင်းကို အကြောင်းပြု၍ သုံးလူ့မှန်ကင်း တရားမင်း ဘုရားသည် အကြွင်း မရှိ အနုပါဒိသေသ နိဗ္ဗာန ဓာတ်ဖြင့် ပြည်မြတ် နိဗ္ဗာန် စံတော်မူသည်မှ နှစ်ရာ့တဆယ့် စွန်းဝယ် ရှစ်နှစ် ဖြစ်လတ်သောခါ သီရိဓမ္မာသောကမင်းကို အမှီပြု၍ အရှင်မောဂ္ဂလိပုတ္တတိဿ မထေရ် အမှူးရှိသော ရဟန္တာမြတ် တထောင်တို့သည် သီလ သမာဓိ ရှိယောင် ဆောင်ကြကုန်လျက် သာသနာမှ အပ အယူရှိကြကုန်သော ဒိဋ္ဌိ ခြောက်သောင်းတို့ကို လူထွက်စေပြီးမှ တတိယ သင်္ဂါယနာ ကိုးလ တိုင်တိုင် တင်တော်မူကြ လေကုန်သည်။

သင်္ဂါယနာ တင်၏ဟု ဆိုသည်ကား—လေးဆယ့်ငါးဝါတို့ ပတ်လုံး ဘုရားဟောတော်မူသော ဝိနည်း, သုတ္တန်, အဘိဓမ္မာ ပိဋကတ် သုံးပုံတို့ကို စစ်ကြောပြီးလျှင် ဤတရား ဘုရားဟော ဖြစ်သည်၊ ဤတရားမှ တပါး ဗာဟိရ ပါဠိ ဖြစ်သည်ဟု ရဟန္တာ အပေါင်းတို့ ဝိုင်း၍ ရွတ်ဘတ်တော်မူသည်ကို သင်္ဂါယနာ တင်တော်မူသည်ဟု ဆိုသည်။

ထိုမင်းသုံးပါးတို့၏ အာဏာတော် ပေးသည်ကို ထောက်၍ "သာသနတ္ထာယ အာဏံ ဒါယကောတိ သာသန ဒါယကော" —ဟု ဝိဂ္ဂြိုဟ်ပြုရမည်၊ ယောရာဇာ - အကြင်မင်းသည်၊ သာသနတ္ထာယ-သာသနာ ပြုခြင်းငှာ၊ အာဏံ-အာဏာကို၊ ဒါယကော-ပေးသည်တည်း၊ ဣတိ-ထိုကြောင့်၊ သောရာဇာ- ထိုမင်းသည်၊ သာသနဒါယကော-သာသနဒါယကာ မည်၏။ (မဇ္ဈေလောပ တပ္ပုရိသ်)၊

ဤဝစနတ္တကို ထောက်၍ သာသနာတော်ကို ပြုခြင်းငှာ အားပေးတော်မူသောကြောင့် သာသနာ့ ဒါယကာတော် ဆိုသည်ဟု မှတ်တော်မူရမည်၊ ရေ မြေကို အစိုးရသည့် ကေရာဇ်ဖြစ်၍ အာဏာရဟာ ထိုက်၏၊ သာသနာရေးကို မကျွမ်း မလိမ္မာသောကြောင့် အခွင့် မပြု၊ အာဏာကိုလည်း သာသနာမှုအလို့ငှာ မထားဘဲနှင့် သာသနာ့ ဒါယကာတော် ခေါ်ရခြင်းသည်ကား ဖန်ခါးသီးနုကို ကြစု ခေါ်သကဲ့သို့သာ မှတ်တော်မူရမည်၊ ကေရာဇ်မင်းတို့က လှူမှပင် ဆရာတို့မှာ သာသနာရှိပါသလော ဟူသော အမေးတော်မှာ မင်းကေရာဇ်တို့က တရားနှင့်အညီ သာသနာပြု ဆရာတို့ စီရင်သမျှ ငါ့အာဏာငါ့အစီရင်သာ ဖြစ်စေရမည်ဟု မင်းရောဇ်တို့က အာဏာကို လှူမှပင် သာသနာကို စီရင်နိုင်သည်ဟု မှတ်တော်မူရမည်။

## ၅-သာသနာဆိုသည်အဘယ်နည်း

တကာတော် လျှောက်သည် ဆရာတော် သာသနာဆိုသည် အဘယ်နည်း၊ ဆုံးမတတ်သလော၊ ဆုံးမအပ်သလော၊ ဆုံးမကြောင်းဖြစ်သလော သိသာအောင် အမိန့်ရှိတော်မူပါ။

သဒ္ဒါ အလိုအားဖြင့် ဆုံးမ တတ်သည်လည်း သာသနာမည်၏၊ ဆုံးမ အပ်သည်လည်း သာသနာ မည်၏၊ ဆုံးမကြောင်းသည်လည်း သာသနာ မည်၏။

"သာသတိ အနုသာသတီတိ-သာသနံ"—သာသတိ အနုသာသတိ-အစဉ်အားဖြင့် ဆုံးမတတ်၏၊ ဣတိတသ္မာ-ထိုကြောင့်-

သာသနံ-သာသနာမည်၏၊ သာသနံ-ဆုံးမတတ်သည်၊ ဤဝစနတ္ထအရကား ဆုံးမတတ်သောသူသည် သာသနာ မည်၏။

"သာသိတဗ္ဗန္တိ-သာသနံ"၊ သာသိတဗ္ဗံ-ဆုံးမအပ်၏၊ ဣတိ တသ္မာ-ကြောင့်၊ သာသနံ-၏၊ သာသနံ၊ ဆုံးမအပ်သည်၊ ဤဝစနတ္ထ အရကား တရား မရသေးသော ဆုံးမအပ်သောသူ အပေါင်းသည် သာသနာ မည်၏။

"သာသတိ တေ‌ဘာယာတိ-သာသနံ"၊တေဘာယ ဗုဒ္ဓဝစနာယ-ထိုဘုရားရှင် စကားတော်ဖြစ်သော ပိဋကတ် သုံးပုံဖြင့်၊သတ္တေ-သတ္တဝါတို့ကို၊ သာသတိ-ဆုံးမတတ်၏၊ ဣတိတသ္မာ-ထိုသို့ ဆုံးမကြောင်းဖြစ်သော သတ္တိကြောင့်၊ တံဗုဒ္ဓဝစနံ-ထိုဘုရား စကားတော် ဖြစ်သော ပိဋကတ် သုံးပုံသည်၊ သာသနံ-၏၊ သာသနံ-ဆုံးမကြောင်း၊ ဤဝစနတ္ထ အရကား ဆုံးမကြောင်း ဖြစ်သော ဘုရားရှင် စကားတော်ဟု ဆိုအပ်သော ပိဋကတ် သုံးပုံကိုသာလျှင် "တေပိဋကံ ဗုဒ္ဓဝစနံ ပရိယတ္တိ သဒ္ဓမ္မော နာမ" ဟု ကျမ်းဂန် လာသည်နှင့်အညီ ပရိယတ္တိ သာသနာ ဟူ၍ မှတ်တော်မူရမည်။

ပရိယတ္တိ သာသနာ၊ပဋိပတ္တိ သာသနာ၊ပဋိဝေဓ သာသနာ ဟူ၍ သာသနာ သုံးပါးရှိရာတွင် ပရိယတ္တိ သာသနာကို ဆုံးမကြောင်း ပိဋကတ် သုံးပုံဟူ၍ သိရပြီ။

ပဋိပတ္တိ သာသနာ၊ ပဋိဝေဓ သာသနာတော်တို့သည် အဘယ်သို့ ဆုံးမကြောင်း ဖြစ်ပါသနည်းဟု ဆိုလျှင်-"သာသတိ တေဘာယာတိ=သာသနံ"၊ တေဘာယ-ထိုစာရိတ္တ ဝါရိတ္တသီလ အဖြစ်ဖြင့်၊ အတ္တသန္တာနေ-မိမိကိုယ်၌ ထင်ရှားဖြစ်ကုန်သော၊ ကိလေသေ-ကိလေသာ တို့ကို၊ သာသတိ-ဆုံးမတတ်၏၊ ဣတိ

တသ္မာ–ထိုသို့ ဆုံးမကြောင်းဖြစ်သော သတ္တိကြောင့်၊တံ–စာရိတ္တ ဝါရိတ္တ သိက္ခာပဒ သမူဟံ—ထိုစာရိတ္တ ဝါရိတ္တ သိက္ခာပုဒ် အပေါင်းသည်၊ သာသနံ–၏၊ သာသနံ–မိမိကိုယ်၌ ထင်ရှား ရှိသော လောဘ အစရှိသော ကိလေသာတို့ကို ဆုံးမကြောင်း၊ ဤဝစနတ္ထဖြင့်ကား တေရသ ဓုတင်္ဂါနို့, စုဒ္ဒသ ခန္ဓက ဝတ္တာနို့, ဒွေအသီတိ မဟာဝတ္တာနို့ ပဋိပတ္တိ သဒ္ဓမ္မောနာမ ဟူသော ပါဠိနှင့် အညီ ရဟန်း ပဉ္စင်း သာမဏေတို့ ကျင့်ရာသော စာရိတ္တ ဝါရိတ္တ သံလေခ ကျင့်ဝတ် အပေါင်းတို့ကို ပဋိပတ္တိ သာသနာ မည်၏ဟု မှတ်ရမည်။

ဝါရိတ္တသီလကို ကျမ်းဂန်တို့၌ မလာဟု ဆိုဘွယ်ရှိ၍ ဥပမာ ဖြင့် မှတ်ရန်—"အမှန်း တန်းဆာ တင်သည်" ဟု ဆိုလျှင် အထည်ကိုတင်ရာဝတ္တု ပြီးပြီဟု သိရသကဲ့သို့ ဓုတင် ခန္ဓက စာရိတ္တ သီလတို့ကိုဆိုလျှင် အထည်ကိုယ်နှင့်တူသော ပါရာဇိက အစရှိသော ဝါရိတ္တ သီလတို့သည် အန္တောဂဓ အနက် ရောက်သည်ဟု မှတ်ရမည်။

"ကိလေသေ သာသတိ ဟိံသတိ တောယာတိ–သာသနံ" တောယ–ဤတရားဖြင့်၊ ကိလေသေ–တို့ကို၊ သာသတိ ဟိံသတိ– ညှင်းဆဲတတ်၏၊ ဣတိ–ကြောင့်၊ သာမဏ္ဍာတိ–ထိုတရားသဘော သည်၊ သာသနံ–၏၊ ဤဝစနတ္ထအားဖြင့်ကား ဒိဋ္ဌိ ဝိစိကိစ္ဆာ တို့ကို သောတာပတ္တိမဂ် သကဒါဂါမိမဂ် သတ်၏၊ ကာမရာဂ ဗျာပါဒ ကိလေသာတို့ကို အနာဂါမိမဂ် ဖိုလ် သတ်၏၊ ကြွင်း သော ကိလေသာတို့ကို အရဟတ္တမဂ် အရဟတ္တဖိုလ် သတ်၏။

"ကိလေသေ မာရေန္တော နိဗ္ဗာနံ ဂစ္ဆတိတိ–မဂ္ဂေါ"၊ ကိလေသေ–တို့ကို၊ မာရေန္တော–သတ်လျက်၊ နိဗ္ဗာနံ–သို့၊ ဂစ္ဆ

တိ-၏၊ ဣတိ-ကြောင့်၊ မဂ္ဂေါ-၏၊ ဤဝစနတ္ထနှင့်အညီ "မဂ္ဂေါစ မဂ္ဂဖလာနိစ ပဋိဝေဓ သဒ္ဓမ္မော နာမ"—ဟု ကျမ်းဂန်လာသည့်အတိုင်း မဂ် ဖိုလ်တရားတို့သည် ပဋိဝေဓ သာသနာမည်၏ဟု မှတ်ရမည်။

သာသနာတော် သုံးပါးသည်ကား ဘုရားရှင် ပရိနိဗ္ဗာန် ပြုတော်မူသည့်နောက် အနှစ် ငါးထောင် တိုင်အောင် တည်ရစ် လတ္တံ့၊ ငါးထောင် မကုန်သမျှ သာသနာတော်တွင်းဟု မှတ်ရမည်၊ သာသနာတော်တွင်း၌ပင် ကြိမ်သော်လည်း သာသနာတော်ကို မဖြည့် မဆောင်သမျှ ကြိမ်သည် မမည်၊ ဥပမာကား မိုးတွင်း လေးလ၌ ကြိမ်၍ လယ် လုပ်ဆောင်ပါသော်လည်း မိုး မရွာလျှင် အသီး အပင် သေပျောက်၍ မစား မသောက်ရသော လယ်လုပ် ယောကျ်ားနှင့် တူ၏ဟု မှတ်ရမည်။

ပရိယတ္တိ သာသနာတော် ကွယ်ဟန်ကား ပိဋကတ် သုံးပုံတွင် နက်နဲ သိမ်မွေ့လှစွာသော သဗ္ဗညုတ ဉာဏ်တော်၏ အာရုံ ကျက်စားရာဖြစ်သော အဘိဓမ္မာ ပိဋကတ်တွင် ပဋ္ဌာန်းကျမ်း အလျင်စ၍ ကွယ်လတ္တံ့၊ ထိုနောင် အစဉ်တိုင်း ကွယ်ကြကုန် လတ္တံ့၊ ထိုနောင် ဝိနည်း ပိဋကတ် ကွယ်လတ္တံ့၊ ထိုနောင် ငါးထောင် သာသနာ အဆုံးတွင် သုတ္တန် ပိဋကတ် ကွယ် လတ္တံ့။

ပဋိပတ္တိ သာသနာ ကွယ်ဟန်ကား—ဓုတင် ခန္ဒက ဒုက္ကဋ် ဒုဗ္ဘာသိ သိက္ခာပုဒ်ငယ်ကစ၍ သံဃာဒိသိသ်တိုင်အောင် ကွယ် လတ္တံ့၊ ထိုနောင် ငါးထောင် သာသနာ ဆုံးသောအခါ ပါရာဇိကကဏ်ကစ၍ ကွယ်သောကြောင့် သံဃာ အစ ပြတ်၏၊

ထိုသို့ပြတ်သည်ကား ပြာဒါးထွက်သော မှန်သည် အရိပ် မထင်မမြင်ပြီ၊ မမြင်သော်လည်း မှန်ကိုယ်ထည် မပျောက်သေးသကဲ့သို့ ထိုအတူ သာသနာတော် ငါးထောင်ပြည့်တွင် သံဃာအစဆုံး၏ပင်ဆိုသော်လည်း ရဟန်းအသွင် ပျောက်သည် မဟုတ်၊ ပါရာဇိက သိက္ခာပုဒ်ကို မစောင့်၍ ရဟန်းအဖြစ်မှ ကင်းသောကြောင့် ပြာဒါးထွက်သော မှန်သည် မမြင်သကဲ့သို့ ရှိသည်ကိုပင် ကွယ်သည်ဟုဆိုသည် မှတ်ရမည်။

ပဋိဝေဓ သာသနာ ကွယ်ဟန်ကား—သာသနာ ငါးထောင်တို့တွင် ပဌမ ရှေးဦးစွာ အနှစ် တထောင်၌ ဈာနလာဘီ ရဟန္တာ ဖြစ်သေး၏၊ နှစ်ကြိမ်မြောက်ဖြစ်သော သာသနာအနှစ် တထောင်၌ကား သုက္ခ ဝိပဿက ရဟန္တာ ဖြစ်သေး၏၊ ဈာန်နှင့်တကွ မဂ်ကိုမရဘဲ ကျွတ်တန်းကို ရရုံမျှ မဂ်ကိုရ၍ အကျွတ်တရားရသော ရဟန္တာကို သုက္ခ ဝိပဿကဟု ဆိုသည် မှတ်ရမည်၊ သုံးကြိမ်မြောက် ဖြစ်သော သာသနာ အနှစ် တထောင်၌ကား ရဟန္တာ မဖြစ်ပြီ၊ သောတာပန်, သကဒါဂါမ်, အနာဂါမ် ပုဂ္ဂိုလ်တို့သည် မဂ်သုံးပါးကို ရထိုက်သောခေတ် ရှိသေး၏၊ လေးကြိမ်မြောက်ဖြစ်သော အနှစ် တထောင်၌ကား သောတာပန်, သကဒါဂါမ် ပုဂ္ဂိုလ် ၂ ပါးတို့ ယင်းမဂ် ၂ ပါးကိုရနိုင်သော ခေတ် ၂ ပါး ရှိသေး၏၊ ငါးကြိမ်မြောက် ဖြစ်သော သာသနာ အနှစ် တထောင် အဆုံး၌ကား သောတာပန်ခေတ်မျှသာ ရှိတော့သည်၊ အထက်မဂ် ခေတ်များ မရှိကြလေပြီ၊ ဤတွင် ပဋိဝေဓ သာသနာ ကုန်၏ဟု မှတ်ရမည်။

ပရိယတ္တိ, ပဋိပတ္တိ, ပဋိဝေဓ သာသနာ ဆိုသည်ကား လူကိုလည်း သာသနာ မဆို၊ ပိဋကတ် သုံးပုံကိုလည်း သာသနာမဆို၊

သာသနာကို ဖြည့်သောအခါ ကိလေသာတို့ကို နှိပ်စက်တတ်ဆုံးမတတ်သော ကုသိုလ် စေတနာကို မှူးချအားဖြင့် သာသနာဆိုသည်ဟု မှတ်၍ ပိဋကတ် သုံးပုံကို သင်ကြားခြင်း ပို့ချခြင်း ပဋိပတ်ကို ကျင့်ဆောင်သောအခါ ဘုရား ပညတ်တော်ကို နှလုံးထား၍ အရိုအသေ ကျင့်ဆောင်ခြင်းတို့ကို ကြိုးစား၍ ကျင့်ရမည်၊ ဤကဲ့သို့ မကျင့်ကြလျှင် တတင်းကြဲကို တရာထွက်သော လယ်လည်းရှိ၏၊ မိုး ရေ ၂-ပါးလည်း ရှိ၏၊ မိုးတွင်းကာလလည်း မှန်၏၊ ကျွဲ နွား မျိုးစပါးလည်း ရှိ၏၊ လုပ်ခြင်းကို ပျင်းသောကြောင့် တလုံးတစေ့မျှ မရသော လယ်လုပ်ယောကျ်ားကဲ့သို့ ဖြစ်မည်ကို နှလုံးထား၍ ကြိုးစားကြရမည်။

ဘုရားရှင် သရီရ ဓာတ်တော်သည် သာသနာသုံးပါး၌ မဝင်သောကြောင့် ဆုံးမတတ်သည်လည်း မဟုတ်၊ ဆုံးမအပ်သည်လည်း မဟုတ်၊ ဆုံးမကြောင်းလည်း မဟုတ်၊ သာသနာသို့ မှုချ မဝင်၊ ဓာတု သာသနာဟူ၍သာ မှတ်ရမည်။

"သံသိယတေတိ-သာသနံ"ဟု ဝစနတ္ထပြု၊ အရကား သရီရ ဓာတ်တော်မြတ်တို့ကို ဓာတု သာသနာတော်ဟူ၍ မှတ်ရမည်၊ ထိုဓာတု သာသနာတော်သည် ရတနာ သုံးပါးကို မြတ်နိုးကုန်သော ထီးဆောင်းမင်း ပြည်ထောင်မင်း လူ ရဟန်းတို့ နေရပ်၌ တည်ကုန်၏၊ တည်ဟန်ကား ထိုမင်းတို့ ရှာ၍လည်း ကိုးကွယ်ကုန်၏၊ မွေတော် ဓာတ်တော်တို့ အလိုလိုပင်လည်း ပျံကြွရွှေသော်လည်း ရောက်တော်မူကုန်၏၊ သာသနာတော်ငါးထောင်ဆုံး၍ ကွယ်အံ့သောအခါ ထိုတိုကျွန်း ဒေသအရပ်တို့၌ ရှိကုန်သော မွေတော် ဓာတ်တော်တို့သည် နဂါးပြည်သို့ အားလုံး

စုကုန်၏၊ နဂါးပြည်မှသည် သီဟိုဠ်ကျွန်းသို့ အားလုံး စုကုန်၏၊ သီဟိုဠ်ကျွန်းမှသည် ဗောဓိပင်သို့ စု၍ တခဲနက် ရွှေကုံးကဲ့သို့ ရောင်တော်ခြောက်သွယ် လွှတ်၍ ကွယ်လတ္တံ့၊ တနည်းလည်း ဘုရားရှင် သဏ္ဌာန်တော်ကဲ့သို့ ဖြစ်၍ ရောင်တော် ခြောက်ပါး လွှတ်၍ ကွယ်ပျောက်၏ဟု ကျမ်းနှစ်သွယ်ပင် ဆိုသည်၊ဤအတွင်းကို ဓာတု သာသနာဟု မှတ်ရမည်။

လိင်္ဂ သာသနာ ဆိုသည်ကား ရဟန်းတို့ သာသနာဆုံးလျှင် ပါရာဇိကကို မစောင့်သောကြောင့် ရဟန်းအဖြစ်မှ ကင်းပြီးသည်ကိုပင် လူ့အဝတ် လူ့အသွင်ဖြင့် မနေဘဲ သင်္ကန်းကို ဝတ်စည်းလျက် ရဟန်းအသွင်ဖြင့် သွားလာ နေထိုင်ကြသည်ကို လိင်္ဂ သာသနာ ဆိုသည်၊ ထိုသာသနာသည် ငါးထောင် အဆုံးတွင် ဖြစ်လတ္တံ့ဟု မှတ်ရမည်။

"သာသတိ အနုသာသတိ တေယာတိ-သာသနံ"၊တေယ-ထိုရဟန်းအသွင်ဖြင့်၊ "သာသတိ အနုသာသတိ-ဆုံးမတတ်၏၊ ဣတိ-ကြောင့်၊သာသနံ-၏၊(လိင်္ဂ သာသနာ၏ ဝစနတ္ထ)ထိုရဟန်းတို့၏ အဆက်အနွယ် အဆုံးကို နှစ် လ အပိုင်းအခြား မည်မျှဟု မရှိ၊ သင်္ကန်းကို ပစ်၍ ရဟန်း၏ အသွင် ပျောက်မှသာလျှင် လိင်္ဂ သာသနာကုန်၏၊ သာသနာ ငါးထောင် အဆုံးဟု မှတ်ရမည်။

သီတင်းသုံးသော သူတော်ကို အဖြူဝတ်သော ရဟန်းဆိုသည်ကား အဘယ် ကာလ၌ အဘယ် ပါဠိကို ထောက်၍ သိရမည်နည်း—

"ပဏ္ဍရင် သမဏ ဝံသော ကာသာဝ သမ္ဘာသမ္ဘုဒ္ဓ ကာလတော ယာဝ ကာလေ ဥပဇ္ဇတိ"၊ ပဏ္ဍရင် သမဏ ဝံသော-အဖြူဝတ်သော ရဟန်း၏ အနွယ်သည်ကား၊ ကဿပ သမ္မာသမ္ဗုဒ္ဓ

ကာလတော-ကဿပဘုရား ဖြစ်တော်မူသည့် ကာလမှ၊ ယာဝ ကာလေ-ယခုကာလ တိုင်အောင်၊ ဥပဇ္ဇတိ-ဖြစ်၏။

ဤသို့ ကျမ်းဂန်၌ လာသောကြောင့် အဖြူဝတ်သော ရဟန်းတို့ အနွယ် အဆက်သည်ကား ကဿပ ဘုရား ပွင့်တော်မူသော ကာလမှ ယခု ကာလတိုင် ဖြစ်၏၊ ဤသို့ ဟောတော်မူသောကြောင့် အဖြူဝတ်သော ရဟန်းတို့၏ အနွယ်အဆက် မပြတ်ဘဲ ဦးခေါင်းကို ရိတ်၍ ပုဆိုးဖြူ ဝတ်လေသည်၊ထိုသီတင်းသုံးကိုပင် ပဏ္ဍုရင်္ဂ သမဏ ဆိုသည်ဟု မှတ်ရမည်၊ သီတင်းသုံးကို အဘယ့်ကြောင့် သာမဏော ဆိုသနည်းဟူမူကား—

"ပါပကေ အကုသလေ ဓမ္မေ သမေတီတိ သမဏော-"ဟူသော ဝစနတ္ထကြောင့် သမဏ မည်၏၊ ပါပကေ-ယုတ်မာကုန်သော၊ အကုသလေ-အကုသိုလ်ဖြစ်ကုန်သော၊ ဓမ္မေ-တရားတို့ကို၊ သမေတိ-ငြိမ်းစေတတ်၏၊ ဣတိ-ကြောင့်၊ သမဏော-သမဏ မည်၏၊ အဓိပ္ပာယ်ကား-မုတ်ဆိတ် ဆံကိုဖြတ်၍ ပုဆိုးဖြူကို ဝတ်သောသူသည် ဃရာဝါသ အိမ်ရာထောင်ခြင်း ဥစ္စာပစ္စည်းကို သိမ်းမြန်းခြင်း သူ့အသက်ကို သတ်ခြင်း သူ့ဥစ္စာကို ခိုးယူခြင်း အစရှိသော ယုတ်မာသော အကုသိုလ်တရားတို့ကို ပယ်တတ်သောကြောင့် သီတင်းသုံးကိုပင် သမဏ ဆိုသည်ဟု မှတ်ရမည်။

ပဏ္ဍုရင်္ဂ သမဏ, တာပသ သမဏ, ရသေ့ သမဏသည် ရဟန်း သမဏ အမျိုးမည်သောကြောင့် သာသနာတော် အတွင်း-အပ၌ပင် မပြတ် ရှိလေသည်၊ အဘယ်ကို ထောက်၍ သိရပါသနည်း ဟူမူကား ငါတို့ဘုရားရှင် အလောင်းတော်ကို ဘွားမြင်သော

အခါ ပုဏ္ဏား ရှစ်ယောက်တို့ကို နိမိတ် ဘတ်စေသည်၊ ထိုရှစ်ယောက်တို့တွင် ပုဏ္ဏား အငယ်ဆုံးသည် ဤသို့လျှောက်၏– "အရှင်မင်းကြီး သားတော်သည် အချိန်အရွယ်သို့ ရောက်တော်မူလျှင် တောထွက်၍ ဘုရား ဖြစ်တော်မူမည် မချွတ် မှတ်တော်မူပါ၊ တောထွက်တော်မူရန် အကြောင်းကိုလည်း သူအို၊ သူနာ၊ သူသေ၊ ရဟန်း တည်းဟူသော နိမိတ်လေးပါးကို နတ်တို့ပြလတ္တံ့၊ ထိုလေးပါးတို့တွင် ရဟန်း တည်းဟူသော နိမိတ်ကို မြင်၍ တောထွက်တော်မူလတ္တံ့"ဟု နိမိတ်ဘတ် ပုဏ္ဏားငယ် လျှောက်လျှင် ခမည်းတော် မင်းကြီးလည်း စိုးရိမ်တော်မူ၍ ရွှေမြို့တော် ပတ်လည်ဝန်းကျင် ကျေးရွာမြို့တို့တွင် ရဟန်းတပါးမျှ မရှိစေနှင့်ဟု ခမည်းတော် သုဒ္ဓေါဒနမင်း၏ သားတော် ဘုရားမဖြစ်မီကပင် ရဟန်းများ အစဉ်ရှိလေသောကြောင့် မြစ်တားတော်မူရသည်ကို ထောက်၍ သိရမည်ဟု မှတ်ရမည်။

## ၆–သာသနာတည်ရာ

တကာတော် လျှောက်သည် ဆရာတော် သာသနာတော်တည်၏ဆိုသည် မင်းကရာဇ်မှာ တည်သလော၊ ရဟန်းတို့မှာ တည်သလော ဆရာတော် သိသာအောင် အမိန့်ရှိတော်မူပါ ဆရာတော်။

လယ်လုပ်၍ စပါးပဲ ပြောင်း ရ၏ဆိုသော်လည်း လယ် ယာ ကျွဲ နွား မျိုးကြောင့်လည်း မဟုတ်၊ လုပ်သော သူတို့ကြောင့်လည်း မဟုတ်၊ နှစ်ပါးသော အကြောင်းတို့ဖြင့်သာ စပါး ပဲ

ပြောင်းတို့ ရသကဲ့သို့ ထိုအတူ သာသနာတော်သည်လည်း ရေမြေကို အစိုးရသော ကေရာဇ် မင်းမြတ်တို့၏ အာဏာတော် တရားကို ငဲ့၍ ကျင့်ကုန်သော ရဟန်း ရှင်လူတို့၏ စေတနာသည် နှစ်ပါးသော အကြောင်းကြောင့်ပင် သာသနာတော် တည်သည်ဟု မှတ်တော်မူရမည်။

ပုတုဇဉ်တို့၏ စိတ်နှလုံးသည် ပစ္စုပ္ပန် တသက်လျာတွင် ရေမြေကို အစိုးရသော ကေရာဇ် မင်းမြတ်၏ အာဏာတော်ကိုလည်း ကြောက်၏၊ အပါယ် လေးပါး၌ ဖြစ်လတ္တံ့သော ဘေးကိုလည်း ကြောက်၏၊ ဤအကြောင်း နှစ်ပါးတို့ကြောင့်သာလျှင် သာသနာတော်တည်သည်ဟု မှတ်တော်မူရမည်။

ဥပမာ ဆောင်၍ ပြဦးအံ့၊ ဥယျာဉ် မြေအခင်း, မျိုးစေ့, ဥယျာဉ်လုပ်သူ, ထိုဥယျာဉ်ကို လုံခြုံအောင် စည်းစောင့်ရမ်းခုတ်လုပ်၍ ရံသောသူ ဤလေးပါးသော အကြောင်းညီမျှမှ ဥယျာဉ်၏ အကျိုးစီးပွားကို ခံစားရသကဲ့သို့ ထိုအတူ သာသနာတော်တွင်လည်း ကြိမ်စေ, သာသနာတော်သုံးပါးလည်း ရှိစေ, သာသနာကို ဆောင်သော ရဟန်းလည်း ရှိစေ, သာသနာတော်၏ အချုပ် တိုင်းနိုင်ငံကို အုပ်သော ကေရာဇ်မင်း၏ အာဏာတော်လည်း ရှိစေ ဤလေးပါးညီမှ သာသနာတော် ဖြစ်သည်။

သာသနာ ငါးထောင် တည်ရန် နှစ် လကို ဥယျာဉ် မြေခင်းကဲ့သို့ရင်း, သာသနာတော် သုံးပါးကို ဥယျာဉ်မျိုးစေ့ကဲ့သို့ရင်း သာသနာတော်ကိုဆောင်သော ရဟန်း ရှင် လူတို့ကို ဥယျာဉ်လုပ်သော သူကဲ့သို့ရင်း,သာသနာတော်ကို စောင့်သော မင်းကေရာဇ်

အာဏာတော်ကို ဥယျာဉ်ကို လုံခြုံအောင် စည်းစောင့်ရမ်းလုပ်၍ ရံသော သူကဲ့သို့ မှတ်တော်မူရမည်၊ ဤလေးပါးညီမှ သာသနာတော် စည်ပင်ပျံ့ပွား များပြားရာသည်၊ သာသနာတော်သည် သာသနာကိုဆောင်သော ရဟန်း, သာသနာတော်ကို ပြုသောမင်း ဤနှစ်ပါး၌ပင် တည်သည်ဟု မှတ်တော်မူရမည်။

## ၇–သရဏဂုံတည်ပုံ

တကာတော်လျှောက်သည် ဆရာတော် သာသနာတော်ပ၌ ရတနာသုံးပါးလည်း မရှိ၊ ရတနာသုံးပါးဂုဏ်ကိုလည်း မသိ၊ သရဏဂုံ မတည်ဟု ဆိုသည်မှာ သိသာလှပါ၏၊ သာသနာတွင်း၌ ရတနာသုံးပါး ထင်ရှားရှိ၏၊ ရတနာသုံးပါး၏ ဂုဏ်တော်ကို ပိုင်းခြား၍ မသိဘဲ သရဏဂုံကို ဆောက်တည်သော် သရဏဂုံ သီလ ရ၏ဟု ဆိုရမည်လော၊ သရဏဂုံသုံးပါးနှင့်သာမဏေ ပြုသည်၊ သာမဏေငယ်တို့သည် အလုံးစုံပင် ဂုဏ်တော်ကို ပိုင်းခြား၍ သိပါ၏လော၊ လူမှုရှင်မှုပင်ဖြစ်ပါသည်၊ သိသာ ခြားနားအောင် အမိန့်တော်ရှိပါ ဆရာတော်။

သာသနာတော်ပ၌ ရတနာသုံးပါးသည် မရှိ၊ ရတနာသုံးပါးဂုဏ်ကိုလည်း မသိ၊ သရဏဂုံလည်း မတည် ဆိုသည်မှာ သိသာပါ၏ဟု အယူတော် ရှိသည်မှာ မှန်ပါ၏၊ သာသနာတော်တွင်း၌ ရတနာသုံးပါးကား ရှိ၏၊ ရတနာသုံးပါးဂုဏ်ကို ပိုင်းခြား၍ မသိဘဲ သရဏဂုံ ဆောက်တည်သော် သရဏဂုံ သီလ ရှိ၏ဟု

ဆိုရမည်လော-ဟု အမေးတော်ရှိရာ၌ မင်း၏ ဂုဏ်ကျေးဇူး လက္ခဏာ အသက် နေ့ နံ အရည်အချင်းကို မသိသော်လည်း အထံတော်တွင် မြဲ၍ လုလင်ပြုပါမည်ဟု ဆိုလျှင် ထိုမင်းက ပြုတော့ဟု ဝန်ခံလျှင်ပင် ထိုလုလင်ကို မင်းခယောကျ်ား—ဟု ခေါ်ရသကဲ့သို့ ထိုအတူ ကိုးကွယ်ရာဟူ၍ ယုံကြည်ကာမျှဖြင့်ပင် သရဏဂုံဘည်၏ဟု မှတ်တော်မူရမည်။

ဗုဒ္ဓံ သရဏံ ရွတ်ကာမျှနှင့် ရတနာ သုံးပါးဂုဏ်ကို ပိုင်းခြား၍ မသိဘဲ သာမဏေတို့ သရဏဂုံ သိလရှိပါမည်လောဟု အမေး တော်ရှိရာ၌ သာမဏေပြုခြင်း, ပဉ္စင်းခံခြင်း၌ သာမဏေလောင်း, ပဉ္စင်းလောင်းတို့သည် အနက် အဓိပ္ပာယ် အတ္ထ ယောဇနာကို သိကြား လိမ္မာမှ သာမဏေဖြစ်စေ,ပဉ္စင်းဖြစ်စေဟု ပညတ်တော် မမူ၊ သာမဏေ ပြုရာ၌လည်း သရဏဂုံကို ဆရာလည်း ဌာန် ကရိုဏ်း ပြီအောင်, တပည့်လည်း ဌာန် ကရိုဏ်း ပြီအောင် ဆိုနိုင်မှ သရဏဂုံ သိလ တည်စေ, ဉဘတော သိဒ္ဓိနည်းကိုသာ ပညတ်တော်မူလေသည်၊ ပဉ္စင်း ခံခြင်း၌လည်း ပဉ္စင်းလောင်း ပင် အနက် အဓိပ္ပာယ်မသိ၍ ဌာန် ကရိုဏ်း ကျနအောင် မရွတ်နိုင်သော်လည်း ဉတ် ကမ္မဝါစာ ရွတ်ဘတ်နိုင်လျှင် ဘတ်သောဆရာတို့ ကျနအောင်ရွတ်ဘတ်နိုင်လျှင်ပဉ္စင်းဖြစ်စေဟု ဧကတော သိဒ္ဓိနည်းဖြင့် ပညတ်တော်မူသည်၊ သာမဏေတို့မှာ ရတနာသုံးပါး ဂုဏ်ကို ပိုင်းခြား၍ မသိသော်လည်း ပါဠိ ဌာန် ကရိုဏ်း ကျနအောင် ရွတ်ဘတ်နိုင်လျှင် သရဏဂုံ သိလရှိ၏ဟု မှတ်တော်မူရမည်။

သရဏဂုံသည်လည်း လူတို့ သရဏဂုံ, ရဟန်းတို့ သရဏဂုံ ဟူ၍ နှစ်ပါး အပြားရှိ၏၊ ထိုနှစ်ပါးတို့တွင် သာမဏေတို့

ဆောက်တည်သော သရဏဂုံသည် ရဟန်းတို့ သရဏဂုံ မည်၏၊ လူတို့ သရဏဂုံသည်လည်း သောတာပန်, သကဒါဂံ, အနာဂံ, အရိယာတို့၏ သရဏဂုံ, ပုထုဇဉ်တို့၏ သရဏဂုံ ဟူ၍ နှစ်ပါး အပြားရှိ၏၊ ထိုနှစ်ပါးတို့တွင် အရိယာတို့ သရဏဂုံသည်ကား ပျက်သည်ဟူ၍ မရှိ၊ အသက်နှင့် အမျှ တည်၏၊ ပုထုဇဉ်တို့၏ သရဏဂုံသည်ကား မမြဲ၊ တည်သောသူလည်း ရှိ၏၊ ဖြစ်တုံ ပျက်သူလည်း ရှိ၏၊ ရတနာ သုံးပါးတို့၏ ကျေးဇူးကို ယုံကြည်စွာ မဖောက်မပြန် ဆောက်တည်သော သူတို့၏ သရဏဂုံသည်ကား ပျက်သည်ဟူ၍ မရှိ၊ မမြဲ တည်သည်။

ငါတို့ ဘုရား မပွင့်မီ ပူရဏ ကဿပ, မက္ခလိဂေါသာလ, အဇိတ ကေသ ကမ္ဗလ, ပကုဓ ကစ္စာယန, သိဉ္စယျ ဗေလတ္ထိက, နိဂဏ္ဌ နာတပုတ္တ—ဤတိတ္ထိဆရာ ခြောက်ယောက်တို့သည် "ငါတို့လည်း ဘုရား ငါတို့လည်း ဘုရား" ဟူ၍ ဂေါတမ ဘုရား မပွင့်မီ ဘုရား ခြောက်ဆူ လုပ်နိုင်လေသောကြောင့် ထိုတိတ္ထိဆရာ ခြောက်ယောက်တို့၌ ကိုးကွယ်သော တကာတို့သည် ဂေါတမ ပွင့်တော်မူ၍ တရားဟောတော်မူလျှင် ဘုရား ဟောတော်မူသော တရားတော်ကို ယုံကြည်လှသောကြောင့် ကျွတ်သော သူတို့လည်း အကျွတ်တရားကို ရကုန်သည်၊ အလျင်းပင် မယုံကြည်ရှိသူလည်း မယုံကြည် ရှိသည်၊ ယုံကြည် တခါ မယုံကြည် တခါ ရှိသော ထိုတိတ္ထိ၏ တကာသုံးမျိုး တို့တွင် ယုံကြည် တခါ မယုံကြည် တခါ ရှိသော တိတ္ထိတို့၏ သရဏဂုံ ဆောက်တည်ခြင်း သည်ကား ရတနာ သုံးပါး ဂုဏ်တော်ကို ယုံကြည်သည့်အခိုက် သရဏဂုံ သီလ တည်၏၊ ရှေး တိတ္ထိဆရာ

တို့၏ အယူကို ယုံကြည်သည့် အခိုက် သရဏဂုံသည် ပျက်ပြန်လေ၏။

သရဏဂုံ ပျက်ခြင်းသည်လည်း နှစ်ပါး အပြား ရှိ၏၊ နှစ်ပါး ဟူသည်ကား အပြစ် မရှိသော ပျက်ခြင်း တပါး, အပြစ်ရှိ၍ ပျက်ခြင်းလည်း တပါး ဤသို့အားဖြင့် နှစ်ပါး တည်း၊ ထိုနှစ်ပါးတို့တွင် အရိယာတို့သည်ကား အယူဖောက် ပြန်၍ ပျက်သည်ဟူ၍ မရှိ၊ အသက်၏ ကုန်ဆုံးခြင်းသို့ ရောက်မှ သာလျှင် ပျက်ခြင်းသည် အပြစ် မရှိသော ပျက်ခြင်း မည်၏၊ သရဏဂုံ ဆောက်တည်ပြီးမှ ရတနာ သုံးပါးမှသာလျှင် ကိုးကွယ် ရာ မဟုတ်ချေ၊ ခြောက်ယောက်သော ဆရာတို့၏ အယူသည် လည်း မှန်ချေ၏ဟု ဖောက်ပြန်၍ ယူသောကြောင့် ပျက်ခြင်း သည်ကား အပြစ်နှင့်တကွ ရှိ၍ ပျက်သည်မည်၏၊ သေ၍ ပျက်ခြင်းသည် အပြစ် မရှိဟု ယူတော်မူရမည်။

ပုထုဇဉ်တို့၏ ဆောက်တည်သော သရဏဂုံသည်လည်း အတ္တနိယျာတန သရဏဂုံ, တပ္ပရာယနတာ သရဏဂုံ, သိဿ ဘာဝူပ ဂမန သရဏဂုံ, ပါဏိပါတ သရဏဂုံအားဖြင့် လေးပါး အပြား ရှိ၏၊ ထိုလေးပါးတို့တွင်—

“ယနေ့ကို အစပြု၍ ငါ့ကိုယ်ကို ဘုရားအား အပ်နှင်း၏၊ တရားအား အပ်နှင်း၏၊ သံဃာတော်အား အပ်နှင်း၏၊ ရတနာ သုံးပါး၏ ဂုဏ်ကျေးဇူးမဲ့ကို ပြောဆိုခြင်းငှာ မဝံ့ပါ၊ ရတနာ သုံးပါးမှ တပါး ကိုးကွယ်ရာ မရှိ” ဟု ကိုယ် အသက်ကို စွန့်၍ ဆောက်တည်သော သရဏဂုံသည် အတ္တနိယျာတန သရဏဂုံ မည်၏။

"ယနေ့ကို အစပြု၍ ဘုရားသာလျှင် လည်းလျောင်းရာ, တရားသာလျှင် လည်းလျောင်းရာ, သံဃာတော်သာလျှင် လည်းလျောင်းရာ" ဟူ၍ အမှတ်ရှိသဖြင့် ကိုးကွယ်သော သရဏဂုံသည် တပ္ပရာယနတာ သရဏဂုံ မည်၏။

"ယနေ့ကို အစပြု၍ ရှိခိုးခြင်း, လုပ်ကျွေးခြင်း, ငါ၏ကိုယ်ကို ဘုရားရှင် တပည့်, တရားတော် တပည့်, သံဃာတော် တပည့် သား မှတ်တော်မူမည်" ဟူ၍ ဆောက်တည်သော သရဏဂုံသည် သိဿ ဘာဝူပ ဂမန သရဏဂုံ မည်၏။

"ယနေ့ကို အစပြု၍ ရှိခိုးခြင်း, လုပ်ကျွေးခြင်း, လက်အုပ်ချီခြင်း, အရိုအသေ ပြုခြင်းတို့ကို ဘုရား အစရှိသော ရတနာ သုံးပါးတို့၌သာလျှင် ငါပြုတော့အံ့" ဟူ၍ ဆောက်တည်သော သရဏဂုံသည် ပဏိပါတ သရဏဂုံ မည်၏၊ သို့အားဖြင့် လေးပါး ဖြစ်သတည်း။

ထိုလေးပါးတို့တွင် "ကိုယ် အသက်ကိုပင်သော်လည်း အသေ အဆုံးခံသည်၊ ရတနာ သုံးပါးကျေးဇူးမဲ့ကို ငါ မပြော မဆိုပါ" ဟု ဆောက်တည်သော သရဏဂုံသည် အတ္တ နိယျာတန သရဏဂုံ မည်၏၊ ထိုအတ္တ နိယျာတန သရဏဂုံသည် အလွန် မြတ်သော သရဏဂုံဟု မှတ်တော်မူရမည်။

သရဏဂုံ ဆောက်တည်သော သူတို့သည် ဥပါသကမည်၏၊ ထို့ကြောင့်— "မဟာနာမ ယော ဥပါသကော ဗုဒ္ဓံ သရဏံ ဂတော ဟောတိ—"အစရှိသည်ဖြင့် ဟောတော်မူသည်၊ မဟာနမ-မဟာနမ်မင်းကြီး၊ ယော ဥပါသကော-အကြင်ဒါယကာသည် ဗုဒ္ဓံ-မြတ်စွာဘုရားကို၊ သရဏံ-ကိုးကွယ်ခြင်းသို့၊ ဂတော-

ရောက်သည်၊ ဟောတိ-ဖြစ်၏၊ ဓမ္မံ-တရားတော်ကို၊ သရဏံ-သို့၊ ဂတော-သည်၊ ဟောတိ-၏၊ သံဃံ-ကို၊ သရဏံ-သို့၊ ဂတော-သည်၊ ဟောတိ-၏၊ ဧတ္တာဝတာ-ဤမျှတည်းဖြင့်၊ သော-ထိုသူသည်၊ ဥပါသကော-သည်၊ ဟောတိ-၏၊ ဤသို့ ဟောတော်မူသော ကြောင့် သရဏဂုံ ဆောက်တည်သော သူတို့သည် ဥပါသက အဖြစ်သို့ တည်ကြောင်းကို ဟောတော်မူသည်ဟု မှတ်တော်မူ ရမည်။

ထိုသို့ ဥပါသက အဖြစ်သို့ ရောက်ပြီးသော သူတို့သည် ရှောင် ကြဉ်ရသော သီလတို့ကို ပြတော်မူလို၍—"မဟာနာမ ဥပါသ ကော ပါဏာတိပါတာ ပဋိဝိရတော ဟောတိ"—အစရှိသည် ဖြင့် ဟောတော်မူသည်၊ မဟာနမ်-ကြီး၊ ဥပါသကော-သည်၊ ပါဏာတိပါတာ-မှ၊ ပဋိဝိရတော-ရှောင်ကြဉ်ခြင်းသည်၊ ဟောတိ-၏၊ အဒိန္နာဒါနာ-မှ၊ ကာမေသုမိစ္ဆာစာရာ-မှ၊ မုသာဝါဒါ-မှ၊ သုရာ မေရယ မဇ္ဇ ပမာဒဋ္ဌာနာ-မှ၊ ပဋိဝိရတော-သည်၊ ဟော တိ-၏၊ ဧတ္တာဝတာ-ဖြင့်၊ သော-ထိုဥပါသကသည်၊ မဟာနာမ- ကြီး၊ သီလဝါ-သော၊ ဥပါသကော-မည်သည်၊ ဟောတိ-၏၊ အဓိပ္ပါယ်ကား သရဏဂုံ ဆောက်တည်လျှင် ငါးပါးသော သီလကို စောင့်မှ သီလရှိသော ဥပါသက မည်သည်ဟု မှတ် တော်မူရမည်။

သီလရှိသော ဥပါသက အဖြစ်သို့ ရောက်ပြီးသော သူတို့ သည် ငါးပါးသော ကုန်တို့ကို မပြုအပ်ကြောင်းကို ပြတော် မူလို၍—"ပဉ္စ မိစ္ဆာ ဝါဏိဇ္ဇာ ပဟာယ ဓမ္မေန သမေန ဇီဝိတ ကပ္ပနံ ဘဂဝတာ ဝုတ္တံ"အစရှိသည်ဖြင့် ဟောတော်မူသည်၊

ပဉ္စ-ငါးပါးကုန်သော၊ မိစ္ဆာ ဝါဏိဇ္ဇာ-မှားသော ကုန်သွယ်ခြင်းတို့ကို၊ ပဟာယ-ပယ်စွန့်၍၊ ဓမ္မေန-တရားနှင့်၊ သမေန-ညီသဖြင့်၊ ဇီဝိတ ကပ္ပနံ-အသက်မွေးခြင်းကို၊ ဘဂဝတာ-မြတ်စွာဘုရားသည်၊ ဝုတ္တံ-ဟောတော်မူ၏။

မှားသော ကုန်သွယ်ခြင်း ငါးပါးကို ပြခြင်းငှာ— "ပဉ္စိမာ ဘိက္ခဝေ ဥပါသကေန ဝါဏိဇ္ဇာ အကရဏီယာ၊ ကတမာပဉ္စ သတ္တဝါဏိဇ္ဇာ၊ သတ္ထဝါဏိဇ္ဇာ, မဇ္ဇဝါဏိဇ္ဇာ, ဝိသဝါဏိဇ္ဇာ, မံသဝါဏိဇ္ဇာတိ ဘိက္ခဝေ ဣမာ ခေါ ဝါဏိဇ္ဇာ ဥပါသကေန အကရဏီယာ"ဟူ၍ ဟောတော်မူသည်၊ ဘိက္ခဝေ-တို့၊ ဥပါသကေန-သည်၊ ဣမာ ပဉ္စ ဝါဏိဇ္ဇာ-ဤငါးပါးသော ကုန်သွယ်ခြင်းတို့ကို၊ အကရဏီယာ-မပြု မလုပ်အပ်ကုန်၊ ပဉ္စ-ငါးပါးတို့သည်၊ ကတမာ-အဘယ်သည်တို့နည်း၊ သတ္တဝါဏိဇ္ဇာ-အသက်ရှိသော သတ္တဝါတို့ကို ရောင်း၍ ကုန်သွယ်ခြင်းရင်း, သတ္ထဝါဏိဇ္ဇာ-ထား လှံ စသော လက်နက်ကို ကုန်သွယ်ခြင်းရင်း, မဇ္ဇဝါဏိဇ္ဇာ-ထန်းရည် အရက်စသော ယစ်မျိုးကို ကုန်သွယ်ခြင်းရင်း, ဝိသဝါဏိဇ္ဇာ—အဆိပ်ကို ကုန်သွယ်ခြင်းရင်း, မံသဝါဏိဇ္ဇာ—ကြက် ဝက် စသော အသားကို ကုန်သွယ်ခြင်းရင်း ဘိက္ခဝေ-တို့၊ ဣမာ ခေါ ဝါဏိဇ္ဇာ-တို့ကို၊ ဥပသကေန-သည်၊ အကရဏီယာ-အပ်၊ ဤသို့ ဟောတော်မူသည်ကား ဥပါသကတို့ သီလပျက်ရာသော အကြောင်းကို ဟောတော်မူသည်။

ပဉ္စသီ ငါးပါးတို့ကိုလည်း မစောင့်၊ အသက်မွေးခြင်းကို ငဲ့၍ ကုန်ငါးပါးကို မရှောင်ကြဉ်ဘဲ ပြုသော သူတို့သည်ကား ဥပါသက သီလ ပျက်သည်၊ သရဏဂုံကား မပျက်၊ ပဉ္စသီ

ငါးပါးကိုလည်း စောင့်၏၊ ကုန် ငါးပါးကိုလည်း ကြဉ်ရှောင်၏၊ ရတနာ သုံးပါးကို မယုံကြည်၊ ပုရာဏ ကဿပ စသော တိတ္ထိ ခြောက်ယောက်တို့၏ အယူကိုသာ ယုံကြည်သည်၊ ထိုသူတို့ကား သရဏဂုံ ပျက်၏ဟု မှတ်တော်မူရမည်။

ဤစကား၌ ဥပမာသော်ကား—အပင် ရှိပါလျက်ကို အသီး မရှိ ဆိုသကဲ့သို့ ထိုအတူ ရတနာ သုံးပါး ဂုဏ်တော်ကို မယုံကြည်သော သူတို့သည်လည်း ပဉ္စသီကို မစောင့်ရာ၊ ကုန် ငါးပါးကိုလည်း မရှောင်ကြဉ်ရာ၊ စကားအရာ ဆိုရာ ရောက်၍ သာ သိသာအောင် ရတနာ သုံးပါးကို မယုံကြည်အံ့၊ ပဉ္စ သီလလည်း စောင့်အံ့၊ ကုန် ငါးပါးကိုလည်း ကြဉ်ရှောင်သည် ဟု ဆိုလိုက်သည် တကာတော်။

ဥပါသက၏ အပြားကို ပြဆိုဦးအံ့၊ သရဏဂုံ တည်လျက် ပဉ္စသီလ မတည်သောသူကို ဥပါသက—စဏ္ဍာလ, ဥပါသက— မဃ, ဥပါသက—ပဋိကိလိဋ္ဌ, ဥပါသက ယုတ်, ဥပါသက ညစ်, ဥပါသက ကြမ်းဟု ဆိုလိုသည်၊ အဘယ်ပါဠိကို ထောက်၍ သိရသနည်း ဟူမူကား "အသဒ္ဓေါ စ ဟောတိ၊ ဒုဿီလော စ ဟောတိ" အစရှိသော ပါဠိတို့ကို ထောက်၍ သိရ၏၊ အသဒ္ဓေါ စ—ရတနာ သုံးပါးကို မယုံကြည်လည်း ဟောတိ— ဖြစ်၏၊ ဒုဿီလော စ—ပဉ္စသီမျှ မရှိသည်လည်း၊ ဟောတိ—၏၊ ကောတုဟလ မင်္ဂလိကော စ—အုတ်အုတ် ကျက်ကျက်သော လောက မင်္ဂလာကို ယုံကြည်သဖြင့် ပွဲလေ့ရှိသည်လည်း၊ ဟောတိ—၏၊ ကမ္မံ—ကုသိုလ်ကံ အကုသိုလ်ကံ အကျိုးကို၊ နော ပစ္စေတိ—မယုံကြည်၊ ဣတော—ဤဘုရား ဟောတော်မူ

သော အလူခံ ပုဂ္ဂိုလ်မှ၊ ဗဟိဒ္ဓါ—အပဖြစ်သော၊ ဒက္ခိဏေယျ—မီးပူဇော်ခြင်း အစရှိသော အလှူခံ ပုဂ္ဂိုလ်ကို၊ ပရိယေသတိ—ရှာမှီး၏၊ ဣတိ-ဣမေဟိ ပဉ္စဟိ-ဤငါးပါးတို့နှင့်၊ သမန္နာ ဂတော—ပြည့်စုံသော သူသည်၊ ဥပါသက စဏ္ဍာလော—ဥပါသက စဏ္ဍာလ မည်သည်၊ ဟောတိ-ဖြစ်၏၊ သရဏဂုံ ဆောက်တည်လျက် သီလတရား ငါးရပ်တို့ကို မဆောင်သော ကြောင့် သီလပျက်၍ ဥပါသက စဏ္ဍာလ မည်၏၊ ဤတရား ငါးပါးတို့ကို စောင့်သော သူသည် ဥပါသက ကလျာဏ မည်၏ဟူ၍ မှတ်တော်မူရမည်။

ဥပမာ ပြဦးအံ့—ပုဆိုး တထည်မူကား တစုံတခုမျှ စွန်းငြိ ပေါက်ပြတ်ခြင်း မရှိ၊ ပုဆိုး တထည်မူကား အစွန်း အငြိ ညစ်ညူးခြင်း ရှိ၏၊ ပုဆိုး တထည်မူကား စွန်းငြိ ပေါက်ပြတ်ခြင်း အများ ရှိ၍ ဝတ်ရုံခြင်းငှာ မထိုက်ပြီ၊ ထို့အတူ အကြင် ဒါယကာသည်လည်း ရတနာ သုံးပါးကို ယုံကြည်၍ သရဏဂုံ လည်း ဆောက်တည်၏၊ ပဉ္စသီ ငါးပါးကိုလည်း စောင့်၏၊ ကုန် ငါးပါးကိုလည်း ကြဉ်ရှောင်၏၊ ထိုသူကို မစွန်း မငြိ မပေါက် မပြတ်သော ပုဆိုးကဲ့သို့ ဥပါသက ကလျာဏ မည်၏ဟု မှတ်တော်မူရမည်။

အကြင်သူသည်ကား ရတနာ သုံးပါး ဂုဏ်ကို ယုံကြည်၍ သရဏဂုံကို ဆောက်တည်၏၊ ပဉ္စသီ ငါးပါးကိုမူကား မစောင့်၊ ကုန် ငါးပါးကိုလည်း မရှောင်၊ ထိုသူသည်ကား မပေါက် မစုတ်ဘဲ စွန်းငြိသော ပုဆိုးကဲ့သို့ ဥပါသက စဏ္ဍာလ မည်၏၊ သရဏဂုံ မပျက်သောကြောင့် ဥပါသက မည်သည်၊ သီလ ပျက်သောကြောင့် စဏ္ဍာလမည်သည်ဟု မှတ်တော်မူရမည်။

အကြင်သူသည်ကား ရတနာ သုံးပါးဂုဏ်ကို မယုံကြည်၊ သရဏဂုံကို မဆောက်တည်၊ ပဉ္စသီ ငါးပါးကိုလည်း မစောင့်၊ ကုန် ငါးပါးကိုလည်း မရှောင်ကြဉ်၊ ထိုသူသည်ကား အပေါက် အပြတ် အစွန်း အငြိ တထည်လုံး နှံ့သော ပုဆိုးသည် ဝတ်ရုံ ခြင်းငှာ မထိုက်၍ ပုဆိုးအဖြစ်ကို စွန့်သဖြင့် လက်နှီး ခေါင်းခု သို့ ရောက်သော ပုဆိုးကဲ့သို့ သရဏဂုံလည်း မရှိ၊ သီလလည်း မရှိဖြစ်၍ ဒုဿီလဖြစ်သည် ဟု မှတ်တော် မူရမည်၊ လူ သုံးယောက်တို့ ပုံကို လူတိုင်း နားလည်သာအောင် သာဓက ပုံကို ဆိုလိုက်ပေသည်။

## ၈-အဟောသိကံ ဖြစ်မည်လော

လျှောက်သည်ဆရာတော် ရှေးရှေးသော ဘဝက ပြုခဲ့ပြီးသော ကုသိုလ်ကံ အကုသိုလ်ကံတို့သည် ကမ္ဘာ တသိန်းတိုင်အောင်သာ အကျိုးပေး၏၊ ထိုကမ္ဘာ တသိန်း အတွင်းတွင် အကျိုးကို မပေးရလျှင် ထိုကံ သည် အဟောသိကံ ဖြစ်ရလေတော့သည်ဟု ကေစိ ဆရာတို့ ဆိုကုန်၏၊ ထို ကေစိ ဆရာတို့ စကား မှန်လျှင် ဘုရားအလောင်းတော်တို့ ပါရမီဖြည့်၍ မပြည့်နိုင်ရာ၊ တဘဝတွင်ပင် ပန်း တပွင့်၊ ဆွမ်း တဇယောင်းမျှ စေတနာ သုံးတန် ညီလျက် လှူသော သူတို့၏ အကျိုးကို မရေ မတွက် နိုင် ခံစားရကြောင်းကိုလည်း ဟောတော် မူသော တရားတော်ကို နှလုံး သွင်းမိပါ၏၊ တကာတော်

က နှိပ်နှင်းလို၍ သိလျက်နှင့် မမေး မလျှောက်ပါ ဆရာတော်။

ရှေးကုသိုလ် ကုန်လျှင် ဘုရားလောင်းတော်တို့ ပါရမီကို ဖြည့်၍ မပြည့်နိုင်ရာဟု လျှောက်သည်မှာ လျှောက်သင့်လှပေတော့သည်၊ ဘုရားရှင် ဟောတော်မူသည်မှာလည်း—

ပုဗ္ဗေ ကပ္ပကောဋီ သဟဿေ ကမ္မမ္ပိ ဣဒါနိ ကမ္မသမုဋ္ဌာန ရူပံ ဥပ္ပါဒေတိ၊ ဣဒါနိ တံ ကမ္မမ္ပိ အနာဂတေ ကပ္ပ ကောဋိ သဟဿမ္ပိ ကမ္မံ ကမ္မသမုဋ္ဌာန ရူပံ သမုဋ္ဌာပေတိ။

ကျမ်းလာသည်ကို ထောက်၍ ရှေး ကမ္ဘာ တသိန်းထက်က ပြုခဲ့ဘူးသော ကံသည် ယခု ဘဝ ပဋိသန္ဓေကို ပေးနိုင်၏၊ ယခု ဘဝ ပြုသော ကံသည်လည်း နောက် ကမ္ဘာ တသိန်းတိုင်အောင် ပဋိသန္ဓေကို ဖြစ်စေနိုင်၏ဟု ဆိုသော စကားကို စွဲ၍ အချို့ ဆရာတို့ ကံမှာ တသိန်း လွန်လျှင် အကျိုး မပေးပြီဟု အယူရှိကြသည့် စကားမျှသာ ဖြစ်သည်၊ ရှေး ကမ္ဘာ တသိန်းက ပြုခဲ့သော ကံသည် ယခု ဘဝ အကျိုးကို မပေးရလျှင် အဟောသိကံ ဖြစ်ရလေတော့သည်ဟု ကျမ်းဂန် မလာ၊ ရှေး ကမ္ဘာ တသိန်း နောက် ကမ္ဘာ တသိန်းဟူ၍ ကျမ်းဂန် ဆရာတို့ နိဒဿနနည်းကိုသာ ပြတော်မူသည်၊ အကျိုးကို မပေးရသမျှ မကုန်ဟု မှတ်တော်မူရမည်။

အကယ်၍ ကုန်သည်ဖြစ်အံ့၊ အရူပ လေးဘုံတွင် အထက်ဆုံး နေဝသညာ နာသညာယတန ဘုံ၌ ဖြစ်သော ဗြဟ္မာတို့သည် ကမ္ဘာ ရှစ်သောင်း လေးထောင် အသက်ရှိ၏၊ ထိုဘုံ၌ အဆင့်ဆင့် ဖြစ်သော ပုထုဇဉ် ဗြဟ္မာတို့သည် ရှေး ကုသိုလ်ကံ

အကုသိုလ်ကံဟောင်းကုန်လျှင် လူ့ပြည်သို့ ဖြစ်ပြန်၍ ပဋိသန္ဓေနေစရာ မရှိပြီ၊ ထိုသို့ မကုန်ကြောင်းကို "အပဟိုကမ္မာ ရှည်မြင့်ကြာလည်း စံရာမပျောက် ခံရလောက်က သံကျောက်မီးစာ ပေါ်၍ ပါသို့–"ဟု အရှင်သီလဝံသ ဆရာကျော် မကုန်နိုင်ကြောင်းကို စပ်ဆိုတော်မူသည်။

ကာမဘုံ၌ သတ္တဝါတို့သည် ကောင်းမှု မကောင်းမှုကို ပြုရာ၌ ကာမကုသိုလ် အကုသိုလ် ဇောတို့သည် ခုနစ်ကြိမ် ခုနစ်ကြိမ် ဖြစ်ကုန်၏၊ ထိုဇော ခုနစ်ကြိမ်တို့တွင် ပဌမဇော စေတနာသည်ကား မသေမီ မျက်မှောက်ဘော ဘဝ၌ အကျိုးကို ပေးတတ်သော ဒိဋ္ဌဓမ္မ ဝေဒနီယကံ မည်၏။

သတ္တမ ဇော စေတနာသည်ကား သေသည်၏ အခြားမဲ့၌ အကျိုးကို ပေးတတ်သော ဥပပဇ္ဇ ဝေဒနီယ ကံမည်၏။

အလယ် ဇော ငါးချက် စေတနာသည်ကား နိဗ္ဗာန် အဆုံးတိုင်အောင် အကျိုးကို ပေးတတ်သော အပရာပရိယ ဝေဒနီယ ကံမည်၏။

ဤသုံးချက်တွင် ဒိဋ္ဌဓမ္မ ဝေဒနီယ ကံသည် မျက်မှောက်အကျိုးကို မပေးရလျှင် အဟောသိကံ ဖြစ်လေတော့သည်။

ဥပပဇ္ဇ ဝေဒနီယ ကံ, ရူပါဝစရ ကုသိုလ်ကံ, အရူပါဝစရ ကုသိုလ်ကံတို့သည်လည်း သေသည်၏ အခြားမဲ့၌ အကျိုးကို မပေးရလျှင် အကျိုးကို မပေးပြီ၊ အဟောသိကံ ဖြစ်လေတော့သည်။

အပရာပရိယ ဝေဒနီယ ကံသည်ကား အကျိုးကို မပေးရသေးလျှင် နေသေးသည်သာ၊ နိဗ္ဗာန်သို့တိုင်မှ အဟောကံ ဖြစ်

သည်၊ ကုသိုလ်ကိုသာ အပရာပရိယ ဝေဒနိယ ကံဟု မှတ်တော်မူရမည်။

ဥပမာကို ပြဦးအံ့—ကုသိုလ်ကံ မကုန်လျှင်လည်း အသက်တရာ နေရသော သူသည် နှစ်တိုင်း နှစ်တိုင်းပင် တနှစ်ကို စားလောက်ရုံမျှ စပါး သုံးဆယ်သာ ရ၏၊ အနှစ် တရာတိုင် ရောက်လျှင် စပါးပေါင်းကို ရေတွက်လျှင် သုံးထောင် ရရာ၏၊ ထိုသို့ ရရှိသော်လည်း ထင်ရှား မရှိပြီ၊ နှစ်စဉ် သုံးစွဲ စားသောက်ရသဖြင့် ရလျှင် ရခြင်း ကုန်သကဲ့သို့ ထိုအတူ ပါရမီကို အထူး မဖြည့်သော သူတို့မှာ ကောင်းမှုကံ စိုးစဉ်းပင် ရှိသော်လည်း သူတောင်းစားတို့သည် အစာ မဝ မလောက်နိုင်သကဲ့သို့ ရလျှင်ကုန်၊ အပို အလျှံ အကျိုးကို မပေး၊ ရကုန်မျှ အကျိုးကိုသာ ပေးသည်ဖြစ်၍ အပို မသုံးရသကဲ့သို့ အကျွတ်တရားကို မရသည်ဟု မှတ်ရမည်။

နိဗ္ဗာန်ဆုကို ယူ၍ ပါရမီ ဝိသေသကို ဖြည့်သော သူမြတ်တို့မူကား သေဌေး သူကြွယ်တို့ ဥစ္စာ ပုံသကဲ့သို့ ရသမျှကိုသာ စား၍ မနေဘဲ ဆင့်ပွား၍ ပါရမီတို့ကို ဖြည့်ရန်ရှိလျှင် ရပြီးသော စည်းစိမ်တို့ကိုပင် စွန့်၍ ဖြည့်တော်မူသည်။

ဖြည့်တော်မူကြောင်းကား— တေမိမင်း ဘုရားအလောင်း နတ်သားသည် အထက် နတ်ပြည်သို့ တက်လိုသော စိတ်ရှိလျက် လူ့ပြည်သို့ ပြန်၍ ဖြစ်သည်ရှိသော် ပါရမီကို အထူးသဖြင့် ဖြည့်ရလတံ့ဟု ဆိုသော စကားကို ကြားလျှင် နတ်ပြည်မှ နတ်တို့ စည်းစိမ်ကို စွန့်၍ လူ့ပြည်၌ တေမိမင်း ဖြစ်၍ ပါရမီကို ဖြည့်တော်မူသော ကုသိုလ်ကံ မကုန်သောကြောင့် လေး

သင်္ချေနှင့် ကမ္ဘာ တသိန်း ထပ်ပွား၍ ဖြည့်သော ကုသိုလ်ကံ ဘမ္ဘာရ အပေါင်းတို့ကြောင့် ဘုရားဖြစ်၍ နိဗ္ဗာန် ယူတော်မူသော အကြောင်းကို ထောက်၍ မကုန်ဟု မှတ်တော်မူရမည်။

ဘုရားအလောင်းတော်သည် လေး သင်္ချေ နှင့် ကမ္ဘာ တသိန်း ထက်၌ သာရမဏ္ဍ ကမ္ဘာဝယ် ဘုရား လေးဆူ ပွင့်တော်မူရာတွင် နောက်ဆုံး ဖြစ်သော ဒီပင်္ကရာ မြတ်စွာဘုရား လက်ထက် မိမိကိုယ်ကို တံတား ခင်း၍ ဘုရားဆုကို ပန်တော်မူလျှင် နိယတ ဗျာဒိတ် အထူးကို ရတော်မူသည်မှ စ၍ လေး သင်္ချေနှင့် ကမ္ဘာ တသိန်း ပါရမီ ဆယ်ပါး အပြား သုံးဆယ် စွန့်ခြင်းကြီး ငါးပါးတို့ကို စွန့်၍ ဖြည့်တော်မူသမျှ ကုသိုလ် အပေါင်းတို့သည် အကျိုးကို မပေးသမျှ မကုန်၊ ထိုသို့ မကုန် သောကြောင့်— "သင်္ချေလေးမှာ သိန်းကမ္ဘာတိ ပမာသမူ အနုမြူရှိ မဟိဝန်တို့၊ မကုပ်လျှိုတိ ထားသို့ခဲ့ကျိုး ကျေးဇူးဖြိုး သား တန်ခိုးပြင်း၄ွန် ဘုန်းဒိတ်တန်သည် သမန္တစက္ခု သဗ္ဗညု" ဟု အရှင် သီလဝံသ ဆရာကျော် စပ်တော်မူသည်၊ ကျေးဇူး ဖြိုးသားဟု ဆိုသည်ကား ကုသိုလ်ကံ ပြုသည်ကိုပင် ယူတော်မူရ မည်။

## ၉-ဗေဒင်နှင့်ဘုရားစကား

လျှောက်သည် ဆရာတော် တိတ်ထုံ ပါရာ ဗေဒင် လောက သင်္ကေတ စကားနှင့် ဘုရား စကားတော် ဆန့်ကျင်သည်၊ ဘုရား စကားတော်ကိုသာ အမှန် ယူရ

မည် ဟု အချို့ ဆရာလည်း ဟော၏၊ "ဗုဒ္ဓ ဝစနံ သစ္စံ၊ လောက သင်္ကေတ ဝစနံ သစ္စံ" ဟူသည်ကို ထောက်၍ အချို့ ဆရာကလည်း ဘုရား စကားတော်နှင့် လောက သင်္ကေတ စကား အမှန် တူ၏ဟု ယူရမည် ဆိုသည်၊ ဤစကား နှစ်ရပ်တွင် တူ၏ယူရမည်၊ မတူယူရမည်လော ဆရာတော် သိသာအောင် အမိန့်ရှိတော်မူပါ။

တိတ်ထုံ ပါရာ ဗေဒင် မမွသတ် စနည်း တပေါင် လူတို့ ဝေါဟာရ ခေါ်ဝေါ် သမုတ်ကြသည့် လောက သင်္ကေတ အမှုမှာ တကမ္ဘာ နှစ်ကမ္ဘာ တွင်းမှုစ၍ ဖြစ်သည် မဟုတ်၊ အသိး အသီးသော ဇာတ် ဝေါဟာရသို့ လိုက်၍ ကမ္ဘာ အဆက်ဆက်ပင် ဖြစ်သောကြောင့် လောကသင်္ကေတဝစနံ— လူတို့ ခေါ်ဝေါ် သမုတ်အပ်သော လောက သင်္ကေတ စကားသည်၊ သစ္စံ—မှန်၏၊ ခေါ်ဝေါ် ပညတ်ခြင်း အကြောင်း တစိတ် တဒေသ တူသည်ကို ရည်၍ လောက သင်္ကေတ ဝစနံ သစ္စံ ဆိုသည်ဟု မှတ်တော်မူရမည်၊ လောက သမုတိ၌ အကြောင်းကြောင့် အကျိုးဖြစ်သည်မှာ မှန်သည်လည်း ရှိ၏၊ မမှန်သည်လည်း ရှိ၏။

ပိဋကတ် သုံးပုံ ဘုရား ဟောတော်မူသည်မှာလည်း ဘုရား တဆူတွင်သာ ဟောတော်မူသည် မဟုတ်၊ ဂင်္ဂါ သဲလုံးနှင့်အမျှ လွန်လေကုန်ပြီးသော ဘုရားရှင်တို့သည် ကျဉ်းသည် ကျယ်သည်သာ ထူးသည်၊ ဟောတော်မူကြမြဲကား မုချပင်၊ သို့ဖြစ်၍ ဗုဒ္ဓ ဝစနံ—ဘုရားတို့ ဟောမြဲဖြစ်သော ဓမ္မက္ခန္ဓာ ပိဋကတ်တော်

သည်၊ သစ္စံ—မှန်၏၊ ပိဋကတ် သုံးပုံကို ဟောခြင်းကြောင့်သာ လျှင် ရှေးဘုရား နောက်ဘုရားတို့ တူသည်မဟုတ်၊ ပိဋကတ်ကို ဆောင်ခြင်း ကျင့်ခြင်း စသည်ဖြင့် ဘုရား အဆက်ဆက်တို့ တရားဟောခြင်း အကြောင်းလည်း ဟုတ်မှန်၏၊ တရားတော်ကို ကျင့်တော်မူသော အရာသည်လည်း ချွတ်ယွင်း တိမ်းစောင်း သည်ဟူ၍ မရှိ၊ မှန်သည်ချည်း တည်း။

ဗေဒင် တိတ်ထုံစနည်း မမွသတ် တပေါင်သည်ကား ဘာသာ အလိုက် ကမ္ဘာ အဆက်ဆက် ရှိသည် မှန်၏၊ ထိုကျမ်းတို့ ထွက်သည့်အတိုင်း ဟောအပ်သော အကျိုးသည် အချို့အရာ မှန်၏၊ အချို့အရာ မမှန်သောကြောင့် လောက သင်္ကေတ စကားနှင့် ဘုရားစကားတော်မှာ ဤမျှသာ ကွဲသည်ဟု မှတ် တော်မူရမည်။

. တိတ်ထုံကျမ်း၌ လူ ရဟန်းတို့ နေအိမ် ကျောင်းတို့ကို အရှေ့ အရပ်က လာ၍ လင်းတ နားသည်ရှိသော်—"ပြုဗ္ဗေ ဌာနေ မနံ ဘေဒံ"—ဟု ဆိုသောကြောင့် အရှေ့က လာ၍ လင်းတ နားလျှင် အိမ်ရှင် ကျောင်းရှင်တို့ ဉစ္စာပျက်စီးသည်ဟု လာသည်၊ ထိုလာသည့်အတိုင်း အချို့လည်း ပျက်စီးသည်၊ အချို့လည်း မပျက်ဖြစ်၍ လောက သင်္ကေတ အမူအကြောင်းတူသော်လည်း မှန်သောအရာလည်း မှန်၏၊ မမှန်သော အရာလည်း မမှန်၊ ကမ္ဘာအဆက်ဆက် အကြောင်း တစိတ် တဒေသ သမုတ်ခြင်းမျှ ကိုသာ ရည်၍—"လောက သင်္ကေက ဝစနံ သစ္စံ"—ဟု ဆိုသည်။

"သီလေန သုဂတိံ ယန္တိ၊ ဒါနေန ဘောဂ သမ္ပဒါ"—ဟု ဘုရား အဆက်ဆက်တို့ ဟောတော်မူသော ဒေသနာတော်သည်

ဘုရား စကားတော်ချင်းလည်း မှန်၏၊ ဟောတော်မူသည့်အတိုင်းလည်း သုဂတိ ဘဝသို့ ရ၍ စည်းစိမ် အထူးကို ခံစားရခြင်းသည် အချို့လည်း တူ၏၊ အချို့လည်း မှန်၏၊ အချို့လည်း မမှန်ဟု မရှိ၊ အကြောင်း အကျိုးတို့သည် အတူတူချည်း မှန်သည်သာ ဖြစ်ကုန်၏။

"ဗုဒ္ဓ ဝစနံ သစ္စံ၊ လောက သင်္ကေတ ဝစနံ သစ္စံ"—ဟု ဆိုခြင်းသည် ကမ္ဘာ အဆက်ဆက် လောက သင်္ကေတပညတ် ရှိသည်လည်း မှန်၏၊ ဘုရား အဆက်ဆက်တို့ ဟောတော်မူသော ပိဋကတ် စကားတော်လည်း မှန်၏၊ ဤစကား နှစ်ရပ် တူသည်ကို ရည်၍သာ ဗုဒ္ဓ ဝစနံ သစ္စံ-ဟု ဆိုသည်၊ ထိုစကား နှစ်ရပ် အကျိုးပေး တူသည်ကို ရည်၍ သစ္စံ-ဟုမဆို၊ သည်အဖြေ သုံးရပ်ကို အကြိမ်ကြိမ် ဆင်ခြင်၍ ကြည့်တော်မူရမည်၊ စကား ရှုပ်သည်။

## ၁၀-ကျောင်းဘုရားမြေပြဿနာ

လျှောက်သည် ဆရာတော်—ရှေးမင်းတို့ မြေကို နယ်လေးရပ် သတ်မှတ်၍ ထိုနယ်၏ အတွင်းတွင် ရသမျှ အခွန် အထုပ်တို့ကို ကျောင်းဝတ် ဘုရားဝတ် အလှူငှါ လှူ၏၊ နောက်မင်းတို့ လက်ထက် ယင်းနယ် အတွင်း အခွန် အထုပ် တို့ကို ကျောင်းဝတ် ဘုရားဝတ် အဖြစ် ဖြင့်သာ လှူရမည်၊ မင်းခွန် မင်းပိုင် ပြု၍ မသုံးပိုင်ဟု—ကျမ်းဂန် လာခြင်းသည် အမှန်ပင် မှတ်ရမည်လော ဆရာတော်။

မင်းတဦး၏ မြေကို နယ်လေးရပ် သတ်မှတ်၍ ဤနယ်တွင်း အခွန်ကို မည်သည့်ကျောင်း မည်သည့်သင်္ဃာအား ငါလှူ၏-ဟု ဆို၍ လက်ရောက် လှူသည်ကို လှူရင်းကပင် မြေမပါချေ၊ သက်သက် မြေခွန်ကိုသာ လှူသည် ဖြစ်သောကြောင့် လှူသည့် မင်း တသက်သာ အခွန်ကို ပိုင်၏၊ နောက်မင်းလက်ထက် အခွန်ကို ပိုင်ရကောင်းသည် မဆိုသာချေ၊ အကယ်၍ ရှေးမင်းလှူ၍ နောက်မင်း မပိုင်ဟု ဆိုသည်ရှိသော် လှူလေပြီးသည်ကို အဘယ့်ကြောင့် မပိုင်သနည်းဟု မေးဘွယ်ရှိ၏၊ရှေးဖြစ်သော မင်းသည် မြေကို မလှူ၊ အခွန်ကိုသာ လှူသောကြောင့် ထိုလှူပြီးသော မင်း သေသည့်နေ့ကပင် ရေ မြေကို အစိုး မရ၊ နောက်မင်းသာ ရေ မြေကို အစိုးရသော မင်း၏ လယ် ယာ၌ ရသော အသီး အပင်ကို ထိုမင်းသာ ဆယ်ခိုင်တခိုင် အခွန်ကို ခံထိုက်လေ သည်—ဟု မှတ်တော်မူရမည်။

ရှေးမင်းလက်ထက် အခွန်ကောက်မြဲ ကျောင်းသံဃာတို့က လည်း နယ်တွင်း ရထိုက်သော အခွန်ကို အခြား သံဃာကို လှူပြန်လေသည်၊ လှူကြောင်းကို မသိ၍ သင်္ဃာ တဦးက နောက် မင်းထံမှာ ရပ်ခံလျှင် နယ်တွင်း အခွန်ကို ရှေးမင်း၏ နည်း အတိုင်း လှူပြန်လေ၏၊ ထိုနောက် သင်္ဃာကလည်း ငါတို့သာ ပိုင်ကောင်းသည်ဟု ဆို၍ လုပ်၏၊ နောက်အလှူခံသည့် သင်္ဃာ သာ ရပိုင်သည်ဟု စီရင်ရမည်။

မင်းတဦး မြေကို နယ်လေးရပ် သတ်၍ မည်သည့်ကျောင်း ကို လှူ၏ဟု ကျောက်စာ ထိုး၍ လှူထားလေ၏၊ မြေခွန် ရေခွန်ကို လှူ၏ဟု စာတမ်း မထိုး၊ ထိုကျောက်စာ ထိုးသည့် ကျောင်း

မြေတွင် အခွန်ကို နောက်မင်း တဦးက အခြား ကျောင်းကို လှူပြန်၏၊ ထိုကျောင်း နှစ်ရပ် သင်္ဃာတို့သည် တဦးကလည်း ပိုင်လို၏၊ တဦးကလည်း ပိုင်လို၏ဟု လုကြလေကုန်၏၊ နောက်မင်း မြေကို မပိုင်ချေသောကြောင့် မသိ၍ လှူသည်လည်း ဖြစ်ရာ၏၊ သိလျက် ဂုလ္လဿရိယဂုဏ်ကို စွဲ၍ အနိုင်ပြုလျက် လှူသည်လည်း ဖြစ်ရာ၏၊ မြေကို မပိုင်သမျှ အခွန်ကို မပိုင်သာ ချေ၊ အလျှင် မြေပိုင် ကျောင်းသင်္ဃာတို့က အခွန်ကို ရစေဟု စီရင်ရမည်။

မင်းတဦး မြေကို နယ်လေးရပ် သတ်၍ မြေနှင့်တကွ နယ်တွင် အပေါ်ဝန် ဝတ်တရား ကွမ်းဘိုးတို့ကို ကျောင်းသင်္ဃာတို့ကို လှူ၏၊ နောက်မင်း လက်ထက် ထိုနယ်တွင် မြေခွန်နှင့်တကွ အပေါ်ဝန် ဝတ်တရား ကွမ်းဘိုး ကင်း ကတို့ ပွဲတို့ကို အခြား သံဃာတို့အား လှူပြန်လေ၏၊ ထိုသင်္ဃာ နှစ်ရပ်တို့ သူပိုင်—ငါပိုင် လုဆိုကြရာ၌လည်း မြေခွန်ကို မြေပိုင် ကျောင်းသင်္ဃာတို့က ရစေ၊ အပေါ်ဝန် ဝတ်တရား ကွမ်းဘိုး ကင်း ကတို့ ပွဲတို့ကို မြေပိုင် ကျောင်းသင်္ဃာတို့မှာ ကျောက်စာပင် ရှိသော်လည်း နောက်မင်းက လှူပြန်သော နေ့က နောက်ကို အခြား သင်္ဃာတို့ ပိုင်ဆိုင်စေ စီရင်ရမည်။

ရှေးမင်း လှူပါလျက် . အဘယ့်ကြောင့် နောက်သင်္ဃာတို့ ပိုင်ဆိုင်လေသနည်းဟု ဆိုဘွယ်ရှိ၏၊ ထိုရှေးမင်း ရှိစဉ်သာ အပေါ်ဝန် ဝတ်တရား ကွမ်းဘိုး ကင်း ကတို့ ပွဲတို့ကို ပိုင်ချေ သည်၊ ထိုမင်း မရှိလျှင် နောက်မင်း၏ လူစုတို့သာ ပိုင်ချေသည်၊ ထိုသို့ ပိုင်လေသောကြောင့် ထိုနောက် မင်း၏ ကျွန် အမှုလုပ် တို့တွင် ဖြစ်လေသည့် ရောင်းဝယ်ရေး အပေါ်ဝန် ဝတ်တရား

ကွမ်းဘိုး ကင်း ကတွဲပဲခွန်တို့ကို မင်းပိုင်လေသည်၊ ပိုင်သောကြောင့် လူပိုင်လေသည်၊ အလျှင် မင်းသည်ကား မိမိ မပိုင်သည့် အရာတိုင်အောင် လိုက်၍ လှူသောကြောင့် ကျောက်စာပင် ထိုးသော်လည်း မပိုင်သည့် အရာကို ကျောက်စာရှိသည်-ဟု မှတ်တော်မူရမည်။

အဆက် ပြတ်လေပြီးသော သံဃိက ကျောင်း မြေကို သင်္ဃာနှစ်ဦးတို့ သူပိုင်–ငါပိုင်ဟု လုကြရာမှာ- "ယေန ပဌမ ဂဟိတော သောယေဝ ဣဿရော"–ဟု ကျမ်းဂန် ဆိုသောကြောင့် အလျှင် ဦးသူက သံဃိက အချုပ် စီရင်ရသည့်အတိုင်း ပိုင်စေ စီရင်ရမည်၊ သံဃိက မြေထက် သံဃာအများနေကြ၏၊ ယင်းသံဃာတို့တွင် သံဃာ တပါးသာ ယင်း သံဃိက အလှူကို မပျက် မပျောက်အောင် စီရင်ရ၏၊ အများ သံဃာတို့မူကား ယင်း သံဃိက လာဘ်ကိုသာ ခံစားရ၍ အမှတ်မဲ့ နေကြ၏၊ ယင်း စီရင်သော ပုဂ္ဂိုလ်တပါးနှင့် သံဃာ အများတို့ တဘက်စီ ပြု၍ သူရထိုက် ငါရထိုက်သည်ဟု နှစ်ပက္ခ ဖြစ်သောအရာမှာ- "သံဃိက ကမ္မေသု ယောဟိ ဓမ္မကမ္မံ ကရောတိ၊ သောယေဝ ဣဿရော"–ဟု ကျမ်းဂန် ဆိုသောကြောင့် သံဃိက အမှုကို အားထုတ်သော သံဃာ တပါးသာ စိုးပိုင်စေဟု စီရင်ရမည်။

## ၁၁–ခုဒ္ဒကသိက္ခာပုဒ် နုတ်ပယ်ရန်

လျှောက်သည် ဆရာတော် ဘုရားရှင် ပရိနိဗ္ဗာန် ပြုခါနီး၌–"ချစ်သား အာနန္ဒာ ငါ မရှိလျှင် တပည့်သားတို့ ကျင့်နိုင်ခဲ့သည့် ခုဒ္ဒက သိက္ခာပုဒ်ငယ်အပေါင်း

တို့ကို နှုတ်ပေတော့၊ မကျင့်ကြနှင့်တော့”—ဟု အရှင်အာနန္ဒာကို ဘုရားမှာတော်မူကြောင်းကို ဝိနည်းတော်၌လာသည်ဟု ပြောကြပါသည်၊ ဘုရားရှင် နှုတ်တော်မူသည်ကား မှန်လျှင် အရှင်ဘုရားတို့ ကျင့်သော်လည်းကိုယ်သာ ပင်ပန်းကြမည်၊ အကျိုးထူးမည် မဟုတ်၊ သို့အတွက် နှုတ်သည်လော၊ မနှုတ်သည်လော ဆရာတော်သိသာအောင် အမိန့်တော်ရှိတော်မူပါ။

ဘုရားရှင် ပရိနိဗ္ဗာန် ပြုကာနီး၌ ညီတော် အာနန္ဒာကို “ငါဘုရား ပရိနိဗ္ဗာန် ပြုတော်မူသည့်နောက် ခုဒ္ဒက သိက္ခာပုဒ်ငယ်အပေါင်းတို့ကို နှုတ်ပေတော့၊ မကျင့်ကြနှင့်တော့၊ နောင်လာ ပုထုဇဉ် တပည့်တို့ကျင့်နိုင်ခဲ့သည်”ဟု အမိန့်ရှိသည်ကား မှန်၏၊ ထိုသို့ မှန်သော်လည်း မကျင့်စေလိုသောကြောင့်အမိန့်တော်ရှိသည် မဟုတ်၊ အလုပ်အဆောင် ပျင်းသော သားမြေးတို့ကို အရိုအသေ ရှေ့သို့ တိုးတက်၍ လုပ်ဆောင်စေလိုသောကြောင့်“နင် အလုပ် မလုပ်နှင့်တော့၊ အငြိမ်းသာ နေပေတော့”ဟု ဆိုသကဲ့သို့ ငါ ဘုရားရှင်သည် ကြိုးစား၍ ပညတ်တော်မူသမျှကို ငါ မရှိသည့်နောက် သင် ချစ်သားတို့ ကျင့်ရမည်ဟု အမိန့်တော် ရှိကောင်းပါလျက် နှလုံး မသာသဖြင့်မလုပ်သည်ကို လုပ်စေလို၍ မလုပ်နှင့်တော့ဟု ဆိုသကဲ့သို့ဆိုတော် မူခြင်းသည် မျက်မှောက်တွင်ပင် ကျင့်၍နေဆဲ ဖြစ်သောကြောင့် ပရိယာယ်အားဖြင့် ဆိုတော်မူသည်။

## ၁၂-ရဟန်းက သူ့သမီး လက်ဆွဲလျှင်

တကာတော် လျှောက်သည် ဆရာတော်- ရဟန်းငယ်သည် အလိုမတူဘဲလျက် သူ့သမီး လက်ကို ဆွဲကိုင်ပါလျှင် ဓမ္မသတ် ရာဇသတ် သမုတိ ပညတ်ကို လိုက်၍ ဓမ္မသတ် ထုံးတမ်း တဆယ့်ငါးကျပ် လျော်ကြေး ရှိသည်ကို မလျော် မပေးသည်ရှိသော် ရဟန်းတရားမှ ကင်း၏ဟု မှတ်တော်မူရမည်လော ဆရာတော် သိသာအောင် အမိန့်ရှိတော်မူပါ။

ဓမ္မသတ် ရာဇသတ် သမုတိ ပညတ်သို့ လိုက်၍ လျော်စေပေးစေဟု ဘုရားရှင် မပညတ်၊ ရဟန်း ဆိုသမျှလည်း သမုတိပညတ် ဆရာတို့ တပည့်လည်း မဟုတ်၊ ဘုရားရှင် ပညတ်တော်နှင့် မညီသော ပဉ္စင်းငယ်သည် အလိုမတူဘဲ သူ့သမီးကို ဆွဲကိုင်မိလျှင် ဓမ္မသတ်ထုံးတမ်း တဆယ့်ငါးကျပ် ရှိသည်ကို မပေးမလျော်သည်ဟူ၍ ရဟန်းတရားမှ ကင်းသည်ဟု မှတ်တော် မမူသင့်၊ ဝုဋ္ဌာနကံကို ထိုပဉ္စင်းငယ် ဆောင်လျှင်သန့်ရှင်း စင်ကြယ်လေတော့သည်ဟု မှတ်တော်မူရမည်။

ဘုရား ပညတ်တော်မှာ နီလ ကဟာပဏ—ငွေကြေး တမတ်တန် ဥစ္စာကို ခိုးလိုသောစိတ်ဖြင့် ယူချေသော် ထားရာအရပ်က ဆံခြည် တခြမ်းမျှ ရွေ့လျှင် ရဟန်း တရားမှ ကင်းစေဟု ပညတ်တော် ရှိသောကြောင့် ခိုးမှ ပါရာဇိကသို့ ရောက်သည်။

ကိုယ့်ဥစ္စာမှတ်၍ ယူသည်၊ ချေးငှါးလို၍ ယူသည်၊ အကျွမ်းဝင်၍ ယူသည်၊ သိမ်းထားလို၍ ယူသည်၊ အရှင် မရှိ မှတ်၍

ယူသည်၊ အနိုင်ကျင့်သည်ကို မခံလို၍ နောက်မှ ပေးမည်ဟု ရည်၍ ယူသည်များမှာ တရာ တထောင်ပင် တန်သော်လည်း ဘဏ္ဍာစား ပြန်၍ပေးလျှင် ပါရာဇိက လွတ်စေဟု ပညတ်တော် မူသည်။

သူ့ဥစ္စာကို ချေးယူ၍ ပေးရမည်ကို မပေးပြီ-ဟု ဝန်ချအံ့၊ ဥစ္စာရှင်ကလည်း မရပြီဟု ဝန်ချအံ့၊ နှစ်ယောက် ဝန်ချညီလျှင် ခိုးခြင်း နှစ်ဆယ်ငါးပါးတွင် ဝင်၍ ပါရာဇိက ရောက်စေဟု ပညတ်တော်မူသည်၊ နိလ ကဟာပဏ ဆိုသည်ကား နီလသဒ္ဒါ သည် ညိုသော အနက်ကို ဟောသောကြောင့် ကြေးနီ မထိုးမီခင် ပကတိ ဘော်က ထွက်သည်အတိုင်း ညိုသော အဆင်းရှိသော ငွေစင် ငွေကြေ တမတ်ကိုပင် ယူရမည်၊ အချို့ ဆရာကား ရွှေကို ယူသည်၊ ရွှေအဆင်းကို နီလ သဒ္ဒါ မဟောဖြစ်၍ ငွေကြေတမတ်ကိုပင် ယူရမည်၊ ဤငွေကြေ တမတ်ကိုသာ ပေးလောက်တန်သည်ကို မပေးလျှင် ပါရာဇိက ရောက်သည်ဟု ဘုရားရှင် ပညတ်တော်မူသည်။

"ကောေ ထေရော လောလ သာမဏေရေဟိဝါ— ဥပဋ္ဌာကေဟိဝါ သဏ္ဍာဂါရေ နိသိဒတိ၊ ယတ္တကံ ဘဏ္ဍံ နဿတိ၊ တဿေဝ ဂီဝါ"—ဟု အဋ္ဌကထာ ဆရာ ဆိုသော ကြောင့် တယောက်သော မထေရ်ကြီးသည် လျှပ်ပေါ် လော်လီ သော သာမဏေ အလုပ်အကျွေးတို့နှင့် သံဃာ့ ဥစ္စာ ဘဏ္ဍာ ထားသော တိုက်ခန်း၌ အိပ်၏၊ အကြင်မျှလောက် ထိုတိုက် ခန်း၌ ဥစ္စာ ပျောက်ကုန်၏၊ ပျောက်သမျှတို့ကို ထိုအိပ်သော မထေရ်ခလျော်စေ၊ မပေး မလျော်၍ ဥစ္စာရှင်လည်း ဝန်ချ၏၊

ထိုမထေရ်လည်း မလျော်ပြီဟု ဝန်ချလျှင် တမတ်တန်က ပါရာဇိက ရောက်စေ။

တရွေးတန်ကကို တပဲတန်တိုင်အောင် ဒုက္ကဋ် သင့်စေ။

တပဲကကို တမတ် မပြည့်ဖြစ်လျှင် ထုလ္လစဉ်း သင့်စေ။

တမတ်က အထက်သို့ ရောက်လျှင် ပါရာဇိကသို့ ရောက်စေ။

အဒိန္နဒါန် အရာ၌ အာပတ် သုံးချက်ကို ပညတ်တော်မူသည်၊ ဤအရာများ၌ လျော်စေ၊ တမတ်ထက် လွန်သည်ကို မလျော်လျှင် အဒိန္နဒါန် ရောက်၍ ရဟန်း တရားမှ ဆင်းစေ ပညတ်တော်မူသည်။

ဘဏ္ဍာတိုက်ကို စောင့်သောရဟန်း, ထိုမထေရ်နှင့် အတူ သွားသော ရဟန်း, အတူနေသော ရဟန်းတို့ လွတ်ရမည်လော ဟု မေးဖွယ်ရှိ၏၊ မလွတ်သော အကြောင်းကား—

"ဘဏ္ဍာဂါရိကေဟိစ အဝသေသ ထေရေဟိစ သဟာယကာ ဘဝိတဗ္ဗာ"-ဟု အဋ္ဌကထာ ဆရာကျော်တို့ မိန့်ဆိုတော်မူသော ကြောင့် ထိုဘဏ္ဍာတိုက်ကို စောင့်သောရဟန်းသည် အိပ်စဉ်က ပင် ဘဏ္ဍာတိုက်မှာ မအိပ်နှင့်ဟု အနိုင်အထက် တားဆိုရမည်ကို မတား မဆို၊ အဘော်ဖြစ်သော မထေရ်တို့သည်လည်း မအိပ် သင့်ဟု တားဆိုရမည်ကို မတား မဆိုသောကြောင့် တိုက်တွင်း ပျောက်သမျှ ဘဏ္ဍာကို ဘဏ္ဍာစိုး ရဟန်းနှင့် အဘော် ရဟန်း တို့က တဝက်လျော်စေ။

ဤသည်ကိုစွဲ၍-"တလှေတည်း စီး၍ တခရီးတည်း သွား လျှင် တယောက် လျှပ်ပေါ်၍ သူ့ဉစ္စာ မဆုံးတန်၊ ဆုံးခဲ့သော် လက်သည်တဝက် အဘော်ဖြစ်သူတို့ တဝက် လျော်စေ-"ဟု

ဓမ္မသတ် ဆရာတို့ ဆုံးဖြတ်သည်၊ ပိဋကတ်နည်းကို ဓမ္မသတ် ဆရာတို့ အတုခိုးရသည်၊ ဓမ္မသတ်နည်းကို ပိဋကတ် ဆရာများက အတုမခိုးဟု မှတ်တော်မူရမည်။

ဝိနည်းတော်က—"ဘဏ္ဍာဒေယျန ကာရေတဗ္ဗော"–ဟု ရှိလျှင် ဘဏ္ဍာကို အဖိုးဖြတ်၍ အဒိန္နာဒါန် အာပတ်ကို သုံးချက်တွင် ထိုက်ရာ ဆုံးဖြတ်စေ၊ အစား မပေးစေနှင့်ဆိုသည်၊ "ဘဏ္ဍာဒေယျံ"ဟု ရှိလျှင် အရာ အထောင်ပင် တန်သော်လည်း ဘဏ္ဍာစား ပေးစေ၊ ဥစ္စာရှင်က သဒ္ဓါလျှင် လွတ်စေ၊ မသဒ္ဓါလျှင် အကုန်ပေးစေ–ဟု ပညတ်တော်မူသည်။

ရဟန်းဘဦးသည် လူကိုလည်းကောင်း, ရဟန်းကိုလည်းကောင်း ကျွန်အောင်ပြု၍ ကျွန်ခဲ့၏၊ ထေယျစိတ်ဖြင့် ပြုလျှင် ကျွန်သည်နှင့် တပြိုင်နက်ပင် နှစ်ယောက်စလုံး ဝန်ချခြင်း ညီကာမျှ ပါရာဇိက မရောက်သေးဟု ပညတ်တော်မူသည်၊ ရဟန်းကသာ ကျွန်အောင် ပြု၍ ဥစ္စာရှင်တို့က ထိုဥစ္စာကို ခေတ္တသာ ပေးနိုင့်ရသည်၊ နောက်ပြန်၍ ရလတ္တံ့—ဟု ဝန်မချက ပြန်၍ ပေးစေ၊ ဗလက္ကာရ, အဘိယုဥ္စန ခိုးခြင်းဖြစ်၍ ဝန်ချမညီလျှင် ပါရာဇိက မရောက်ဟု မှတ်တော်မူရမည်။

လူချင်းချင်း တယောက်ကို တယောက် သတ်ပုတ်ကြ၍ အစုတ်အပြတ် ရှိသည်ကို လောကဓမ္မ တရား ရောက်သည့်အတိုင်း အစိုးရသော ကောရာဇ် မင်းမြတ်က ဆုံးဖြတ်တော်မူပါဟူ၍ သော်လည်း အပ်၏၊ အမှုသည် နှစ်ဦးသော်လည်း မင်းရှေ့ စိုးထံ မရောက်ပါလိုပြီ၊ လောကဓမ္မ တရားရောက်သည့်အတိုင်း အဆုံးအဖြတ်ကို ခံပါမည်ဟူ၍သော်လည်း ဝန်ခံ၏၊ ရဟန်းဖြစ်သော

သူသည် ဂုဏ်ရည်တူမျှခြင်း အကြောင်း မရှိဘဲ တယောက်ကို တယောက် အသား အရေ စုတ်ပြတ်ရှိအောင် ပုတ်သတ်ကြ ပြီးလျှင် မမ္ဗသတ် ထုံးတမ်း, အရပ်ရပ် ထုံးတမ်းတို့သို့ လိုက်၍ ဆုံးဖြတ်ရန် ဝန်ခံကြ၍ ထုံးတမ်းနှင့်အညီ သုံးဆယ် လျော်စေ၊ တဆယ် လျော်စေ၊ ကုန်ကျစရိတ်များကို ခံစေဟု စီရင်လျှင် အပ်၏။

မမ္ဗသတ် ထုံးတမ်းကို လိုက်၍ မစီရင်ကောင်းဟု ဆရာဆိုပြီး လျက် အဘယ့်ကြောင့် စီရင်ကောင်း၏ဟု ဆိုပြန်သနည်းဟု မေးဘွယ်ရှိ၏၊ ကျကုန်ခံမည့် ဥစ္စာရှင်တို့ကပင် မမ္ဗသတ် ထုံးတမ်းအတိုင်း စီရင်ပါဟု ဝန်ခံသောကြောင့် စီရင်ကောင်း ၏ဟု မှတ်ရမည်။

ဥစ္စာရှင်တို့က ဝန်ခံလျှင် စီရင်ကောင်း၏ဟု ဆိုလျှင် ဆိုတန် စေ၊ မင်းကေရာဇ်က အပ်လျှင် အဘယ့်ကြောင့် စီရင်ကောင်း သနည်း မေးဘွယ်ရှိ၏၊ မင်းကေရာဇ်သည် သင်တို့ ဥစ္စာကို မဆို နှင့်ဦး, သင်တို့ ကိုယ်ကိုပင် ပိုင်လေသောကြောင့် တရား ရှုံးသူ တို့ကို "အရှင်ဘုရားမှာ အလုပ်အကျွေး အရံစောင့် အလို့ငှါ တအိမ်လုံးကိုပင် ယူတော်မူပါ"ဟု- လျှူလျှင် ခံကောင်းလေ သောကြောင့် စီရင်ကောင်းသည်ဟု မှတ်တော်မူရမည်။

ဘဏ္ဍာတိုက်တွင် လျှပ်ပေါ်သော သာမညကောင် အလုပ် အကျွေးတို့နှင့် အိပ်နေသော မထေရ် ပျောက်ဆုံးသမျှတို့ကို လျော်စေဆိုသည်မှာ ထိုမထေရ်၏ အလုပ်အကျွေးတို့ ခိုးတန်၏ ဟူ၍ပင် ဆိုသလော၊ ခိုးရာ တရား ယုတ္တိရောက်၍ပင် ဆိုသလော ဟု မေးဘွယ်ရှိ၏၊ မိမိ၏ အလုပ်အကျွေးတို့ ခိုးသည်ဖြစ်စေ၊မခိုး

သည်ဖြစ်စေ၊ မအိပ်ရသော သူ့ဥစ္စာ တိုက်တွင်း၌ မိမိ အိပ်ခြင်းကြောင့်ပင်တည်း။

တိုက် မလုံခြင်းကား အကြောင်းဖြစ်သော ဟိတ်၊ ဥစ္စာပျောက်ခြင်းသည်ကား အကျိုးဖြစ်သော ဖိုလ်၊ ထိုဟိတ်, ဖိုလ် နှစ်ပါးတို့ စပ်လေသောကြောင့်ပင် လျော်စေဟု ပညတ်တော်မူသည်။

ပဉ္စင်းငယ်သည် အလို မတူဘဲ သူ့သမီးငယ်ကို ဆွဲကိုင်ခြင်းကြောင့် ထိုမိန်းမငယ်မှာ တမူး တပဲမျှ ရသည်မဟုတ်၊ အလို မတူလျှင်လည်း နေရမည်ကို မနေဘဲ ဖြစ်ပါလျက် သိက္ခာပုဒ်တော်လည်း မလျော့ မကျ၊ သိက္ခာပုဒ်တော်လည်း တည်သေးသည်၊ အစား ပေးရန်လည်း မတန်၊ လျော်ကြေး ပေးရန်လည်း မတန်၊ ပရိဝတ် မာနတ် ကျင့်၍ ဝုဋ္ဌာနကံ ပြုလျှင်ပင် သန့်ရှင်း စင်ကြယ်၏ဟု ပညတ်တော်မူသည်။

ပဉ္စင်းငယ်နှင့် အလို တူ၍ ကာမ စပ်ရှက်ကုန်၏၊ ပဉ္စင်းငယ် အိမ်ထောင်ဘက် မပြုဆိုလျှင် ငါ ရဟန်း ဓမ္မသတ် တုံးတမ်း ရှိသလို လျော်စု မရှိဆို၍ နေရမည်လောဟု မေးဘွယ်ရှိ၏၊ ရဟန်းယောင်ဖြစ်၍သာ ငါ ရဟန်းဟု ပဉ္စင်း ဆိုသည်၊ ကာမ စပ်ကတည်းကပင် ရဟန်းအဖြစ်မှ ကင်းပြီး, ရဟန်း အဖြစ်မှ ကင်းလျှင် လူ့တရား ရောက်သည့်အတိုင်း လျော်စေ စီရင်ရမည်။

လောကဝတ်, ဓမ္မဝတ်, ရာဇဝတ် လာသည့်အတိုင်း ရဟန်းတို့မှာ လူမှုတရားကို မခံအပ်ဟု ဆရာတော် ဆိုပြီးလျှင် အစိုးရသော မင်း ကေရာဇ်က အပ်သော်ရင်း, အမှုသည်ချင်း-

တို့က ဝန်ခံအပ်သော်ငြင်း စီရင်အပ်၏ဟု ဆရာတော်ဆိုပြန်သည်မှာ စီရင်ဘူးကြောင်း စီရင်အပ်ကြောင်းကို ပါဠိအဋ္ဌကထာ လာပါသလော၊ ပါဠိ မပါဘဲ စကားပြောသာ ဆရာတော်ပြသည်ဟု မေးဘွယ်ရှိ၍ သာဓက သက်သေကို ပြဆိုပေအံ့။

သီဟိုဠ်ကျွန်းကို အစိုးရသော ဘာဒိယမင်း လက်ထက် အဘိဓမ္မာကို လေ့လာသော ပုဂ္ဂိုလ် ဆရာတို့၏ အနွယ်အဆက် အာဘိဓမ္မိက ဂေါတ္တ မထေရ်သည် ရဟန်းချင်း ခိုးမှု အဓိကရုဏ်း ဖြစ်ကြ၍ ဆုံးဖြတ် စီရင်သည်ကို ခပ်သိမ်းသော နတ်, လူ အပေါင်းတို့ နှစ်သက်ခြင်း ရှိ၍ အုတ်အုတ်ကျက်ကျက် ကောင်းချီး ပေးသော အသံဖြစ်သည်ကို ဘာဒိယမင်းကြီး ကြားလျှင် အလွန် နှစ်သက်တော်မူ၍—

"ဘိက္ခုနံ ဘိက္ခုနီနမ္ပိ အဓိကရဏံ အာဘိဓမ္မိက ဂေါတ္တတ္ထေရေန ဝိနိစ္ဆိတံ၊ ဝိနိစ္ဆိတဿ ဝိနိစ္ဆယေ အနတ္တိကာနံ ရာဇဒဏ္ဍံ ဌပေတီတိ" ဟူ၍ ဘာဒိယမင်းသည် ရဟန်းယောကျ်ား ရဟန်းမိန်းမ တရား, လူတို့တရားကို အာဘိဓမ္မိက ဂေါတ္တ မထေရ်ကို ဆုံးဖြတ်စေ၊ ဆုံးဖြတ်ရာ တည်စေ၊ မတည်သော သူတို့အားမင်း၏ ရာဇဒဏ်ကို ပေးမည်ဟု တမြို့လုံးကို စည်လည်၍ တရား ဆုံးဖြတ်ကြောင်းကို ပါရာဇိကဏ် အဋ္ဌကထာ၌ လာသည်။

နှံသော သစ်သီးကို မှည့်စေလို၍ အကြိမ်များစွာ အုပ်သော်လည်း မှည့်ရိုး မရှိ၊ ရက် နေ့ ကြာသော် ပုပ်လေ၏၊ မှည့်လေပြီးသော သစ်သီးကိုလည်း အုပ်ရန် မရှိ၊ မနု မရင့်သော

ယွမ်းပြင်း သစ်သီးကို အုပ်မှသာ မှည့်သကဲ့သို့ ထိုအတူ ပါဠိ အဋ္ဌကထာကို မချင်းနင်း မသင်ဘူး၍ သစ်သီးနုနှင့် တူသော သူတို့ကိုလည်း ပါဠိ ပုဒ်ပါဌ်တို့ဖြင့် အုပ်ဘို့ မရှိ၊ စကားပြေ သာ သိ၏၊ ပါဠိ အဋ္ဌကထာတို့ကို ချင်းနင်း သင်ကြားဘူး၍ အနက် သဒ္ဒါ၌ ကျွမ်းကျင်သူတို့ကိုလည်း ပါဠိ ပုဒ်ပါဌ်တို့ဖြင့် အုပ်စုရန် မရှိ၊ အနက်သွား စကားသွားတို့ကိုမြင်လျှင် ပါဠိ ပုဒ်ပါဌ်ကို သိလေ၏၊ မစိမ်း မမှည့် သစ်သီး ယွမ်းပြင်းကဲ့သို့ သော ပညာတတ် သူတို့ကိုသာ ရည်၍ ဆိုအပ်ခဲ့ပြီးသည်တို့ကို ပါဠိ ပုဒ်ပါဌ်အုပ်၍ ပြရသည် တကာတော်။

## ၁၃–ရဟန်းနှင့်လူ အချင်းဖြစ်မှု

လျှောက်သည် ဆရာတော် လူနှစ်ယောက် ခိုက်ရန် ဖြစ်ပွားရှိနေသည့် အထဲတွင် တယောက် ဥစ္စာ တဆယ် တန်ကို တယောက်က ချိုးဖျက်၏၊ အဘိုးတန်သည့် အတိုင်း လျော်စေ မမှသတ် ထုံးရှိသည် ဟူ၍ လျော် စေ၏၊ ရဟန်းနှင့် လူ အချင်းဖြစ်၍ ဥစ္စာ တဆယ် တန်ကို ရဟန်းက ချိုးဖျက်၏၊ မမှသတ် ထုံးအတိုင်း လျော်သင့်၏ သော်လည်း ဆိုရမည်လော၊ ငါ့ရဟန်း ကို မမှသတ် ထုံးရှိသည့်အတိုင်း မလျော် ဆို၍သော် လည်း နေပိုင်မည်လော ဆရာတော်။

မိမိ ပယောဂကြောင့် သူတပါး ဥစ္စာ မဆုံးတန် ဆုံးသည် ဖြစ်သောကြောင့် လူ့ဥစ္စာ ဖြစ်လည်း လျော်စေ၊ ရဟန်း ဥစ္စာ

ဖြစ်လည်း လျော်စေ၊ အတိုးတန်သမျှ လျော် ထောက်ပံ့စေ၊ မလျော် မထောက်ပံ့ နေခဲ့လျှင် ဥစ္စာရှင်နှင့် လျော်ရမည့်သူ ရဟန်းဖြစ်၍ မလျော်ပြီဟု ဝန်ချ ညီလျှင် တမတ်တန်က ရဟန်း တရားမှ ကင်းစေဟု ပညတ်တော်မူသည်။

မမွှသတ်ထုံးကို ရဟန်းတို့မှာ စီရင်စု မရှိဟု ဆရာတော် ဆိုပြီးလျှင် အဘယ့်ကြောင့် စီရင်ပြန်သနည်းဟု ဆိုဘွယ်ဖြစ်၍ "ပရ ပရိဂ္ဂဟိတံ ပရ ပရိဂ္ဂဟိတ သညီ, ထေယျစိတ္တံ, ဥပက္ကမော, တေန ဟာရဏံ" ဟူ၍ အဒိန္နာဒါန် အင်္ဂါ ငါးပါး ဖြစ်ကြောင်း ကို ကျမ်းဂန်ဆရာတို့ မိန့်ဆိုလေသောကြောင့် သူ့ဥစ္စာကို ဖျက်ဆီးပြီးလျှင် အစား ပေးကောင်းပါလျက် မပေးပြီဟူ၍ ဝန်ချရာတွင် အင်္ဂါ ငါးပါးစုံ၍ ခိုးခြင်း ၂၅ ပါးတွင် ဗလက္ကာရ ခိုးခြင်းသို့ ရောက်လေသည်။

တယောက် ဥစ္စာကို တယောက် ဖျက်သည် ဆိုရာလည်း တမတ်တန်သည့် အတွက် တရားနှင့် မကင်းပြီဟု မစစ် မဆေးဘဲ အလျှင် မစီရင်ရသေး၊ ဖျက်ဆီးသူ စိတ်ကို စစ်ဆေးပြီးမှသာ စီရင်ရာ၏၊ ရန်ဖြစ်ရာတွင် အမျက် ပဋိဃာတ် အလိုက်ပင် ခွဲမိ ဖျက်ဆီးမိပါသည် ဝန်ခံလျှင် အစားပေးစေ၊ ပျက်လျှင် ငါရမည်ဟု ရည်ရွယ်၍ ခိုးလိုသောစိတ်ဖြင့် ဖျက်မိပါသည်ဟု ဝန်ခံလျှင် တမတ်တန်ဖြစ်က ရဟန်းတရားမှ ကင်းစေဟု စီရင် ရမည်၊ ထိုဘူဥစ္စာလည်း မသန့် မရှင်းသည် ဖြစ်၍ ပျောက်ပျက် စေလိုသောကြောင့် ဖျက်ပေသည်ဟု ဝန်ခံအံ့၊ သင့် အသုံး အဆောင် ကြီးကျယ်လွန်းလှသည်ကို မရှုလို၍ ဖျက်ပေသည်ဟု ဝန်ခံအံ့၊ ထိုက်တန်သမျှကို အစားပေးစေဟု စီရင်ရမည်၊

အစား ပေးသင့်သည်ကို ပေးတန်ချိန်ရောက်၍ မပေးပြီဟု ဝန်ချခြင်း ၂ ဦး ညီမျှလျှင် ရဟန်းတရားမှ ကင်းစေဟု စီရင်ရမည်။

ပျက်သည့် ဥစ္စာကို မဆိုနှင့်ဦး၊ ဂုဏ်ငယ်သောသူ၏ ဥစ္စာကို ဂုဏ်ကြီးသည့် ရဟန်းက ငါ့လက်သို့ ရောက်လျှင် သင် တောင်းပံ့မည် မဟုတ်၊ အပိုင် ယူရမည်ဟု အကြံရှိ၍ ငှားနှင့်ပါဆို၍ ဂုဏ်ငယ်သောသူ၏ ဥစ္စာကို ချေးယူလေ၏၊ ဂုဏ်ငယ်သူကလည်း ငှားပါ–ချေးပါဟူ၍ စကားပြောဆို၍ ငါ့ဥစ္စာကို တောင်းသည်၊ အပိုင် ယူလို၍ သူပြုသည်ဟု သိလျက်ပင် ပေးရလေ၏၊ ဥစ္စာရှင်လည်း လက်က လွတ်ကတည်းကပင် ပြန်၍ မရပြီဟု ဝန်ချ၏၊ ယူသူလည်း ဥစ္စာကို ရလျှင်ပင် ပြန်၍ မပေးပြီဟု ဝန်ချ၏၊ နှစ်ယောက်စလုံး ဝန်ချ ညီလျှင် ပရိကပ္ပါဝဟာရ ခိုးခြင်းသို့ ရောက်၍ တမတ်တန်–တမတ်ထိုက်လျှင် ရဟန်းတရားမှ ကင်းစေဟူ၍ စီရင်ရမည်၊ ဤအရာ၌ ဓမ္မကံ အဒိန္နာဒါန် သိက္ခာပုဒ်ထုံးနှင့် ဓမ္မသတ်ထုံး အတူတူဖြစ်သည်ဟု မှတ်တော်မူမည်။

## ၁၄–လူသတ်မှုပါရာဇိက

လျှောက်သည် ဆရာတော် လူဇာတ်သား လူလည်း မှန်၏၊ သေစေလိုသောစိတ်ဖြင့် သေအောင် သတ်၏၊ တချို့လူသာ ပါရာဇိက ရောက်၏၊ တချို့လူ ပါရာဇိက မရောက်ဟု ဝိနည်းတော်၌ လာသည်ဟုဆို၏၊ မှန်မည်လော ဆရာတော်။

ပါဏော,ပါဏသညိတာ,ဝဓကစိတ္တံ,ဥပက္ကမော,တေနမရဏံ ဟူ၍ ပါဏာတိပါတ အင်္ဂါ ငါးပါးကို ကျမ်း၌ဆိုသောကြောင့် ၁-အသက်ရှိစေ, ၂-အသက်ရှိ၏ဟု မှတ်စေ, ၃-သေစေလိုသော စိတ်လည်း ရှိစေ, ၄-သေခြင်း၏ အကြောင်းကို လုံ့လလည်း ပြုစေ,၅-သေလည်း သေစေ၊ ဤငါးပါး ညီမှ ပါဏာတိပါတကံ မြောက်သည်၊ "မနုဿဝိဂ္ဂဟံ ဇီဝိတာ ဝေါရောပေယျဟု ဘုရားရှင် ပညတ်တော်မူသောကြောင့် လူမှတပါး ဆင်ကိုပင် သတ်သော်လည်း ရဟန်းမှာ ပါရာဇိက မရောက်၊ လူဇာတ်ကို သတ်လျှင်မူကား လူကောင်ဖြစ်ကို မဆိုနှင့်ဦး၊ ယနေ့ပင် တည် သော လူ ပဋိသန္ဓေ ကလလ ရေကြည်ကိုပင် ပျက်အောင် ပြုသော်လည်း ရဟန်းတရားမှ ကင်းစေဟု ပညတ်တော်မူ၏၊ လူဇာတ်မှန်လျက် ရဟန်းတရားမှ ပါရာဇိက မရောက်ဆိုသည် မှာကား အကြင်ရဟန်းသည် ငြီးငွေ့သည်ဖြစ်၍ မိမိကိုယ်ကို မိမိ သတ်ရာ၌ ဒုက္ကဋ် သင့်စေ၊ ပါရာဇိကသို့ မရောက်ဟု ပညတ် တော်မူသည်ကား မှန်၏ တကာတော်။

သူ့ဥစ္စာကို ခိုးသော အဒိန္နာဒါန် သိက္ခာပုဒ်, လူကို သတ် သော မနုဿဝိဂ္ဂဟ သိက္ခာပုဒ်များကို ပညတ်တော် မူရင်းကပင် မနုဿ ဘဏ္ဍံ ထေယျ စိတ္တေနဟု ပညတ်တော်မူသောကြောင့် လူ့ဥစ္စာ မဟုတ်သမျှကို အဖိုး တသိန်း ထိုက်သော သိကြား မင်း၏ ကမ္ဗလာကိုပင် ရဟန်း ခိုးသော်လည်း ပါရာဇိကမရောက်၊ ဗိသနိုး, မဟာပိန္နဲစသော နတ်တို့၌ လူတို့ပူဇော်သည့် နတ်ဥစ္စာ, ဘုရားစေတီ၌ လူတို့ လှူဒါန်း ပူဇော်သော စေတီ ဥစ္စာတို့ကို ဝတ်ပြု၍သော်ရင်း အစောင့် အရှောက်ရှိလျှင် ပန်ကြား၍

သော်ရင်း ရဟန်းတို့ ယူကုန်၏၊ မနုဿ ဝိဂ္ဂဟာ ပါရာဇိကဌ်လည်း-သဋ္ဌိစ္စ မနုဿ ဝိဂ္ဂဟံ ဇီဝိတာ ဝေါရောပေယျဟု ပညတ်တော်မူသောကြောင့် လူမှတပါး ပိုးမွှား တိရစ္ဆာန် ဆင် မြင်း ဘီလူးပြိတ္တာ တိရစ္ဆာန်တို့ကိုပင် ရဟန်းတို့ သတ်သော်လည်း လူတို့သင့်မြဲ ပါဏာတိပါတကံသာ ရောက်၍ ပါစိတ် အာပတ် သင့်သည်၊ လူစစ် မဟုတ်၍ ပါရာဇိက မရောက်ဟု ပညတ်တော်မူသည်။

ကျွဲ နွား တိရစ္ဆာန်တို့ကို သတ်လျှင် လူစစ် မဟုတ်၍ ပါရာဇိက မရောက်၊ လူတို့သင့်မြဲ ပါဏာတိပါတကံသာ ရောက်၍ ပါစိတ် အာပတ် သင့်သည်ဟု ဆရာဆိုသော် လူ့ဥစ္စာကို ခိုးသော် ပါရာဇိက ရောက်၏၊ လူမှတပါး နတ် တိရစ္ဆာန်တို့၏ ဥစ္စာကို ခိုးသော် အဒိန္နာဒါန်ကံ မသင့်ရာသလောဟု မေးဘွယ်ရှိ၏၊ တိရစ္ဆာန်တို့ အလိုက် အသာမိကဖြင့် တောထဲတွင်ရှိသည်။ သစ်သီး သစ်ပွင့်တို့ကို သိမ်းမြန်း၍ ထားခြင်းသည် ပရ ပရိဂ္ဂဟိတ မည်၏၊ အဒိန္နာဒါန် သိက္ခာပုဒ်၌ လူ့ဥစ္စာကို အာပတ် သုံးချက်ထား၍ ဘုရားရှင် ပညတ်တော်မူ၏။

လူ့ဥစ္စာမှ တပါး တသိန်း တန်သော သိကြားမင်း၏ ကမ္ဗလာကိုပင် ခိုးသော်လည်း လူ့ဘဏ္ဍာ မဟုတ်၍ ပါရာဇိက မရောက်ဟု ဆုံးဖြတ်တော်မူသည်၊ ပကတိလူတို့ ဒုစရိုက် အဒိန္နာဒါန် လူ့သိက္ခာပုဒ် လွတ်၏ဟု ဘုရားရှင် ဆုံးဖြတ်တော်မူသည်။

ထို့ကြောင့် ၁—ပရ ပရိဂ္ဂဟိတံ-လူတို့ သိမ်းဆည်းသော ဥစ္စာ, ၂—ပရ ပရိဂ္ဂဟိတ သညီ-သူတပါးတို့ သိမ်းဆည်း၏

ဟူသော အမှတ်,၃–ထေယျစိတ္တံ–ခိုးလိုသောစိတ်,၄–ဥပက္ကမော– ခိုးယူအံ့သော လုံ့လပြုခြင်း, ၅– ဟရဏံ– ယူခြင်း၊ ဤမာနိပဉ္စ–ဤငါးပါးတို့သည်၊ အဒိန္နာဒါနသာ–၏၊ အင်္ဂ–တည်း ဟု အဋ္ဌကထာဆရာကျော်တို့ ဆုံးဖြတ်သောကြောင့် လူမှတပါး နတ် တိရစ္ဆာန် သဝိညာဏကတို့ သိမ်းဆည်းသမျှ ဥစ္စာသည် အဒိန္နာဒါန်ကံ မလွတ်ဟု ငါတို့ ယူပေသည်။

အဘယ်ကြောင့် ယူသနည်း ,ဟူမူကား အင်္ဂါ ငါးပါးကို ဆိုရာ၌ လွတ်လျှင် မနုဿ ပရ ပရိဂ္ဂဟိတံဟု ကျမ်းဆရာတို့ ဆိုတန်ရာ၏၊ ဤသို့မဆို ပရ ပရိဂ္ဂဟိတံဟု ဆိုလေသောကြောင့် ငါတို့ ယူပေသည်။

တိရစ္ဆာန်တို့၌ ကာမဂုဏ်ကို အစိုးမရသည် ဖြစ်၍ သူ့မယား ငါ့မယား ဟူ၍ အပိုင်း အခြား မရှိလေသောကြောင့် ပဉ္စသီ ငါးပါးတွင် ကာမေသု မိစ္ဆာစာရမှ လွတ်၏၊ တိရစ္ဆာန်ချင်းပင် ဖြင့်သော်လည်း ၁–ပါဏာတိပါတ ကံကားမလွတ်၊ ၂– အာဒိန္နာဒါန် ကံလည်း မလွတ်၊ ၃–မုသာဝါဒ ကံလည်း မလွတ်၊ ၄–သုရာမေရယ ကံလည်း မလွတ်ဟု ငါတို့ ယူပေ သည်၊ ယူကြောင်းကား အလောင်းတော် ဖြစ်သော တိရစ္ဆာန် တို့ပင်သော်လည်း ပဉ္စသီကို စောင့်၊ သူတပါးတို့ကိုလည်း ဆုံးမ ဟောကြားသည်ဟု ကျမ်းဂန်တို့၌ လာသောကြောင့် ငါတို့ ယူပေသည်။

ရဟန်းတို့မှာ အဒိန္နာဒါန် သိက္ခာပုဒ် ပရိယာယ် ဝေဝုစ်ကို ဆိုကောင်း၏၊ မနုဿ ဝိဂ္ဂဟ သိက္ခာပုဒ် ပရိယာယ် ဝေဝုစ်ကို မဆိုကောင်း၊ အဒိန္နာဒါန် သိက္ခာပုဒ် ပရိယာယ် ဝေဝုစ် ဆိုဟန်

ကား တဦးသော သူ၌ စေခိုင်းအပ်သော သူတပါး ကျွန်သည် ဆင်းရဲလှ၍ ထိုအရှင် သခင်တွင် မပျော်လေသောကြောင့် ရဟန်းအား ပြောလာ၏၊ ထိုအခါ ရဟန်းက ပရိယာယ် ဆိုသည်ကား မည်သည့်သူမှာ စေခိုင်းသော ကျွန်များသည် ဆင်းရဲလှသည်ဖြစ်၍ ထွက်ပြေးကြလေသည်၊ သင်တို့လည်း ယခု ဆင်းရဲကြလေသလောဟု ထို ကျွန်တို့၏ အတင်းကို ပြောလေသောကြောင့် ထိုရဟန်း၏ အထံသို့ လာသော ကျွန်သည် လည်း ထိုရဟန်း ပြောသည့် စကားကို အစွဲပြု၍ ငါတို့ ပြေးမှပင် ငြိမ်းမည်ဟု အမှတ်ပြု၍ ပြေးလေ၏၊ ထိုသို့ ပရိယာယ် ပြောသော ရဟန်းသည် တိုက်ရိုက် ပြေးတော့ဟု မဆိုလေသောကြောင့် အဒိန္နာဒါန်ကံ မသင့်၍ ပါရာဇိက မရောက်။

မနုဿ ဝိဂ္ဂဟ သိက္ခာပုဒ် ပရိယာယ် မလွတ်ကြောင်းကား တစုံ တယောက်သော သူသည် ရဟန်းထံသို့ လာ၍ "မည်သည့် သူသည် အလွန် ဆိုးသွမ်းလှသည်"ဟု ပြောလေ၏၊ ထိုရဟန်း က ထိုသူကို နှိပ်နင်းလိုသော စိတ်နှင့်ပင် "မည်သည့် အရပ် တခုမှာ မည်သူဆိုသူ တယောက်သည် အလွန် ဆိုးသွမ်းလှ သည်ဟု ပြောကြ၍ ထိုသူကို သင် ဆိုးလှသည်ဟုဆို၍ အရပ် သား တယောက်က သတ်ပစ်လေဘူးသည်"ဟု ရဟန်းက လူ့ အတင်းကို ပြောသဖြင့် ဤသူလည်း သတ်၍ပစ်မှ ငြိမ်းမည် အမှတ်ပြု၍ ထိုရဟန်းထံ လာသောသူသည် ထိုဆိုးသွမ်းသော သူကို သတ်၍ ပစ်လေ၏၊ ထိုသို့ ပရိယာယ် ဆိုသော ရဟန်း သည် ပါရာဇိကသို့ ရောက်လေသည်၊ ထိုကိုစွဲ၍ မနုဿ ဝိဂ္ဂဟ

သိက္ခာပုဒ်၌ ပရိယာယ် ဝေဝုစ် မထိုကောင်းဟု ပညတ်တော်မူသည်။

## ၁၅–အာပတ် မသင့်သော်လည်း

လျှောက်သည် ဆရာတော် ရဟန်းတို့၌ အာပတ် မသင့်သော်လည်း အပါယ်ငရဲ ထိုက်သည်၊ မကောင်းမှုကံ ရှိ၏ဟု–ဆိုသည် မှန်ပါ၏လော ဆရာတော်။

လူတို့၌ ကြဉ်ရှောင်အပ်သော ဒုစရိုက်ကား ဆယ်ပါးတည်း၊ ဆယ်ပါးဟူသော်ကား ကာယကံ သုံးပါး, ဝစီကံ လေးပါး, မနောကံ သုံးပါးတည်း၊ ကာယကံ သုံးပါး ဟူသည်ကား ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသု မိစ္ဆာစာရ အားဖြင့် သုံးပါးတည်း၊ ဝစီကံ လေးပါးဟူသော်ကား မုသာဝါဒ, ပိသုဏာဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပ အားဖြင့် လေးပါးတည်း၊ မနောကံ သုံးပါးဟူသော်ကား အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိ အားဖြင့် သုံးပါးတည်း၊ ဤကာယကံ သုံးပါး, ဝစီကံ လေးပါး, မနောကံ သုံးပါးတို့သည် လူတို့ကြဉ်ရှောင်အပ်လေသောကြောင့် ဒုစရိုက် ဆယ်ပါးဖြစ်သည်။

"ပါဏာတိပါတော ဖရုသဝါစာ ဗျာပါဒေါစ ဒေါသမူလေန ဇာယန္တိ"–ဟု ဆိုလေသောကြောင့် ဒုစရိုက် ဆယ်ပါးတွင် ပါဏာတိပါတ, ဖရုသဝါစာ, ဗျာပါဒ–ဤသုံးပါးသည် ဒေါသဇော ပြဋ္ဌာန်းမှ ကမ္မပထ ရောက်သည်၊ ရယ်မြူး ကစားလိုသောကြောင့် ကစားရာတွင် သေခဲ့၏၊ ပါဏာတိပါတကံ မမြောက်၊ ကစားလိုသောကြောင့် နှုတ်သီးက ကြမ်းကြမ်း

တမ်းတမ်း ရှုန့်ရှုန့် ညမ်းညမ်းဆို၏၊ ဖရုသဝါစာ မရောက်၊ ဝစီဘေဒက ချိုချိုသာသာ ထွက်ဆို၏၊ နှလုံးက သေကြေ ပျက်စီးခြင်းကို မနသိကာရပြုလျှင် ဖရုသဝါစာ ရောက်၏၊ "ကာမေသု မိစ္ဆာစာရော အဘိဇ္ဈာ မိစ္ဆာဒိဋ္ဌိ လောဘမူလေန ဇာယန္တိ"—ဟု ဆိုသောကြောင့် ကာမေသု မိစ္ဆာစာရကံ, သူ့ဥစ္စာကို လိုချင်တောင့်တခြင်း အဘိဇ္ဈာကံ, မှားသော အယူကို စွဲလမ်းခြင်း မိစ္ဆာဒိဋ္ဌိကံ—ဤကံ သုံးပါးသည် လောဘ ဇော ပြဋ္ဌာန်းမှ ကမ္မပထ ရောက်သည်။

အိပ်ပျော်သော ရဟန်း၌ပင် မိန်းမတို့ ကျူးလွန်သည်ကို သာယာသော လောဘဇော မရှိခြင်းကြောင့် "အသာဒိယန္တဿ အနာပတ္တိ" ဟူ၍ ပညတ်တော်မူသည်၊ သူ့ဥစ္စာကို လိုချင်ဟန် တောင့်တဟန်ပြု၍ အခွန်းများစွာ နှုတ်က ပြောဆိုသော်လည်း နှလုံးက လိုချင်တောင့်တခြင်း မရှိလျှင် အဘိဇ္ဈာ ကမ္မပထ မရောက်၊ ပရမိဿရ မဟာပိန္နဲ စသော နတ်တို့သာလျှင် လောကီ လောကုတ္တရာ ချမ်းသာကိုသာ ဖြစ်စေတတ်၏၊ သတ္တဝါတို့မှာ ကံဟူ၍ အခြား မရှိပြီ၊ ထိုသို့ နတ်တို့ စီရင်ရာသာ အယုတ် အမြတ် ဖြစ်၏၊ ထိုနတ်တို့ကိုသာ ကိုးကွယ်ရာဟူ၍ အစိုးရသည့် သူတို့က အနိုင်အထက် ပြုခြင်းကြောင့် ကိုးကွယ်ရာ၏၊ ထိုသူတို့ ပြောဆိုတိုင်း ယုံကြည်လျှင် မိစ္ဆာဒိဋ္ဌိ ကမ္မပထ မရောက်။

အဒိန္နာဒါန, မုသာဝါဒ, ပိသုဏဝါစာ, သမ္ဖပ္ပလာပ ဤဒုစရိုက် လေးပါးတို့သည်ကား "သေသေဟိ ဒွိဟိ မူလေဟိ သမ္ဘဝန္တိ"—ဟု ဆိုသောကြောင့် လောဘဇော, ဒေါသဇော နှစ်ပါးကြောင့်ပင် ကမ္မပထ ရောက်သည်၊ သူ့ဥစ္စာကို လိုချင်၍

နှိုးယူလျှင် အဒိန္နာဒါနာကံ ရောက်၏၊ ပျက်စီးစေလို၍ ဖြုန်းတီး ခြင်း ဒေါသနှင့် ခိုးယူခြင်းသည် အဒိန္နာဒါနကံ ရောက်၏၊ ဒုစရိုက် ဆယ်ပါးတွင် သူရာ မေရယ ကံသည်ကား ကာယကံ၌ ဝင်၏၊ ကာယကံ သုံးပါးတွင်လည်း ကာမေသု မိစ္ဆာစာရကံ၌ ဝင်၏၊ ကာမေသု မိစ္ဆာစာရကံကား ဖေါဋ္ဌဗ္ဗာရုံ, သူရာ မေရယကံကား ရသာရုံ အာရုံကွဲလျက် အဘယ်ကြောင့် ဝင်လေသနည်းဟု မေးဘွယ်ရှိ၏၊ သဟတ္တိကကို ပြုခြင်း ရောက်ခြင်း တူသည်၊ ရသာရုံ ဖေါဋ္ဌဗ္ဗာရုံ ခံစားခြင်း၌လည်း လောဘဇောချင်း တူသည်၊ ဇောတူသောကြောင့် ကာမေသု မိစ္ဆာစာရ၌ သွင်းသည်။

သာဟတ္တိကသာ ဖြစ်၍ သူတပါးကို သောက်စေ့သူ့မယား ကို ပြစ်မှားစေဟု စေသော်လည်း သုရာမေရယကံ, ကာမေသု မိစ္ဆာစာရကံ မသင့်၊ ဝစီ ဒုစရိုက် မတ္တမျှသာ ဖြစ်၏၊ ဒုစရိုက် မတ္တမျှ ဆိုသည်ကား အပါယ် ပဋိသန္ဓေ မထိုက်၊ မျိုးမရသေး သော စပါးစေ့ကဲ့သို့ ဖြစ်သည်ဟု မှတ်ရမည်။

ဒုစရိုက် ဆယ်ပါးတို့တွင် အဘိဇ္ဈာ ကမ္မပထ, ဗျာပါဒ ကမ္မပထ နှစ်ပါးကို အာပတ် သင့်စေဟူ၍ ဘုရားရှင် ပညတ် တော် မမူ၊ ပညတ်တော် မမူသော်လည်း သူ့ဥစ္စာကို ခိုးလိုခြင်း တောင့်တခြင်း မှားသောအယူကို စွဲလန်းခြင်းကြောင့် ငရဲမလွတ် သည် ဖြစ်၍ ရဟန်းတို့မှာ အာပတ်သင့်စေဟု ဘုရားရှင် မညတ် သော်လည်း မကောင်းမှုထိုက်သည့်ကံ ရှိ၏ဟု ဆိုသော စကား သည် မှန်၏ ထကာတော်။

## ၁၆-ဒေသနာကြားလျှင် ပျောက်သလား

လျှောက်သည် ဆရာတော် အနာသင့်သောသူကို မန္တန်မန်း၍ ပျောက်သကဲ့သို့ ရဟန်းတို့မှာ အာပတ် ငယ်သာသင့်သော မကောင်းမှုကို ဒေသနာကြားလျှင် ပျောက်သည်ဟု ဝိနည်းတော်လာသည်ဟု ဆို၏၊ မပျောက်လျှင်လည်း ဒေသနာကြားစုမရှိ၊ ပျောက်လျှင် အာပတ် သင့်မည်ကို ကြောက်စုမရှိ၊ ပျောက်၏လော မပျောက်၏လော ဆရာတော်။

ဗိန္ဒော ပဉ္စဘုတ်၌ ကျွမ်းကျင်သော သမားတို့သည် တချို့ သူနာကို မန်းကာမျှ မှုတ်ကာမျှနှင့် ပျောက်စေ၏၊ အချို့ လူနာတို့ကိုလည်း နှာခေါင်း မျက်စဉ်းနှင့်ပင် ပျောက်စေ၏၊ တချို့ လူနာကိုလည်း အထဲဆေးဖြင့် ဆေးကိုတိုက်မှပင် ပျောက် စေ၏၊ တချို့သူနာကိုမူကား ကြမ္မဇ အနာဖြစ်၍ မပျောက်နိုင်၊ အသက်၏ ကုန်ခြင်းသို့ ရောက်ရလေ၏၊ ထို့အတူ တချို့ အာပတ် ငယ်သည် ပဏ္ဏတ္တိဝဇ္ဇကို ဝန်ခံ၍ ဒေသနာ ကြားလျှင်ပင် ပျောက်၏၊ နိဿဂ္ဂိ အာပတ် သုံးဆယ်ကိုလည်း စွန့်အပ်သော ဝတ္ထုကို စွန့်၍ ဒေသနာကြားလျှင်ပင် ပျောက်၏၊ သံဃာ ဒိသိသ် တဆဲ့သုံးပါးကိုလည်း ပရိဝတ် မာနတ် နေ၍ ဝုဋ္ဌာနကံ ပြုလျှင်ပင် ပျောက်၏၊ ပါရာဇိက လေးပါးကိုမူကား ကြမ္မဇ အနာကို ဆေးကု၍ မပျောက်နိုင်သကဲ့သို့ ဒေသနာကံ ဝုဋ္ဌာနကံ ပြု၍ မပျောက်နိုင် ရဟန်းတရားမှ ကင်း၏ဟု မှတ်တော်မူရမည်။

ကော်. အာပတ္တိံ အာပဇ္ဇိတွာ သမ္ဗဟုလာ အာပတ္တိယောတိ၊ ဝိနယကမ္မံ ကရောန္တဿ အာပတ္တိ ဝုဋ္ဌာတိ၊ သမ္ဗဟုလာ

အာပတ္တိယော အာပဇ္ဇိတွာ ကေ ံ အာပတ္တိ ဝိနယကမ္မံ ကရောန္တဿအာပတ္တိ ဝုဋ္ဌာတိ-ဟု ကျမ်းဂန်တို့ ဆိုလေသော ကြောင့် အနာမှထမြောက်ပြီဟု ဆိုလျှင် အနာပျောက်တော့ သည်ဟု မှတ်ရသကဲ့သို့ ထို့အတူ အာပတ်မှ ထမြောက်ပြီဟု ဆိုလျှင် ငရဲမှ လွတ်၏ဟု မှတ်တော်မူရမည်။

တနည်းလည်း ဒုစရိုက် ကမ္မပထနှင့်စပ်၍ သင့်သောအာပတ် တို့ကို ဒေသနာကြားလျှင် ဝတ်နေလျှင် လူထွက်လျှင် အာဏာ တိက္ကမ လွတ်၍ သင့်သည့်အာပတ် ပြေ၏၊ လောကဝဇ္ဇ ဒုစရိုက် အပြစ် ငရဲမှ မလွတ်။

ရဟန်း ပဥ္စင်း နှစ်ယောက်သည် လင်ရှိသော မိန်းမနှင့် တယောက် ပျက်၏၊ လင် မရှိသော မိန်းမနှင့် တယောက် ပျက်၏၊ ထိုနှစ်ယောက် ပျက်ချေပြီဟူ၍ လူထွက်ကြသော် လင်ရှိသော မိန်းမနှင့် ပျက်သော ရဟန်းမှာ အာဏာတိက္ကမ အတွက်သာ-အထမြောက်သည်၊ ပရဒါရကံ-လောကဝဇ္ဇ အပြစ် ကြောင့် ငရဲ ခံရ၏၊ လင် မရှိသော မိန်းမနှင့် ပျက်သော ရဟန်း မှာ ထမြောက်၏၊ ထိုကြောင့် ယာဝ ဂိဟိဘာဝံ န ပဋိဇာနာတိ၊ နဝုဋ္ဌာတိ၊ နဒေသေတိ၊ တာဝ ဒေဝ သဂ္ဂန္တရာယောဟု ဆိုလေ သောကြောင့် . ပါရာဇိက ရောက်လျှင် လူ မထွက်သမျှ သံဃာ ဒိသိသ် သင့်လျှင် ဝတ် မနေသမျှ အာပတ် ငါးပုံသို့ရောက်လျှင် ဒေသနာ မကြားသမျှ အာပတ်မှ မထမြောက်၊ မထမြောက် သမျှ ငရဲ မလွတ် ဖြစ်သည်၊ အာပတ် ခုနစ်ပုံပင် လောကဝဇ္ဇ ဒုစရိုက် ကမ္မပထနှင့် စပ်၍ သင့်သမျှ ဝိနည်းကံပင် ပြုသော် လည်း လောကဝဇ္ဇ လူတို့ရောက်မြဲ ဒုစရိုက် မကျေကြောင်းကိုပင်

"ရဟန်းတို့၌ စရိုက်စသည် ခုနစ်မည်လည်း မည်နည်းကား ကြေ မှည့် မကျေသို့"ဟု ရှင်သီလဝံသ အကျော် စပ်တော်မူသည်၊ လောကဝဇ္ဇ ဒုစရိုက်အပြစ်ကို မည်နည်းပေါ်သာ ကြေသည်၊ မှည့်ဖဟောင်း မကျေသကဲ့သို့ ရဟန်း တယောက် တိရစ္ဆာန်ကို သတ်၏၊ ပါစိတ် အာပတ်သင့်သောကြောင့် ဒေသနာကြားလျှင် ပါစိတ် အာပတ် အတွက်သာ ကြေသည်၊ ပါဏာတိပါတ ကံအတွက်မူကား ငရဲ မလွတ်ဟု မှတ်တော်မူရမည်တကာတော်။

## ၁၇—ရှင်ရဟန်း မပြုအပ်သူ

လျှောက်သည် ဆရာတော် ရဟန်းတို့မှာ အခါခပ်သိမ်း ကုသိုလ်တရားကို ပြုကောင်းပါလျက် စာမသင်ကောင်း, ပဋ္ဌာန်း မခံကောင်း, သာမဏေ မပြုကောင်းသည့် အခါကာလကို ဘုရား ပညတ်တော်ရှိသည်ဟု ဆို၏၊ ထိုသို့ပညတ်တော်မူခြင်းသည် မှန်ပါ၏လော ဆရာတော်။

ရဟန်းတို့အား ဝါဆိုကာနီး ကာလ၌ ဝါဆိုဝတ်ကို မပြည့်မစုံဘဲလျက် သာသနာတော် စီးပွားကို ပြုလိုဟန် စာ သင်ခြင်း, ပဋ္ဌာန်း ခံခြင်း, သာမဏေ ပြုခြင်းတို့ကို မပြုအပ်၊ မပြုအပ်ကြောင်းကို ဥဒ္ဒေသော န ကာတဗ္ဗော၊ န ဥပသမ္ပာဒေ တဗ္ဗောဟု ဟောတော်မူသောကြောင့် ဝါဆိုဦး ကာလ၌ ဝါဆိုရဟန်းတို့ ပြုရသော ဝါဆိုဝတ်ရှိသည်ကို မပြု၊ မပြည့်စုံဘဲ

စာသင်ခြင်း, ပဋ္ဌင်းခံခြင်း, သာမဏေပြုခြင်းတို့ကို မပြုအပ်ဟု ပညတ်တော်မူသည်ကား မှန်၏ တကာတော်။

## ၁၇-အအိပ်ကြူးအပြစ်လွတ်

လျှောက်သည် ဆရာတော် ရဟန်းတို့မှာ အိပ်ပျော်ကြူးလှသော ရဟန်းအား အာပတ်လွတ်၏၊ နိုးကြားခြင်းရှိသော ရဟန်းအား အာပတ်သင့်၏ဟု ဘုရားရှင် ပညတ်တော်မူသည်ဟု ဆိုသည်ကား မှန်ပါ၏လော ဆရာတော်။

ပရိဝတ်နေသော ရဟန်း နှစ်ပါးတို့သည် ဝတ်ဆောက်တည်ပြီးမှ အာရာမ် အနီးသို့ အခြားသော သံဃာတို့ ရောက်လာသည်ကို အိပ်မပျော်သော ရဟန်း၏ အနီးသို့ ရောက်လာသော ကြောင့် အသံကြား၍ သိ၏၊ ထိုသို့သိလျက်ကို ဝတ် မကြား မိလိုက်သောကြောင့် ဝတ္တ ဘေဒ ဒုက္ကဋ် အာပတ် သင့်၏၊ ရတ္တိစ္ဆေဒ ဖြစ်၍ ထိုညဥ့်သည် ပြတ်၏၊ အိပ်ကြူးသော ရဟန်းမူကား အသံကို မကြားသောကြောင့် ဝတ္တ ဘေဒ ဒုက္ကဋ် အာအတ်လည်း မသင့်၊ တဆယ့် နှစ်တောင် ဟတ္ထပါသ် အတွင်းသို့ အာဂန္တုက ရဟန်း မရောက်လာသောကြောင့် ရတ္တိစ္ဆေဒ လည်း မဖြစ်သောကြောင့် ထိုအိပ်ကြူးလှသော ရဟန်းသည် အာပတ်လွတ်၏၊ နိုးကြားလျက်ရှိသော ရဟန်းကား အာပတ် သင့်စေဟု ပညတ်တော်မူသည်ကား မှန်၏ တကာတော်။

## ၁၉—ရဟန်းတို့ ဥပုသ်နေ့

လျှောက်သည် ဆရာတော် ရဟန်းတို့ ဥပုသ်နေ့သည် တနှစ်ကို သုံးလရှိသည်ဟု ဝိနည်းတော်၌ လာကြောင်းကို ဆိုသည်ကား မှန်မည်လော ဆရာတော်။

ရဟန်းတို့ ဥပုသ်သည် တနှစ်ကို ပန္နရသီ ဥပုသ် တဆယ့်ရှစ် ဥပုသ်, စာတုဒ္ဒသီ ဥပုသ် ခြောက် ဥပုသ် အားဖြင့် တနှစ်ကို နှစ်ဆယ့်လေး ဥပုသ်သာ ပညတ်တော်မူသည်၊ ရဟန်းတို့ မညီမညွတ် အဓိကရုဏ်း ဝိဝါဒ ဖြစ်ရာတွင် ဥပုသ်ကံ ပြတ်၍ ဥပုသ် မပြုရကုန်သည် ဖြစ်၍ ရဟန်းတို့ ညီညွတ်သောအခါ သာမဂ္ဂ သမောဓါန ဖြစ်ကြလျှင် မည်သည့်နေ့ဟူ၍ မရှိ ဥပုသ် လပ်နေသောကြောင့် သီးသာ ညီညွတ်သည့်နေ့ သာမဂ္ဂီ ဥပုသ်ပြုစေဟု ပညတ်တော်မူပြန်သောကြောင့် တနှစ်ကို ရက်ပေါင်း ၃၆၀-ဖြစ်၍ ဥပုသ်နေ့ သုံးရာ့ခြောက်ဆယ် ဖြစ်သည်ဟု မှတ်တော်မူရမည်။

ရဟန်း ဥပုသ်, လူတို့ ဥပုသ်ဟူ၍ နှစ်ပါးရှိသည်၊ ဥပေါသထ ပါဠိကို စွဲ၍ ဥပုသ် ဆိုသည်၊ ဥပေါသထ ပါဠိ၏ အဓိပ္ပါယ်ကား ငြိမ်းသည်ကို ဆိုသည်၊ ငြိမ်းဟန်ကား—ရဟန်း နှစ်ပါးသည် တယောက်သည် တယောက်ကို စင်ကြယ်၏လော၊ မစင်ကြယ်၏လော—ဟု ယုံမှားခြင်း ရှိသည်ဖြစ်၍ စင်ကြယ်ကြောင်းကို—"ပရိသုဒ္ဓေါ အဟံ ဘန္တေ ပရိသုဒ္ဓေါတိ မံ ဓာရေထ"၊ ဘန္တေ-အရှင်ဘုရား၊ အဟံ-သည်၊ ပရိသုဒ္ဓေါ-စင်ကြယ်၏၊ ပရိသုဒ္ဓေါတိ-စင်ကြယ်၏ဟူ၍၊ မံ-ကို၊ ဓါရေထ-မှတ်တော်မူ

ကုန်လော-၊ ရဟန်း တပါးက မစင်ကြယ်ဘူး ထင်၍ ယုံမှားခြင်း ရှိသည်ကို စင်ကြယ်၏ဟု ရဟန်း တပါးက ဝန်ခံ၍ ငြိမ်းစေသည် ကို စွဲ၍ ရဟန်းတို့ ဉပုသ်ဟု ဆိုသည်။

လူတို့ဉပုသ်သည်ကား နေ့တိုင်း နေ့လွဲ ညဥ့်စာ စားမြဲ ကမြဲ သီမြဲ နံ့သာလိမ်းမြဲ ပန်းပန်မြဲ မြင့်မြတ်သော နေရာ၌ အိပ်နေ မြဲသော သူတို့သည် ဉပုသ် ဆောက်တည်ဆဲသော နေ့၌ နေ့လွဲ ညဥ့်စာ စားခြင်း၌ တပ်သော လောဘ, ကခြင်း သီခြင်း တီးမှုတ်ခြင်း နံ့သာလိမ်းခြင်း ပန်းပန်ခြင်း၌ တပ်သောလောဘ, မြင့်မြတ်သော နေရာတို့၌ အိပ်ခြင်း နေခြင်းငှါ တပ်သော လောဘ ဤလောဘ ကိလေသာ အပေါင်းတို့သည် ဉပုသ် ဆောက်တည်သော သူတို့၌ ငြိမ်းစေတတ်သောကြောင့် ထို သီလကို ဉပေါသထ သီလဟု ဆိုသည်၊ ရဟန်းတို့၌ ဉပုသ်သည် ကား မိမိကို သူတပါး ယုံမှားရှိသော ဝိစိကိစ္ဆာကို ငြိမ်းစေ တတ်၏၊ ဤမျှသာ လူ့ဉပုသ် ရှင့်ဉပုသ် ကွဲပြားသည်ဟု မှတ်တော်မူရမည်။

## ၂၀-ရန်ဖြစ်သော ရဟန်းလေးပါး

လျှောက်သည် ဆရာတော် ဝိနည်းတော်မှာ ရဟန်း တထောင်ပင် ရှိသော်လည်း လေးပါးသာ ရန်ဖြစ်ရိုး ရှိသည်၊ သည့်ထက် ပိုမို ကျူးလွန်၍ မဖြစ်ဟု ဆိုသည် ကား မှန်၏လော ဆရာတော်။

ရဟန်းချင်း ခိုက်ရန်ဖြစ်ပွားရှိသည်ကား ဝိဝါဒါဓိကရဏ, အနုဝါဒါဓိကရဏ, ကိစ္စာဓိကရဏ, အာပတ္တာဓိကရဏ- ဟူ၍ လေးပါးရှိ၏၊ ထိုလေးပါးတို့တွင် အထူးထူး အပြားပြား တယောက်နှင့် တယောက်ကို ဆန့်ကျင်သော စကားကို ဆိုရာတွင် ရန်ဖြစ်ခြင်းသည်ကား ဝိဝါဒါဓိကရဏ မည်၏။

ရဟန်း နှစ်ဦး အယူကွဲ၍ ပြောဆိုရာတွင် အခြား ရဟန်းက မည်သည့် အယူသာ မှန်၏—ဟူတ်၏ဟု လိုက်၍ ဆိုရာတွင် ရန်ဖြစ်သည်ကား အနုဝါဒါဓိကရဏ မည်၏။

သံဃကိစ္စ ဆောင်လုပ်ရန် စည်းဝေးရာတွင် အမှုလုပ်ခြင်းကိစ္စ မညီညွတ်၍ ရန်ဖြစ်ခြင်းသည်ကား ကိစ္စာဓိကရဏ မည်၏၊

မညီညွတ်သည့် အမှုကိုပြုလျှင် အာပတ်သင့်၏၊ မသင့်၊ အပ်၏၊ မအပ်၏ဟု ဆိုကြရာတွင် ရန်ဖြစ်ခြင်းသည်ကား အာပတ္တာဓိကရဏ မည်၏။

ဤအဓိကရုဏ်း လေးပါးကိုရည်၍ "ရဟန်း တထောင်ပင် နေသော်လည်း ရန်ဖြစ်ရိုး လေးပါးသာရှိသည်"—ဆိုသည်၊ထိုသို့ ဆိုသောကြောင့် ဝိနည်းဓိုရ် ဆရာသည်လည်း အဓိကရုဏ်း လေးပါးတို့တွင် မည်သည့် အဓိကရုဏ်းသာ မူလဖြစ်သည်ဟု တရားအဖြစ်ကို စိစစ်၍ စီရင်ရမည်၊ ထိုသို့ စီရင်တတ်မှလည်း ဝိနည်းဓိုရ် လက္ခဏာနှင့် ညီမည်၊ ရဟန်း နှစ်ဦးသည် မည်သည့် အရာကို ပြုလျှင် အာပတ် သင့်မည်၊ မသင့်မည်ကို အစီရင်ခံစေဦး၍ ထိုသူတို့ မူလဖြစ်ရင်း အဓိကရုဏ်း လေးပါးတွင် မည်သည့် အချက်ကို စွဲ၍ ဖြစ်သည်ဟု တရား၏ အခြေအမြစ်ကို စစ်ဆေး၍ ရှေးဖြစ် နောက်ဖြစ် မူလ လက္ခဏာကို ချင့်ထောက်၍ ဆုံးဖြတ် စီရင်ရမည်။

ဝိဝိဒံ ဝါဒံ ဝဒန္တိ ဧတာယာတိ–ဝိဝါဒေါ၊

အဓိကံ–ကရဏံ–

ဝိဝါဒဿ တံ အဓိကရဏဉ္စာ ဝိဝါဒါဓိကရဏံ၊

အနု ဝဋ္ဋေတွာ ဝဒန္တိ ဧတာယာတိ အနုဝါဒံ၊

အနုဝါဒဿ တံ အဓိကရဏဉ္စာတိ အနုဝါဒါဓိကရဏံဟု ဝစနတ္ထ ပြုရမည်၊ ကိစ္စာဓိကရဏ, အာပတ္တာဓိကရဏတို့၌လည်း အတူပင် ဝစနတ္ထ ပြုရမည်၊ အဓိကရုဏ်း လေးပါးတို့တွင် တပါးပါး ဖြစ်သော ရန်ကို ငြိမ်းစေရာသည်ကား သမထ ခုနစ်ပါးတည်း။

သမထ ခုနစ်ပါး ဟူသည်ကား–သမ္မုခါ ဝိနယလည်း တပါး, သတိ ဝိနယလည်း တပါး, အမူဠှဝိနယလည်း တပါး, ပဋိညာ ကာရဝိနယလည်း တပါး, ယေဘုယျသိကလည်း တပါး, ပါပိယသိကလည်း တပါး, တိဏဝတ္ထာရကလည်း တပါး, ဤသို့အားဖြင့် ခုနစ်ပါး ဖြစ်သတည်း။

ထိုခုနစ်ပါးတို့တွင် သမ္မုခါ ဝိနယ ဟူသည်ကား အမှုသည် မျက်မှောက်၌ သံဃာ စစ်ကြော စီရင်၍ ငြိမ်းစေသတည်း။

သတိ ဝိနယ ဟူသည်ကား ဤအမှု အရာကို ပြုမည့်သူမဟုတ်၊ သတိလွတ်မည့် ပုဂ္ဂိုလ် မဟုတ်ပြီဟု သတိ ဝိနယဖြင့် ဆုံးဖြတ် ပေး၍ ငြိမ်းစေသည်တပါး။

အမူဠှ ဝိနယ ဟူသည်ကား ရူးသွပ်၍ ဘာမှန်း မသိသော ကြောင့် သိက္ခာပုဒ် ကျူးလွန်သည်ဟူ၍ မစောဒနာစေနှင့်ဟု ဆုံးဖြတ် စီရင်၍ ငြိမ်းစေသည် တပါး။

ပဋိညာကာရ ဟူသည်ကား ဤအရာကို ပြုမိချေသည်ဟု ဝန်ခံ၍ ငြိမ်းစေသည် တပါး။

ယေဘုယျသိက ဟူသည်ကား သံဃာအများ သဘောတူရာ တရားနှင့် ညီညွတ်သောကြောင့် သံဃာအများ ဆုံးဖြတ်ရာ တည်စေဟု စီရင်၍ ငြိမ်းစေသည် တပါး။

ပါပိယာသိကာ ဟူသည်ကား သံဃာတို့ အပြစ်ကို စစ်ကြော မေးပြုရာ ဝန် ခံချည်တခါ၊ ဝန် မခံချည်တခါ၊ ရှေ့ဆို နောက်ပျက် အထွက်ထွက် အဝင်ဝင် ရှိလေသောကြောင့် သူယုတ်ဖြစ်သည်ဟု သံဃာမှ အပပြု၍ နေစေဟု ဒဏ်ပေး၍ ဆုံးဖြတ်စီရင်သည်လည်း တပါး။

တိဏဝတ္ထာရက ဟူသည်ကား စကား အကျယ် အပွား အများအားဖြင့် စစ်ဆေး မေးမြန်းကြသော်လည်း ထိုသူ ပြောဆိုသည့် အရာတိုင်း၌ပင် ပါရာဇိက, သံဃာဒိသိသ်, ဂိဟိ သံသဋ္ဌ ဟူသော အမြွက် အရိပ်တို့ မထင် မသက်၊ ဒုက္ကဋ်, ပါစိတ် မျှလောက်သာ ထင်၏၊ ထိုသူ ဆိုသမျှကို မပျောက်စေဘဲ အမှုကို ဝန်ခံ၍ ငြိမ်းကြစေဟု ဆုံးဖြတ် စီရင်သည်လည်း တပါး။

ဤခုနှစ်ပါးသည် ရဟန်းတို့၏ တရား သင်းချိုင်း ခုနစ်ရပ်လည်း မည်၏၊ တရား ခုနစ်ရပ်လည်း မည်၏၊ သမထ ခုနစ်ပါး လည်း မည်၏၊ တရားသေ ခုနစ်ရပ်သို့ ရောက်လေပြီးသည့် ရဟန်းတို့ကို အဓိကရုဏ်း တဘန် ပြန်၍ ဆိုပြန်ရသည်ကိုလည်း ဆိုရပြန်ပေပြီဟူ၍ ဝမ်း မသာရာသည်၊ သာသနာတော်၏ အစည်း အဝေး အညီ အညွတ် သမဂ္ဂ သမောဒါန, ဧကုဒ္ဒေသ, ဧကူပေါသထ ပျက်၍ သာသနာတော် ယိုယွင်း နွမ်းပါးလို၍ ဖြစ်ပြန်သည်ဟု မှတ်တော်မူရမည်။

လူတို့မှာလည်း ဥစ္စာပစ္စည်း သား မယား အသုံးအဆောင် အပြော အဆို အနေအထိုင်တို့ကို စွဲ၍ ကိုယ်ထိ လက်ရောက် ခိုက်ရန် ဖြစ်ပွားခြင်းရှိသော် တရားသူကြီးတို့က တဆယ့်ရှစ်ရပ် သော မမှုသတ်ခန်းတွင် မည်သည့်အခန်း အပိုင်း၌ ဝင်သင့် သည်ဟု တရား အမြစ် အရင်းကို ရှာ၍ စီစစ် ရမည်၊ ထို တရား အမြစ်ကို ရှာ၍ စီရင်တတ်မှသာလျှင် တရားသူကြီး မည်သည်၊ ရှေး ပညာရှိတို့သည်လည်း လူတို့မှာ အချင်းဖြစ်ရာ သည့် တရား အမြစ် တဆယ့်ရှစ်ခန်း ရှိသည်၊ တရား ပြီးငြိမ်း ရာသည်လည်း တရား သင်းချိုင်း လေးရပ် ရှိသည်ကို ရည်၍— "ဗိုလ်များသနင်း မင်းလည်းဖြတ်ထွေ ရေလည်းဖြတ်ရာ ရွာလည်းဖြတ်တုံ သူတို့ယုံသား ဤလေးပါးကို တရားအသေ သမုတ်လေ၏"—ဟု စပ်တော်မူသည်၊ ထိုသို့ စပ်တော်မူသော လင်္ကာ၌ အဓိပ္ပါယ် သရုပ်ကား ရေ မြေကို အစိုးရသော အရှင် ကေရာဇ်က မည်ကဲ့သို့ ဖြစ်စေဟူ၍ အမိန့်တော်နှင့် ဖြတ်သည်လည်း တပါး၊ နှစ်ဦး စကားကို အပြီး အဆုံး ရောက်အောင် ကောက်ချက် မချနိုင်သောကြောင့် နှစ်ဦး အဆိုကို ချုပ်၍ သစ္စာ ဓိဋ္ဌာန် ပြုစေလျက် ရေသို့ချ၍ ပြီးသည် လည်း တပါး၊ တရား၌ ကျွန်းကျင် နားလည်သူ တရားသူကြီးတို့ စီရင် ကောက်ချက်ချသည်ကို သဘောတူပါသည်ဟူ၍ မျက်နှာ စုံညီ နှစ်ဦး နှစ်ဘက်တို့ လက်ဘက် စား၍ ဖြတ်စာ ချ၍ ပြီးပြတ်သည်လည်း တပါး၊ ရွာကို အစိုးရသော တရားသူကြီး ကို ရည်၍ ရွာလည်းဖြတ်တုံးဟူ၍ ဆိုသည်၊ သူ့ကိုယုံ၏ ဆိုရာ၌လည်း နှစ်ဦးတို့ တဘက် တလမ်း ဆိုနေရာတွင် နှင်ဆိုသော စကား မှန်၏ဆိုလျှင် ငါ နှင့်စကားကို ယူတော့

မည်၊ နှင့် သစ္စာ ဆိုလေတော့ဟု တဘက်သားက သက်သေ သာဓက ဆောင်လုပ်ရန် ပြု၍ တဘက်သားက ကျမ်းကိုင်၍ ပြီးသည်လည်း တပါး၊ ဤသို့အားဖြင့် လေးပါးတည်း။

ထိုလေးပါးသည် တရားသေ လေးရပ်လည်း မည်၏၊ တရားသင်းချိုင်း လေးရပ်လည်း မည်၏၊ ထိုသို့မည်သော တရားသေ လေးရပ်, တရားသင်းချိုင်း လေးရပ်သို့ ရောက်လေပြီးသော တရားကို တဘန် ပြန်၍ မဆိုရပြီ၊ အဘယ့်ကြောင့်နည်း ဟူမူကား သေသောကြောင့် သင်းချိုင်းသို့ ပစ်လေပြီးသော အကောင်သည် အိမ်သို့ ပြန်၍ မတက်လေ သကဲ့သို့တည်း၊ သုသာန် သင်းချိုင်းသို့ ရောက်လေပြီးသည့် သူကောင် ပြန်၍ အိမ်သို့ တက်လာပြန်လည်း ပြန်လာပြီဟု ဝမ်းမမြောက်ရာ၊ ဘုတ် ဘီလူး ဝင်၍ ပြန်လာရာသည်၊ ဤသို့ ပြန်လာပြန်လည်း ရပ်ရွာ အိမ်တို့ ပျက်စီးလို၍ လာပြန်သည်ဟု မှတ်ရမည်၊ ထို့အတူ တရားသေ လေးရပ်သို့ ရောက်ပြီးသော တရားကိုလည်း တဘန် ပြန်၍ ဆိုပြန်ရသည်ဟု ဝမ်း မမြောက် ဝမ်း မသာနှင့်တော့၊ ဤကဲ့သို့ ပြန်၍ ဆိုပြန်လျှင်လည်း ဤအခါ အရပ် ဒေသ မြို့ ရွာ မင်္ဂြိမ် ပျက်စီးလိုသောကြောင့်သာ ဖြစ်သည်မှတ်တော်မူရမည်။

သက်သေ သာဓက ကျမ်း သစ္စာ ကျိန်ဆိုရာ၌ ဆိုသောသူ တဘက်သားသည် ကျိန်ဆိုရသည့် အတွင်းတွင် လဲ၍ပင်သော်လည်း ကျိန်ဆိုသူ တရားအောင်စေ၊ အရှုံး မပေးရာ၊ အဘယ့်ကြောင့်နည်း ဟူမူကား တဘက်သား သာဓက ဆောင်စဉ်ကလည်း မဆိုဝံ့ပါမှ ငါယူရမည်၊ သင် ဆိုဝံ့လျှင် ငါ့ဥစ္စာကို

အဆုံး ခံမည်၊ သင် သေကြေ ပျက်စီးသို့ ရောက်တန်ရာ၏၊ သေကြေ ပျက်စီးလျှင် ငါ့စိတ် ပြေတော့သည်ဟု ဥစ္စာကို စွန့်၍ ကျိန်သစ္စာ ဆိုစေသောကြောင့် အရှုံး မပေးသင့်ဟု ဆရာတော် ယူသည် ဟကာတော်။

## ၂၁-အံ့ကြီးရှစ်တန်-ကံကြီးလေးပါး-မှားကြီးလေရပ်

လျှောက်သည် ဆရာတော် ဝိနည်းတော်မှာ အံ့ကြီး ရှစ်တန်, ကံကြီးလေးပါး, မှားကြီးလေးရပ် ဟု ဆိုခြင်း သည် မသည့် အချက်များကိုပင် ဆိုသနည်းဆရာတော်။

ဝိနည်းတော်၌ လာသော ပရိယတ္တိ သာသနာ, ပဋိပတ္တိ သာသနာ, ပဋိဝေဓ သာသနာ၊ ဤသာသနာတော်၌ အံ့ကြီး ရှစ်ပါး ရှိသည်ကိုပင်အံ့ကြီး ရှစ်တန်ဟု ဆိုသည်၊ ရဟန်း သံဃာ တို့သာ ပြုရသည့်ဉတ္တိ ကံ, ဉတ္တိ ဒုတိယ ကံ, ဉတ္တိ စတုတ္ထ ကံ, အပလောကနကံ၊ ဤကံလေးပါးကိုပင် ကံကြီးလေးပါးဟု ဆို သည်၊ ရဟန်းတို့၌ ပါရာဇိက, သံဃာဒိသိသ်,¹ ထုလ္လစည်း, ပါ့ဋိဒေသနီ,ဒုက္ကဋ္ဌ,ဒုဗ္ဘာသိ, ပါစိတ်၊ ဤအာပတ် ခုနစ်ပုံသည် ပညတ်တော်မူသည့်အတိုင်း ပါရာဇိကလေးပါးသို့ ရောက်သော ရဟန်းသည် ဆေးဖြင့်ကုသ၍ မဖြစ်နိုင်သော ကြမ္မဇ အနာ ရောက်သော သူသည် ဘဝတပါးသို့ ပြောင်းသွားရခြင်း ဧကန် မုချမှန်သကဲ့သို့ ထိုအတူ ပါရာဇိက လေးပါးသို့ ရောက်သော ရဟန်းသည်လည်း ဝိနည်းဟု ဆေးဖြင့် ကုသ၍ မပျောက်နိုင်ပြီ၊

သာသနာတော်၌ ရဟန်း ပဋ္ဌင်း အဖြစ်ဖြင့် ဤဘဝတွင်ပင် မထိုက်ပြီ၊ လူ၏ အဝတ်ကိုလည်း ဝတ်ရမည်၊ ကေန် မုချ မှန်ချေ သောကြောင့် ပါရာဇိက လေးပါးကို မှားကြီး လေးရပ်ဟု ဆိုသည်၊ အံ့ကြီး ရှစ်တန် ဆိုသည်ကား မဟာသမုဒြာ၌ အံ့ဘွယ် ရှစ်ပါး ရှိသကဲ့သို့ ထို့အတူ သာသနာတော်၌လည်း အံ့ဘွယ် ရှစ်ပါး ရှိသည်။ ရှစ်ပါးရှိဟန်ကား—

၁–မဟာသမုဒြာ၌ အစဉ်နက်ခြင်း, ချိုင့်ဝှန်းခြင်းသည်လည်း အံ့ဘွယ်တပါး ရှိသကဲ့သို့ ထို့အတူ ဘုရားရှင် သာသနာတော် သည်လည်း ပညတ်တော်မူသော အနုပုဗ္ဗ သိက္ခာ, အနုပုဗ္ဗ ကိရိယာ,အနုပုဗ္ဗ ပဋိပဒါနှင့် ပြည့်စုံသည်လည်း အံ့ဘွယ်တပါး—

၂–မဟာသမုဒြာ၌ ကမ်းကိုလွှမ်း၍ ရေ မတက်နိုင်သည် လည်း အံ့ဘွယ်တပါး ဖြစ်သကဲ့သို့ ထို့အတူ ဘုရားရှင် သာသနာ တော်၌လည်း မဂ်ဖိုလ်ကို ရကုန်သော အရိယာ သံဃာတော် တို့သည်ပညတ်တော်မူသော သိက္ခာပုဒ်တို့ကို မကျူး မလွန် ခြင်းသည်လည်း သာသနာတော်၏ အံ့ဘွယ်တပါး—

၃–မဟာသမုဒြာ၌ ကျသော အကောင်ပုပ်တို့သည် မြင့်ရှည်စွာ မတည် မနေနိုင်အောင် လှိုင်းတံပိုးတို့ ပုတ်ခတ်သဖြင့် ကမ်း၌ တည်ရခြင်းသည်လည်း အံ့ဘွယ်တပါး ဖြစ်ရသကဲ့သို့ ထို့အတူ ဘုရားရှင် သာသနာတော် အတွင်း၌ သိက္ခာကင်း၍ ဒုဿီလဖြစ်ကုန်ပြီးသော ပုဂ္ဂိုလ်တို့သည် မြင့်ရှည်စွာ မတည် မနေနိုင်၊ လူ့အဖြစ်သို့ ရောက်ရခြင်းသည်လည်း သာသနာ တော်၏ အံ့ဘွယ်တပါး–

၄-မြစ်ကြီး ငါးသွယ် မြစ်ငယ် ငါးရာတို့မှ စီးဆင်းလာသော ရေတို့သည် မဟာသမုဒ္ဒရာတည်းသို့ ရောက်လျှင် ရှေးအမည်ကို စွန့်၍ မဟာဗလဝရေဟူ အမည် တွင်ရခြင်းသည်လည်း မဟာသမုဒ္ဒရာ၌ အံ့ဘွယ် တပါး ဖြစ်သကဲ့သို့ ထို့အတူ ဘုရားရှင် သာသနာတော်တွင်း၌ ဝင်၍ အထူးထူးသော အမျိုးတို့မှ လာ၍ ရဟန်းပြုလျှင် ရှေး အမျိုး အစဉ်အဆက်ကို စွန့်၍ သာကီဝင် မင်းမျိုး တမျိုးတည်းသာ အမည် တွင်ရခြင်းသည်လည်း သာသနာတော်၏ အံ့ဘွယ်တပါး—

၅-မဟာသမုဒ္ဒရာရေတို့သည် မိုး ခေါင်သည် ဟူ၍လည်း မလျော့၊ မိုး ကောင်းသည်ဟူ၍လည်း မတိုး၊ တလဲလဲ တည်မြဲရင်း ရေသာ ရှိရခြင်းသည်လည်း အံ့ဘွယ်တပါး ဖြစ်ရသကဲ့သို့ ထို့အတူ ဘုရားရှင် သာသနာရော်၌လည်း ရဟန်းပြု၍ နိဗ္ဗာန ဓာတ်သို့ ရောက်ကြလေကုန်၏၊ ထိုသို့ ရောက်ကုန်သော်လည်း လျော့သည် ကုန်သည်ဟူ၍ မရှိရခြင်းသည်လည်း သာသနာတော်၏ အံ့ဘွယ် တပါး-

၆-မဟာသမုဒ္ဒရာ၌ ရေ၏ အရသာသည် ငံသော ဆားရေ အရသာ တပါးတည်းသာ ရှိရခြင်းသည်လည်း အံ့ဘွယ် တပါး ဖြစ်သကဲ့သို့ ထို့အတူ ဘုရားရှင် သာသနာတော်တွင်း၌ ဝိမုတ္တိရသ အကျွတ်တရားကို ရခြင်း အကျိုး တပါးသာ ဖြစ်ရခြင်းသည်လည်း သာသနာတော်၏ အံ့ဘွယ် တပါး-

၇-မဟာသမုဒ္ဒရာ၌ ရတနာမျိုး ခုနစ်ပါး ရှိရခြင်းသည်လည်း အံ့ဘွယ်တပါး ဖြစ်ရကဲ့သို့ ထို့အတူ ဘုရားရှင် သာသနာတော်တွင်း၌လည်း သတိပဋ္ဌာန် ၄-ပါး, သမ္မပ္ပဓာန် ၄-ပါး,ဣဒ္ဓိပါဒ်

၄-ပါး, ဇုလ္လနွေ ၅-ပါး, ဗိုလ် ၅-ပါး, ဗောဇ္ဈင် ၇-ပါး, မဂ္ဂင် ၈-ပါး တည်းဟူသော ဗောဓိ ပက္ခိယ တရား သုံးဆယ့် ခုနစ်ပါးနှင့် ပြည့်စုံခြင်းသည်လည်း သာသနာတော်၏ အံ့ဘွယ် တပါး—

၈—မဟာသမုဒ္ဒရာ၌သာလျှင် တိမိရ တိပိင်္ဂလ စသော ငါးကြီးတို့သည်သာ တည်ရာကို ရခြင်းသည် အံ့ဘွယ် တပါး ဖြစ်သကဲ့သို့ ထို့အတူ ဘုရားရှင် သာသနာတော်တွင်း၌ အရိယာမဂ်ကို ရကုန်သော အရိယာမဂ် သံဃာတော်တို့သာလျှင် မစွန်း မငြိ မနှောင့်မယှက် တည်ရာကို ရချေခြင်းသည်လည်း သာသနာ၏ အံ့ဘွယ် တပါး-၊ ဤသို့လျှင် မဟာသမုဒ္ဒရာနှင့် သာသနာတော်၌ အံ့ဘွယ် ရှစ်ပါး တူဟန်ကို သိအပ် မှတ်အပ်ကုန်၏။

## ၂၂-ဆဲ၍မသင့်-လွဲ၍သင့်

လျှောက်သည် ဆရာတော် ဝိနည်းတော်၌ ဆဲ၍ အာပတ် မသင့်၊ လွဲ၍ အာပတ်သင့်သည်၊ လွဲ၍ အာပတ် မသင့်၊ ဆဲ၍အာပတ်သင့်သည်ဟု ပညတ်ရှိသည်ဟု ဆိုရာ မှန်သည်လော ဆရာတော်—။

ရဟန်း နှစ်ယောက် အချင်း ဖြစ်ကြ၍ တယောက်ကို တယောက် ကျွန်မသား သပေါက်သားဟု ဆဲရေးကြ၏၊ဆဲရေးခြင်းကြောင့် အက္ကောသ ပါစိတ် အာပတ် မသင့်၊ ကျွန်မှတ်လေစေသောဟု နှလုံး သွင်းသောကြောင့်ကား မုသာဝါဒ ပါစိတ်

အာပတ်သင့်၏၊ ဤကိုရည်၍—"ဆဲ၍ အာပတ် မသင့်၊ လွဲ၍ အာပတ်သင့်သည်"ဟု ပညတ်တော်မူသည်။

ရဟန်း တယောက်မူကား သူတပါးကို ကျွန် မှတ်လေစေဟု နှလုံး မသွင်းဘဲ ဆဲရေးခြင်းကိုသာ အကြောင်းပြု၍ ကျွန် မဟုတ်ဘဲကို ကျွန်သားဆို၍ ဆဲ၏၊ ဆိုရဟန်းသည် ဆဲရေးခြင်း ကြောင့် အက္ကောသ ပါစိတ် သင့်စေ၊ လွဲခြင်းကြောင့် မုသာ ဝါဒ ပါစိတ် အာပတ် မသင့်စေနှင့်ဟု ပညတ်တော်မူသည်၊ ဤကိုရည်၍-"လွဲ၍ အာပတ် မသင့်၊ ဆဲ၍ အာပတ် သင့်သည်" ဟုဆိုသည်။

## ၂၃-သာ၍ မြတ်သော အကျိုးများ

လျှောက်သည် ဆရာတော် ရဟန်းကို ဆွမ်းလှူ လျှင်လည်း ဆွမ်းအကျိုးသာ မြတ်သည်၊ ဆွမ်း အကျိုး ထက် ကြီးသည် မရှိဟု ဟောတော်မူကြ၏၊ ကျောင်းကို လှူလျှင်လည်း ကျောင်း အကျိုးထက် ကြီးသည် မရှိဟု ဟောတော်မူကြ၏၊ ပံသုကူ သင်္ကန်းကို လှူလျှင်လည်း ပံသုကူ သင်္ကန်း အကျိုးသာ ကြီးလှသည်ဟု ဟောတော် မူကြသည်၊ တရားတော်ဖြစ်၍ မဆိုသာချေ၊ လောက စကား ဖြစ်လျှင် ပုဗ္ဗာပရမညီ ရှေ့ဆို-နောက်ဆို မမှန် မကန်ပင် ဖြစ်သည်ဟု- ဆိုပါရ၏၊ ယခုမူကား ဘုရားရှင် တို့ စကား နှစ်ခွန်းမရှိဟု ဆိုသည်နှင့် အညီပင် ဆိုရမည်

လော မဆိုသင့်ဘူးလော ဆရာတော် သိသာအောင် အမိန့်ရှိတော်မူပါ။

ဘုရား ဟောတော်မူသော ဒေသနာတော်သည်ကား အာဏာ ဒေသနာ, ဝေါဟာရ ဒေသနာ, ပရမတ္ထ ဒေသနာတော် ဟူ၍ သုံးပါး အပြား ရှိ၏၊ ထိုသုံးပါးတို့တွင် ဝေါဟာရ ဒေသနာ သည် သုတ္တန် ဒေသနာ မည်၏၊ သုတ္တန် ဒေသနာတော်ဆိုပြီး လျက် ဝေါဟာရ ဒေသနာဟု-အဘယ့်ကြောင့် ဆိုပြန်သနည်း၊ ဝိဝိဓံ ပုညံ ဝစနံ ဟရာပေန္တိ တောယာတိ-ဝေါဟာရော ဟူ သော ဝစနတ္ထကြောင့် ဝေါဟာရ ဒေသနာ မည်၏ဟု ဆိုပြန် သည်။

တောယ– ဒေသနာယ– ထိုဒေသနာဖြင့်၊ ဝိဝိဓံ– အထူးထူး အပြားပြား များပြားသော၊ ပုညဝစနံ—ကောင်းမှု၏ ပွားခြင်းကို၊ ဟရာပေန္တိ–ဆောင်တတ်ကုန်၏၊ ဣတိတသ္မာ-ထိုသို့ ဆောင်တတ် သော သတ္တိကြောင့်၊ တံ-ဓမ္မဒေသနံ- ထိုဓမ္မဒေသနာသည်၊ ဝေါဟာရော- ဝေါဟာရ မည်၏၊ ဝေါဟာရော- အထူးထူး အပြားပြား များသော ကောင်းမှု၏ ပွားကြောင်း။

ဆွမ်းလှူသော သူကို ဆွမ်း အကျိုးသာ ကြီးမြတ်၏ဟု ဟောတော်မူလျှင် မြတ်သော အလှူကို ပြုရပေသည်ဟု ဆွမ်းလှူ ရသောသူ လွန်ကဲ၍ ကြည်ညိုခြင်း ပွားများလေသည်၊ အလှူ ဒါယကာ၏ စေတနာ ပွားများစေခြင်းကိုသာ လိုက်၍ ဟောတော်မူသည်၊ လှည့်ပတ်လို၍လည်း ဟောတော် မမူ၊ ချီးမြှောက်လို၍လည်း ဟောတော် မမူ၊ လာဘ်ကို ငဲ့၍လည်း ဟောတော် မမူ၊ အလေးအမြတ် ပြုထိုက်သော သူတို့ကို မင်း

မဟုတ်ဘဲ အရှင် မဟုတ်ဘဲကိုပင် မင်းကြီး အရှင်ဟု ဆိုဘိသကဲ့သို့ ပစ္စည်းရှင် ဒါယကာတို့၏ ကောင်းမှု ပွားများခြင်းကိုသာ ထောက်၍ ဟော်တော်မူ၏၊ဘုရားရှင်တို့ မည်သည် အဒွေဇ္ဈဝစန်း-စကား နှစ်ခွန်း နှစ်ခွ ရှိတော်မမူဖြစ်သည်ဟု မှတ်တော်မူရာသည်။

တနည်းလည်း သုတ္တန် ဒေသနာတော်သည် ဝေနေယျဇ္ဈာသယ အနုလောမ ဒေသနာတော် ဖြစ်သည်၊ ရေမြေကို အစိုးရသော မင်းကောရာဇ်တို့သည် သင်္ဂဟ ပေမ တရား လေးပါးတို့တွင် ဝါစာပေမ သင်္ဂဟကို ပြုသောအခါ ပြည်၏ ဝန်ထမ်း အမှုထမ်းတို့ ခယမ်း ဆည်းကပ် လာသောအခါ ထိုအမှုထမ်းတို့အား တပြည်လုံး စီးပွားရေးကို ငါ့ကျွန်များသာ ဆောင်ပေ၏၊ ငါ့ကျွန်များကဲ့သို့ မရှိဟု ဆို၏၊ မင်းခမ်း-မင်းနားသို့ ဆည်းကပ် ခယမ်း လာကုန်သော သူတို့အားလည်း ပြည်ထဲရေး အဆောက် အဦ အထည် အထား ထုံးစံတို့ကို ငါ့ကျွန်များကဲ့သို့သူ မရှိဟု ဆို၏၊ တရား တဘောင် စီရင်သူတို့ ခယမ်း ဆည်းကပ် လာသော အခါလည်း ပြည်ထဲရေးကို မရှုပ်မထွေးရအောင် ငါ့ကျွန်များသာ ဆောင်ရွက်၏၊ ငါ့ကျွန်များကဲ့သို့သူ မရှိဟု ဆို၏၊ ထိုသို့ ဆိုခြင်းသည်လည်း တဦးကို နှိမ့်၍-တဦးကို မြှင့်လိုသောကြောင့် ဆိုသည်လည်း မဟုတ်၊ အမှုထမ်းတို့ နှလုံး ဝမ်းပမ်း တသာ အားတုတ် လုပ်ကိုင်စေခြင်း နှလုံး ရွှင်စေခြင်းကို ရည်၍ ဆို၏၊ လှည့်စားလို၍လည်း မဆို၊ဆန္ဒအလိုနှင့် လျော်စွာ ဝမ်းမြောက်၍ အမှုကို တွင်ကျယ်စေခြင်းငှါသာ ဝါစာပေမ သင်္ဂဟကို ပြုသကဲ့သို့ ထိုအတူ မြတ်စွာ ဘုရားသည်လည်း အလှူဒါယကာ တို့၏ အဇ္ဈာသယ နှလုံးအလိုနှင့် လျော်စွာ သဒ္ဓါ တရား ပွားများ စေခြင်းငှါသာလျှင် ဆွမ်း အလှူသည် ဆွမ်းအကျိုးသာ ကြီးလှ၏၊

ပံသုကူ သက်န်းကို လှူလျှင် ပံသုကူ သက်န်းသာ အကျိုးကြီးလှ၏ဟု ဟော်တော်မူသည်။

တနည်းလည်း ကုသိုလ် ကောင်းမှု ပြုသောသူတို့အား အချို့လည်း ဒါန စရိုက် ပြော၏၊ အချို့လည်း သီလ စရိုက် ပြော၏၊ အချို့လည်း ခန္ဓာကိုယ် အမြဲ မတည်ခြင်း ပျက်စီးခြင်းကို နှလုံးပြု၍ ဘာဝနာစရိုက် ပြော၏၊ ထိုသုံးဟောက်တို့ကို ဘုရားရှင်လည်း စရိုက်နှင့်လျော်စွာ ဒါနစရိုက် ပြောသောသူကိုလည်း ဒါန၏ အကျိုး ကြီးမြတ်ကြောင်းကို ဟောတော်မူသည်၊ သီလစရိုက် ပြောသောသူကိုလည်း သီလ၏ အကျိုးကြီးမြတ်ကြောင်းကို ဟောတော်မူသည်၊ ဘာဝနာစရိုက် ပြောသောသူကိုလည်း ဘာဝနာ၏ အကျိုး ကြီးမြတ်ကြောင်းကို ဟောတော်မူသည်။

ဥပမာသော်ကား လယ်လုပ်၍ ကြွယ်ဝသော သူတို့၏ အမျိုးကိုလည်း လယ်လုပ် အတင်းကို ပြောမှ ဝမ်းမြောက်သည်၊ အသုံး အဆောင်လုပ်၍ ကြွယ်ဝသော သူတို့၏ အမျိုးကိုလည်း ကုန်စည် ရောင်းဝယ်ရေး အတင်းကို ပြောမှ ဝမ်းမြောက်သည်၊ ထိုအတူ ဒါနစရိုက် ပြောသောသူကိုလည်း ဒါနစရိုက်ကိုသာ အကျိုးကြီး၏၊ သီလစရိုက် ပြောသောသူလည်း သီလသာ အကျိုးကြီး၏၊ ဘာဝနာစရိုက် ပြောသောသူကိုလည်း ဘာဝနာသာ အကျိုးကြီး၏ဟု ဟောတော်မူသည်၊ ဒါနစရိုက် ပြောသောသူကိုသီလ အကျိုးသာ ကြီး၏ဟု ဟောချေသော် လယ်လုပ်၍ ကြွယ်ဝသော အမျိုးသည် လယ်လုပ်မှ စားရမည်ဟု နှလုံးသွင်း၍ နေသည့်အခိုက် ကုန်တင်းကို ပြောမိလျှင် နှလုံး

မသာ ရှိသကဲ့သို့ ဖြစ်သည်၊ သဗ္ဗညု ဘုရားရှင်မှကား ဆည်းကပ် လာသော သူတို့၏ စရိုက်ကို သဗ္ဗညုတ ရွှေဉာဏ်တော်ဖြင့် သိမြင်တော်မူ၏။

ပုထုဇဉ် ရဟန်းတို့မှာ မည်ကဲ့သို့ စရိုက်ပြောကြောင်းကို သိရမည်နည်း ဟူကား စကား ပြောသံကို ထောက်၍လည်း သိရ၏၊ သီလ ဆောက်တည်ရမည့်နေ့ ဖြစ်လျက် အလှူကိုသာ ပေး၍ နေလျှင်လည်း ဒါနစရိုက် ပြောသောသူဟု သိရ၏၊ အလှူပေးရမည့် မဟာသမယ အခါနှင့် ကြိမ်ကြိုက်ပါလျက် သီလကိုသာ ဆောက်တည်လျက် နေလျှင်လည်း သီလစရိုက် ပြောသောသူဟု သိရ၏၊ ဒါနကို ကျောင်းဆောင်-အိမ်ဆောင် ကဲ့သို့ မှတ်ရမည်၊ သီလကို အမွှန်း ပန်းပြောက်ကဲ့သို့ မှတ်ရ မည်၊ ဘာဝနာကို အထွဋ် မှန်ကင်းကဲ့သို့ မှတ်ရမည်၊

တနည်းလည်း "ပဋိမဏ္ဍိတော ဂန္ဓံ ဝိနာ န သောဘတေ ယထာ ဒါနပဋိမဏ္ဍိတော သီလံ ဝိနာ န သောဘတေ"ဟု ဆိုသောကြောင့် ဒါနကို ပုဆိုး အင်္ကျီ စသော တန်းဆာကဲ့သို့ မှတ်ရမည်၊ ပုဆိုး အဝတ် မဝတ်သော သူသည် နံ့သာ လိမ်းကျံခြင်း ပန်းပန်ခြင်း တန်းဆာဆင်ခြင်း စသည်တို့ကို ပြုလျှင် လူအများတို့တွင် ဤသူကား ရူးသည်ဟု သမုတ်လေသကဲ့သို့ ထိုအတူ အလှူ ပေးခြင်း သီလ ဆောက်တည်ခြင်း၌သာ သင့်သည် တော်သည် ဘာဝနာကို အားထုတ်မှု မရှိဟု ဆိုသော သူတို့ကိုလည်း အတု-အယောင် သဒ္ဓါမျှသာ လူပျင်းဟု မှတ်ရမည်။

တနည်းလည်း၊ ဒါနသည် အပင်နှင့် တူ၏၊ သီလသည် အပွင့်နှင့် တူ၏၊ ဘာဝနာသည် အသီးနှင့် တူ၏၊ အပင် မရှိက

အပွင့် မရှိ၊ အပွင့်မရှိက မသီးရာ၊ ထိုအတူ ဒါန စေတနာ အလျှင်း မရှိက သီလ စေတနာ, ဘာဝနာ စေတနာလည်း မရှိဟု မှတ်ရမည်၊ ထိုသုံးပါးစလုံး အညီအမျှ ရှိသည်တွင် တခုခုကို လွန်ကဲ ထူးချွန်၍ ရှိသော သူကိုသာ စရိုက်ပြော သည်ဟု ဆိုရာသည်၊ ထိုသုံးပါးတို့တွင် ဘာဝနာသည်သာလျှင် အမြတ်ဖြစ်သည်ဟု မှတ်ရမည်။

## ၂၄—လူ့နိဗ္ဗာန်-ရဟန်းနိဗ္ဗာန်

လျှောက်သည် ဆရာတော် လူ့အကျင့်ထက် ရဟန်း အကျင့် မြတ်သည်ဟု ဆိုသည်၊ လူ့နိဗ္ဗာန် ရဟန်းနိဗ္ဗာန် ဟု အကွဲ အပြား အနိမ့် အမြင့် ရှိသေးသလော ဆရာတော် သိသာအောင် အမိန့်ရှိတော်မူပါ။

ပိသာ တန်သော ဥစ္စာကို ဆိုင်တည်၍ ရောင်း၏၊ ကြွယ်ဝ ချမ်းသာသောသူတို့ ဝယ်လျှင် ရွှေ-ငွေနှင့်စက်၍ ဝယ်၏၊ ဆင်းရဲသောသူတို့ ဝယ်လျှင် စပါး ဆန် အဝတ်အထည်တို့နှင့် စက် ဝယ်၏၊ ပိသာ တန်သော ဥစ္စာကို ရသောအခါ ကြွယ်ဝ သောသူ ဆင်းရဲသောသူဟု အထူး အခြား မရှိ အတူတူပင် ရကြ၏၊ အနိမ့်-အမြင့် အယုတ်—အလတ်—အမြတ် မရှိ၊ ကြွယ်ဝ ချမ်းသာသော သူတို့၏ ရွှေ-ငွေကဲ့သို့ ရဟန်းတို့၏ ကုသိုလ်ကို မှတ်ရမည်၊ ဆင်းရဲသော သူတို့၏ စပါး ဆန် အဝတ် အထည် ကဲ့သို့ လူတို့ပြုသော ကုသိုလ် ပါရမီကို မှတ်ရမည်၊ ပိသာ တန်သော ဥစ္စာကဲ့သို့ နိဗ္ဗာန်ကို မှတ်ရမည်။

ကုသိုလ်ပင် အယုတ်-အမြတ် ရှိသေးသလောဟု မေးဘွယ် ရှိသေး၏၊ ကုသိုလ်မှာ အယုတ်-အမြတ် မရှိ၊ လယ်ယာ လုပ်သောသူတို့ စပါးဆိုး စပါးကောင်း ခေါ်ဝေါ်ကြသည်ကား စပါး ဆန်တို့ အရသာ အဆိုး အကောင်း ရှိသည် မဟုတ်၊ အပင် နိမ့်၍ အသီး နည်းသည်ကို စပါးဆိုး ခေါ်သည်၊ အပင်ကောင်း၍ အသီးလည်း ကောင်းသည်ကို စပါးကောင်းဟု ခေါ်သကဲ့သို့သာ ကုသိုလ်သည်လည်း ထိုအတူ အယုတ်-အလတ်-အမြတ် မရှိ။

အနည်း-အများ ရှိဟန်ကား သိလကို ကြိုးစားလို၍ ရဟန်းပြုသော သူတို့သည် ရဟန်း မဖြစ်မီ လူ့လက်ထက်က အတင့်အတယ် လောဘ အာရုံသို့လိုက်၍ ဝတ်စား ဆင်ယင်သော အဝတ် ပုဆိုး အင်္ကျီ လက်ကောက် လက်ကြပ် ပုတီး နားဒေါင်းတို့ကို စွန့်၍ အရှက် အကြောက်ကို ဖုံးလွှမ်းရုံ ဖန်ရည်စွန်းသော အဝတ်ကို ဝတ်သည်၊ အတင့် အတယ်ကို ဆောင်သော ဆံ မုတ်ဆိတ်ကို ဖြတ်သည်၊ လူ့ လက်ထက်က ချက်ပြုတ်ရှာဖွေ၍ စိတ်ရှိတိုင်း စားမြဲကို ဖြတ်၍ သပိတ်ကို လက်စွဲလျက် ဆွမ်းခံသဖြင့် သဒ္ဓါ၍ ရ-ရသမျှ အစာနှင့် ရောင့်ရဲသည်၊ လူ့လက်ထက် အပျော် အရွှင် တီး မှုတ် ကခုန်၍ ကစားမြဲ အလေ့ကို ဖြတ်၍ တရားနှင့် အညီသာ ပြောဆိုသည်၊ သူတပါးတို့ သိမ်းမြန်းသော ရွှေ ငွေ ရတနာ အစရှိသည်တို့ကို တပ်စွန်းခြင်း မရှိ၊ မိလာ ဘလာ သားတကာတို့ အမွေခံမြဲ ရွှေပွတ်စု ငွေပွတ်စု လယ်ယာ ကိုင်းကျွန်း ကျွဲ နွား စပါး ဆန်ရေတို့ကို မခံ မယူ စွန့်ပစ်သည်၊ မိဘတို့မှည့်သည့် အမည်ကို လဲပြောင်း၍

ရဟန်း အမည်ဖြင့် အကုသိုလ် အာရုံ အပေါင်းတို့ကို စွန့်သည်၊ နှစ်ရာ့ နှစ်ဆယ့် ခုနစ်ပါးသော သိက္ခာပုဒ်ကို ရဟန်းဖြစ်လျှင် ကျင့်သုံးရသည်၊ သာမဏေဖြစ်လျှင်လည်း လိင်ဆယ်ပါး ဒဏ်ဆယ်ပါးတို့ကို ကျင့်ရသည်၊ ရဟန်း—သာမဏေပင် မတင်ခန္ဓက စာရိတ္တ ဝတ်တို့ကို ကျင့်ရသည်ဖြစ်၍ ရဟန်းတို့ကုသိုလ်သည်လည်း လယ်ယာ မြေကောင်း အသီးနှင့်တူ၏ဟု မှတ်တော်မူရမည်။

ဥပမာ ဆိုဦးအံ့—လူနှစ်ယောက် လယ်လုပ်ကြလျှင် လယ်မြေ အတူတူပင် ဖြစ်လျက် တဦးမှာ ကာလ အရှည်ကြာ ထွန်ယက်၍ ပုပ်ညက်သောကြောင့် ပေါင်းမြက် တပင်မျှ မရှိ၊ အချိန်တန်၍ ကြဲလျှင် များစွာ အသီး အပင် ဖြစ်သောကြောင့် တတင်းကြဲလျှင် စပါး တရာထွက်၏၊ တယောက်သော သူမူကား သာမညထွန်၍ မပုပ် မညက် ပေါင်းမြက် မစင်ဘဲ ကြဲစိုက်လေသောကြောင့် တတင်းကြဲကို နှစ်တင်းမျှ မထွက်ရှိ၏၊ လယ်မြေ အတူ တူကဲ့သို့ လူ—ရဟန်း သာသနာတွင်း၌ ကြိမ်ကြိုက်ကြသည် မှတ်ရမည်၊ ပုပ်ညက် ပေါင်းမြက် စင်အောင် ထွန်၍ ကြဲစိုက်သော လယ်လုပ် ယောကျ်ားကဲ့သို့ ရဟန်း၏ သီလကို မှတ်ရမည်၊ မပုပ် မညက် ပေါင်းမြက် မစင်ဘဲ စိုက်ကြဲသော ယောကျ်ားကဲ့သို့ လူ့သီလကို မှတ်ရမည်။

လူတို့မှာ ယခု ပစ္စက္ခ ဘဝတွင်ပင် သား မယားကြောင့် ဖြစ်သော လောဘ-ဗျာပါဒ, ကိုယ့်ကြောင့်ဖြစ်သော လောဘ-ဗျာပါဒ, ပိုင်သည့် အရှင်ကြောင့်ဖြစ်သော လောဘ-ဗျာပါဒ, ဉာတိ သင်္ဂဟ အဆွေခင်ပွန်း မိတ် သဟာယ

ကျေးကျွန် သား မြေး လယ်ယာ အုန်းထန်း စသည်တို့ကြောင့် ဖြစ်သော လောဘ-ဗျာပါဒ, ထိုသို့သော လောဘ-ဗျာပါဒ အပေါင်းကိုပင် ပေါင်းမြက် ဆိုသည်ဟု မှတ်တော်မူရမည်၊ ထိုသို့သော လောဘ-ဗျာပါဒ ဖြစ်နေစဉ် အလှူဒါနပေးခြင်း သီလဆောက်တည်ခြင်းကို ပြုမူကား မစိုက် မကြဲခင်ကလည်း ပေါင်းမြက် မစင်၊ စိုက်ကြဲပြီးသည့် နောက်ကိုလည်း ပေါင်းမြက်တို့ကို မသုတ် မသင်နိုင်၍ ပေါင်းမြက်ကြား၌ ရောက်သော စပါးပင်သည် အပင်လည်း မကောင်း အသီးလည်း မကောင်း ဖြစ်သကဲ့သို့ ထိုအတူ လောဘ-ဗျာပါဒ တည်းဟူသော ပေါင်းမြက်အထဲ၌ ပြုသော ကုသိုလ်သည် အကျိုး မကြီး နည်းသည်ဟု မှတ်တော်မူရမည်၊ ရဟန်းပင် ဖြစ်သော်လည်း ဆိုအပ်ပြီးသော ရဟန်း၏ မူလ လက္ခဏာနှင့် မပြည့်စုံပါလျှင် အထွန်း အယက် ညှို့သော လယ် ယာသည်အသီး အပင် ညှို့သကဲ့သို့ အကျိုးသည်လည်း ညှို့၏ဟု မှတ်တော်မူရမည်။

ကျမ်းဂန်လာသည့်အတိုင်း အဓိပ္ပါယ်ကိုဆိုလျှင် မသင် မကြားဘူးသော သူတို့မှာ နားလည်နိုင်ခဲ၏၊ ထိုထက်ပင် ပုဒ် ပါဠိ ပါဠိနှင့် ဆိုလျှင် နားလည် ခက်သေး၏၊ ထိုထက်ပင်လည်း သဒ္ဒါနည်း ဝိဂ္ဂိုဟ်နည်း ဝစနတ္ထနည်းတို့နှင့် ဆိုလျှင် နားလည် ခက်သေး၏၊ ထိုထက်ပင်လည်း မုချ ဥပစာ ပရမတ္ထနည်း ကောက်၍ဆိုလျှင် ခက်သေး၏၊ ထိုထက်ပင် ကျမ်းရိုး ကျမ်းတက် စုဒ် ပရိယာယ်ပြု၍ ဆိုလျှင် ခက်သေး၏၊ ထိုထက်ပင် ကလာပ် နေတ္တိဟာရနည်းနာ ပြ၍ သင်္ကြိုဠ် ဆိုလျှင် ခက်လှသေး၏၊ ထို့ကြောင့် သင်ဓုန်းနှင့် ချုံဝါးကို အကုန်စင် ခုတ်ဘိသကဲ့သို့

ကျမ်းရိုး ကမ်းရိုးကို မချင်းနှင်း မသင်မကြားဘူး သူတို့ နားလည် သိသာအောင် တောင်သူတို့လောက ဥပမာပြ၍ ဆိုသည်၊ အထပ်ထပ်ဖတ်၍ ဆင်ခြင်ရမည့် တကာတော်။

## ၂၅–ကံကိုဖွဲ့ပေးလျှင် ရ၏လော

လျှောက်သည် ဆရာတော် သတ္တဝါတို့၏ သွားရာ အရိပ် မကွာပါသို့ မိမိတို့ပြုသော ကောင်းမှု မကောင်းမှု ကံတို့သည် မိမိနောက်သို့ လိုက်၏ဟု ဟောတော်မူသည်၊ သားသေ၍ အမိသည် သားကို စားဖွယ် အလှူငွေ အလှူ ပေးစေလျှင် တဘဝသို့ ပြောင်းသွားလေသော သား သေသည် ခံစားရလေသည်ဟု ဟောတော်မူကြသည်၊ အမိပြုသော ကုသိုလ်ကံသည် သား၏နောက်သို့ လိုက် သလော၊ ကံကို သစ်သီး ဟင်းရွက်ကဲ့သို့ ဖွဲ့၍ပေးလျှင် ရ၏လော ဆရာတော်၊ သိသာအောင် အမိန့်ရှိတော်မူပါ။

အမိပြုသော ကုသိုလ်ကံသည် သား၏ နောက်သို့ လိုက်၍ အကျိုးမပေး၊ "အတ္တာနံ ဆာယာဝ အနုပါယိနီ"ဟု ဟော တော်မူသောကြောင့် အမိပြုသော ကုသိုလ်ကံသည် အမိ၏ နောက်သို့သာ လိုက်သည်၊ အမိပြုသော ကောင်းမှုကို တဘဝ သို့ ပြောင်းသွားသော သားသည် အနုမောဒနာ ဝမ်းမြောက် ခြင်း ကမ္မပထ ကုသိုလ်ကံသာလျှင် သေသောသား၏ နောက်သို့ လိုက်၍ အကျိုးကို ပေးလေသည်၊ ကံကိုလည်း သစ်သီး ဟင်းရွက်ကဲ့သို့ ဖွဲ့၍ပေးရမည့်အကြောင်း မရှိ၊ အမိပြုသော

ကောင်းမှု၏ အကျိုးကြောင့် ခန္ဓာပြောင်းသော သားသည် လူနတ် စည်းစိမ်ကို ရ၏ဟု ပြောကြသောကြောင့် မေးသည့် အမေးနှင့် အဖြေ မညီဆိုရန် ရှိသောကြောင့် သာဓကကို ဆောင်ဦးအံ့—

လူတယောက်ကသည် ဤမြေအရပ် ကောင်းလှ၏၊လုပ်တော့ဟု ပြည့်သ်သောကြောင့် လုပ်၍ စီးပွားဖြစ်လျှင် ဖြစ်ကြောင်းကို ထိုသူသည် မည်သည့်သူ ပြည့်သ်ပေးသောကြောင့် စီးပွားဖြစ်ပေသည်ဟု ပြောဆို၏၊ ပြည့်သ်ကာမျှနှင့် စီးပွားဖြစ်သည် မဟုတ်၊ ငါ ကြိုးစား၍ လုပ်သောကြောင့် စီးပွားဖြစ်ပေသည်-ဟု ဟိတ်နှစ်ချက် ခတ်၍ ဆိုရမည်ကို မိမိဟိတ်ကို ငုပ်စေ၍ ပြည့်သ်ပေသည့် သူ့ကျေးဇူးကို ထင်ရှားစေလိုသောကြောင့် မည်သည့်သူ ပြည့်သ်ပေးသောကြောင့် စီးပွားဖြစ်ပေသည်-ဟု ထိုသူဆိုသကဲ့သို့ ထို့အတူ အမိကောင်းမှု ပြုသောကြောင့် သေလေသောသားသည် နတ်၏ စည်းစိမ်ချမ်းသာကို ရလေသည်ဟု အမိ၏ ကျေးဇူးကို ထင်ရှားစေလိုသောကြောင့် ဟိတ်တလုံး ငုပ်၍ ဆိုသည့်စကား ဖြောင့်ဆိုလျှင် အမိ အလှူပေးသောကြောင့် အမိ၏ အလှူကို သေလေသည့်သား ဝမ်းမြောက်၍ အနုမောဒနာ ကမ္မပထကံဖြစ်ခြင်းကြောင့် ထိုကံ၏ အကျိုးပေး၍ နတ်၏ စည်းစိမ် ချမ်းသာကို ခံစားရသည်။

အမိ အလှူ ပေးသည်ကား အကြောင်းဟိတ်, အမိ၏ အလှူကို သား ဝမ်းမြောက်ခြင်းသည်ကား အကျိုးဖိုလ်၊ ဝမ်းမြောက်ခြင်းသည် အကြောင်းဟိတ်, ဝမ်းမြောက်ခြင်းကြောင့်ဖြစ်သော အနုမောဒနာ ကမ္မပထ ကံသည် အကျိုးဖိုလ်၊ ကမ္မပထကံသည်

အကြောင်းဟိတ်, ကမ္မပထကံကြောင့် သေလေသောသားသည် သင်းချိုင်း ပြိတ္တာ အဖြစ်မှ လွတ်၍ နတ်၏ စည်းစိမ် ချမ်းသာကို ရခြင်းသည်ကား အကျိုးဖိုလ်၊ ဤနည်းအတူ စကားမျိုးကို ဟိတ်ဖိုလ် ပရံ ပရ အဆက်ဆက် ဟိတ်ခတ်၍ ယူရမည်။

အနက် သဒ္ဒါနည်း၌ မကျွမ်းသော သူတို့ကား မြေကောင်း၍ စပါးရ၏ဆိုလျှင် မြေကောင်းပေါ်၌ စပါးစုလှာ၍ ရသကဲ့သို့သာ မှတ်ထင်ကုန်၏၊ စပ်ကြားတွင် စိုက်ခြင်း, ပျိုးခြင်း, စောင့်ရှောက်ခြင်း ပရံ ပရ အဆက်ဆက် လုပ်ရသည်ကို မသိသကဲ့သို့ ရှိလေသည်၊ ထိုကြောင့် သည်နည်းကို စွဲ၍ မှတ်တော်မူရမည်။

## ၂၆—တပ်မက်ခြင်းနှင့် ပြိတ္တာဖြစ်ရခြင်း

လျှောက်သည် ဆရာတော် မနပါလ သေဌေးသည် သေခါနီး၌ မိမိဥစ္စာကို တပ်စွန်းခြင်းနှင့် သေလေသောကြောင့် ပြိတ္တာဖြစ်သည်ဟု ရဟန်းတော်တို့ ဟောကြသည်၊ ကိုယ့်ဥစ္စာကို တပ်၍ အပါယ်လေးပါး၌ ပဋိသန္ဓေနေရသည်ဖြစ်လျှင် ပုထုဇဉ်တို့မှာ သူ့ဥစ္စာကိုသာ ရှောင်ရသည်၊ ကိုယ့်ဥစ္စာကိုမူကား နေ့တိုင်းပင် တပ်စွန်းသိမ်းမြန်း ရသည်၊ သိသာအောင် အမိန့်တော် ရှိပါ ဆရာတော်။

မနပါလသေဌေးသည် သေခါနီး၌ မိမိဥစ္စာကို တပ်စွန်းခြင်း လောဘဇော မရဏာသန္န ဖြစ်ခြင်းကြောင့် ပြိတ္တာဘုံသို့မဖြစ်၊ ထိုလောဘဇောသည်လည်း ဒုစရိုက် ကမ္မပထ မရောက်၊

ထိုလောဘဇော အာရုံသည် အကြောင်းခံသောကြောင့် ရှေး မကောင်းမှု ကံ၏ အကျိုးဖြင့်ရင်း, ယခု ပစ္စက္ခ၌ ပြုသော မကောင်းမှု၏ အကျိုးဖြင့်ရင်း ပြိတ္တာဘုံ၌ ဖြစ်လေကုန်သည်၊ ဥစ္စာကို တပ်ခြင်းကြောင့် ပြိတ္တာ ဖြစ်သည်ဟု ရဟန်းတော်တို့ ဟောကြ၍ မေးသည်ကို အမေးနှင့် အဖြေ မညီ—ဆိုဖွယ်ရှိသော ကြောင့် သာဓက ထုတ်ဆောင်အံ့—

လူတယောက်တွင် သူ့မြီ တင်သည်ကို မဆပ်နိုင်သော ကြောင့် ပုန်း၍ နေ၏၊ မြီရှင်က ရအောင် ထုတ်၍ ပေးပါဟု တောင်းအပ်သောကြောင့် မင်းစေလည်း ရှာ၍ ထုတ်လျှင်း ပေ၏၊ ပေးရသည့် လူလည်း မည်သူ ထုတ်သောကြောင့် ပေးရ သည်ဆို၏၊ ထုတ်သောကြောင့် ပေးရသည် မဟုတ်၊ သူ့ မြီဟောင်း ရှိ၍သာ ပေးရသကဲ့သို့ ထိုအတူ မနုပါလသေဌေး သည်လည်း သေခါနီး၌ ကိုယ့်ဥစ္စာကို တပ်သည့် လောဘကို မင်းစေကဲ့သို့ မှတ်ရမည်၊ မင်းစေ ထုတ်၍ပေးသော ရှေး သူ့ မြီဟောင်းကိုကဲ့သို့ ပြိတ္တာအဖြစ်ကို ပေးတတ်သော ရှေး ကံဟောင်းကို မှတ်ရမည်။

မနုပါလသေဌေး၌ ဥစ္စာသည်ကား လှည်းအစီး ခြောက်ဆယ် တိုက် ရှိ၏၊ ထိုသို့ပင် ရှိသော်လည်း ဥစ္စာ၌ တပ်စွန်း ခင်မွတ် ခြင်း ကြီးလှသည်၊အလှူပေးမည်ကို မဆိုနှင့်ဦး၊ မိမိနှင့် စပ်သော သူတို့သည် ရေတွင်း,ရေကန်,ကျောင်း,စရပ်,ဆွမ်း,သင်္ကန်း အစ ရှိသည်တို့ကို တည်ထားပြုစု လှူဒါန်းလျှင် မနာလို၍ ချုပ်ချယ် နှိပ်နယ်သော စကားကိုသာ ဆိုသည်၊ သံဃိက အစဉ်ကို တို့မ်မြုပ်အောင် ရေတွင်း ရေကန် ကျောင်း စရပ် အစရှိသည်

တို့ကို ဖျက်ဆီးသော မကောင်းမှုကံကြောင့် ခန္ဓာပြောင်းလျှင် တခုသော တောအုပ်၌ အရိုး အရေကပ်ကာ အတောင် ခြောက်ဆယ်ရှိသော ထန်းပင် အတိုင်း အရှည် ကိုယ်ရှိသည် ဖြစ်၍ တစုံတခုမျှ စားရာ ဝတ်ရာ မရ၊ ပြိတ္တာ ဖြစ်၍ ဆင်းရဲ ကြီးစွာ ခံရသည်၊ ထိုပြိတ္တာအဖြစ်က စုတေလျှင်လည်း အဝီစိ ငရဲ၌ ခံရလိမ့်မည်ဟု ဟောတော်မူသည်။

ပြိတ္တာဖြစ်သော ကံကို တဆယ်တွင် ငါးကျပ်အညွန့်ကဲ့သို့ မှတ်ရမည်၊ အဝီစိ၌ ခံရသော ကံကိုကား တဆယ် အရင်းကဲ့သို့ မှတ်ရမည်၊သေခါနီး၌ ဥစ္စာကို တပ်စွန်းခြင်း လောဘကိုကား ကြေးထုတ် မင်းစေကဲ့သို့ မှတ်ရမည်၊ ခနပါလသေဌေးကဲ့သို့ သံဃိက အသုံး အဆောင် အရိပ် အာဝါသ အစရှိသည်တို့ကို ဖျက်ဆီးလျှင် ခံရချေ၏ဟု နှလုံးထားတော်မူရမည်။

## ၂၇—လူ့စင်စစ်က နတ်ဖြစ်ခြင်း

တကာတော် လျှောက်သည် ဆရာတော် လူဇာတ် မှန်လျက် ဖောက်ပြန်၍ နတ် ဖြစ်သည်၊ တိရစ္ဆာန် ဖြစ်သည်၊ ပြိတ္တာ ဖြစ်သည်ဆိုသည်ကား ပဋိသန္ဓေ မပြောင်းဘဲပင် ဖြစ်သည်လော ဆရာတော်။

လူဇာတ်မှန်လျက် ပဝတ္တိတွင် ပြုသည့် ကောင်းမှုကံ အား ကြီးလှသောကြောင့် အကျိုးပေးခြင်း ဖောက်ပြန်ခြင်းသည် ရှိ၏ ရှိကြောင်းကား လေးကျွန်းလုံးကို အစိုးရသော မန္ဓာတ် စကြဝတေးမင်းသည် လေးကျွန်းလုံးကို လှည့်ပြီးလျှင်

စတုမဟာရာဇ် နတ်ပြည်သို့ တက်လေ၏၊ စတုမဟာရာဇ် နတ်ပြည်မှ တာဝတိံသာ နတ်ပြည် ရွှေမြေကို နင်းသော ခဏ၌ ပကတိ လူ့သဏ္ဌာန် ပျောက်၍ တာဝတိံသာ နတ်ပြည်ကို အစိုးရသော သိကြားမင်း သဏ္ဌာန် ဖြစ်လေသည်။

အတိတ်ကျာ မင်းသည်လည်း မွေးသည့်အမိကို တပ်၍ ကာယ သံသဂ္ဂဖြင့် ပြစ်မှား လွန်ကျူးမိ၍ နန်းတွင်း မင်္ဂလာ ရေကန်၌ ရေချိုးပြီးလျှင် မျောက်ဖြစ်၍ ရေကန်၏ အနီးတွင်ပင် သေလေ သည်။

ဗာရာဏသီ မင်းကြီးသည်လည်း တောသား မုဆိုးတို့၏ အလေ့အလာ စားခြင်း သွားလာခြင်းတို့ကို အလိုရှိ၍ ပြည်သူ တို့တားမြစ်သော်လည်း မတတ်နိုင်သဖြင့် ပြည်ကို စွန့်၍ သား ငါး ထူထပ်ရာ တောအရပ်၌ နေ၍ အလိုရှိသမျှ သားအပေါင်း တို့ကို ဖြတ်သတ်၍စားသောက်လေသည်၊ထိုသို့ပြုသောမကောင်း မှု ဒိဋ္ဌဓမ္မ ဝေဒနီယကံသည် မျက်မှောက် သော အကျိုးကို ပေး၍ တကိုယ်လုံး ထားနှင့် မွှမ်းသကဲ့သို့ ကွဲ၍ သွေးပြည် တစက် တစက် ယိုလျက် မသေတတ် မရှင်တတ် တာရှည် လေးမြင့်သောအခါ လူ့သဏ္ဌာန် ကွယ်ပျောက်၍ ပြိတ္တာကိုယ် ဖြစ်လေသည်၊ ထိုသုံးယောက်သော သူတို့သည် လူပင်္ကိုသန္ဓေ စင်စစ် မှန်လျက် ပဝတ္တိတွင်ပင် ဖောက်ပြန်၍ နတ်ဖြစ်သည်၊ တိရစ္ဆာန်ဖြစ်သည်၊ ပြိတ္တာဖြစ်သည်တို့ကို မှတ်တော်မူရမည်။

ထိုသုံးယောက်တို့ ဖောက်ပြန်၍ ဖြစ်သည့်ရုပ်ကို ကမ္မဇရုပ် ဆိုရမည်လောဟု မေးရန်ရှိ၏၊ ကျောင်းကို ဖျက်ဆီး၍ ဘုရား ရုပ် အစရှိသည်တို့ကို တည်ထား ဆောက်လုပ်ခြင်းသည်

တည်ရင်း သစ်တို့ မပျောက်ဘဲ အလုပ် ဖောက်ပြန်၍ သဏ္ဌာန် ဝေါဟာရသာ ဖြစ်သကဲ့သို့ ကောင်းမှု မကောင်းမှုကံ အကျိုး သည် ပဝတ္တိတွင် ပေး၍ ဥတုဇရုပ် ဖောက်ပြန်ခြင်းကြောင့် သဏ္ဌာန် ပြားသည်ဟု မှတ်တော်မူရမည်။

---

## ၂၈–စေတနာ သုံးတန်

လျှောက်သည် ဆရာတော် စေတနာ သုံးတန် ပြတ်၍ ပြုသော ကောင်းမှုသည်သာ အကျိုးကြီးသည် ဟု ဟောတော်မူကြ၏၊ တပါးသော အရာများမှာ ပြတ်စုတ်သော ဝတ္ထုနှင့် မပြတ်စုတ်သော ဝတ္ထုဖြစ် လျှင် မပြတ်စုတ်သော ဝတ္ထုသာ သာ၍ ကောင်းပါ သည်၊ စေတနာကို ဖြတ်မှု အဘယ့်ကြောင့် မြတ်သနည်း၊ မဖြတ်ဘဲ သုံးတန်သော စေတနာကို တစဉ်တည်းဖြစ် လျှင် အဘယ့်ကြောင့် အကျိုး နည်းလေသနည်း၊ ပြတ်ခြင်းကို သိသာအောင် အမိန့်ရှိတော်မူပါ၊ ရှေး သူဟောင်းတို့ ခေါ်ရိုးဖြစ်၍သာ ခေါ်ရသည့် စကားကို နားမလည်ပါ ဆရာတော်။

ပုရိသ သဒ္ဒါကို ယောကျ်ားဟူ၍ အနက် ပေးခြင်းသည် ဝေါဟာရ အနက် ပညတ် အနက်သာတည်း၊ ပုရိသ သဒ္ဒါ သည်ကား မိ–ဘတို့၏ နှလုံးကို နှစ်သက်စေတတ်သောသူဟူ၍ အနက် ပေးခြင်းသည် သဒ္ဒတ္ထ အနက်တည်း၊ ပုရိသ သဒ္ဒါကို

ပုရိသ—ပင် အနက်ပေးခြင်းသည်ကား သဒ္ဒါပုဒ်ကိုပင် အနက်လုပ်သောကြောင့် သဒ္ဒ ပဒတ္ထကဟု ဆိုသည်။

"ပုညာရမ္မဏော အဝိစ္ဆိန္ဒိတ္တာ ပကာရေဌ္ဌိ ပတိဌာဟန္တိ တောယာတိ ပဌာနံ"—ဟူ၍ ဝိဂ္ဂုဟ် ဝစနတ္ထ လာသောကြောင့် ပဌာန-ဟု ရုပ်ပြီးသည်၊ သင်္ကြိုဠ်နည်းသို့ လိုက်၍ ပ—ကို ရစ်ပြန်သောကြောင့် ပြဌာန-ဟု ရုပ်ပြီးသည်၊ ပြဌာန သဒ္ဒါကိုပင် သဒ္ဒတ္ထ အနက်ပေးသည်၊ ကောင်းမှု၏ အာရုံ၌ မပြတ်မှု၍ စေတနာဖြင့် ပြားသော အရာ၌ တည်ကြောင်းကို ဆိုသည်၊ သဒ္ဒ ပဒတ္ထက အနက်ပေးသောကြောင့် ပြဌာန်း သဒ္ဒါကို ပြဌာန်းသည်ဟူ၍ ဆိုသည်၊ စကားရှေ့သဖြင့် ဌ—ဝမ်းဘဲမှာ သံယုတ်ရှိသည်ဟု မှတ်၍ ပြဋ္ဌာန်းသည်-ဟု ဖတ်လေသည်၊ ယင်းကကြာ၍ ရွှေပြန်သဖြင့် ပြတ်သည် ဟူ၍ပင် ဆိုကြလေသည်၊ မပြတ်ဟု မှတ်တော်မူရမည်။

အလှူ မပေးမီ ကောင်းမှုကို ပြုအံ့ဟု ကြံသည်မှ စ၍ အလှူခံ ပုဂ္ဂိုလ်တို့၏ လက်သို့ မရောက်ခင် ဖြစ်သမျှ ကုသိုလ် စေတနာသည် ပုဗ္ဗ စေတနာ မည်၏၊ လှူဆဲတွင်ဖြစ်သော စေတနာသည် မုဉ္စ စေတနာ မည်၏၊ လှူပြီးသည့် နောက်မှလည်း ကောင်းမှုကို ပြုပြီးပြီဟု ဝမ်းမြောက် ဝမ်းသာ မပြတ်ဖြစ်သော စေတနာသည် ပရ စေတနာ မည်၏၊ ထိုကြောင့် ပုညာရမ္မဏော—ကောင်းမှု၏ အာရုံ၌၊ အဝိစ္ဆိန္ဒိတ္တာ—မပြတ်မှု၍၊ တောယ—ထိုစေတနာဖြင့်၊ ပကာရေ—ပြားသောအာရုံ၌၊ ဌ္ဌာနံ ပတိဌာဟန္တိ—တည်ကုန်၏၊ ဣတိတသ္မာ—ထိုသို့ တည်ကြောင်းဖြစ်သော သတ္တိကြောင့်၊ တောယာတိ ပဒေန—တောယဟူသော ပုဒ်ဖြင့်၊

ဒဿိတံ—ပြုအပ်သော၊ တံ—ထိုစေတနာသည်၊ ပြဋ္ဌာနံ—ပြဋ္ဌာန မည်၏၊ ပြဋ္ဌာနံ—မပြတ်ကြောင်းတည်း၊ ဤကိုစွဲ၍ မပြတ်ဟု မှတ်တော်မူရမည်။

စေတနာ သုံးတန်တို့တွင်လည်း မုဥ္စ စေတနာသာ ပဋ္ဌာန တည်း၊ ဥပမာကား—အပင်, အသီး, အရိုး ဤသုံးချက်တွင် အသီးသာ မြတ်သော အကျိုး ပဋ္ဌာန ဖြစ်သကဲ့သို့ မှတ်တော်မူ ရမည်၊ မလှူမီ ကာလက လှူမည်ဟု အကြံ မရှိသောကြောင့် ပုဗ္ဗ စေတနာ မရှိသည့် အလှူခံ ပုဂ္ဂိုလ်ကို မြင်လျှင် သဒ္ဓါ၍ လှူပြန်လေသောကြောင့် မုဥ္စ စေတနာ ရှိသည်၊ အလှူခံ ပုဂ္ဂိုလ်၏ လက္ခဏာကို မြင်၍ နောက်မှ ဝမ်းမြောက်ခြင်းကြောင့် ပရ စေတနာ ရှိသည်၊ မလှူမီကလည်း လှူမည်ဟု ကြံ၏၊ လှူသည့် အခါတွင် မအားသည်ဖြစ်၍ သူတပါးကို စေ၍ လှူ၏၊ လှူပြီး သည့် နောက်လည်း ဝမ်းမြောက်၏၊ ထိုလှူကား မုဥ္စကာလ တွင် သဟတ္ထိက မဟုတ်၊ အာနတ္တိကဖြင့် လှူသောကြောင့် အပင်ကောင်းသော်လည်း အသီးတန့်သော စပါးသည် အရိုး များသကဲ့သို့ ဖြစ်သည်ဟု မှတ်ရမည်၊ မလှူမီကလည်း ပုဗ္ဗ စေတနာ မရှိ၊ မိမိ ဥစ္စာကို သူများ လှူလိုက်သည်ကိုလည်း လှူမှန်း မသိ၊ လှူပြီး နောက်လည်း ဝမ်းမြောက်ခြင်း မရှိ၊ ထို အလှူသည်ကား အပင်လည်း မကောင်း၊ အသီးလည်း မရသော စပါးကဲ့သို့ မှတ်ရမည်။

လမိုင်း လယ်တော်ကို လုပ်ကုန်သော သူတို့သည် ယခုနှစ် ကုန်းမှာ လုပ်ခွင့် သင့်မည်၊ ရေမှာ လုပ်ခွင့် သင့်မည်ဟု အမှန် မသိနိုင်သော်လည်း ရေထွန် ရေမျိုးစေ့ကိုရင်း, ကုန်းထွန်

ကုန်းမျိုးစေ့ကိုင်း အသင့်ထား၍ အချိန်ကာလကို စောင့်ငန့် လျက် နေသကဲ့သို့ ထိုအတူ အလှူ ပေးလိုသောသူတို့သည်လည်း အလှူကို ပေးအံ့ဟု ကြံလျှင်ပင် အယုတ် အလတ် အမြတ် ဖြစ်ကုန်သော အလှူခံ ပုဂ္ဂိုလ်တို့သည် မည်သည့်သူ ရှေ့, မည်သည့်သူ နောက် ရောက်လာကြမည်ကို အမှန် မသိနိုင်ဟု နှလုံးထား၍ ဤဝတ္ထုကား သူတောင်းစားဘို့, ဤဝတ္ထုကား ရဟန်းဘို့, ဤဝတ္ထုကား မိန်းမဘို့, ဤဝတ္ထုကား ယောကျ်ား ဘို့ဟု အလှူခံတို့ မရောက်လာမီ ယာထားနှင့်ရမည်၊ ထိုသို့ ယာထား၍ လှူသော ကောင်းမှုသည်သာလျှင် စေတနာ သုံးတန် ညီ၍ အကျိုးကြီးမြတ်သည်၊ ကြီးမြတ်ကြောင်းကို နှလုံးထား၍ မှတ်သားရန် အရှင် သီလဝံသ ဆရာ စပ်တော်မူ သည်ကား— "လမိုင်းသီးသို့ ဝတ်ကြီးလုပ်လျက် ကုန်စေ လတ်သေး"—ဟူ၍ ဒါနပါရမီကို ချုပ်၍ ဆိုလေသည်၊ လမိုင်း တော်လယ်ကို လုပ်သည့် သူတို့ ဝတ်ကဲ့သို့ အမှု ကြီးငယ်တို့ကို အလှည့်ကျ မရောက်ခင်က ယာထား၍ အမှု ကုန်နှင့်စေလို သောကြောင့် စကား အဖြည့်ခံ၍ စပ်တော်မူသည်။

ရဟန်း သံဃာတို့ကို လှူမည်ဟု ကြံ၍ စီရင်သည့် အလှူ ဝတ္ထုတို့ကို သူတောင်းစားတို့ တောင်းလာသည်ကိုလည်း လူတို့ နှလုံး မနာလို၊ သူတောင်းစားတို့ကို ပေးစွန့်မည်ဟု စီရင်၍ ထားသည်ကို ရဟန်း သံဃာတော်တို့ ရပ်လာ၍ လှူသည်ကို လည်း သံဃာတော်မြတ်ကို ပေးလှူသည်ဟူ၍ လူတို့ နှလုံး မကြည်ညိုနိုင် ဖြစ်၍ လမိုင်းသည်တို့သည် မိုး မရွာမီ ရေမျိုး ကြည်းမျိုးတို့ကို စီရင်နှင့်သကဲ့သို့ ထိုအတူ အလှူခံတို့ မရောက်မီ

က အယုတ် အလတ် အမြတ် သုံးပါးကိုရည်၍ စီရင်နှင့်ရမည်၊ ရဟန်း သံဃာတို့ကို လှူမည်ဟု စီရင်၍ ထားသည့် အလှူဝတ္ထု တို့ကို သူတောင်းစား လာ၍ အနိုင်အထက် တောင်းခဲ့၏၊ တောင်းဖန် များလှသောကြောင့် ပေးလှူလိုက်၏၊ ထိုသို့ ပေးလှူ ရသည်ကား မုဥ္စ စေတနာ တချက်ကသာ ရှိသည်၊ သူတောင်း စားကို ပေးရမည်ဟု ရည်ရင်း မရှိသောကြောင့် ပုဗ္ဗ စေတနာ မရှိဖြစ်သည်၊ အလှူ ဆိုသည် ပုဗ္ဗ, မုဥ္စ, ပရ စေတနာ သုံးတန် ရှိရမည်၊ ပေးစဉ် တချက်ကသာ ရှိလေသောကြောင့်–"ပန်ထဝဲချီး တောင့်တပြီးကာ ပွားစီးမရ ပေးတိုင်းမျှကို ဘဝနောင်ခါ ရပြန်ပါ၏"–ဟု အရှင်မဟာ သီလဝံသ ဆရာကျော် စပ်တော် မူသည်၊ တပြည်လျှင် တပြည်ချင်း, တခွက်လျှင် တခွက်ချင်း ပေးလှူရင်းအတိုင်းသာ ရသည်ဟု စပ်တော်မူသည့် မဟုတ်၊ ပုဗ္ဗ စေတနာ, ပရ စေတနာ နှစ်တန် မရ၊ မုဥ္စ စေတနာ တတန်သာ ရသည်ဟု အရှင် မဟာ သီလဝံသ ဆရာကျော် စပ်တော်မူသည် ဟု ယူရမည် တကာတော်။

## ၂၉–တရားနှင့်အညီ မင်းပြုခြင်း

လျှောက်သည် ဆရာတော် တေမိဇာတ်တော်တွင် "ဓမ္မေန သမေန ရဇ္ဇံ ကာရေသိ"–ဟူ၍ တေမိမင်း ခမည်းတော် ကာသိကရာဇ် မင်းကြီးသည် တရားနှင့် အညီ မင်းပြုကြောင်းကို လာသည်၊ ထိုသို့လာသည်ကို ပင် ကာသိကရာဇ်မင်းကြီးသည် ခိုးသူ လေးယောက်

တို့ကို ဆက်လာလျှင် တယောက်ကို နှောင်အိမ်သွင်း၍ သံခြေကျင်း ခတ်၍ထား၊ တယောက်ကို လှံထိုး၍ဆားမံ၊ တယောက်ကို အဆူးရှိသော ကြိမ်လုံးနှင့် ဒဏ်တထောင် ခတ်ရိုက်စေ၊ တယောက်ကို တံကျင်လျှိုဟု စီရင်ပြန်ခဲ့သည်၊ ကာသိကရာဇ် မင်းကြီးသည် စီရင်စရာ မရှိခိုက်သာ တရားကို ဖောင့်သလော၊ စီရင်သော်လည်း မင်းကျင့်တရားနှင့်အညီ-"မမွေန သမေန"-ဖြစ်၍ သော်လည်း စီရင်သလော ဆရာတော် သိသာအောင် အမိန့်ရှိပါ။

ဒါနံ, သီလံ, ပရိစ္စာဂံ, အဇ္ဇဝံ, မဒ္ဒဝံ, တပံ, အကောဓံ, အဝိဟိံသနံ, ခန္တိ, အဝိရောဓနံ, ဤဆယ်ပါးကိုကား မင်းကျင့်တရား ဆယ်ပါး ဖြစ်သည်ဟု ဟောင်တော်မူသောကြောင့် ဤဆယ်ပါးတို့တွင် အဝိဟိံသနံ–သတ္တဝါတို့ကို မညှင်းဆဲအပ် ဆိုသည်ဖြစ်၍ ကာသိကရာဇ် မင်းကြီးသည် ခိုးသူ လေးယောက်တို့ကို သတ်ဘိ, ဖြတ်ဘိ, တံကျင်လျှိုဘိ–မဆိုသင့်ဟု အယူတော်ရှိသောကြောင့် မေးသည်ဖြစ်၍ မေးတော်မူသည်မှာ မေးသင့်လှပေသည်၊ မမွေန-မှာ မင်းကျင့်တရား ဆယ်ပါးနှင့်ညီ၏ဟု မယူသင့်ချေ၊ မုချအားဖြင့် အမြဲကျင့်ဆောင်သည့် ရာဇဓမ္မ မင်းကျင့်တရား ခုနစ်ပါးကိုသာ ယူရမည် တကာတော်။

ဝါတွင်း သုံးလ ပတ်လုံး လယ်လုပ်၏, ဥပုသ် စောင့်၏ ဆိုသည်မှာ နေ့ရှိတိုင်း မဟုတ်၊ ရံဖန် ရံဖန်သာ ဖြစ်သည်၊ အစ္စန္တ သံယောဂ အနက်ဖြစ်၍ လေးလပတ်လုံး ဆိုသည်၊ ကာသိကရာဇ် မင်းကြီးသည် တရား ဆယ်ပါး နှင့် အညီ

မင်းပြု၏ ဆိုသည်မှာ နေ့ရှိတိုင်း ဆယ်ပါးကို စောင့်နိုင်သည် မဟုတ်၊ ရံဖန် ရံဖန် စောင့်နိုင်သည်ကိုပင် တရားဆယ်ပါးနှင့် အညီ မင်းပြု၏ဟု ဆို၏၊ တရား ဆယ်ပါးတွင်လည်း ဥပုသ် စောင့်ခြင်းသည် တပါး ပါဝင်သည်၊ အကယ်၍ မင်းဖြစ်သည့် နေ့က စ၍ မင်းကျင့်တရား ဆယ်ပါးကို နေ့တိုင်း စောင့်သည် ဖြစ်အံ့၊ စန္ဒာ ဒေဝီ မိဘုရား၏သား တေမိ မင်းသားသည် ကာသိကရာဇ် မင်းကြီး၏ သား မဟုတ်တော့ပြီ၊ ဤကို ထောက်၍ ရံဖန် ရံဖန်သာ တရား ဆယ်ပါးကို စောင့်သည်၊ စောင့်ခိုက်ပင်လည်း နုနု—ရင့်ရင့်ဖြစ်သော ပြည်ထဲရေးကိုလည်း စီရင်၏ဟု မှတ်ရမည်။

အပရိ ဟာနိယ ရာဇ၀ံ မင်းကျင့်တရား ၇-ပါး ဟူသည်ကား—

၁။ ပညာရှိတို့နှင့် ပြည်ထဲရေးကို တိုင်ပင် နှီးနှောရခြင်းသည်လည်း တပါး၊

၂။ ပြည်ထဲရေးကို မှူးမတ်တို့ နှင့် ညီညွတ်ခြင်းလည်း တပါး၊

၃။ ပြည်သူတို့၏ သားငယ် သမီးငယ်တို့ကို ဖျက်ဆီး၍ နိုင်ထက် သိမ်းယူလေ့ မရှိရခြင်းလည်း တပါး၊

၄။ အခွန် အထုတ် ယူခြင်း, ဒဏ် ပေးခြင်းတို့ကို ရှေးမင်းတို့ ထုံးစံအစဉ်ကို မလွန်စေဘဲ ပြုလုပ်ရခြင်းသည်လည်း တပါး၊

၅။ မြို့တွင်း—မြို့ပြင်၌ စောင့်နေသော နတ်တို့ကို ဗာလိနတ်စာ ပေးလေ့ရှိရခြင်းသည်လည်း တပါး၊

၆။ သက်ကြီး ရွယ်ရင့်ဖြစ်သော သူတို့ကို အရိုအသေ အလေးအမြတ် ပြုလေ့ရှိရခြင်းသည်လည်း တပါး၊

၇။ သီလဝန် ဂုဏဝန်နှင့် ပြည့်စုံကုန်သော ပြည်၏ တန်ခွန် အမွန် ဖြစ်ကုန်သော ရဟန်း သံဃာတို့ကို အရိုအသေ အလေးအမြတ် ပြုရလေ့ရှိခြင်း တပါး၊

ဤ ၇-ပါးသော တရားတို့ကို ပြည်ထောင် ထီးဆောင်း မင်းတို့သည် တနေ့မပြတ် ပြုကျင့်ရသော အပရိ ဟာနိယ ရာဇဓမ် မင်းကျင့်တရား ခုနစ်ပါးမည်၏။

ဥပမာ ဆောင်အံ့—ထွန်, ထမ်းပိုး, ကျွဲ, နွား, ပျိုး, လယ်, မိုးကာလ, ရေ ဤခုနစ်ပါးနှင့် ပြည့်စုံညီမှသာ လယ်လုပ်သမား တို့မှာ လုပ်စားရ၍ စီးပွား ဖြစ်သည်၊ ဤခုနစ်ပါးတို့တွင် တပါးပါး မပြည့်စုံက လယ်လုပ်သားဟု ခေါ်ရရုံသာ စီးပွား မဖြစ်သကဲ့သို့ ထိုအတူ အပရိ ဟာနိယ တရား ခုနစ်ပါးတို့တွင် တပါးပါး မေ့လျော့ လစ်ဟင်းသော မင်းတို့သည်လည်း ရေ—မြေသခင် ပြည့်ရှင်တည်းဟု ခေါ်ဝေါ်သာ ဖြစ်သော ကြောင့် ပြည်ထောင်ပြုစု၍ မဖြစ်ဟု မှတ်တော် မူရမည်၊ ကာသိက ရာဇာ—ကာသိကရာဇ် မင်းကြီးသည်၊ ဓမ္မေန—ရာဇဓမ် မင်းကျင့်တရား ခုနစ်ပါးနှင့်၊ သမေန—ညီသဖြင့်၊ ရဋ္ဌံ—ကို၊ ကာရေသိ—မင်းပြု၏ဟု အနက်ပေးရမည်–ဟု ဆရာတော် ယူပေ သည်၊ ယူကြောင်းကား အပရိ ဟာနိယ တရား ခုနစ်ပါး တို့တွင် အခွန် ခံခြင်း, ရာဇဒဏ် ပေးခြင်းတို့သည် ရှေးမင်းတို့ ထုံးစံ အတိုင်း တည်ခြင်းတပါးဟု ဆိုသောကြောင့် ခိုးသူ

လေးယောက်တို့ကို ရာဇဒဏ် မမွန်နှင့် အညီ သတ်လေ, ဖြတ်လေ စသည်တို့ဖြင့် စီရင်သည်မှာ ရှေးမင်းတို့ ထုံးစံအတိုင်း စီရင်သည်ဟု မှတ်တော်မူရမည်။

## ၃၀–မမွကထိက တရား

လျှောက်သည် ဆရာတော် မမွကတိက တရားဟော ပုဂ္ဂိုလ်တို့သည် ကိုယ်တွင်း၌ တရား ငါးပါးကို နှလုံး ပိုက်သွင်း၍ အနုမောဒနာ သုံးပါးဖြင့် ပရိသတ်တို့ကို ဟောပြော သင့်ပိုဟ်ရမည် ဆိုသည်တွင် တရားငါးပါး ကား အဘယ်နည်း၊ အနုမောဒနာ သုံးပါးကား အဘယ်နည်း ဆရာတော် သိသာအောင် အမိန့်ရှိပါ။

၁–အနုပုဗ္ဗိကထံ–ရှေ့နောက် အစပ် သင့်အောင် ဆိုအံ့ဟု နှလုံးသွင်းခြင်းလည်း တပါး၊

၂–ပရိယာရ ဒဿာဝီ–အကြောင်းကို ပြ၍ဆိုအံ့ဟု နှလုံး သွင်းခြင်းလည်း တပါး၊

၃–အနုဒယကံ ပဋိစ္စ–တရား နာသောသူတို့၌ ကရုဏာ ရှိခြင်းကို စွဲ၍ ဆိုအံ့ဟု နှလုံး သွင်းခြင်းလည်း တပါး၊

၄–န အာမိသန္တရော–ဆွမ်း စသော အာမိသကို ငဲ့၍ မဟောဟု နှလုံး သွင်းခြင်းလည်း တပါး၊

၅–အတ္တာနဥ္စ ပရေသဥ္စ အနုပဟစ္စ–မိမိကိုယ်ကိုရင်း, သူတပါးကိုရင်း မထိခိုက်စေမူ၍ ဟောအံ့ဟု နှလုံး သွင်းခြင်း သည်လည်း တပါး၊

ဤသို့အားဖြင့် ငါးပါးတည်း၊ ထိုငါးပါးသော တရားတို့ကို ဓမ္မကထိက ပုဂ္ဂိုလ်သည် ကိုယ်တွင်း၌ မပြတ်ထား၍ တရားဟောရမည်။

၁။ သံဃဘတ္တ—မင်္ဂလာ မင်္ဂလေသု အနုမောဒနာယ တိဿော အနုမောဒနာ ဥဂ္ဂဟေတဗ္ဗာ—ဟု ဆိုသောကြောင့် သံဃဘတ်ဆို၍ လှူသမျှ၌ ဟောရန် အနုမောဒနာတပါး၊

၂။ မင်္ဂလာဆို၍ လှူသမျှ၌ ဟောရန် အနုမောဒနာ မင်္ဂလာလည်း တပါး၊

၃။ မသာဆွမ်း အစရှိသော အမင်္ဂလာဆို၍ လှူသမျှ၌ ဟောရန် အနုမောဒနာ တပါး၊ ဤသုံးပါးကို အနုမောဒနာ ဆိုသည်ဟု မှတ်တော်မူရမည်။

## ၃၁—သာချင်းတရားဟူသည်

လျှောက်သည် ဆရာတော်-"သာချင်းသံကဲ့သို့ ဆို၍ တရားကို မဟောအပ်"—ဟု ဆိုသည်၊ သာချင်း စပ်သကဲ့သို့ တရားကို စပ်၍သာ မဟောရသလော၊ သာချင်းကဲ့သို အရှည် ရေငင်၍သာ မဟော မဆိုရ သလော ဆရာတော်။

"န ဘိက္ခဝေ ဂီတဿရေန ဓမ္မော ဘာသိတဗ္ဗော"—ဟု ဟောတော်မူခြင်းကြောင့် ပုဒ် ဗျည်း အက္ခရာတို့ကို ဖြတ်၍ အရှည် အလံ သာချင်းသံကဲ့သို့ မဟောအပ်၊ တရားဟောသော ပုဂ္ဂိုလ်တို့သည် ပကတိ မိမိ ထွက်မြဲတိုင်းသာ-သာချင်းသံကဲ့သို့

နှလုံးမသွင်း၊ တရားကိုသာ နှလုံးသွင်း၍ ဌာန် ကရိုဏ်းအက္ခရာ ကျနအောင်သာ ဟောရမည်၊ နှုတ်က အသံ မပါသောကြောင့် မရှည်တန်သည့် အက္ခရာ ရှည်၍ ဆိုမိ၏၊ မတိုတန်သည့်အက္ခရာကို အတို ဆိုမိ၏၊ ရှေး အကြောင်းကံ တစိတ် တဒေသက ဆုတောင်းပါ၍ သူတပါးတို့ နာပျော် သာယာဘွယ်သော အသံ ရှိခဲ့၏၊ ထိုသို့ ရှိခဲ့လျှင်လည်း မိမိကိုယ်တွင်း တရားငါးပါးကို အမြဲ တည်စေရမည်–ဟု ဘုရားရှင် ဟောတော်မူသည် တကာတော်။

## ၃၂–တရားဟောပုံ–နာပုံ

လျှောက်သည် ဆရာတော် ဆရာကလည်း လာဘ်လာဘကို ငဲ့၍ တရားဟော၏၊ တကာကလည်း တရားကိုသာ နှလုံးသွင်း၍ နာ၏၊ တကာက မိမိ၌ ကျေးဇူး ရှိဘူးသည်မျှကို ငဲ့၍ တရားနာ၏၊ တရားဟော ဆရာမူကား တရားတော်ကိုသာ ရှေးရှု ဟောတော်မူ၏၊ ထိုသို့သောအရာ၌ ဟောသူ-နာသူတို့ အကျိုးရှိကြပါမည်လော ဆရာတော်။

နာကျိုးလည်း ရှိ၏၊ ဟောကျိုးလည်း ရှိကြ၏၊ ရှိဟန်ကား ဟောသည့် တရားကိုလည်း နာသောသူ၏ အကျိုး မဆို၊ ဟောသူ ပုဂ္ဂိုလ်လည်း နာသူ့ အကျိုး မဆို၊ ဘုရားရှင် တရားတော် ဖြစ်သည်ဟု တရား နာသူ ကြည်ညိုခြင်း သဒ္ဓါ စေတနာကိုသာ အကျိုး ဆိုသည်၊ ဟောသော အရာ၌လည်း အကျိုး

မဆို၊ နာသူကိုလည်း အကျိုး မဆို၊ အလှူ ဝတ္ထုကိုလည်း အကျိုး မဆို၊ တရားဟော ပုဂ္ဂိုလ်သည် တရား၌ ကြည်ညိုခြင်း သဒ္ဓါ ကရုဏာ မုဒိတာ ပြဋ္ဌာန်းသော ကုသိုလ် စေတနာကို သာ အကျိုးဆိုသောကြောင့် ဟောသည့်ဆရာလည်း အကျိုး ရ၏၊ နာသည့် တကာလည်း အကျိုးရ၏-ဟု မှတ်တော်မူရမည်။

## ၃၃-လူ ရဟန်း အတန်း အစား ခွဲမှု

လျှောက်သည် ဆရာတော် မင်း ကေရာဇ်တို့မှာ ညီလာခံစဉ် မှူးကြီး,မတ်ကြီး,မင်းညီ, မင်းသား,မင်းဆွေ မင်းမျိုး,မှူးငယ်,မတ်ငယ် အမှုလုပ် စာရေးတို့ လောက တရားကို လိုက်၍ အစဉ်အတိုင်း နှိမ့်ချ၍ နေကြရသည်၊ အသုံးအဆောင်မှာလည်း ရတိုင်း မသုံးဆောင်ရ၊ ကေရာဇ်မင်းတို့၏ အသုံးအဆောင် မင်းညီ မင်းသား တို့၏ အသုံးအဆောင် မင်းဆွေ မင်းမျိုးတို့၏ အသုံး အဆောင် တယောက်ကို တယောက် လျော့နိမ့်၍ သုံးဆောင်ရသည်၊ ရဟန်းတော်တို့မှာလည်း ဤကဲ့သို့ သုံးဆောင်စေဟု ဘုရားရှင် ပညတ်တော်မူသလော၊ လာဘ်လာဘရလျှင် ကြီးလိုကြီး ငယ်လိုငယ် အလိုရှိတိုင်း သုံးဆောင်စေဟု ပညတ်တော်ရှိသလော၊ သိသာအောင် ခွဲခြမ်း၍ အမိန့်တော်ရှိပါ၊ တကာတော်၏ အကျိုး စီးပွားသာ မဟုတ်၊ ဆရာတော်၏ အကျိုး စီးပွား လည်း ရှိပါလိမ့်မည် ဆရာတော်။

မင်းကျောင်တို့မှာ ညီလာခံ၍ မှူးမတ်တို့နှင့် စည်းဝေးသောအခါ လက်ဝဲ လက်ျာတော် ဒူးစနည်း အတွင်းဘဝေါ ပြင်ဘဝေါ တဘက် ငါးသွယ်စီ နေရာချ၍ တသွယ် တသွယ်၌ တဆဲ့ရှစ်နေရာ နေရာပေါင်း တရာ့နှစ်ဆဲ့ငါးသွယ်ထက် လွန်၍ မင်းညီ မင်းသား စော်ပွား စော်ခံတို့ နေရာလွန် နေရာချွန် ဖြစ်သည်၊ ငါးသွယ်အောက်ကို အမည်မရသော အမှုစာရေးတို့ နှီးခေါက် နေရာနှင့် နေရာပေါင်း တဆဲ့နှစ်နေရာ ချ၍ အနိမ့် အမြင့် နေကြရသည်၊ မင်းဖွယ်စိုးရသော အဆောင်အယောင် အဝတ်အစားများမှာလည်း ကွမ်းလောင်း ကွမ်းခွက် မှိုင်းလုံး ကတီပါ သက္ကလပ် အနားပါ တကျွန်းယက်ထည် အနိမ့် အမြင့် အဝတ်အစားများကို ဆောင်ကုန်ကြရသည်၊ဂုဏ်ရှိသည့်အတိုင်း တယောက်ကို တယောက် နှိမ့်ချရသည်၊ ဝုစ္စာပစာယိနေ့ာဟု ဟောတော်မူသော ဓမ္မခန်ကြောင်းနှင့် အညီပင် ဖြစ်ပေသည်။

အဝတ်အစား အသုံး အဆောင် အယောင်တို့မှာ မင်းဖွယ်စိုးရ လောကဝတ် ဖြစ်ပေသည်၊ ဘုရားရှင်၏ တပည့်သား သံဃာ တို့မှာကား ဇာတိဝုစ္စ ဝယဝုစ္စ ဂုဏဝုစ္စ အားဖြင့် အကြီး သုံးပါးတို့တွင် ဂုဏဝုစ္စကိုသာ အမြင့် အကြီး ထားတော်မူပေ သည်၊ ထိုသို့ ထားကြောင်းကား ဝိနည်း သိက္ခာပုဒ်၌ မလိမ္မာ သော အဝါခြောက်ဆယ်ရှိပြီးသော မထေရ်ကြီးသည် ဝိနည်း သိက္ခာပုဒ်၌ လိမ္မာသော နှစ်ဝါ၊ သုံးဝါမျှရှိသော ရဟန်းငယ်၏ အထံ၌ မှီ၍ နေစေ၊ နိဿရည်း ကင်း၍ မနေစေနှင့်ဟု ပညတ် တော်မူသည်၊ ပဗ္ဗဇ္ဇာစရိယ ရဟန်း သာမဏေပြုသော ဆရာ, ဥပသမ္ပဒါစရိယ-ပဉ္စင်းခံပေသော ဆရာ, နိဿယာစရိယ၊ အမှီ

ပြုပေသော ဆရာ,ဓမ္မာစရိယ-စာပေချသော ဆရာ၊ဤလေးပါး တို့၌ တပည့်တို့ဆိုင်ရာ အသီး အသီး ဝတ်ကိုပြု ရမည်ဟု ပညတ် တော်မူသည်၊ဆရာလေးပါးမှ အလွတ် အတူနေ-ဒုစုတရ ဝတ်, မိမိ နေရာသို့ ရောက်လာသော သင်္ဃာတို့အား ပြုရသော- အာဂန္တုက ဝတ်၊ ဤဝတ်အပေါင်းကိုလည်း ပညတ်တော် မူသည်၊ ထိုထက်လည်း သုံးဝါ အလွန် ကြီးပေလျှင် ခွင့် မပေး သမျှကို နှစ်တောင့်ထွာ ဟတ္ထပါသ်တွင် စပ်၍ မနေစေနှင့်ဟု ပညတ်တော်မူသည်။

ဘုရားရှင် တပည့်သား သင်္ဃာတော်တို့မှာ ကြီးစဉ် ငယ် လိုက် နေခြင်း နှိမ့်ချခြင်း ကိုသာ ပညတ်တော်မူသည်၊ အဆောင်ကို အကြီး-အငယ် ခြား၍ ပညတ်တော်မမူဟု မှတ်တော်မူရမည်၊ အဆောင်ကို အနိမ့် အမြင့် ပညတ်လျှင် စိတ်ရှိ ကြီး ငယ် မဆို ဆောင်ရာ၏ဟု ဆိုရာ၌ ရဟန်းတို့ကို ဝါရိတ္တ သိက္ခာပုဒ် တရာ့နှစ်ဆယ် ပညတ်တော်မူ၏၊ စာရိတ္တ ဓုတင် တဆယ့်သုံးပါးကိုလည်း ခွင့်ပြုတော်မူသည်၊ ဤထက် ကျူးလွန်၍ သလ္လေခ ၁၂-ပါးကို ခွင့်ပြုတော်မူသည်၊ ဝါရိတ္တ သိက္ခာပုဒ်ကို အိမ်ဆောင် ကျောင်းဆောင် အထည်ကဲ့သို့ မှတ်ရမည်၊ စာရိတ္တ ဓုတင်ကို အမွန်း အပြောက်ကဲ့သို့ မှတ်ရမည်၊ သလ္လေခ တဆယ့်နှစ်ပါးကို အထွတ် မှန်းကင်းကဲ့သို့ မှတ်ရမည်။

ရဟန်းတို့၏ အသုံး အဆောင်ကို ပညတ်တော်မူရင်းမှာ လည်း သင်းပိုင်, ကိုယ်ဝတ်, ဒုကုဋ်, ခါးပန်း အတွင်း လေးပါး၊ သပိတ်, အပ်, ပဲခွပ်, ရေစစ်-အပြင် လေးပါး၊ဤပရိက္ခရာကိုသာ ပညတ်တော်မူရင်း ဖြစ်သည်၊ ဤပရိက္ခရာ ရှစ်ပါးတွင်လည်း

သက်နိုး ပရိက္ခရာကို သုသာန် သင်းချိုင်း၌ စွန့်ပစ်အပ်သော အဝတ်ကို ပံသုကူဆောက်တည်၍ ဝတ်ရုံသော ရဟန်းကိုသော် ဘုရားရှင် အထူးသဖြင့် ချီးမွမ်းတော်မူသည် ဖြစ်သောကြောင့် တရားကို ကျင့်ပေသော ရဟန်းဖြစ်လျှင်လည်း အဆောင် အယောင် မွဲတိုင်း အနှစ် ရှိပေ၏ဟု မှတ်တော်မူရမည်၊ ဈေးကံ နည်းပါး၍ အဝတ်အစား မလုံလောက်သောကြောင့် မွဲသည့် ရဟန်းကိုလည်း မသွင်း မယူသင့် တကာတော်။

နှ ဘိက္ခဝေ ဥပဇ္ဈာယမှိ အနုပါဟဏော စင်္ကမန္တေ သဉပါဟနေန စင်္ကမိတဗ္ဗော ဟု–ဟောတော်မူသောကြောင့် ဥပဇ္ဈာယ်ဆရာသည် ဘိနပ် မစီးဘဲ စင်္ကြံ သွားသည်ရှိသော် သဒ္ဓိ ဝိဟာရိက တပည့်သည် ဘိနပ် စီး၍ စင်္ကြံ မသွားအပ်ဟု ပညတ်တော်မူသည်၊ ထိုကြောင့် ရဟန်းတို့မှာ အသုံး အဆောင် အတူတူပင် ပညတ်တော်မူသော်လည်း သုံးဆောင်သောအခါ ဆရာကြီးတို့ထက် ငယ်သောသူသည် အောက်ယုတ်၍ သုံးဆောင် ရမည်၊ ဆရာကြီးတို့ ဘိနပ် မစီးဘဲ သွားလျှင် နောက်လိုက် ရဟန်းတို့ ဘိနပ် မစီးအပ်၊ဆရာကြီးတို့ ထီးဆောင်း မသွားလျှင် နောက်လိုက် ရဟန်းတို့လည်း ထီးမဆောင်းအပ်၊အဘယ်ပါဠိကို ထောက်၍ သိရသနည်း ဟူမူကား—'နိစ္စံ ဝုဍ္ဎာ ပစာယိနော' စသည်ဖြင့် ဟောတော်မူသောကြောင့် သိရ၏။

အဒိပ္ပါယ်ကား အသက်ဖြင့် ကြီးသည့်သူ ဂုဏ်ဖြင့် ကြီးသည့်သူ တို့ကို အရိုအသေ အလေးအမြတ် ပြုရာသော ဝတ်ကို ပြုရမည်၊ ဆရာကြီးတို့သည် ထီး ဘိနပ် စီး ဆောင်း၍ပင် သွားသော် လည်း အန္တေဝါသိက၊ တပည့်တို့သည် ထီး မဆောင်းအပ်၊

ဘိနပ် မစီးအပ်၊ နေရာမှာလည်း ပဌိပါဠိ အစဉ်အတိုင်း အနိမ့်အမြင့် နေရမည်၊ အဆောင်မှာလည်း အထူးထူး ပညတ်တော်မူသော်လည်း ဂရုဂါရဝ–ဝတ်, လောက–ဝတ်, ဓမ္မဝတ်တို့ကို ထောက်၍ သုံးဆောင်သောအခါ အနိမ့် အမြင့် သုံးဆောင်ရသည်ဟု မှတ်တော်မူရမည်။

## ၃၄–ဆွမ်းခံပုံ ဆွမ်းခံနည်း

လျှောက်သည် ဆရာတော် ဆွမ်းခံသောအခါ သပိတ်ကို အိတ်မှချွတ်၍ ပိုက်လျက် မခံ၊ လွယ်၍ ခံခြင်းသည်ရှင်း, ကိုယ်တိုင် ပိုက်၍လည်း မခံ၊ သူငယ်ကို ပိုက်စေ၍ ခံခြင်းသည်ရှင်း၊ ခဲဘွယ်ကိုလည်း ဒေါင်းလန်းကလပ်နှင့် သူငယ်တို့ကို ကိုင်၍ လိုက်စေသည် မအပ်မသင့်ဟု ဆိုကြသည်၊ ဓမ္မခန်ကြောင်း ဘုရား ပညတ်တော်နှင့်ပင် လျော်၍ ဆိုကြသလော၊ ဘုရား ပညတ်တော်နှင့်ပင် မလျော်လျှင်လည်း သူ့အလှူကို ခံစဉ်မှ တရားတော်ကို မကျင့်လျှင် ရဟန်းပြု၍ အကျိုးရှိမည်မဟုတ်၊ သိသာအောင် လျှောက်သည် ဆရာတော် ခွဲခြမ်း၍ အမိန့်တော်ရှိပါ။

ဒက္ခိဏ ဟတ္ထံ ဩမုဉ္စိတွာ ဝါမ ဟတ္ထေန သဃာဋိံ ဝိဝရိတွာ ဥဘောဟိ ဟတ္ထေဟိ သက္ကစ္စံ ပိဏ္ဍပါတေဝ ပဋိဂ္ဂဟေတဗ္ဗောဟု–ဟောတော်မူသောကြောင့် သပိတ်ကို လွယ်၍ ခံခြင်း သူငယ်ကို ပိုက်၍ ခံစေခြင်းတို့မှာ သက္ကစ္စ ပဋိဂ္ဂဟ

သေခိယ ဝတ်တော်နှင့် မပြည့်စုံသောကြောင့် ဒုက္ကဋ် အာပတ်သင့်သည်၊ သင့်လျှင်လည်း အလဇ္ဇီ ဖြစ်သည်၊ အလဇ္ဇီ ဖြစ်လျှင် ဆွမ်းခံသည့် ဘုန်းကြီးသာ တာဝန်ဖြစ်သည်၊ သဒ္ဓါ ဆွမ်းလောင်းသူမှာ အပြစ်မရှိ၊ ထိုရဟန်း ပကာသန ပြုသည်ကိုပင် ချီးမြှောက်လို၍ ဆွမ်းလောင်းချေလျှင်လည်း သူခိုးလည်း မလွတ် လက်ခံလည်း မလွတ် ဆိုသကဲ့သို့ ထိုအတူ လောင်းသူ ခံသူပင် မလွတ်ဟု မှတ်ယူရမည်။

ခဲဖွယ် စားဖွယ်တို့ကို ဒေါင်းလန်း ကလပ်နှင့် ဆောင်သည်မှာလည်း ရှေး ကံပါရမီ အလိုက် လာဘ်များ၍ မနိုင်သောကြောင့် သပိတ်က ထုတ်၍ ဆောင်စေသည့် ရဟန်းတို့မှာ အပြစ်မရှိ၊ လာဘေန-လာဘံ ဇိဂိသတိ၊ လာဘေန-လာဘ် တခုဖြင့်၊ လာဘံ-လာဘ် တခုကို၊ဇိဂိသတိ—ချူ၏ဟု အဋ္ဌကထာတို့ ဆိုသောကြောင့် လာဘ်ကို လာဘ်ခြင်း ချူလိုသော နှလုံးထားနှင့် တပါးကရသည့်လာဘ်ကို တပါး၌ အရပ်မှာ ပြ၏၊ "ဘုန်းကြီး၏၊ကံကြီး၏၊ သီလ ရှိ၏၊ကြည်ညိုဖွယ်မှတ်၍လှူလတ္တံ့" ဟု ရည်မှတ်၍ တဦးက လာဘ်ကို တဦးသို့ ပြ၏၊ ရည်မှတ်သည့်အတိုင်းလည်း လှူကြ၏၊ ရသော လာဘ်သည်ကား စားဟောင်း မစင်ခန့်မျှ အကျိုး မရှိ၊ မအပ်-မသုံးဆောင်ကောင်း၊ အာပတ်လည်း သင့်၏၊ အလဇ္ဇီလည်း ဖြစ်၏၊ လှူသောသူတို့မှာ သံသဋ္ဌ ပကာသနကို မင့်၊ ကံ၏ အကျိုးကို ယုံကြည်၍လှူလျှင် အကျိုး ရ၏၊ အပြစ် မရှိ၊ ဆရာ တကာဖြစ်၍ ပဂ္ဂဟ သံသဋ္ဌကို ရည်၍ ပြုလျှင် သူခိုးလည်း မလွတ်၊ လက်ခံလည်း မလွတ်ဖြစ်သကဲ့သို့ မှတ်တော်မူရမည်။

"အလဇ္ဈိနံ ဒါနာနိ ဒေန္တိ ဒါနာနိ န ဟောန္တိ အလဇ္ဇီ ပုဂ္ဂလ သံသဠ္ဌာဟိ"—ဟု ကျမ်းဆရာတို့ သံသဠ္ဌ ဟိတ်ကို ပြသော ကြောင့် ဒါန သဒ္ဒါချင်း တူလျှင် ဒါန ဝတ္ထုချင်း တူ၏၊ သံသဠ္ဌ ဒါနမှာ ဝတ္ထုဒါနသာ ဖြစ်သည်၊ ကုသိုလ် စေတနာ ကား မဟုတ်၊ ပဂ္ဂဟပြုခြင်းသည်ကား လောဘ ဒိဋ္ဌိနှင့် တကွ လောဘဇော ဖြစ်သည်၊ ဖြစ်သောကြောင့် ကုသိုလ်မရဟု မှတ်တော်မူရမည်။

## ၃၅-ရဟန်းတို့ အရှုခံကိုစ္စ

လျှောက်သည် ဆရာတော် တောင်းပါဟု ဘိတ် သောသူကိုလည်း တောင်းကောင်း၏၊မဘိတ်သော်လည်း ဆွေမျိုးဉာတိ ဖြစ်လျှင်လည်း တောင်းကောင်း၏၊ မဘိတ်သမျှကို မိမိလက်တွင် ကြီးသော တပည့်ပင် ဖြစ်သော်လည်း သူ့စိမ်းဖြစ်က မတောင်းကောင်းဟု ဆိုသည်ကို ကြားဘူးပါ၏၊ အနီး အပါးတိုင်အောင် သွား၍ ရဟန်းတို့က ရပ်တောင်းမှသာ အရပ်ဆိုရမည် လော၊ ပဌွင်းငယ် သာမဏေတို့ကို အိမ်သို့ စေခိုင်း၍ စာနှင့် ပြစေ၍ ပြုသည်ကို ရပ်သည်ဟုဆိုသင့်မည်လော၊ ရဟန်းတို့ သိက္ခာပုဒ်ကို လူတို့နှင့် မစပ်မဆိုင်ဟု မယူ သင့်ပါ ဆရာတော်၊ သာသနာပြုသော အရပ် ဆိုသမျှ လူမလွတ်-ရှင်မလွတ် စပ်လျက်ချည်း ဖြစ်ကြပါ၍ လျှောက်ပါသည် ဆရာတော်။

“ယာဝ သတ္တမ ကုလ ပရိဝတ္တာ ကုလ ဒူသက ဝောဟာ ဝိညတ္တိ အာပတ္တိ နတ္ထိ”ဟု ဆိုသောကြောင့် ဆွေ ခုနစ်မျိုး ဆွေခုနစ်ဆက်တို့ကို ကုလဒူသက အနေသန မဖြစ်၊ အလိုရှိတိုင်း တောင်းစေဟု ပညတ်တော်မူသည်၊ ဆွေမတော် မျိုးမတော် သောသူ ဘိတ်မန္တက မပြုသော သူဖြစ်လျှင် မိမိ ကျောင်း ဒါယကာပင် ဖြစ်သော်လည်း မတောင်းကောင်း၊ မတောင်း အပ်၊ အလိုရှိလျှင် တရားသဖြင့် ကိုယ်တိုင် ရပ်ရမည်၊ တရား သဖြင့် ကိုယ်တိုင် ရပ်ရမည်ဆိုလျှင် မတရားသဖြင့် ရပ်ခြင်း ရှိသည်ဟု မှတ်တော်မူရမည်၊ တရားသဖြင့် ရပ်ခြင်းဆိုသည်မှာ အနီး၌ ရပ်နေသည်ကို မည်သို့မည်မျှ မလှူပ်၊ မေးမှသာ စာရေး ၍သော်ရင်း, နှုတ်မြွက်၍သော်ရင်း ပြောဆိုရမည်၊ ထိုသို့ ပြော ဆိုခြင်းသည် တရားသဖြင့် ရပ်သည်မည်၏၊ ဒါယကာတို့က မမေးမီ စာကိုရင်း, နှုတ်မြွက်သော်ရင်း ဤဝတ္ထုကို အလိုရှိ သည်ဟု ပြောဆို၏၊ ထိုသို့ ပြောဆိုခြင်းသည်ကား တောင်းရာ သို့ ရောက်သောကြောင့် တရားနှင့်မညီသော ရပ်ခြင်းမည်၏။

ပစ္စင်းငယ် သာမဏေငယ်တို့ကို စာနှင့် စေခိုင်းရာမှာလည်း ရပ်သည်ဟူ၍ သမုတ်သည်၊ အတောင်း ဟူ၍ပင် မှတ်ရမည်၊ အလိုရှိလျှင်တောင်းပါ၊ စေခိုင်းပါမဆိုသမျှ မတောင်းကောင်း၊ မစေကောင်းဖြစ်သည်၊ မတောင်းကောင်း၊ မစေခိုင်းကောင်း ဘဲကို တောင်းချေ၊ စေချေလျှင် မအပ်၊ လှူသောသူတို့မှာ တစုံ တရာ အကြောင်းကို ငဲ့ခြင်း မရှိ၊ သဒ္ဓါ၍ လှူလေသည်၊ အနေ အထိုင် အရာ အခွင့် ကြီးကျယ်သူတို့ နေရာဖြစ်သောကြောင့် မတ်တပ် ရပ်ကလည်း မမြင်နိုင်၊ မြင်ရာသို့တိုင်အောင် သွား၍ လျှင်လည်း မတ်တပ် ရပ်၍ မဖွယ်မရာလေသောကြောင့် ထိုင်၍

နေရာမှာ မေး၍ သဒ္ဓါသမျှ လှူလျှင်လည်း အပ်၏ဟု ဘုရားပညတ်တော်မူသည် တကာတော်။

## ၃၆-လူကျင့်နှင့် ရဟန်းကျင့်

လျှောက်သည် ဆရာတော် လူ့အကျင့်ထက် ရဟန်းအကျင့် မြတ်သည်ဟု ဆိုသည့်အရာတွင် ပုထုဇဉ်တို့ ပြုသမျှ ဒါန သီလ အစရှိသည်တို့ကို မဟာကုသိုလ်ဇော ရှစ်ခုပြင် မရှိဟု ဆိုပါသည်၊ ရဟန်းတို့မှာ မဟာကုသိုလ်ဇော ရှစ်ခုဟု အခြား ရှိသေးသလော ဆရာတော်။

လူ နှစ်ယောက်တို့ လယ်လုပ်ကြသည်မှာ တယောက်ကား မစားရ၊ တယောက်ကား စားရ၏၊ မစားရသည့် သူမှာလည်း စားရသောသူနှင့် မျိုး လယ် အစရှိသည်တို့သည် မထူး မခြားပင်၊ ထိုသို့ပင် မထူး မခြား ရှိသော်လည်း တယောက်သော မစားရလည့်သူသည် လုံ့လ ဝိရိယ မရှိ၊ ပျင်းသောကြောင့် ပေါင်းမြက် အလူးလူး မပုပ် မညက်သောကြောင့် မစားရရှိသည်၊ ထိုအတူ လူ့အကျင့်နှင့် ရဟန်းအကျင့်ကို မှတ်တော်မူရမည်။

လူတို့မှာ တရား စောင့်သောနေ့ အလှူ ပေးသော နေ့များသည် တနှစ်ကို ဆယ်စု စု၍ တစုခန့်သာ ရှိသည်၊ ထိုသို့ရှိသော နေ့၌လည်း လူတို့ လောက ကိစ္စ မင်းမှုနှင့် စပ်သော စိုးရိမ်ကြောင့်ကြရခြင်း, ဥစ္စာ ပစ္စည်း လုပ်ကိုင်မှုနှင့် စပ်သော စိုးရိမ်

ကြောင့်ကြရခြင်း, သားမယား ကိုယ်နှင့် စပ်သော စိုးရိမ်ကြောင့်ကြရခြင်း လောဘ ဒေါသ စသော အာရုံများသောကြောင့် ထိုသီလ ဆောက်တည်သည့် နေ့ အလှူ ပေးသည့်နေ့ကိုပင် ဆယ်စု စု၍ တစုခန့်မျှ ကုသိုလ်ဇောမရှိသောကြောင့် ပေါင်းမြက်ကြား၌ ရောက်သော စပါးပင်သည် အသီး အနှံနည်းသကဲ့သို့ ထိုအတူ လောဘ ဒေါသ ကိလေသာ အတွင်းတွင် လူတို့ပြုသော ကုသိုလ်သည် အကျိုးနည်းချေသည်၊ ထိုသို့ အကျိုး နည်းသည်ကိုပင် မမြတ် ဆိုသည်ဟု မှတ်တော်မူရမည်။

ရဟန်းတို့၏ ကုသိုလ် မြတ်ကြောင်းကား—ပဉ္စင်း သာမဏေ မပြုမီ ကာလကပင် အပြော အဆို အနေ အထိုင် အစား အသွားအားဖြင့် အကုသိုလ် အာရုံနှင့် စပ်သမျှကိုပင် ဆင်ခြင်၍ အကုသိုလ် တရားတို့ကို ခေါင်းပါးစေသည်၊ ပဉ္စင်း သာမဏေ အဖြစ်သို့ ရောက်လျှင်လည်း စားခြင်း သွားခြင်း နေထိုင်ခြင်း ပြောဆို ပေါင်းဘက်ခြင်း အစရှိသော အာရုံ အပေါင်းတို့ကို ဖြတ်၍ နေ့ ညဉ့် မပြတ် သိက္ခာပုဒ်တော်ကို စောင့်ထိန်းရသည်၊ ထို့ပြင်မှ တပါးလည်း မင်းတိုင်း မင်းကား သားမှု မယားမှု ဥစ္စာမှု ကျွန်မှု လောဘ ဒေါသ အာရုံနှင့် စပ်သမျှကိုသာလျှင် ပင် ပယ်ရလေသောကြောင့် ကိလေသာ တည်းဟူသောပေါင်းမြက်တို့သည် မရှိဖြစ်၍ ပညတ်တော်မူသည့်အတိုင်း ကျင့်သော ရဟန်းတို့သည် ပေါင်းမြက်မရှိသော လယ်၌ စပါး အသီး အနှံကောင်းသကဲ့သို့ ဖြစ်၍ ရဟန်းအကျင့် မြတ်သည်ဟု ဆိုသည်၊ ဆိုသည့်အတိုင်း ရဟန်းတရားနှင့် မညီ မတည် ရှိလျှင်လည်း ရဟန်းပင် ဆိုသော်လည်း မလုပ် မကိုင်ဘဲ ထားသည့်လယ်ထက်,

လုပ်ကိုင်မည်ဟု ထွန်ယက်၍ ထားပြီးမှ မလုပ် မကိုင်ဖြစ်သော လယ်၌ ပေါင်းမြက်တို့ သာလွန်သကဲ့သို့ ထိုအတူ ရဟန်းဖြစ်လျက် ရဟန်းတရားကို မကျင့်ချေလျှင်လည်း လူထက်ပင် အပြစ် လေးချေ၏ဟု မှတ်တော်မူရမည်။

## ၃၇-တဦးပြုမှုနှင့် အများစု ခံစံ့ရခြင်း

လျှောက်သည် ဆရာတော် သတ္တဝါတို့သည် တယောက်ပြုသော ကံကို တယောက်၌ ကူး၍ အကျိုးမပေး၊ မိမိကံ အကျိုးကို မိမိသာဟု ဟောတော်မူကြသည်၊ ကလျာဏီမင်းသည် ရဟန္တာတို့ကို သတ်၍ ထိုကံသည် မျက်မှောက်၌ပင် အကျိုးပေးသောကြောင့် ဂင်္ဂါရေနစ်၍ တမြို့လုံး သေသည်ဟု ဆိုသည်၊ နန္ဒိယမင်းသည်လည်း သင်္ကန်း လှူဘူးသော ကုသိုလ်ကံ အကျိုး ပေးသောအခါ ဗာရာဏသီပြည် တပြည်လုံး ပဒေသာပင် ခြောက်ဆယ့်လေးပင် ပေါက်၍ တကျွန်းလုံး သုံးဆောင်ရသည်ဟု ဆိုသည်၊ ကလျာဏီ ကျွန်းသူတို့ အားလုံး ရဟန္တာကို မသတ်ပါ၊ ဗာရာဏသီပြည်တို့လည်း အားလုံး သင်္ကန်း မလှူပါ၊ ကလျာဏီမင်း၏ အကုသိုလ်ကံကို တကျွန်းလုံး ဝိုင်း၍ ခံရ၏၊နန္ဒိယမင်း၏ သင်္ကန်း အကျိုးကို တမြို့လုံး ဝိုင်း၍ သုံးဆောင်ရ၏၊ တယောက် ပြုသောကံသည် တယောက်ကို ကူး၍ပေး၏ဟု မဆိုသင့်သလော၊ ပရမတ္ထ သဘောဖြစ်၍ တကာ

တော်တို့ မသိနိုင်ပါ၊ သိသာ ခြားနားအောင် အမိန့်တော်ရှိပါ ဆရာတော်။

ပရမတ္ထ သဘောဖြစ်၍ ခက်ခဲ၏၊ ပရမတ္ထတွင်လည်း— "စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ"-ဟု ဟောတော်မူရင်းသာ လွယ်သည်၊ ကံ၏ အရာ၌ကား လွန်စွာပင် ခက်ခဲ၏ ပရမတ္ထ သဘောကို ပါဠိ အဋ္ဌကထာကို ချင်းနင်း၍ တကြိမ်ပင် သင်သော်လည်း တယောက်မျှ နားမလည်နိုင်၊ အာရုံ အာရမ္မဏိက ဇောဝီထိနှင့် အကျယ် ဆိုပြန်လျှင်လည်း အလွန်ပင် သိခက်လှသည်ဖြစ်၍ လူတိုင်း နားလည်သာအောင် လောက ဥပမာဖြင့် ပြပေအံ့—

ကလျာဏီမင်း၏ ညီဖြစ်သောသူနှင့် မင်း၏ မိဘုရားတို့ မိတ်သင်္ဂဟ ချစ်ကျွမ်းဝင်ကြသည်ကို သိ၍ ညီကို ဘမ်းမည်ပြုရာတွင် ညီတော် ထွက်ပြေး၍ တရပ်တကျေးမှာ ကာလအရှည်ကြာ နေလေပြီးမှ နောင်တော် စိတ်ပြေချိန်တန်ပြီဟု စိတ်ရည်မှတ်၍ မိဘုရားရှိရာသို့ ဆက်စာနှင့်တကွ လူတယောက်ကို ရှင်ယောင်ပြု၍ လွှတ်လိုက်၏၊ "နောင်တော်မှာ ရဟန္တာ အရှင်မြတ်တို့ကို နေ့စဉ်တိုင်း ဆွမ်းကျွေး၏၊ အိမ်သို့ ဆွမ်းစားအတက်တွင် ရဟန္တာတို့နှင့် ရော၍ ဝင်လေ၊ ဆွမ်းကျွေးပြီး၍ ဆင်းသွားသောအခါ မည်သည့် နေရာ အပေါက်တွင် မိဘုရား ထွက်မြဲဖြစ်သည်၊စာခွေကို ထိုအပေါက်၏ အနီးတွင် ချထားခဲ့" ဟု ရှင်ယောင်ကို မှာလိုက်သည်။

မှာသည့်အတိုင်းလည်း ရှင်ယောင်သည် ရဟန္တာ အရှင်မြတ်တို့နှင့် အတူ လိုက်၍ စည်းဝေး၏၊ ရဟန္တာ အရှင်တို့လည်း

တို့တပည့် သံဃာ မဟုတ်ဟူ၍လည်း မဆို၊ မင်းကလည်း အရှင်ဘုရားတို့ တပည့်လော-ဟု မမေး၊ အတူတူပင် ဆွမ်းလုပ်ကျွေးပြီးလျှင် အိမ်က အဆင်းတွင် ညီတော်က မှာလိုက်သည့်တံခါးပေါက်မှတ်၍ မင်းထွက် တံခါးပေါက်မှာ စာခွေကို ချထားခဲ့မိလေ၏။

ကလျာဏီမင်းကြီးလည်း စာခွေကို တွေ့၍ စာကိုဖတ်ကြည့်လျှင် အမျက် ချောင်းချောင်းထွက်၍ ငါ့ညီ၏ သူလျှိုများတကား၊ သူတော်ကောင်းမှတ်၍သာ "ငါ ဆွမ်းလုပ်ကျွေး၏၊ ယခုပင် ဖမ်း၍ အကုန်သတ်ဘိ" ဟု မစူး မစမ်း မစစ် မကြောစီရင်လေသောကြောင့် ရှင်ယောင်နှင့်တကွ ဆွမ်းကျွေးသမျှရဟန္တာအပေါင်းတို့ကို ဖမ်း၍ သတ်စေ၏။

ကလျာဏီမြို့သည်လည်း ကျွန်းငယ် အဝင် အပါ မဟာသမုဒ္ဒရာကြား၌ ဖြစ်၍ ကျွန်းစောင့်နတ် မြို့စောင့်နတ် ဂင်္ဂါစောင့်နတ် အပေါင်းတို့သည် သာသနာတော်၌ အလွန်ကြည်ညိုသည် ဖြစ်သောကြောင့် မင်းသည် မစူး မစမ်း မဆင် မခြင်သီလ သမာဓိနှင့် ပြည့်စုံတော်မူသော ရဟန္တာ အရှင်မြတ်တို့ကိုသတ် ဘိသည်"—ဟု ပြင်းစွာ အမျက်ထွက်၍ နတ်တို့ တန်ခိုးဖြင့် ဂင်္ဂါရေ လှိုင်း တံပိုးကို ငင်၍ နှစ်သောကြောင့် ဝိဟာရဒေဝီ တယောက်သာ ကျန်၍ ကလျာဏီ တမြို့လုံး ရေနစ်၍သေကုန်၏၊ သည်ကိုထောက်၍ ကလျာဏီမင်းသည် ရဟန္တာအရှင်မြတ်တို့ကို သတ်သော ကံသည် တမြို့လုံးကို ပြား၍အကျိုးပေးသည် မဟုတ်လော-ဟု မေးတော်မူသော အရာသည်မေးတော်မူသင့်လှပေသည်။

ကလျာဏီမင်းသည် ရဟန္တာ အရှင်မြတ်တို့ကို သတ်သောကံကို ပြုသောအခါ ဒေါသဇော ခုနစ်ကြိမ် ဖြစ်သည်တွင် ပထမဇော စေတနာသည်ကား မျက်မှောက် အကျိုးကို ပေးသော ဒိဋ္ဌဓမ္မ ဝေဒနီယကံ ဖြစ်သည်၊ သတ္တမဇော စေတနာသည်ကား အနန္တရ ဘဝ၌ အကျိုးကို ပေးသော ဥပပဇ္ဇဝေဒနီယကံ ဖြစ်သည်၊ ကလျာဏီမင်း ရေနစ်၍ သေသည်ကား ပဌမဇော စေတနာ ဒိဋ္ဌဓမ္မ ဝေဒနီယကံ အကျိုးကို ဖြစ်စေသည်၊ ကလျာဏီမင်းနှင့် အတူ တမြို့လုံး ရေနစ်၍ သေသည်ကား ပဌမဇော စေတနာ ဒိဋ္ဌဓမ္မ ဝေဒနီယ အကျိုးကို ဖြစ်စေသည်၊ ကလျာဏီမင်းနှင့်အတူ တမြို့လုံး ရေနစ်၍ သေသည်ကား ရှေးရှေးသော ဘဝက ဖြစ်ခဲ့ဘူးသော ပရံပရ ကံဟောင်းသည် ကာလ ဝိပ္ပတ္တိ ပယောဂ ဝိပ္ပတ္တိနှင့် ကြိမ်၍ အခွင့်ရသောကြောင့် အကျိုးကို ပေး၍ တမြို့လုံး ရေနစ်ရ၊ သေရလေကုန်သည်။

ဥပမာဆိုသည်ရှိသော်—ကျွဲခိုး တယောက်ကို မိ၍ စစ်ဆေးလျှင် နွားခိုး, ဆိတ်ခိုး, ဝက်ခိုး အစရှိသော သူခိုးတို့ အားလုံးကို ပေါင်း၍ တစုတည်း ရာဇဒဏ်ကို ပေး၍ သေရကုန်သကဲ့သို့ ထို့အတူ ကလျာဏီ မင်းသည် ပယောဂ ဝိပ္ပတ္တိပေါ်လျှင် တမြို့လုံး ရှေးကံဟောင်းပေါ်၍ သေရလေကုန်သည်- ဟု မှတ်တော်မူရမည်။

နန္ဒိယမင်းသည် ရှင် ပစ္စေကဗုဒ္ဓါကို သင်္ကန်း အနားပတ်လှူခဲ့ဘူးသည့် ပရံပရ ကုသိုလ်ကံဟောင်း အကျိုးပေး၍ ပဒေသာပင် ခြောက်ဆယ့်လေးပင် ပေါက်လျှင် တိုင်းနေ နိုင်ငံသူ အပေါင်းတို့သည်လည်း ပယောဂ သမ္ပတ္တိ ကာလ သမ္ပတ္တိ

စက်နှစ်ပါးနှင့်ကြိမ်၍ ရှေးကုသိုလ်ကံဟောင်း အခွင့်ပေးရလေသောကြောင့် ပဒေသာပင်မှ ဖြစ်သော အဝတ် ပုဆိုး အစား အသောက် အသုံး အဆောင် အစရှိသည်တို့ကို ပဒေသာပင်မှယူ၍ သုံးဆောင်ကြရလေကုန်သည်၊ ဥပမာ ဆိုသည်ရှိသော်ကား–လူအများတို့သည် ရှေးရှေးသော အခါကာလက ကမ္ပည်းမှတ်စာနှင့်တကွ ရွှေအိုး ငွေအိုးတို့ကို မြှုပ်ထားခဲ့သည်ကို တဦးတယောက်သောသူက တူးဘော်၍ အသိမ်း အသိမ်း သုံးဆောင်ရသကဲ့သို့ မှတ်တော်မူရမည်။

ကလျာဏီမြို့မှာ ရေနစ်၍ သေသော မင်းမှတပါး ပြည်သူအပေါင်းတို့၏ ကံ၊ နိဗ္ဗိယမင်း၏ ဘုန်းကြောင့် ပဒေသာပင်တွင် သုံးဆောင်ကြရသော တိုင်းနိုင်ငံသူတို့၏ ကံသည် မင်းနှစ်ပါးတို့ကြောင့်သာ ဖြစ်သလော–ဟု မေးဘွယ်ရှိ၏၊ ထိုမင်းနှစ်ပါးတို့ကြောင့်သာလည်း မဟုတ်၊ မဟုတ်ကြောင်းကား– “သဗ္ဗေသံ သတ္တာနံ ပရံပရ ဝေဒနိယ ကမ္မာနံ ရဟော နာမ နတ္ထိ”–ဟု ဟောတော်မူသောကြောင့် သံသရာဝဋ်၌ ကျင်လည်ကုန်သော သတ္တဝါအပေါင်းတို့သည် ပရံပရကံ မည်သည် ဆိတ်သည်ဟူ၍ မရှိ၊ ဤကို ရည်၍လည်း အရှင် သီလဝံသ ဆရာကျော်သည်– “အကုသိုလ်ကို အဟိုကမ္မာ ရှည်မြင့်ကြာလည်း ဆုံးရာရာမပျောက် ခံရလောက်က သံကျောက်မီးစာ ပေါ်၍ပါ သို့”–ဟု စပ်တော်မူ၏။

ယင်းစပ်တော်မူခြင်းမှာ အကုသိုလ်ကိုသာ စပ်တော်မူသောကြောင့် ကုသိုလ်မှာ ပျောက်၏ဟု ဆိုဘွယ်ရှိသည်၊ အကုသိုလ်မှာ နိဗ္ဗာန် မရှိ၊ ကုသိုလ်ပိုင်းကသာ နိဗ္ဗာန် ရှိလေသောကြောင့် အဆုံးရှိ၍ ကုသိုလ်ကို စပ်တော် မမူ၊ အကုသိုလ်ပိုင်းသို့

လိုက်သမျှ ဆုံလည်နွား လမ်းခွဲမရှိသကဲ့သို့ သံသရာဝဋ်၌သာ ကျင်လည်ရသည်၊ အစမထင် ဖြစ်၍ အစ မရှိသော အကုသိုလ်ကိုသာ ရည်၍ စပ်တော်မူလေသည်၊ တယောက် ပြုသော ကုသိုလ်ကံ အကုသိုလ်ကံတို့သည် တယောက်ကို ကူး၍ အကျိုးမပေးကြောင်းကိုလည်း- "နာနာ စေတနာ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာစ ရူပါနံ ကမ္မပစ္စယေန ပစ္စယော"-ဟု ပဋ္ဌာန်းပါဠိတော်၌ တယောက် ကုသိုလ်ကံသည် တယောက်ကိုသာ အကျိုးပေးသည်ဟု ပြတော်မူသည်။

## ၃၇-သတ္တဝါတိုင်း ခေါင်းလေးလုံး

လျှောက်သည် ဆရာတော် သတ္တဝါတိုင်းပင် ခေါင်း တလုံးသာ မဟုတ်၊ လေးလုံးရှိသည်၊ ခေါင်း လေးလုံး ပြတ်မှပင် နိဗ္ဗာန်ကိုရောက်မည်- ဆိုကြသည်ကိုလည်း ရှိသည်-မရှိသည်ကို အမိန့်တော်ရှိပါ ဆရာတော်။

သတ္တဝါ အပေါင်းတို့၏ ကိုယ်၌ ပညတ်အားဖြင့်ဝေါဟာရ ခေါ်သည့် ခေါင်းမှာ တလုံးသာ၊ ပရမတ္ထအားဖြင့်ကား ကိလေသ သီသ, ဝဋ္ဋ သီသ, ဝိပါက သီသ-ဤဦးခေါင်း သုံးလုံးကို ထည့်၍ လေးလုံး ဖြစ်သည်၊ သည်လေးလုံး ပြတ်မှပင် အနုပါဒိသေသ နိဗ္ဗာန်ကို ရသည်။

တထောင့်ငါးရာ ကိလေသာတို့၏ ဦးခေါင်းသည်ကား မောဟ ကိလေသာပင်တည်း၊ ထိုမောဟ ကိလေသာတည်းဟူသော ဦးခေါင်းသည်ကား အရဟတ္တ မဂ်တွင်ပင် ပြတ်သည်။

ပဋိသန္ဓေ ကမ္မဇရုပ်ကို ဖြစ်စေတတ်သော ကုသိုလ်ကံ အကုသိုလ်ကံသည် ဝဋ္ဋသိသမည်၏၊ ထိုဝဋ္ဋ သိသသည်လည်း ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာ အပေါင်းတို့သည် အဆုံးစွန် ကျွတ်မည့် ဘဝ ပဋိသန္ဓေ နေရာတွင် ပြတ်၏။

ဝိပါတ်ဆတ္တိံသ ကမ္မဇရုပ်သည် ဝိပါကသိသမည်၏၊ ထို ဝိပါက သိသသည်လည်း ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာတို့ ပရိနိဗ္ဗာန် ပြုရာတွင် ပြတ်သည်ဟု မှတ်တော်မူရမည်။

ရှင်သာရိပုတြသည် မယ်တော်ဝမ်း၌ ပဋိသန္ဓေ နေဆဲတွင် ဝိပါက် ကမ္မဇရုပ်ကို ဖြစ်စေတတ်သော ကုသိုလ်ကံသည်ကား ဝဋ္ဋသိသမည်၏၊ ရှင်သာရိပုတြ၏ ဦးခေါင်းတော်သည်ကား ကာယ သိသမည်၏၊ ရှင်သာရိပုတြသည် အရဟတ္တမဂ်ကို ရရာတွင်မှ ပြတ်သော မောဟသည်ကား ကိလေသ သိသ မည်၏၊ ရှင်သာရိပုတြ၏ စုတိစိတ်သည်ကား ဝိပါက သိသ မည်၏၊ ဤနည်းကိုစွဲ၍ သတ္တဝါ တခုတွင် ခေါင်းလေးလုံး ပြတ်မှပင် နိဗ္ဗာန်ကို ရသည်—ဟု မှတ်တော်မူရမည်။

## ၃၉—စိတ် တခုယုတ် ကိုးဆယ်

လျှောက်သည် ဆရာတော် စိတ် တခုယုတ် ကိုးဆယ်ရှိသည်၊ ထိုစိတ်သည်ကား အာဝဇ္ဇာန်း ကင်း၍ အာရုံ မပြုနိုင်ဟု ဆိုသည်ကို ကြားဘူးပါ၏၊ အာဝဇ္ဇာန်း နှင့် ကင်း၍ အာရုံပြုနိုင်သော စိတ် တရာ့သုံးဆယ်

အပြားရှိ၏ဟု ဆိုကြပြန်သည်၊ ထိုစိတ်တို့သည် တခုယုတ် ကိုးဆယ်က နုတ်သည်လော၊ အခြားပင် ရှိသေးသည် လော ဆရာတော်။

ကာမစိတ် ၅၄-ခု, ရူပစိတ် ၁၅-ခု, အရူပစိတ် ၁၂-ခု, လောကုတ္တရာစိတ် ၈-ခု၊ ပေါင်း ၈၉ ခုတည်း၊ ထိုစိတ် တခုယုတ် ကိုးဆယ်သည် ပဉ္စဒွါရာဝဇ္ဇာန်း, မနောဒွါရာဝဇ္ဇာန်း ဤနှစ်ပါးသည် ယူအပ်သော အာရုံကိုသာ အာရုံပြုသည်မှန်၏၊ အာဝဇ္ဇာန်းနှင့် ကင်း၍ အာရုံ မပြုနိုင်၊ ဝိပဿနာ ရှု၍ သောတာပတ္တိမဂ်ကို ရသောအခါ မနောဒွါရဝဇ္ဇာန်း, ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ—ဟူ၍ လေးကြိမ် မဂ်ရှေ့တွင် ဥပစာရ သမာဓိ ဖြစ်၏၊ ထိုလေးကြိမ်တို့တွင် ပရိကံ, ဥပစာ, အနုလုံတို့သည်ကား မနောဒွါရဝဇ္ဇာန်းသည် ယူအပ်သော အာရုံကိုသာ အာရုံပြု၏၊ ဂေါတြဘူသည်ကား နိဗ္ဗာန်ကို အာရုံ ပြု၏၊ ဂေါတြဘူကို အာဝဇ္ဇာန်း မရှိဘဲ အာရုံပြုသော စိတ်ဟု မှတ်တော်မူရမည်။

ထိုဂေါတြဘူ အပြားလည်း သုံးဆယ်ဖြစ်သည်၊ အထက်မဂ်, သုံးခု ရှေ့ကား မနောဒွါရာဝဇ္ဇာန်း, ပရိကံ, ဥပစာ, အနုလုံ, ဝေါဒါန် ဟူ၍ ဥပစာရ သမာဓိဇော မဂ်ရှေ့တွင် လေးကြိမ် ဖြစ်၏၊ ထိုဇောတွင်လည်း ပရိကံ, ဥပစာ, အနုလုံတို့သည် မနောဒွါရာဝဇ္ဇာန်းသည် ယူအပ်သော အာရုံကိုသာ အာရုံပြု ကုန်၏၊ ဝေါဒါန်သည်ကား အာဝဇ္ဇာန်း ကင်း၍ နိဗ္ဗာန်ကို အာရုံပြု၏၊ ထိုဝေါဒါန်သည်လည်း အပြားအားဖြင့် သုံးဆယ်

ဖြစ်သည်၊ သောတာပတ္တိ မဂ်ရှေ့ ဂေါတြဘူ သုံးဆယ်, သကဒါဂါမိ မဂ်ရှေ့ ဝေါဒါန် သုံးဆယ်, အနာဂါမိ မဂ်ရှေ့ ဝေါဒါန် သုံးဆယ်, အရဟတ္တ မဂ်ရှေ့ ဝေါဒါန် သုံးဆယ်— ပေါင်း တရာနှစ်ဆယ် ဖြစ်သည်။

နိရောဓ သမာပတ်မှ ထသောအခါ အနာဂါမိ ဖိုလ်စိတ် ငါးခု, အရဟတ္တ ဖိုလ်စိတ် ငါးခု—ပေါင်း တဆယ်သော စိတ်တို့သည်လည်း အာဝဇ္ဇာန်း ကင်း၍ နိဗ္ဗာန်ကို အာရုံပြု ကုန်၏၊ ဆိုခဲ့ပြီးသော တရာ့နှစ်ဆယ်သော စိတ်, နိရောဓ သမာပတ်မှ ထသော တဆယ်သောစိတ်—ပေါင်း တရာ့သုံး ဆယ်သော စိတ်တို့ကို အာဝဇ္ဇာန်း ကင်း၍ နိဗ္ဗာန်ကို အာရုံပြု ကုန်သည်။

တရာ့နှစ်ဆယ်သော ဂေါတြဘူ, ဝေါဒါန်နှောင်ကျသော မဂ်စိတ်တို့ကိုကား အာဝဇ္ဇာန်း ရှိ၍ နိဗ္ဗာန်ကို အာရုံပြုနိုင် သလောဟု သူမေးဘွယ်ရှိ၏၊ ဂေါတြဘူ ဝေါဒါန်တို့သည် အာဝဇ္ဇာန်းအရာ၌ တည်သည်ဟု မှတ်တော်မူရမည်၊ ပရမတ်ကို ဝီထိ, ဘဝင်နှင့်တကွ ကျနအောင် မသင်ဘူးလျှင် ခက်ခဲလှ သည်၊ သင်ဘူးသည့် သူတို့သည်လည်း ကြိုးစား၍ ကျနအောင် ကြံကြပါလေ။

ဥပမာကား မြို၌သော သူတို့သည် အခါလည်လျှင် မင်းစေ ခံ၍ တောင်းသည်၊ အချို့တို့လည်း မင်းစေ မခံဘဲ ကိုယ်တိုင် ပင် တောင်းသည်၊ ချသောပြိုကို အာရုံကဲ့သို့ မှတ်ရမည်၊ မသင်ဘူးသောသူတို့ဖြစ်လျှင် နားလည်အောင် သာမည ဥပမာ ဆိုလိုက်သည်။

# ၄၀–ထီးကျိုးစည်ပေါက်

လျှောက်သည် ဆရာတော် ရှေးမင်းတို့ထုံးကို မလွန်စေဘဲ ကေရာဇ်မင်းဖြစ်၍ စီရင်ရသည်၊ ထိုရှေးမင်း လက်ထက်က တယောက်သောသူ၏ ဥစ္စာကို တယောက်က ခိုးယူသည်၊ နောက်မင်း လက်ထက်တွင် ထိုပစ္စည်း များကို တွေ့သော်လည်း "ထီးကျိုး စည်ပေါက် မင်းဖောက် စိုးလဲ ရှိလေပြီဖြစ်၍ ရကောင်းသည်ဟု မဆိုစေနှင့်၊ ခိုးယူသူပင် ပိုင်စေ"–ဟု ရှေးမင်းတို့၏ ထုံးရှိ၍ စီရင်ရလေသည်မှာ သူ၏ ဥစ္စာ မှန်လျက်နှင့်ပင် ဆုံးရှုံးစေဟု စီရင်ခြင်းသည် ရှေးထုံး ဖွဲ့ဦး မင်းသော် လည်း အပြစ်သင့်မည်လော၊ နောက်စီရင်သည့် မင်းတို့ သော်လည်း အပြစ်သင့်မည်လော ဆရာတော်။

ရှေးထုံး ဖွဲ့ဦး မင်းလည်း အပြစ် မသင့်၊ ရှေးထုံးကိုမှီ၍ နောက် စီရင်သော မင်းလည်း အပြစ် မသင့်၊ မသင့်ကြောင်း ကား မမှက်လည်း မဟုတ်၊ မမှသတ်လည်း မဟုတ်၊ ရာဇသတ် သာ ဖြစ်သည်၊ ရာဇသတ်ပင် ဖြစ်သော်လည်း မင်းနှင့်တကွ အများညီ၍သတ်သည့် ရာဇသတ်ပင် ဖြစ်သော်လည်း နှစ်ဦး သော သူတို့၏ ဥစ္စာ ရောရှက်မိသည်ကို သူ့ဥစ္စာမှန်းလည်း မသိ၊ ငါ့ဥစ္စာဟူ၍လည်း မသိကြ၍ အမှုသည်ချင်း စိတ်တူညီမျှ ခွင့်ပြု၍ ယူကြသကဲ့သို့ဖြစ်သည်၊ အပြစ်မရှိဟု မှတ်တော်မူ ရမည်။

ထီးကျိုး စည်ပေါက် မင်းဖောက်စိုးလဲ ဆိုသည်ကား မြို့ ပြည်ထောင်ကို အုပ်စိုးသော ထီးနန်းသခင်မင်းကို ရန်သူတို့

တိုက်ဖျက်၍ ထီးကျိုးသည်၊ စည်ပေါက်သည်၊ မင်းကိုပင်လည်း အသက် ဆုံးသည်ဖြစ်၍ အစ ပြတ်လေသောကြောင့် ထိုမင်း နိုင်ငံတွင် စိုးအုပ်နိုင်သည့်သူ အသစ် ဆက်သည်ကို မင်းဖောက် စိုးလဲသည်ဟု မှတ်တော်မူရမည်။

အဘသေ၍ သား မင်းပြုသည်၊ အစ်ကိုသေ၍ ညီ မင်းပြု သည်ကို ထီးမကျိုး စည်မပေါက် မင်းမျိုး မဖောက် မပြန်ဟု ယူရမည်ဟု ဆရာတော် ယူပေသည်၊ ယူကြောင်းမှာလည်း ရှေးစာဟောင်းတွင် "ရာဇဝိပ္ပလ္လာသေ" ဟု ရှိပေသည်၊ တမျိုး ပျက်၍ တမျိုး ဖောက်ပြန်သည်ကိုသာ 'ဝိပ္ပလ္လာသေ' ဟု ဆိုရ မည်၊ တမင်းသေ၍ တမင်း လဲသည်ကိုပင် ယူလျှင် "ရာဇ ပရိ ဝတ္တေ" ဟု ဆိုတန်ရာသည် ဖြစ်၍ ပြည်ပျက်၍ မင်းမျိုး ဖောက်ပြန်သည်ကိုသာ မင်းဖောက် စိုးလဲဆိုသည်ဟု ယူရမည် တကာတော်။

အဘသေ၍ သား မင်းပြုလျှင် ထီးကျိုး စည်ပေါက် မင်းဖောက် စိုးလဲ ယူလျှင် ခိုးသည့် ဥစ္စာသာ ဆုံးသည် မဟုတ်၊ အပ်နှံ ထားနှင့်သည့် ဥစ္စာ, တင်ကြို၍ သွင်းထားနှင့်သည့် ဥစ္စာ, စရန် သွင်းသည့် ဥစ္စာတို့သည် ညဉ့်ဦးက အပ်နှံထား၍ ညဉ့်တွင် မင်းသေခဲ့သော် ဆုံးရာသည်ဖြစ်၍ အဘ သေ၍ သား ငြိမ်သက်စွာ မင်းပြုသည်ကို ဝိပ္ပလ္လာသ မဟုတ်ဟု ယူရမည်။

အဘ သေ၍ ညီနှင့် အစ်ကို မငြိမ် မသက် ပြည်ရွာ ပျက်အောင် တိုက်ခိုက်၍ပြီးမှ ထိုအမျိုးပင် မင်းပြုသော်လည်း ရာဇ ဝိပ္ပလ္လာသ မဟုတ်၊ သတ္တ ဝိပ္ပလ္လာသ ဟု ယူရမည်။

အဘ သေ၍ နောက်ဆက်၍ ငြိမ်သက်စွာ မင်းပြုသည့် သားနှင့် သေလေသည့် အဘ နေ့နံ မတူ၍ ပဟိုရ်စည်

အင်းထား အိုင်ထား မသင့်၍ လဲသည်ကို စည်ပေါက် မဆိုသင့်၊ စည်လဲသာ ဆိုရမည်။

မင်းလဲသည် ဆိုရာ၌လည်း ရန်သူ မဖျက်သမျှ နန်းစဉ် ထီးကနက္ကဒဏ်ကို ချိုးရိုး မရှိ၊ တတ်နိုင်လျှင် အသစ်ကိုသာ လုပ်သည်ဖြစ်၍ အဘသေ၍ သား ငြိမ်သက်စွာ မင်းဆက်သည်ကို ထီးကျိုး စည်ပေါက် မင်းဖောက် စိုးလဲ မဆိုသင့်ဟု ယူရမည် တကာတော်။

တိုင်းနေ နိုင်ငံ ပျက်လျှင်ပင် ပျောက်စေဟု ရှေးပညာရှိတို့ အဘယ်ကို စွဲ၍ ဆိုလေသနည်း၊ မင်း, ရေ, မီး, ခိုးသူ, မချစ်မနှစ်လိုသော သူ၊ ဤရန်သူ ငါးပါးတို့နှင့် တွေ့ကြုံသည့်အခိုက် ဥစ္စာကို ထား၍ ကိုယ်၏ အသက်ကိုမျှ အရ လုယူရလေသောကြောင့် ဥစ္စာ လက်လွှတ်ဖြစ်၍ ပျောက်ပျက်သမျှကို ပျောက်စေဟု ရှေးပညာရှိတို့ စီရင်သည်၊ ဥစ္စာ မပျောက်၍ ရှိလျှင် ပေးအပ်စေဟု ရှေးပညာရှိတို့ ထုံးဖွဲ့ စီရင်ခြင်းသည်လည်း ပိဋကတ်နည်းကို မှီ၍ ထုံးဖွဲ့ စီရင်ပြန်သည်၊ စီရင်ပြန်ကြောင်းကား— "ဒွါရံ အဝိဝရန္တေန ဘိန္ဒိတ္ဝာ" အစရှိသည်ဖြင့် အဋ္ဌကထာ ဆရာ ပြတော်မူသည်။

ဒွါရံ—တံခါးကို၊ အဝိဝရန္တေန—မဖွင့်သည်ရှိသော်၊ ဘိန္ဒိတွာ—ဖေါက်ခွဲ၍၊ တုယှဉ္ဇ—သင့်ကိုလည်း၊ ဟနာမိ—သတ်အံ့၊ ဘဏ္ဍ—ဥစ္စာကိုလည်း၊ ဂဏှာမိ—ယူအံ့၊ ဣတိ—သို့၊ စောရေဟိ—ခိုးသူတို့သည်၊ တဇ္ဇေန္တ—ခြိမ်းချောက်ကုန်သည်ရှိသော်၊ ဝိဝရိတုံ—ဖွင့်အံ့သောငှာ၊ ဝဋ္ဋတိ—အပ်၏ဟု အဋ္ဌကထာ ဆရာတို့ ဆိုတော်မူသောကြောင့် ဘဏ္ဍာတိုက်စိုး သဃ်ာကို "တံခါးဖွင့်၊ မဖွင့်

လျှင် တံခါးကို ဖောက်ခွဲ၍ သင့်ကိုလည်း သတ်အံ့၊ ဥစ္စာကို လည်း ယူအံ့” ဟု ခိုးသူတို့က ခြိမ်းခြောက်သည်ရှိသော် တံခါး ကို ဖွင့်အပ်၏၊ အဘယ့်ကြောင့် ဖွင့်အပ်သနည်း ဟူမူကား ကိုယ့်အသက်ထက် သဃ်္ဘဥစ္စာ မမြတ်သောကြောင့်တည်း၊ ထိုတိုက်စိုး ရဟန်းတို့ကိုလည်း လျော်စေဟူ၍လည်း မစီရင်အပ်၊ သဃ်္ဘဥစ္စာလည်း ပျက်သည်ဟူ၍ မဆိုအပ်ဟု ကျမ်းဆရာတို့ ဆိုတော်မူသော နည်းကိုမှီ၍ ရှေးပညာရှိတို့ “ထီးကျိုး စည်ပေါက်ဖြစ်၍ ရန်ထဲတွင် ပျောက်သည်ကိုပစေ”ဟူ၍ စီရင် သည်မှာ သင့်လျော်လှပေသည်ဟု ယူရမည်။

ဥစ္စာများကို ဆိုခဲ့သော ရန်အတွင်းဖြစ်၍ ပျောက်သည်ကို ပ-စေဟု စီရင်သည်မှာ သင့်လှပေ၏၊ နှုတ်ခွန်းလွန်စကား, ကာမဂုဏ်မှုနှင့်စပ်သော စကား, အခိုး အရှိုးမှုနှင့် စွဲထားသည့် စကားတို့မှာ ဆိုခဲ့သော ရန်အတွင်းနှင့် တွေ့ကြုံသည်ဟူ၍ ပျောက်ပျက်ရသည် မဟုတ်ဘဲလျက် အဘယ့်ကြောင့် ပ-စေဟု စီရင်လေလနည်းဟု မေးဘွယ်ရှိ၏။

ထီးကျိုး စည်ပေါက် မင်းဖောက် စိုးလဲ ရှိနေပြီး၍ နောက် ထပ် တဖန် ပြည်ထောင်မင်းပြုမည်ဟု အများ စုဝေးရာတွင် ဥစ္စာ ပျောက်ခဲ့ပြန်လျှင်လည်း ဆုံးစေ၊ နှုတ်ခွန်းလွန် တရား စကားမှာလည်း ပ—ပျောက်စေ၊ ပေးစု လျော်စုသင့်၍ မပေး မလျော်မိသည်များကိုလည်း ပ—ပျောက်စေ၊ တဖန် ပြည်ထောင် ပြန်သည့် မင်းက ဆုံးမ ဩဝါဒ ပေးလျှင် နှစ်ဦး အညီ စိတ် ကြေကြ၍ ပ—ပျောက်ရသောကြောင့် ထိုရှေးဦးစွာ သမုတ် သည့် မင်းလည်း တရားသဖြင့်ဆိုလျှင် သဘောတူသောကြောင့်

အပြစ် မရှိ၊ ထိုနောက် ပြည်ထောင် ပျက်ပြန်၍ ရှေ့ပြည်ထောင်ပြု ထုံးအတိုင်း ပြည်သူ ရှင် လူ ရဟန်းတို့ကို အုပ်စိုး၍ မင်းပြုတော်မူသည်၊ ငါတို့၏ အရှင် ပြုလိုသူ ဟူသမျှတို့သည် သစ္စာကို ခံရမည်ဆိုလျှင် ခံချေသောကြောင့် ခွင့်ပေးရာ ရောက်၍ နောက်ပြည်ထောင်ပြုမင်းလည်း ရှေးမင်းတို့ ထုံးကို စီရင်လျှင် အပြစ်မရှိ၊ ရှေးပြည်ထောင်ပြု မင်းတို့ သတ်ထုံး ရှိ၍ နောက်မင်းတို့ သတ်ခသော်လည်း အပြစ် မရှိ ဆိုရမည် မဟုတ်လောဟု မေးဘွယ်ရှိ၏။

ပါဏာတိပါတ ကံနှင့်စပ်သည်ကို ရှေးမင်းတို့၏ ထုံးကို မဆိုနှင့်ဦး၊ ကိုယ့်ရှင်က ကိုယ်ပင် သတ်ပါတော့ဟု ခွင့်ပြုသော်လည်း ကံမလွတ်၊ ရှေးပြည်ထောင်ပြုသော မင်းတို့၏ ထုံးမှာလည်း အသက်သတ်စေဟု ထုံး မပါ၊ မင်း ဖောက် စိုးလဲ ရှိလျှင် တရားကိုးရပ်, ဥစ္စာ ခုနစ်ရပ်ကိုသာ ပ—ပျောက်စေဟု ဆိုသည်။

"အဋ္ဌ န ဝိပ္ပလ္လာသေ ရာဇာ ဝိနာ နိစ္ဆယာ"—ဟု ဆိုသောကြောင့် ပြည်ပျက်၍ မင်းမျိုး ဖောက်ပြန်သောကြောင့် တည်ထောင်ပြန်လျှင်လည်း တရား ကိုးရပ်ကို ပ—ပျောက်စေ၊ သတ္တ ဝိပ္ပလ္လာသေ—ဟု ဆိုသောကြောင့် မင်းမျိုးလဲသည်ဟု ဆိုခသော်လည်း ညီနှင့် အစ်ကို တိုက်ခိုက်ကြ၍ ထီးနန်း ပြည်ထောင် ပျက်ပြီးမှ ညီသော်ရင်း, အစ်ကိုသော်ရင်း တည်ထောင်ပြန်သော် ဥစ္စာ ခုနစ်ရပ်ကိုသာ ပ—ပျောက်စေဟု ဆိုသည်။

"န ဝိနာ ဤဏ ခါယိတံ ဒါသံ ပစ္စာပိ ပဿန္တေ ပလာယန္တံ ဝိနိစ္ဆယာ"—ဟု ဆိုသောကြောင့် ပြည်ပျက်၍ တခါ

တည်ထောင်ရာတွင် ရှေးမြိစား ဟောင်းကိုလည်း တွေ့မြင်၍ တောင်းသော် တောင်းစေ, သိမ်းစေဟု ဆိုသည်၊ ပြည်ထောင် ပျက်သော်လည်း မြေ မရွေ့သောကြောင့် မြေတရားကိုလည်း ဆိုစေ၊ လူစု မပျက်သောကြောင့်လည်း အမွေတရားကိုလည်း ဆိုစေ၊ ကျွန် တရား, ကြွေး တရား, မြေ တရား, အမွေ တရား၊ ဤလေးရပ်ကိုလည်း တရားဘက် ဥစ္စာရှင် ထင်ရှားရှိလျက် ထီးကျိုး စည်ပေါက် မင်းဖောက် စိုးလဲပင်ရှိသော်လည်း မပြီး သေးလျှင် ဆိုစေ၊ မပျောက်စေနှင့်ဟု ဓမ္မသတ်ဆရာ ပညာရှိတို့ ဆိုသည်၊ ရာဇ ဝိပ္ပလ္လာသ သည်လည်း တခြား,သတ္တ ဝိပ္ပလ္လာသ သည်လည်း တခြား၊ အနက်နည်း သဒ္ဒါနည်း ယုတ္တိရှိရာကို ထောက်၍ ယူရမည်ဟု ဆရာတော် အယူထင်သမျှကို ဖြေလိုက် ပေသည် တကာတော်။

## ၄၁-လင်ရှိ ကျွန်မကို ကျင့်မှု

လျှောက်သည် ဆရာတော် လူမှု ဓမ္မသတ်မှာ မိလာ ဘလာက သက်၍ ဦးလည် ပိုင်သည့် ကျွန်မမှာ လင် ရှိသော်လည်း ပိုင်သည်၊ သခင် ဝင်ထွက် သည်ကို အလျော် အပြစ် မရှိ စီရင်ကြရသည်၊ဓမ္မသတ်ကြောင်း၌ အလျော် မရှိလျှင် ဓမ္မကံကြောင်းမှာလည်း ပရဒါရကံ မရှိဟု ယူရမည်လော ဆရာတော်။

ဓမ္မသတ်ကြောင်းမှာ မိလာ ဘလာက ပိုင်သည့် ကျွန်မတွင် ရှေ့ပင် သီးသော်လည်း သခင်ပိုင်စေ၊ လင်ရှိသော် ကျွန်မကို

ခိုးကြောင် ပြုရမှာ ချတ်ယွင်းသမျှ ကာမ အပြစ်တို့ကို ဓမ္မသတ်အတိုင်း ခံစေသာ ရှိသည်၊ ကျွန်မကို သခင်က ခိုးကြောင် ပြု၍ ကာမ အပြစ် ဓမ္မသတ်အတိုင်း လျော်သော်လည်း လျော်သည့် ဥစ္စာ ကျွန်မတွင် တင်လျက်ရှိသောကြောင့် ရွေပင် သီးသော်လည်း သခင်ပိုင်စေဟု တရား ခံသောကြောင့် လျော်သော်လည်း စပါး တပြည့်ဆန်တခွက်သာ ဆိုဘိသကဲ့သို့ အရေ အတူတူသာ ဖြစ်၍ ဓမ္မသတ် ဖြတ်ထုံး ဆရာတို့သည် ကျွန်မပိုင်တွင် လင်ရှိသော်လည်း မလျော်သင့်ပြီဟု စီရင်ဆုံးဖြတ်ကြသည်၊ ဓမ္မကံကြောင်း၌ကား ကာမ အပြစ်လည်း ထိုက်၏၊ ပရဒါကံလည်း ထိုက်၏ဟု မှတ်တော်မူရမည်။

ကာမအပြစ်လည်း ထိုက်၏ဟု ဆရာတော် နှုတ်လွှတ်သာ ဆိုခဲ့သည်ဟု သူမေးဘွယ်ရှိ၍ သာဓက သက်သေ ပြဦးအံ့။

ငါတို့ ဘုရားရှင် ရှိတော်မူစဉ် ပသေနဒီ ကောသလ မင်းကြီးသည် ဆင်းရဲသား၏ မယားကို တပ်စွန်းသောစိတ် ရှိသည်ဖြစ်၍ လင်ပိုစ် ထင်ရှားရှိလျက် သိမ်းပိုက် ယူချေသော် သူ့မယားကို အရှင်သခင် ဖြစ်သောကြောင့် အပိုင် အနိုင် ခိုးကြောင် ပြုသည်ဟု ကဲ့ရဲ့ရာ၏၊ ပရဒါရကံလည်း သင့်ရာ၏ ဟူ၍ လင်ကို သေကြောင်းကြံ၍ အရပ်ဝေးသို့ အကြိမ်ကြိမ် စေ၏။

ဘုရားရှင်လည်း ထိုသို့ မင်းကြီးကြံ၍ စေကြောင်းကို သိတော်မူလျှင် ကဿပ ဘုရားရှင် လက်ထက်တော်က သေဌေး သား လေးယောက်တို့သည် လင်ရှိသော သူတို့၏ မယားကို ပြစ်မှားမိသောကြောင့် သေသည်၏ အခြားမဲ့၌ ကြေးနီရေ

ကျိုက်ကျိုက်ဆူသော လေဟာ ကုမ္ဘီ ရေ၌ ကျလျှင် အောက်သို့ တကြိမ်စောက်ထိုး ငုပ်လျှင် အနှစ်သုံးသောင်းမှ အိုးအဆုံးသို့ ရောက်၏၊အထက်သို့ တကြိမ်ပေါ်လာလျှင် အနှစ်သုံးသောင်းမှ အိုးနားသို့ ပေါ်လာ၏။

ဤသို့ ပေါ်လာသော အခါတွင် ရှေးက လွန်ကျူးမိသည့် အပြစ်ကို ဆိုလို၍ တဂါထာ-တဂါထာစီ ရွတ်မည်ပြုသည်တွင် တယောက်ကား ဒု-ကိုဆိုကာမျှနှင့် ငုပ်ပြန်ရလေ၏၊ တယောက်ကား သ-ကို ဆိုကာမျှနှင့် ငုပ်ပြန်ရလေ၏၊ တယောက်ကား န-ကိုဆိုကာမျှနှင့် ငုပ်ပြန်ရလေ၏၊ တယောက်ကား သော-ကို ဆိုကာမျှနှင့် ငုပ်ပြန်ရလေ၏၊ သည်ကိုစွဲ၍ လေးဂါထာ အစကို ဘုရားရှင်သည် ဒု-သ-န-သော-ဟု ပသေနဒီ ကောသလ မင်းကြီးအား ဟောတော်မူသည်၊ ထိုသို့ ဟောတော်မူသော ကြောင့် ကျွန်ပိုင်ပင်ဖြစ်သော်လည်း ပရဒါရကံ မလွတ်ဟု မှတ်တော်မူရမည်။

## ၄၂-သူ့လင်ကို ခိုးလျှင်

လျှောက်သည် ဆရာတော် ဓမ္မသတ်ကြောင်းမှာ သူမယားကို ခိုးလျှင် မယားခိုး ဒဏ် အလျှော် အပြစ် သင့်၏၊ မိစ္ဆာစာရ ပရဒါရကံလည်း ဓမ္မကံကြောင်း ရောက်၏၊ သူ့လင်ကို ခိုးလျှင် ဓမ္မကံကြောင်းလည်း လင်ခိုး အလျှော် မရှိ၊ ပရသာမိကံလည်း မရှိ၊ လော ဘဇော အာရုံချည်း ဖြစ်လျက် အဘယ့်ကြောင့် လင်ခိုး ကံ မရှိသနည်း ဆရာတော်။

ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ၊ ဤအာရုံ ငါးပါးကို ဝတ္ထု ကာမဂုဏ် ငါးပါးဟု ဆိုသည်၊ ထိုငါးပါး တို့၌ ကပ်တတ်သည့် လောဘကို ကိလေသာ ကာမဂုဏ်ဟု ဆိုသည်၊ သဘောတူကြသောကြောင့် လင်-မယားပြုသည်မှ စ၍ ထိုမိန်းမ၏ ဖောဋ္ဌဗ္ဗ ကာမဂုဏ်ကို လင် ပိုင်လေသည်ဖြစ်၍ လင်ကို သာမိဟု ဆိုသည်၊ သာမိ အနက်ကား မယားကို ပိုင်၏ဟုပင် ဆိုသော်လည်း အသက်ကို မပိုင်ချေ၊ မပိုင်သော ကြောင့် လင်သည် မယားကို အသေသတ်လျှင် ရာဇဝတ် ခံရ လေသည်၊ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံကိုလည်း မပိုင်သော ကြောင့် မိမိမယားကို သူတပါးတို့ ကြည့်ခြင်း အစရှိသည်တို့ကို ပြုလျှင် အပြစ် မရှိ၊ ကာမ စပ်ရှက်ခြင်း ဖောဋ္ဌဗ္ဗာရုံကိုကား လင်သာလျှင် ပိုင်သည်ဖြစ်၍ အခြားသူတို့ ရောက်ပေါက် စပ်ရှက်ချေလျှင် သူပိုင်သော ဖောဋ္ဌဗ္ဗာရုံကို ခိုးရာရောက်သော ကြောင့် ကာမေသု မိစ္ဆာစာရကံ ပရဒါရကံ ထိုက်သည်၊ ထို မိန်းမလည်း လင်ပိုင်သော ဖောဋ္ဌဗ္ဗာရုံကို သူတပါးအား ခိုး၍ ပေးချေသောကြောင့် ကာမေသု မိစ္ဆာစာရကံ သင့်သည်၊ သူခိုး နှင့် သူခိုးကို လက်ခံသူတို့သည် သူခိုးချည်းသာ ဖြစ်သကဲ့သို့ မှတ်တော်မူရမည်။

ယောကျ်ားမှာ ပရဒါရကံ သင့်သည်ကား လင်ရှိသော မယားကို ရောက်ပေါက် ကျူးလွန်သောကြောင့်တည်း၊ မိန်းမ မှာ ကာမေသု မိစ္ဆာစာရကံ သင့်၏ ဆိုသည်ကား ယောကျ်ား ကဲ့သို့ ရောက်ပေါက်သည့်သူမှာ မယားရှိသောကြောင့် မဟုတ်၊ လင်ပိုင်သော ဖောဋ္ဌဗ္ဗာရုံကို ခိုး၍ သူတပါးတို့အား ပေးသော ကြောင့်တည်း၊ မိန်းမဖြစ်သူက မယားရှိသောလင်ကို ခိုးကြောင်

သည်ဟူ၍လည်း လင်ခိုးမေမွသတ် လျှော်တမ်းထုံး မရှိ၊ လင်ခိုးမိစ္ဆာစာရကံ ဟူ၍လည်း မရှိကောင်း။

မယားရှိသည့် လင်ကို လက်ခံချေသောကြောင့် မယားကြီးက မနာလို၍ ကိလေသာ မာန်အလိုက် ဆံထုံးကို ဆွဲသော် နားဖွဲ့သော် ဆွဲပိုင် ဖွဲ့ပိုင်စေ၊ ဆံထုံးမဆွဲ နားမဆွဲဖွဲ့ လင်ခိုးအပြစ် တရားစွဲသော် ဆံထုံးဖိုး နားဖိုး မေမွသတ်ထုံး ရှိသည့်အတိုင်း လျှော်စေ၊ ဆွဲကိုင် ဖွဲ့မိလျှင်လည်း လျှော်စေဟူ၍ မေမွသတ် ဆရာ ပညာရှိတို့ မဆို၊ အဘယ့်ကြောင့် လင်သည် တပါး မိန်းမကို လွန်ကျူးလျှင် လင်ခိုး ကာမ အပြစ် မရှိသနည်း၊ လင်ကို မယား မိန်းမ မပိုင်သောကြောင့် ကာမေသုမိစ္ဆာစာရကံ ထိုက်သည်ဟူ၍ ဘုရားရှင် ဟောတော် မမူ၊ ဥပမာဆိုသည်ရှိသော်ကား အရှင်နှင့် ကျွန်ကဲ့သို့ ကျွန်ကို သခင်ပိုင်၏၊ ပိုင်သောကြောင့် သခင်ဥစ္စာကို သခင်စိတ်ရှိရာ ပေးသော်လည်း အပြစ်မရှိ၊ မပိုင်သည့် ကျွန်က တခြားသူကို ပေးသော် အပြစ်သင့်သကဲ့သို့ မှတ်တော်မူရမည်။

## ၄၃–မဟာဂုတ်အာရုံ

လျှောက်သည် ဆရာတော် ကာမ ပုဂ္ဂိုလ်တို့၌ပင် တချို့ကား ဈာန် မရ၊ ဈာန်ကိုပင် မရသော်လည်း ပဋိသန္ဓေ နေသည်မှစ၍ သေသည်တိုင်အောင် မဟာဂုတ် အာရုံရှိ၏ဟု ဆိုသည်ကား မှန်မည်လော ဆရာတော်။

ရူပါဝစရ ပဥ္စမ ဈာန်ကို ရပြီးသော ပုဂ္ဂိုလ် နှစ်ယောက်တို့သည် တယောက်သော ပုဂ္ဂိုလ်ကသည် “စိတ်ရှိလေသောကြောင့် ချစ်သည် မုန်းသည် လိုချင်သည်ဟု ရှိရလေသည်၊ တယောက်ကို တယောက်လည်း ငြူစူ စောင်းမြောင်း ချုပ်ချယ်ခြင်း ရှိရလေသည့် စိတ်သည်ကား အလွန် စက်ဆုတ်ဖွယ် ရှိ၏၊ ရုပ်ချည်း သက်သက် ဖြစ်မူကား ချမ်းသာလေစွ”ဟု စိတ်ကိုပင် အလိုမရှိပါပြီဟု မသေမီကပင် တောင့်တခြင်း ပတ္ထနာဆုရှိ၍ သေလေသော အခြားမဲ့၌ အသညသတ်ဘုံ၌ ရုပ်ချည်းသက်သက် စိတ်နှင့်ကင်း၍ ဖြစ်လေသည်။

ထိုသို့ဖြစ်၍ အသညသတ်ဘုံ၌ မဟာကပ် ငါးရာ စေ့၍ စုတေသောအခါ ကာမဘုံ၌ တိဟိတ် ဒွိဟိတ် ပုထုဇဉ် ဖြစ်လာ၏၊ ထိုပုဂ္ဂိုလ်တို့ကို ကာမဘုံ၌ ပဋိသန္ဓေကို ပေးသော ကံသည်ကား ပဥ္စမဈာန်၏ ရှေ့ ဥပစာရ သမာဓိ ဇော စေတနာက ပေးလေသည်၊ ထိုပုဂ္ဂိုလ်တို့၏ အသညသတ်ဘုံ၌ ဖြစ်သောအခါ မရဏာသန္နဇော အာရုံသည်လည်း ကသိုဏ်း ပညတ် အာရုံပင် ဖြစ်သည်၊ ကာမဘုံသို့ ပြန်၍ ဖြစ်သောအခါလည်း ထိုကသိုဏ်း ပညတ် အာရုံပင် ဖြစ်၏၊ ထိုသို့ဖြစ်သောကြောင့် အသညသတ်ဘုံမှ ပြန်သော ကာမပုဂ္ဂိုလ်တို့သည် ပဋိသန္ဓေ ဘဝင် စုတိ အာရုံသည် ကသိုဏ်း ပညတ် အာရုံရှိ၏ဟု မှတ်တော်မူရမည်။

ပဥ္စမဈာန်ကို ရသော ပုဂ္ဂိုလ်တယောက်လည်း “ရုပ်ရှိခြင်းကြောင့် ထိခိုက် ရှနခြင်း ကျဉ်းမြောင်းခြင်း စားခြင်း သွားခြင်း ပလိဗောသည် များရဘိ၏၊ စိတ်သက်သက်ချည်း•

ဖြစ်ပါလျှင် ချမ်းသာ၏''ဟု နှလုံးသွင်းခြင်းရှိ၍ ကသိုဏ်းကိုးပါမှ ခွါ၍ ရအပ်သော ရုပ်ကလာပ်တို့ဖြင့် မတွေ့သော ကောင်းကင် ပညတ်ကို အာရုံပြု၍''အာကာသော အနန္တော''ဟု-ဝိပဿနာကို ပြုသဖြင့် အရူပါဝစရ အာကာသာနဉ္စာယတန ဝိညာဏ်ကို''ဝိညာဏံ အနန္တံ''-ဟု စီးဖြန်း၍ ဝိညာဏဉ္စာယတန စျာန်ကို ရ၏။

ထိုသို့ရသော ပုဂ္ဂိုလ်သည် သေခါနီး၌ အာကာသာနဉ္စာယတန မဟဂ္ဂုတ် အာရုံကို မရဏာသန္နဇောယူ၍ သေသောအခြားမဲ့၌ ဝိညာဏဉ္စာယတန အရူပါဝစရဘုံ၌ ရုပ် မရှိ၊ စိတ်သက်သက်သာ ဖြစ်လေသည်။

ထိုသို့ဖြစ်သော အရူပဘုံ၌ တိဟိတ် ပုထုဇဉ်သည် အရူပဘုံမှပြန်၍ ကာမဘုံ၌ ဖြစ်သောအခါ တိဟိတ် ပဋိသန္ဓေသာ ဖြစ်၏၊ အဘယ်ကြောင့် ဖြစ်လေသနည်း ဟူမူကား ဝိညာဏဉ္စာယတန စျာန်၏ ရှေ့ ဥပစာရ သမာဓိ ဇော စေတနာသည် တိဟိတ်ကံ၏ အကျိုးကိုပေး၍ ဒွိဟိတ် အဟိတ် တိဟိတ်သာ ဖြစ်လေသည်၊ ထိုပဋိသန္ဓေစိတ်လည်း သမာဓိ ဇော စေတနာ၏ အာရုံဖြစ်သော မဟဂ္ဂုတ် တရားပင် ဖြစ်၍ ကာမဘုံ၌ အချို့သော ပုဂ္ဂိုလ်တို့ စျာန်မရဘဲ ပဋိသန္ဓေ နေသည်ကစ၍ သေသည်တိုင်အောင် မဟဂ္ဂုတ် အာရုံ ရှိသည်ဟု ဆိုသည် မှတ်တော်မူရမည်၊ ဤဆည်ကား ဆရာတော်အယူ ဖြစ်ပေသည် တကာတော်။

ပရမတ္ထသဘောဖြစ်၍ ခက်ခဲ-နက်နဲ-သိမ်မွေ့လှသည်၊ပရမတ္ထကို ကျွမ်းကျင်တော် မမူလျှင် နားရှုပ်တော်မူမည့် အကြောင်းဖြစ်သည် တကာတော်၊ ဥပမာဖြင့် ပြဆိုဦးအံ့၊ သစ်ပင်သည်

သစ်ကိုင်း တကိုင်း အထက်သို့ တက်၏၊ တက်သော အကိုင်း တွင် သစ်သီး တလုံး သီး၏၊ သီးသောအသီး မျိုးမရ ပုပ်လေ သည်၊ သစ်ကိုင်း တကိုင်းကား အောက်သို့ ပြန်လည်၍ မြေသို့ အသီး သီး၏၊ သီးသောအသီးကား မျိုးရ၏၊ ထိုအတူ သစ်ပင် ကဲ့သို့ ပဋ္ဌမစျာန်၏ အာရုံ ကသိုဏ်း ပညတ် ကမ္မနိမိတ်တို့ကို မှတ်တော်မူရမည်။

ကသိုဏ်း ပညတ်ကို အာရုံပြုသော ရူပါဝစရ ကုသိုလ် ပဋ္ဌမ စျာန် စေတနာကို အထက်သို့ တက်သွားသောအကိုင်းကဲ့သို့ မှတ်တော်မူရမည်။

အထက်ကိုင်း၌ သီးသော အသီးသည် မျိုး မရဘဲ ပုပ်လေ သကဲ့သို့ ပဋ္ဌမစျာန် စေတနာကြောင့် ဖြစ်သော အသညသတ်ရုပ် ပဋိသန္ဓေကို မှတ်တော်မူရမည်။

အောက်သို့သွားသော အကိုင်းကဲ့သို့ ပဋ္ဌစျာန်၏ ရှေ့ ဥပစာရ သမာဓိ ဇော ကုသိုလ်စေတနာကို မှတ်တော်မူရမည်၊ အောက်ကိုင်း၌ သီးသော အသီးသည် မျိုးရ သကဲ့သို့ အသညသတ်ဘုံ၌ မဟာကပ် ငါးရာစေ့၍ ဥပစာရ သမာဓိ ဇော စေတနာဖြင့် ကာမဘုံ၌ ပဋိသန္ဓေပေးသည်ကို မှတ်တော် မူရမည်။

အထက်သွားသော အကိုင်း အောက်သို့သွားသော အကိုင်း နှစ်ကိုင်းဟူ၍သာ ကွဲကြလေသည်၊ အပင့်မကိုချည်း မှီရာ ဖြစ်သကဲ့သို့ ရူပါဝစရ ပဋ္ဌမစျာန် ကုသိုလ် စေတနာ ဥပစာရ သမာဓိ စေတနာတို့သည် ကသိုဏ်း ပညတ် ကမ္မနိမိတ်ကိုသာ ချည်း အာရုံပြုသည်ဟု မှတ်တော်မူရမည်။

ကာမဘုံ၌ စုတေသော အခါလည်း မနောဒွါရာဝဇ္ဇန်း မရဏာသန္န ဇောတို့သည် အာရုံကား ကသိုဏ်း ပညတ် ကမ္မနိမိတ်ပင်တည်း၊ အသညသတ်ဘုံက ပြန်၍ ကာမဘုံ၌ ပဋိသန္ဓေ နေသောအခါလည်း ထိုမရဏာသန္န ဇော အာရုံကိုပင် ကာမ ပဋိသန္ဓေစိတ် အာရုံပြုသည်ဟု မှတ်တော်မူရမည်။

ရူပဘုံ ကာမဘုံသို့ ပြန်၍သော . တိဟိတ် ပုထုဇဉ်သည် အဟိတ် ပဋိသန္ဓေနေ၏၊ ရူပါဝစရဘုံမှ ပြန်သော ပုထုဇဉ်တို့သည်ကား ဒွိဟိတ် ပဋိသန္ဓေသာ နေ၏၊ နေကြောင်းကိုကား "အဋ္ဌန္နံ ဥာဏ သမ္ပယုတ္တ ကာမာဝစရ ဇဝနာနံ အညတြသ္မိံ ပရိကမ္မောပစာရ နုလောမ ဂေါတြဘုနာမေန" ဟူ၍ ဥပစာရ သမာဓိ ဇော ဒွိဟိတ်သာ ဖြစ်ကြောင်းကို ဆိုသည်။

ရူပါဝစရဘုံက ပြန်သောသူသည် ဒွိဟိတ် ပဋိသန္ဓေ အဘယ့်ကြောင့် နေလေသနည်း၊ အရူပဘုံက ပြန်သော ပုထုဇဉ်ကဲ့သို့ပင် တိဟိတ် ပဋိသန္ဓေ နေသင့်သည် မဟုတ်လောဟု သူ မေးဘွယ် ရှိသောကြောင့် "တိဟေတုကမောမကံ ဒုဟေတုကဥက္ကဋ္ဌံ ဒွိဟေတုကာ ပဋိသန္ဓိံ ဒတွာ ပဝတ္တေ ဒွါဒသ ဝိပါကာနိ ဝိပစ္စတိ" ဟု ဆိုသောကြောင့် တိဟိတ် ဩမကဖြစ်၍ ဒွိဟိတ် ပဋိသန္ဓေကို ပေးသည်ဟု မှတ်တော်မူရမည်၊ သည်ကို ထောက်၍ အရူပဈာန် ရှေ့ ဥပစာရ သမာဓိ ဇောသည် တိဟိတ် ဥက္ကဋ္ဌ ချည်းဖြစ်သည်၊ ဩမက မရှိဟု ဆရာတော် ယူပေသည်။

## ၄၄-သတ္တဝါအလိုက် အဖြစ်ထိုက်ခြင်း၊

လျှောက်သည် ဆရာတော် ဂုဏ်ငယ်သော သတ္တဝါထက် ဂုဏ်ကြီးသောသတ္တဝါ၊ အကောင် ငယ်သော

သတ္တဝါထက် အကောင်ကြီးသော သတ္တဝါတို့ကို သတ်လျှင် အပြစ်ကြီး၏ဟု ဆိုသည်၊ အဘယ့်ကြောင့် အကောင်ကြီးလျှင် ဂုဏ်ကြီးလျှင် အပြစ်ကြီးလေသနည်း၊ ဂုဏ်ကြီးကို သတ်သည်ကား ဒေါသ အခြားပင် ရှိသေးသလော ဆရာတော်။

သူတပါးတို့တွင် အခစားလုပ်သော သူတို့သည် အမှုငယ်လျှင် အနည်းငယ်သာ အခ ရသည်၊ အမှုကြီးလျှင် အခများစွာ ရသကဲ့သို့ ထို့အတူ ဂုဏ်ငယ်သောသူထက် ဂုဏ်ကြီးသောသူကို သတ်လျှင် အပြစ်ကြီးလေး၏ဟု မှတ်တော်မူရမည်၊

ပရမတ္ထ သဘော ဇော ဝီထိတို့ကို သိလို၍ မေးသည်ကို လောကူပမာဖြင့် ဖြေသည်၊ အဖြေပေါ့သည်ဟု ဆိုဘွယ်ရှိ၏၊ ကုသိုလ်ပြုသောသူတို့ အလှူဝတ္ထုကို စီရင်သည်မှစ၍ လှူသည်တိုင်အောင် ဖြစ်သော ကုသိုလ် စေတနာသည်ကား ပုဗ္ဗစေတနာ မည်၏၊ လှူဆဲတွင်ဖြစ်သော ကုသိုလ် စေတနာသည်ကား မုဥ္စ စေတနာ မည်၏၊ လှူပြီးနောက်မှ ဝမ်းမြောက်ဝမ်းသာ ဖြစ်သော စေတနာသည်ကား ပရ စေတနာမည်၏။

မိမိ ရည်မှန်းသည့် အတိုင်း လှူလျှင် စေတနာ သုံးတန်ညီ၍ ပေးလှူခြင်း ဒါန ကုသိုလ် ကမ္မပထ အထူးသဖြင့် ဝမ်းမြောက်သည်၊ အကုသိုလ်မှာကား သည်ကဲ့သို့ မဟုတ်၊ သတ္တဝါတခုကို သတ်လို၍ တမိုးချုပ်အောင်ပင် လိုက်နေသော်လည်း လိုက်စဉ်ကဖြစ်သော ဒေါသဇော လောဘဇော ကမ္မပထသို့ မရောက်၊ သတ်ပြီးမှ တသက်လုံးပင် ထိုသေလေသော သတ္တဝါ၌

ဝမ်းမြောက်ခြင်း နှစ်သက်ခြင်း ပရ စေတနာကံလည်း ကမ္မပထ မရောက်၊ ကျူးလွန်ဆဲတွင်ဖြစ်သော ဝိတိက္ကမ ဒေါသဇော စေတနာသာလျှင် ပါဏာတိပါတကံ ရောက်သည်။

ရောက်ကြောင်းကို အဘယ်ကြောင့် သိရသနည်းဟူမူ— "ပါဏာတိပါတော ဖရုသဝါစာ ဗျာပါဒေါစ ဒေါသမူလေန ဇာန္တိ"—ဟု ဆိုသောကြောင့် သတ္တဝါကို သတ်ဆဲ သတ်စဉ် သော ဒေါသဇော ဖြစ်သည်၊ သတ္တဝါငယ်ကို သတ်သော ဒေါသဇော, သတ္တဝါကြီးကို သတ်သော ဒေါသဇောဟု အခြား မရှိ—ဒေါသမူ ဒွေချည်းပင်။

ဒေါသချင်း တူလျှင် ကံ တူကောင်းသောကြောင့် လျှောက်ထားသည်ကို ဆရာတော်၏ အဖြေ မစင် မကုန်ဘဲ အမိန့်ရှိသည်ဟု ဆိုဘွယ်ရှိ၏၊ သတ္တဝါငယ်ကို သတ်သော် ပယောဂ နည်း၏၊ ပယောဂ နည်းလျှင် ဇောလည်း နည်း၏၊ ဇောနည်းလျှင် အပြစ်နည်း၏၊ ကြီးသော သတ္တဝါကို သတ်လျှင် ပယောဂ များ၏၊ ပယောဂ များလျှင် ဇောများ၏၊ ဇောများ လျှင်လည်း အပြစ်ကြီးဟု မှတ်အောင်မူရမည်။

ပယောဂများလျှင် အဖြစ်ကြီး၏ဟု ဆိုလျှင် တယောက် သူက ဆင်ကို သတ်၏၊ တယောက်သူက ရဟန္တာကို သတ်၏၊ ထိုသို့သတ်ရာ ဆင်မှာ ပယောဂ များ၏၊ များသောကြောင့် အပြစ်ကြီး၏ဟု ဆိုရမည်လောဟု မေးဘွယ်ရှိ၏၊ ဤအရာကို ကား ဂုဏ်ငယ်သောသူနှင့် ဂုဏ်ကြီးသောသူ နှစ်ခုတွင် ဂုဏ်ကြီး သောသူသည် အပြစ်လေး၏။

ဒေါသဇော များရာ ဆိုပြီးလျက် အဘယ့်ကြောင့် ဂုဏ်ကြီး ရာကို ဆိုပြန်သနည်း၊ ဂုဏ်းကြီးသောသူတို့၌ သာမည ဒေါသ

ဇောနှင့် မသတ်၊ ဒေါသဇော ထက်သန်လှသောကြောင့်သာ အပြစ် လေးသည်ဟု မှတ်တော်မူရမည်။

ဥပမာဆိုဦးအံ့၊ စပါးလုပ်သော သူတို့သည် တဦးမှာ စပါး တတင်းကြဲ၍ လုပ်၏၊ တဦးမှာ စပါး နှစ်တင်း ကြဲ၍ လုပ်၏၊ တင်းများသောသူ စပါးသာ၍ ရသကဲ့သို့ ထို့အတူ ပယောဂ များရာ အပြစ်လေး၏ဟု မှတ်တော်မူရမည်၊ ထို့ထက် ဂုဏ်ငယ် သော သတ္တဝါသည် ပယောဂ များသော်လည်း ဒေါသဇော ညံ့လေသောကြောင့် အပြစ်နည်း၏ဟု မှတ်တော်မူရမည်။

## ၄၅–ကံကို ကံချင်း အချေးဆပ်

လျှောက်သည် ဆရာတော် အဇာတသတ်မင်းသည် အဘ အသက်ကို သတ်၍ အနန္တရိယကံ ရောက်လျက် နေခင် ဘုရားရှင်ကို ကြည်ညိုလှ၍ အဝီစိငရဲမှာ မခံရ၊ လောဟကုမ္ဘီ ငရဲမှာသာ ခံရသည်၊ ကမ္ဘာကုန်လျှင် လည်း ကျွတ်ရမည်ဟု ဆိုကြသည်မှာ မှန်မည်လော၊ အနန္တရိယ ကံသင့်သော သူတို့သည်ကား အသချေယျ ကပ်ပတ်လုံး အဝီစိငရဲမှာ ခံရမည်ဟု ဘုရားရှင် ဟော တော်မူလျက် နေခင် ဘုရားရှင် ကိုယ်တော်ကို ကြည်ညို လှ၍ မင်းစိုးတို့၌ ရာဇဒဏ်ကြီးစွာ သင့်ပါလျက် ပဏ္ဏာ လက်ဆောင်များ၍ မေ့လျော့သကဲ့သို့ မေ့လျော့တော် မူသလော၊ ကံကို ကံချင်း အချေး ဆပ်သကဲ့သို့

မေ့လျော့လေသည်ဟု ဆိုရမည်လော၊ သိသာ ခြားနား
အောင် အမိန့်တော်ရှိပါ ဆရာတော်။

"အနန္တရိယ ကံသင့်သော အဇာတသတ်မင်းသည် အသချေ်ယျ အာယုကပ်ပတ်လုံး သေသည်၏ အခြားမဲ့၌ ငရဲ ခံရလတ္တံ့"ဟု ဟောတော်မူသော အမိန့်တော်ကို မုချ အမှန် ယူရမည်၊ အနန္တရိယ သဒ္ဒါသည် သေသည်၏ အခြားမဲ့၌ တပါး သော ကုသိုလ်ကံ အကုသိုလ်ကံ အခြား မရှိသော အနက်ကို သာ ဟောသည်၊ အဝီစိ အနက်ကို မဟော၊ အဝီစိ သဒ္ဒါသည် တခဏမျှ ချမ်းသာမချပ် တစပ်တည်းသာ ဆင်းရဲခံရ၏ဟူသော အနက်ကိုသာ ဟောသည်၊ လောဟကုမ္ဘီ ငရဲ ဆိုသည်လည်း ကြေးနီအိုး ကြေးနီရေ ပွက်သည်ကို ရည်၍ လောဟကုမ္ဘီဟု ဆိုသည်၊ ထိုလောဟကုမ္ဘီ၌လည်း တခဏမျှ ချမ်းသာမချပ် မလပ်သောကြောင့် အဝီစိကဲ့သို့ပင် မှတ်ရမည်။

ငိဝိဓေန ဒုက္ခေန ဇာယန္တီတိ-အဝီဇိ ဟု ဝစနတ္ထ ပြုရမည်၊ အသုရကာယ်, ပြိတ္တာ တချို့တို့သည် ချမ်းသာ ချပ်သေးသော ကြောင့် အဝီဇိမည်၏၊ ပဋိပက္ခ အနက် ယူရမည်။

အဇာတသတ်မင်းသည် အဘကို သတ်ပြီးနောက်မှ ဘုရား ရှင်ကို ကြည်ညိုလှ၍ လှူဒါန်း ပူဇော်သည့် ဒါနဝတ္ထုကိုတို့လည်း ငှ၍ မကောင်းမှုကို ဘုရားရှင်လည်း မလျော့၊ လှူဒါန်း ပူဇော် သည့် ကောင်းမှုနှင့်ပင် အနန္တရိယကံကိုလည်း အချေး မဆပ်၊ ဘုရားရှင်ကို နောက် ကြည်ညိုလှသော ကုသိုလ်ကံ အားကြီး၍ ဥပထမ္ဘက သတ္တိကို ရလေသေးကြောင့် အဘ အရိယာကို သတ်သော ဒိဋ္ဌဓမ္မ ဝေဒနီယကံ မျက်မှောက် အကျိုးပေး၍

ဒေဝဒတ်ကဲ့သို့ မသေမီ သွေးအန်ခြင်း မြေမျိုခြင်း ဖြစ်ကောင်း ပါလျက် ကြွေးရှင် တပိဿ တင်ရှိသောသူကို ကြွေးတောင်း မင်းက တွေ့ရှိသဖြင့် အကျဉ်းထား၍ ချည်တုပ်မည်ပြုသည်တွင် မင်းကြီးကိုယ်တိုင်နှင့် တွေ့ရှိ၍ မင်းကြီးကို မှီခိုရသဖြင့် မင်းမိန့် ဖြင့် "အကျဉ်းမှ လွှတ်စေ၊ ကြွေးမြီကို နောက်မှ ပေးဆပ်စေ" ဆို၍ အကျဉ်းမှ လွှတ်ရလေသကဲ့သို့ ဒိဋ္ဌဓမ္မ ဝေဒနီယ မျက်မှောက် အကျိုးကို ပေးလိုလျက် ဘုရားတည်းဟူသော အာရုံ၌ အတုမရှိ အထူးသဖြင့် ကြည်ညိုလှသော ကုသိုလ်ကံသည် အထောက်အပံ့ အားကြီးလှ၍ မျက်မှောက်ဖြစ်ရမည့် အပြစ်မှ လွှတ်ရလေသည်။

ကြွေးရှင် တပိဿကို အနန္တရိယ ကံကဲ့သို့ မှတ်တော်မူရ မည်၊ ဒိဋ္ဌဓမ္မ ဝေဒနီယကံကို ကြွေးတောင်း မင်းကဲ့သို့ မှတ်တော်မူရမည်၊ အဘကိုသတ်သော ဒေါသဇော ခုနစ်ကြိမ် တွင် သတ္တမ ဇော စေတနာ အနန္တရိယ ကံကို ကြွေးရှင် တပိဿကဲ့သို့ မှတ်တော်မူရမည်၊ တကမ္ဘာ စေ့၍ ငရဲမှပင် လွှတ်သော်လည်း အလှည့် အစဉ်အတိုင်း ခံရသော အလယ် ဇော ငါးချက် ပရံပရ ဝေဒနီယကံကို အရင်း တပိဿကြွေးမှ အညွန့် အတိုး ငါးဆယ်ကဲ့သို့ မှတ်တော်မူရမည်။

အနန္တရိယကံ ဒေါသဇော ခုနစ်ချက်စလုံးကို မမှည့်၊ သတ္တမဇော စေတနာကိုသာ အနန္တရိယကံ ဆိုသည်၊ အနန္တရိယ ကံကား သေသည်၏ အခြားမဲ့၌ ငရဲကျ၍ အသခေ်ျယျ ကမ္ဘာ ပတ်လုံး ခံရ၏၊ ကမ္ဘာ တည်စဖြစ်လျှင် ရှည်ကြာ၏၊ ကမ္ဘာ ပျက်ခါနီး ဖြစ်လျှင် တို၏၊ ဥပမာကား မင်း ဇကရာဇ်က မည်သည့်သူကို တလ ထောင်မှာထားဘိဟု အမိန့်ရှိ၍ ထောင်မှာ

သွားမည်ဟု ရှာလေသော် လဆန်း ၁ ရက်နေ့က တွေ့လျှင်လည်း တလစေ့အောင်ပင် ရှည်ကြာလေ၏၊ လကွယ် အဖိတ်နေ့မှ တွေ့လျှင်လည်း တို၏၊ ရက်မျှသာ ခံရလေသကဲ့သို့ မှတ်တော်မူရမည်။

အလယ်ဇာ ငါးချက် ပရံပရ ဝေဒနိယ ကံသည်ကား နိဗ္ဗာန် ဝင်ရောက်မှပင် လွတ်သည်ဟု မှတ်တော်မူရမည်။

အဘယ်သူကို ထောက်၍ သိရမည်နည်း ဟူမူကား— အရှင်မောဂ္ဂလာန်ကို ထောက်၍ သိရမည်။

အဘယ်သို့ သိရသနည်း ဟူမူကား အရှင်မောဂ္ဂလာန် အလောင်းတော်သည် အမိကိုသတ်ဘူးသော မကောင်းမှု အနန္တရိယကံ၏ အကျိုးကြောင့် ငရဲမှာ တမ္ဘာပတ်လုံး ခံရ၏၊ အလယ်ဇောငါးချက် ပရံပရ ဝေဒနိယကံ၏ အကျိုးကား အလှည့်သင့်တိုင်း ခံရ၏၊ အကျွတ်တရားကို ရသော အဆုံးဘဝ၌ ရာဇဂြိုဟ်ပြည် ဝေဘာရတောင်၏ နန်းပြာသာဒ် ကျောင်း၌ သီတင်းသုံးတော်မူသောအခါ ခိုးသား ငါးရာတို့သတ်၍ပြီးလျှင် ဈာန် အဘိညာဉ် တန်ခိုးတို့သည် ပကတိ ရှိတော်မူပြန်၍ ခုနစ်ရက်မြောက်သောနေ့၌ ပရိနိဗ္ဗာန် ပြုတော်မူလေသည်၊ ထိုသို့ ပရိနိဗ္ဗာန် ပြုကာနီး၌ ခိုးသား ငါးရာတို့သတ်၍ သက်တော် တခဏ ကုန်တော်မူရသည်ကား ရှေးမယ်တော်ကို ခိုးသူအသွင်ပြု၍ သတ်သော အလယ်ဇော ပရံပရ ဝေဒနိယ ကံအကျိုးဖြစ်သည်၊ ပရံပရ ဝေဒနိယ ကံသည်ကား နိဗ္ဗာန် ဝင်မှသာ လွတ်သည်ဟု မှတ်တော်မူရမည်။

## ၄၆-လောကဓံတရားနှင့်ဘုရား

လျှောက်သည် ဆရာတော် ဘုရားရှင်သည် ဒုတိယ ပါရာဇိကကို ပညတ်တော်မူသောအခါ ဗိမ္ဗိသာရမင်း၏ တရားသူကြီးဖြစ်ဘူးသော တောထွက်ရဟန်းကို တိုင်ပင် ၍ ပညတ်တော်မူသည်၊ ထိုသို့ တိုင်ပင်တော်မူခြင်း သည်လည်း သိတော် မမူ၍ တိုင်ပင်တော် မူသည် မဟုတ်၊ အစိုးတရ ပညတ်တော်မူလျှင် လောက ဝေါဟာရပညာရှိတို့ကို တိုင်ပင်တော် မမူပါဟု လူမိုက်တို့ ကဲ့ရဲ့ခြင်းရှိ၍ တိုင်ပင်တော်မူသည်ဟု ဆိုသည်၊သူမိုက်တို့ ကဲ့ရဲ့မည်ကို ကြောက်တတ် စိုးရိမ်တတ်သော စိတ်တော် ဘုရားရှင်မှာ ရှိတော်မူပါသလော၊ လောကဓံတရား ရှစ်ပါးတို့ကို ဘုရားရှင်တို့ လွန်မြောက်နိုင်ပြီဟု ဆိုသည် မဟုတ်ပါလော ဆရာတော်။

တိုင်းနိုင်ငံကို အစိုးရသော မင်းကေရာဇ်သည် ကျေးရွာ ငယ်သား နှစ်ရပ် မချမ်းသာ မကြည်ညို ရှိကြသည်ကို အစိုးရ သော မင်းကေရာဇ်သည် ချမ်းသာကြည်ညို သင့်တင့်မည့် အကြောင်းကို ဖြေးညှင်း သာယာစွာ ပြောဆို၏၊ ထိုသို့ပြောဆို ခြင်းသည်လည်း ထိုမင်းသည် ကျေးရွာ ငယ်သားတို့ကို ကြောက်ရွံ့ ခန့်ငြား၍ ဆိုသည်မဟုတ်၊ ထိုရွာနှစ်ဦး ခိုက် ပွား ရန်စည် မရှိစေလို၍ ဆိုသကဲ့သို့ ထို့အတူ ဘုရားရှင်သည်လည်း လောက ပညာရှိတို့နှင့် မတိုင် မပင် ပညတ်တော်မူလေသည် ဟူ၍ လူမိုက်တို့သည် ကိုယ်တော်ကို ကဲ့ရဲ့မည် စိုးရိမ်တော်မူ

သောကြောင့် တရားသူကြီးဖြစ်ဘူးသော အမတ် တောထွက်ကို တိုင်ပင်တော်မူသည်လည်း မဟုတ်၊ မသိ၍ မေးတော်မူသည် လည်း မဟုတ်၊ ပုထုဇဉ်ဖြစ်သော တပည့် တကာတို့နှင့် လောက ဝေါဟာရ အလေ့ပြုသော သူတို့ကို ဝိဝါဒ ကွဲရှဲခြင်း မဖြစ်စေခြင်းငှာ တိုင်ပင်တော်မူသည်၊ ဘုရားတို့မည်သည်—နိစ္စံ, ပသန္နံ, သုခံ, ဒုက္ခံ, လာဘော, အလာဘော, ယသော, အယသော ဟူသော လောကဓံ တရား ရှစ်ပါးတို့နှင့် တွေ့သော် လည်း စိုးရိမ် ကြောင့်ကြခြင်း ရှက်ကြောက် ထိတ်လန့်ခြင်း စသည်တို့ ဖြစ်စေတတ်သော စိတ်တော်ကို အရဟတ္တ မဂ်ဉာဏ် တော်ဖြင့် ပယ်ဖြတ်၍ပြီးပြီဟု မှတ်တော်မူရမည်။

ပရမတ္ထနည်းဖြင့် သိလို၍ မေးသည်ကို လောကူပမာဖြင့် ဆရာတော် ဖြေသည်ဟု ဆိုဘွယ်ရှိ၍ “ခီဏာသဝါနံ ကုသလာ ကုသလ ဇဝနာနိ န လဗ္ဘန္တိ” ဟူသောပါဠ်ကို ပြပြန်သည်။

ထိုပါဠ်၏ အဓိပ္ပါယ်သော်ကား ရဟန္တာ ဖြစ်ပြီးသောသူတို့ သည် အရဟတ္တဖိုလ် မရောက်မီ အရဟတ္တမဂ်ကပင် ကုသိုလ်— အကုသိုလ် စိတ်တို့ကို ပယ်ဖြတ်တော်မူပြီ၊ မဟာ ကိရိယာဇော, မဟဂ္ဂုတ် ကိရိယာဇော, ဟသိတုပ္ပါဒ်, အာဝဇ္ဇန်းဒွေး ကိရိယာ စိတ်တို့သာ ရှိကုန်သည်၊ ထိုဇောစိတ်တို့နှင့် အကုသိုလ် ကမ္မပထ ကိုလည်း ပြုတော်မမူ၊ ကုသိုလ် ပုညကိရိယာကို ပြုတော်မူ သော်လည်း သစ်ပွင့်သည် အသီးကို မဖြစ်စေသကဲ့သို့ ထိုအာတု ကိရိယာဇော စေတနာသည်လည်း လူ့ပြည် နတ်ပြည်၌ ပဋိသန္ဓေကို ပေးခြင်းငှာ ထိုက်သော ကံကို မဖြစ်စေပြီ၊ ရှေးပြုဘူးသော ကုသိုလ်—အကုသိုလ်ကံ ဖြစ်ဟန်ကိုသာ ဟောတော်မူသည်၊ ကာလရှည်ကြာအောင် ထားလေပြီးသော

မျိုးစေ့တို့သည် အပင် မပေါက်ဘဲ သွန်လေသကဲ့သို့ ထို့အတူ ပဋိသန္ဓေကို ပေးခြင်းငှာ မထိုက်၊ သွန်လေပြီး ဖြစ်သော ကြောင့် "တေခီဏာ ဗီဇာ အဝိရုဠိ ဆန္ဒာ" ဟု— ဟောတော်မူ သည်။

အရှင် မဟာကဿပတို့သည် သက်တော် ခန္ဓာ အာယုကပ် ပတ်လုံး ဓုတင် ခန္ဓကဝတ်ကို ကျင့်တော်မူသော်လည်း ဘဏ္ဍာစိုး သည် မိမိကိုယ်ပိုင် မသုံးဆောင်ရသော်လည်း မိမိအရှင်၏ စီးပွားတော် ဖြစ်စေခြင်း အကျိုးငှာ ဘဏ္ဍာ ဥစ္စာတို့ကို သိမ်းသိမ်းရသကဲ့သို့ ထို့အတူ အရှင် မဟာကဿပ မထေရ်တို့ သည်လည်း နောင်လာ သင်္ဃာတော်တို့၏ အကျိုးငှာ ဓုတင် ခန္ဓကတို့ကို ဆောင်တော်မူ လေသည်၊ ဆောင်တော်မူသော အကျိုးကို မခံရပြီဖြစ်သောကြောင့် အရှင် မဟာကဿပတို့၏ ဓုတင် ဆောင်တော်မူခြင်း ပရိယတ္တိဆောင်တော်မူခြင်းသည်ကား ဘဏ္ဍာ ဂါရိက နည်းဟူ၍ ကျမ်းဆရာတို့ ပြတော်မူကုန်သည်။

## ၄၇-လယ်လုပ်ခြင်းသည် မင်္ဂလာ

လျှောက်သည် ဆရာတော် မင်္ဂလာတရားတော်၌ အပြစ် မရှိသော လယ်လုပ်ခြင်း၊ ကုန်သွယ်ခြင်းသည် မင်္ဂလာမည်၏၊ မင်္ဂလာသည်လည်း ကုသိုလ်တရားပင်ဟု ဟောတော်မူကြသည်၊ ကိုယ်ပိုင်သည့်လယ်နှင့် ကိုယ်တိုင် လုပ်လျှင် အပြစ် မရှိသော လုပ်ခြင်း မဟုတ်လော၊ ကိုယ့်လယ်ကို ကိုယ်တိုင် ထွန်ယက် လုပ်ဆောင်လျှင်ပင်

ကောင်းမှု မင်္ဂလာ ဖြစ်၏ဟူ၍ပင် ဆိုရမည်လော၊ ပရမတ္ထသဘော ဇော ဝီထိ လက္ခဏာကို သိခက်လှပါသည်၊ ခြားနား၍ သိသာအောင် အမိန့်ရှိတော်မူပါ ဆရာတော်။

လယ်လုပ်ခြင်း ကုန်သွယ်ခြင်းသည် အပြစ် မရှိသော လယ်လုပ်ခြင်း, အပြစ်ရှိသော ကုန်သွယ်ခြင်းဟူ၍ နှစ်ပါး အပြားရှိ၏၊ ထိုနှစ်ပါးတို့တွင် လယ်လုပ်သောသူတို့သည် လယ်၌ စီးပွားဖြစ်ခြင်းကိုသာ နှလုံးပိုက်၍ ကြက် ဝက် စသည်နှင့် နှုတ်ပူဇော်ခြင်း, သူ့ဘပါးမြေ မိုးကို တိုးချဲ့၍ ယူခြင်းသည် ပါဏာတိပါတကံ, အဒိန္နာဒါန်ကံ ရောက်၍ မတရားသော လယ်လုပ်ခြင်း မည်၏၊ ရောင်းဝယ်သည့် ကုန်သည်တို့မှာလည်း နှုတ်ဖြင့် လှည့်စားခြင်း,အလေး တောင်း တင်းတို့ဖြင့် လှည့်စားခြင်းသည် မုသာဝါဒကံ, အဒိန္နဒါန်ကံ ရောက်သည်၊ ထိုသို့ ရောက်သောကြောင့် မတရားသော ကုန်သွယ်ခြင်းမည်၏၊ထိုသို့ မည်သောကြောင့် ဆိုခဲ့ပြီးသမျှတို့ကို ကြဉ်ရှောင်ခြင်းသည် တရားနှင့်လျော်သော လယ်လုပ်ခြင်း, ကုန်သွယ်ခြင်း မည်၏။

တရားနှင့်အညီ လယ်လုပ်ခြင်း ကုန်သွယ်ခြင်းကို ပြုသောသူသည် သတ်အပ်သောအရာ ခိုးအပ်သောအရာ လှည့်စားအပ်သောအရာသို့ ရောက်သောအခါ ဤအရာလည်း မသင့်ချေ၊ ဤအရာလည်း မသင့်ချေ ဟူ၍ ဝိရမိတဗ္ဗ ဝတ္ထုတို့ကို အာရုံ ပြု၍ ကြဉ်ရှောင်သောအခါ ဖြစ်သော ကုသိုလ်ဇော စိတ္တုပ္ပါဒ် တို့ကိုသာ မင်္ဂလာ ဆိုရမည်ဟု ဘုရားရှင် ဟောတော်မူသည်။

ဝစနတ္ထကား—"မင်္ဂ ပပံ လုနာတိ ဆိန္ဒတီတိ မင်္ဂလာ"ဟု ပြုရမည်။

ယံစိတ္တုပ္ပါဒံ—အကြင် မဟာကုသိုလ် စိတ္တုပ္ပါဒ်သည်၊ မင်္ဂပါပံ—လယ်လုပ်ရာ ကုန်သွယ်ရာတို့၌ ခိုးယူခြင်း လှည့်ပတ်ခြင်း သတ်ခြင်း စသော မကောင်းမှုတို့ကို၊ လုနာတိ—ဆိန္ဒတိ—ဖြတ်တတ်၏၊ ဣတိ—တသ္မာ—ကြောင့်၊ တံစိတ္တုပ္ပါဒံ—ထိုကုသိုလ်စိတ္တုပ္ပါဒ်သည် မင်္ဂလံ—၏၊ ဤဝိဂ္ဂဟ် ဝစနတ္ထကို နှလုံးထား၍ ဝိရမိတဗ္ဗ ဝတ္ထုတို့ကို အာရုံပြု၍ ကြဉ်သော မဟာ ကုသိုလ် စိတ်ကို မင်္ဂလာဟု ဆိုသည်။

စားသောက်လိုသည့် အတွက်သာ လုပ်ဆောင်လို၍ မိမိ လယ်ကို မိမိလုပ်ခြင်း, မိမိကုန်ကို မိမိရောင်းခြင်းကို မင်္ဂလာဟု မဆို၊ ပရမတ်နည်း ကုသိုလ်ဇော ဝီထိကိုသာ မင်္ဂလာဆိုသည်၊ ဝိနည်း သုတ္တန် ပညတ်နည်း၌လည်း သူ့ဥစ္စာကို ခိုးခြင်း သတ်ခြင်း လှည့်စားခြင်း ဝိရမိတဗ္ဗမှ လွှတ်ရန် ပဥ္စသီတရား ငါးပါး အစရှိသည်ကို စောင့်ခြင်းသည် မင်္ဂလာ မည်၏ဟု ဟောတော်မူသည်။

ထမင်းကို အလိုရှိ၍ လယ်လုပ်၏ဟု ဆိုသည်မှာလည်း လယ် နွား ထွန် ကောက်ပင် အရိုး အရွက် အနှံ အသီး အားလုံး ကိုပင် ထမင်း မဆို၊ အသီးမှ ထုတ်၍ ဆန်ကို ချက်ပြီးမှသာလျှင် ထမင်းဖြစ်သကဲ့သို့ ထိုအတူ လယ်လုပ်ခြင်း ကုန်သွယ်ခြင်း စသည်ကို မင်္ဂလာမည်၏ဟု ဆိုသော်လည်း ဇော စိတ္တုပ္ပါဒ် ဖြစ်ရာသာလျှင် မင်္ဂလာမည်၏ဟု ပရမတ္ထသဘော ဇောဝီထိ ကိုမှတ်တော်မူရမည်။

## ၄၈-တိဟိတ် ပဋိသန္ဓေကံ

လျှောက်သည် ဆရာတော် အရူပဘုံမှ ကာမဘုံသို့ ပြန်သော ပုထုဇဉ် ပုဂ္ဂိုလ်တို့သည် ဒွိဟိတ်, အဟိတ် ပုဂ္ဂိုလ် မဖြစ်၊ တိဟိတ်သာ ဖြစ်၏ ဆိုသည်၊ ထိုပုဂ္ဂိုလ် တို့၌ ဒွိဟိတ်၊ အဟိတ် ပဋိသန္ဓေကို ပေးတတ်သော ကုသိုလ် အကုသိုလ် ကံတို့သည် ကုန်လေတော့သည် လော၊ ဗြဟ္မပြည်က ပြန်၍ လူ့ပြည်မှာ တိဟိတ် ပဋိသန္ဓေကိုသာ ရသော ကံကား အဘယ်ကံပါနည်း ဆရာတော်။

ရိက္ခာ မျိုး ပဲ ရှာ၍ မရသော ဝေးသော တောအရပ်သို့ သွားနေသောသူသည် တလစာ တဆဲ့ငါးရက်စာ စသည်ဖြင့် ချင့်မှန်းခန့်၍ အိမ်ကပင် ဆန် ယူ၍သွားရ၏၊ ဆန်ကုန်ခါနီး ရပ်ရွာသို့ပြန် စားရုံ ရိက္ခာရှိစဉ် ထိုရိက္ခာကိုပင် ဆောင်၍ ရပ်ရွာသို့ ပြန်ရ၏၊ ထို့အတူ ပဥ္စမဈာန်ကို ရပြီးသော ကာမ ပုဂ္ဂိုလ်သည် အရူပဈာန်ကို ရခြင်းငှါ ကမ္မဋ္ဌာန်းကို လုံ့လပြု၍ အရူပ ကုသိုလ် ဈာန်ကို ရ၏၊ ဈာန် မလျှောသေးသော အခြားမဲ့၌ အရူပဘုံ၌သာ ဖြစ်ရလေ၏၊ ထိုအရူပဘုံမှ စုတေ ပြန်၏၊ ကာမသုဂတိဘုံသို့ ဖြစ်ပြန်လာသော ပုထုဇဉ် ပုဂ္ဂိုလ်တို့ အရူပ ကုသိုလ် ဈာန်၏ ရှေး၌ဖြစ်သော ဥပစာရ သမာဓိ တိဟိတ် ဇော စေတနာ အကျိုးကိုပေး၍ ဒွိဟိတ်, အဟိတ် မဖြစ်၊ တိဟိတ် ဥက္ကဋ္ဌ စေတနာ အကျိုးဖြင့် တိဟိတ်သာ ဖြစ်ရလေသည်။

ကာမဘုံ၌ရသော အရူပစေတနာကို ဝေးသောတောသို့ သွားရသောကြောင့် ရိက္ခာ ဆန်စုသကဲ့သို့ မှတ်တော်မူရမည်၊ ကာမဘုံက စုတေသောအခါ၌ ဝေးသောတောသို့ သွားသော အခါနှင့် တူ၏ဟု မှတ်တော်မူရမည်၊ အရူပဘုံ၌ ပဋိသန္ဓေနေ သော အခါ၌ကား တောသို့ရောက်၍ ပါရင်း အိမ်ဆန်ကိုပင် ထုပ်၍ ရွာသို့ တဖန် ပြန်သောအခါနှင့် တူ၏ဟု မှတ်တော်မူရ မည်၊ ကာမဘုံ၌ ပဋိသန္ဓေနေသောအခါ ဥပစာရ သမာဓိ ဇော စေတနာတိဟိတ် ပဋိသန္ဓေ ရောက်၍ ရွာသို့ပြန်သည့် ရိက္ခာကို စားရသကဲ့သို့ မှတ်တော်မူရမည်၊ ဥပမာ ဥပမေယျ ကျနအောင် ဟပ်၍ ယူတော်မူရမည်။

အရူပဘုံက ပြန်သော တိဟိတ် ပုထုဇဉ်သည် ဒွိဟိတ် အဟိတ် ပဋိသန္ဓေကို ပေးတတ်သောက် ကုန်သည် မဟုတ်၊ အရူပ ကုသိုလ် ဈာန် စေတနာသည် အရူပ ပဋိသန္ဓေကိုပေး၏၊ ဈာန်၏ ရှေ့ ဥပစာရ သမာဓိ တိဟိတ် ဥက္ကဋ္ဌ စေတနာသည် ကာမ တိဟိတ် ပဋိသန္ဓေကို ပေး၏ဟု မှတ်တော်မူရမည်။

## ၄၉-မျက်ကန်း နားပင်း ကုသိုလ်ကံ

လျှောက်သည် ဆရာတော် လူ့ပြည်တွင် အမိ ဝမ်းတွင်းက မျက်စိကန်းသည့် နားပင်းသည့် သူတို့၏ ပဋိသန္ဓေကို ပေးတတ်သော ကံသည် အကုသိုလ်ကံ မဟုတ်၊ ကုသိုလ်ကံဟု ဆိုကြသည်၊ မျက်စိကန်းသည့် နားပင်းသည့် ကုသိုလ်ကံပင် ရှိသေးသလော ဆရာတော်။

ကာမ ကုသိုလ် ရှစ်ခုဖြင့် ကုသိုလ်ကောင်းမှု ပြုသောသူတို့သည် ကာမ ကုသိုလ် ရှစ်ခုတွင်ပင် တိဟိတ် ဇော လေးခု ဖြစ်သည်၊ တိဟိတ် ဇော လေးခုတွင်လည်း ဥက္ကဋ္ဌ ဇော လေးခု, ဩမက ဇောလေးခု ဖြစ်သည်၊ ဒွိဟိတ်တွင်လည်း ဥက္ကဋ္ဌ ဇော လေးခု ဖြစ်သည်၊ ထိုဇောတို့ အလိုက် ကံသည်လည်း တိဟိတ် ဥက္ကဋ္ဌ ကံဖြစ်သည်၊ ထိုတိဟိတ် ဥက္ကဋ္ဌ ကံသည်ကား ကာမဘုံ၌ တိဟိတ် ပဋိသန္ဓေ လေးခုကို ပေး၏၊ တိဟိတ် ဩမက ကံ, ဒွိဟိတ် ဥက္ကဋ္ဌကံ ကျွန်ုပ်ပါးသည်ကား ကာမဘုံ၌ ဒွိဟိတ် ပဋိသန္ဓေ လေးခုကိုပေး၏။

"ဒွိဟေတုက မောမကံ ပန ကုသလံ အဟေတုကမေဝ ပဋိသန္ဓိံ ဒေတိ၊ ပဝတ္တေစ အဟေတုက ဝိပါကာနေဝ ဝိပစ္စတိ"ဟု ဆိုသောကြောင့် အမိဝမ်းတွင်းမှ မျက်စိကန်း နားပင်း အဆွံ့အအ ဖြစ်သော သူတို့၏ ပဋိသန္ဓေကို ဒွိဟိတ် ဩမက ကုသိုလ်ကံ ပေး၍ အဟိတ် ကုသလဝိပါတ် သန္တီရဏ စိတ်ဖြင့် ပဋိသန္ဓေ နေသည်ဟု မှတ်တော်မူရမည်။

သုဂတိ အဟိတ် ပုဂ္ဂိုလ်တို့၌ ကုသိုလ် အကျိုးပေး၍ မျက်စိကန်း နားပင်း အဆွံ့, အအ ဖြစ်လာသောကြောင့် မျက်စိကန်းတတ်သည့် နားပင်းတတ်သည့် ကုသိုလ်ပင် ရှိသလောဟု မေးသည်ကို ဆရာ့ အဖြေနှင့် အမေး မဖြေ မစင် ဆိုဘွယ်ရှိ၍ ဥပမာ ဆိုဦးအံ့။

အလုပ် အဆောင် တတ်သည်ဟု ဆို၍ လက်သမား လေးယောက်ကို ငှါးရာတွင် လုရှပ် နတ်ရုပ် သားရဲရုပ် စသည်တို့ကို အကြီးဆုံး လက်သမားသည် သနစ်သနာ ကျနအောင် အင်္ဂါ လက္ခဏာနှင့် အပြည့် အစုံ စေ့စေ့ စပ်စပ် အံ့ဘွယ်ရာ

ကောင်းစွာ လုပ်တတ်၏၊ နှစ်ယောက်သော လက်သမားတို့မှာ အင်္ဂါလက္ခဏာ စုံအောင်ကား လုပ်နိုင်၏၊ သနစ်သနာကား မကျ၊ အငယ်ဆုံး လက်သမားတယောက်မှာမူကား မူလကပင် မတတ်သော သဘောကြောင့် ခြေ လက် မျက်စိ စသော အင်္ဂါတို့ကိုမျှ စေ့စုံအောင် မလုပ်နိုင် ဖြစ်သည်။

ထိုလယ်သမား လေးယောက်တို့တွင် အင်္ဂါ လက္ခဏာနှင့် တကွ စေ့စပ်အောင် လုပ်တတ်သော လယ်သမားကြီးကဲ့သို့ တိဟိတ် ဥက္ကဋ္ဌကံကို မှတ်တော်မူရမည်၊ အင်္ဂါ လက္ခဏာနှင့် ကား စေ့စုံ၏၊ သနစ်သနာ မကျသော လက်သမား နှစ်ယောက် ကဲ့သို့ကား တိဟိတ် ဩမကကံ, ဒွိဟိတ် ဥက္ကဋ္ဌကံ နှစ်ပါးကို မှတ်တော်မူရမည်၊ မျက်စိ နား စသော အင်္ဂါကိုမျှ စုံစေအောင် မလုပ်နိုင်သော လက်သမားငယ်ကဲ့သို့ကား အမိဝမ်းတွင်း၌ မျက်စိကန်း နားပင်း ခြင်းစသော ပဋိသန္ဓေကို ပေးတတ်သော ဒွိဟိတ် ဩမကကံကို မှတ်တော်မူရမည်။

လက်သမား လေးယောက်တို့တွင် မျက်စိ နား စသော အင်္ဂါကို စုံအောင် မလုပ်နိုင်သော လက်သမားငယ်သည်ကား လက်သမားကြီးကဲ့သို့ မထုမလုပ်ခြင်း မဟုတ်၊ မိမိ တပ်ရင်း မရှိ၍သာ မျက်စိ နား စသည်တို့ အစုံပါအောင် မလုနိုင် ဖြစ်သကဲ့သို့ ဒွိဟိတ် ဩမက ကံသည်လည်း ကံလေးရပ်တို့တွင် အညံ့ဆုံး ဖြစ်၍သာ နား မျက်စိ စသည်ဖြင့် စုံစေအောင် မပေးနိုင် ဖြစ်သည်၊ ကုသိုလ် အကျိုးကြောင့် မျက်စိလည်း မကန်း နားလည်း မပင်းဟု မှတ်တော်မူရမည်၊ ဥပမာ ဥပမေယျ နှင့် ပဋိသန္ဓေကံကို စေ့စေ့နှလုံးတော် သွင်း၍ ယူတော်မူရမည်။

## ၅၀-တန်ခိုးကြီးသော အကုသိုလ်

လျှောက်သည် ဆရာတော် နဂါး ဂဠုန်တို့သည် အကုသိုလ်ကံကြောင့် ဖြစ်သည်၊ အပါယ် လေးဘုံတွင် လည်း တိရစ္ဆာန် အဝင် ဆိုကြသည်၊ ထိုနဂါး ဂဠုန် တို့ ဖန်ဆင်းသည့် ပြည်တို့သည်လည်း နတ်ပြည် တို့ကဲ့သို့ပင် ဖြစ်ခဲ့လေသည်၊ ကိုယ်ကာယ သည်လည်း သိကြား နတ်မျှမက ဘုရားသဏ္ဌာန်ကိုပင် ဖန်ဆင်းနိုင် ပြန်ခဲ့သည်၊ အလွန်လည်း တန်ခိုးကြီး၏၊ ထို့ကြောင့် တန်ခိုးကြီးရာသော အကုသိုလ်ကံသည် ရှိသလော ဆရာတော်၊ ပရမတ္ထ သဘောဖြစ်၍ သိခက်လှသည်၊ ခြားနား၍ သိသာအောင် အမိန့်တော်မြွတ် ရှိပါ ဆရာတော်။

"ဥဒ္ဒစ္စ ရဟိတံ အကုသလံ အပါယ ဘူမိယံ ပဋိသန္ဓိံ ဇနေတိ" ဟု—ကျမ်းဆရာတို့ ဆိုသောကြောင့် အကုသိုလ်စိတ် တဆဲ့နှစ်ခုတို့တွင် ဥဒ္ဒစ္စစိတ်ကို ကြဉ်၍ အကုသိုလ်စိတ် တဆဲ့တခု ဖြင့် ဒုစရိုက် ကမ္မပထသို့ ရောက်အောင် ပြုသော အကုသိုလ်ကံ သည် အပါယ်လေးဘုံတို့၌ ပဋိသန္ဓေကို ဖြစ်စေနိုင်၏။

အပါယ်လေးဘုံဟု ဆိုသည်ကား သိဉ္ဇိုဝ်း, ကာလသုတ်, သင်္ဃာတ, ရောရုဝ, ပဟာရောရုဝ, တာပန, မဟာတာပန, အဝီစိ၊ ဤငရဲကြီး ရှစ်တပ်နှင့်တကွ ငရဲကြီး တမျက်နှာ တမျက်နှာ၌ ဥဿဒရက် ငရဲငယ် လေးမျက်နှာစီ၊ ကျွန်းမြေ အထဲ၌ရှိသော စက်ငရဲ၊ လောဟကုမ္ဘီ, လောကန္တရက်တို့နှင့် တကွ ငရဲပေါင်း တရာ့သုံးဆယ်သည် နိရယဘုံ မည်၏။

ကျွဲ နွား ဆင် မြင်း နဂါး ဂဠုန် တိရစ္ဆာန် ပိုးမွှား ဘီလူး နတ်တို့၏ ဖြစ်ရာ အရပ်သည် တိရစ္ဆာန်ဘုံ မည်၏။

ကာလကိဉ္စက စသော ငတ်မွတ် ပူပန်ခြင်းနှင့်တကွ ဖြစ်သော ပြိတ္တာတို့၏ ဖြစ်ရာအရပ်သည် ပြိတ္တာဘုံ မည်၏။

နေ့ကို ဆင်းရဲ ခံရ၍ ညဉ့်ကို နတ်စည်းစိမ်ကို ရသောသူ, ညဉ့်ကို ဆင်းရဲ ခံရ၍ နေ့ကို နတ်စည်းစိမ်ကို စံရသောသူ, နေရာ အရပ်၌သာ နတ်စည်းစိမ်ကို စံရ၍ အစာ စားချိန် ရောက်လျှင် မိမိကိုယ် အသားကို ဖြတ်၍ စားရသောသူ၊ ထိုသူတို့ကား အသူရကာယ် မည်၏၊ ထိုသူတို့၏ ဖြစ်ရာ တော တောင် သမုဒ္ဒရာ ကျွန်း အစရှိသော အရပ်တို့သည်ကား အသူရကာယ်ဘုံ မည်၏။

ဤလေးပါးသည်ကား အကုသိုလ်ကံတို့၏ ဖြစ်ရာ အပါယ် လေးဘုံ ဆိုသည်ဟု မှတ်တော်မူရမည်။

မြင်းမိုရ်တောင်အောက်၌ ယူဇနာ တသောင်းတည်သော အသူရာပြည်ကို အသူရကာယ် မဆို၊ အသူရာတို့ပြည်သာ ဆိုသည်။

"နသူရော-အသူရော"ဟု—မြင်းမိုရ်တောင်အောက် အသူရာ ကို ဝစနတ္ထပြုရမည်၊ တာဝတိံသာ နတ်တို့ကဲ့သို့ မဟုတ်၊ အသူရာနတ်သာ ဆိုသည်။

"အသူရာနံ ကာယော—အသူရ ကာယော၊ န သူရ ကာယော-အသူရ ကာယော"ဟု—ဝစနတ္ထပြုရမည်၊ အပါယ် လေးဘုံ၌ဖြစ်သော အသူရကယ်ကို ရ၏၊ နတ်အပေါင်းနှင့်မတူ၊ နတ်တို့၏ စည်းစိမ် တစိတ်ကို ခံစားရသည်သာ။

နဂါး ဂဠုန်တို့သည် အပါယ် လေးယ်တွင် တိရစ္ဆာန်ဘုံ အဝင်ဖြစ်သည်၊ အကုသိုလ်ကံ အကျိုးကြောင့်ပင် ပဋိသန္ဓေနေသည် မှန်၏၊ တန်ခိုးကြီး၍ အထွေထွေ ဖန်ဆင်းတတ်သည် ကား ဝိပါကဇိဒ္ဓိ တန်ခိုးဖြစ်သည်၊ ဗီဇနိယမ, ဥတုနိယမ, ဇာတိနိယမ–အပြား ၃ ပါးတွင်လည်း နဂါး ဂဠုန်တို့၏ တန်ခိုးသည် ဇာတိနိယမ ဖြစ်သည်။

အနီ အစိမ်း အညို ဝတ်ပန်း ပွင့်ချပ်နှင့်တကွ ပွင့်သော ပန်းကိုလည်း ထိုသစ်ပင်၏–ကံကြောင့် ဖြစ်သည်ဟူ၍ မယူရ၊ တန်ခိုးကြီးသောသူတို့ ဖန်ဆင်းလေသည်ဟူ၍ မယူရ၊ လက်တတ်၍ လုပ်ထားလေသည်ဟူ၍လည်း မယူရ၊ ဖြစ်မြဲ ဓမ္မတာ မျိုးစေ့ဖြစ်၍ အကြောင်း ညီညွတ် လျောက်ပတ်သော ဥတုကို ရလျှင်ပင် ဖြစ်လေသည်ဟု ယူအပ်သကဲ့သို့ ထိုအတူ နဂါး ဂဠုန်တို့ သည်လည်း ကုသိုလ်ကံ အကျိုးကြောင့်ကား ဖြစ်၏၊ ဝိပါက ဇာတိ နိယမအားဖြင့်လျှင် နတ်စည်းစိမ်ကဲ့သို့ ဖန်ဆင်းနိုင် သော တန်ခိုးနှင့် ပြည့်စုံလေသည်ဟု မှတ်တော်မူရမည်။

မျက်လှည့်တို့သည် အစိမ်း အရွှေ အနီ အဝါ သာရဲရုပ် ငှက်ရုပ် နတ်ရုပ် ဘုံဗိမာန် အစရှိသည်တို့ဖြင့် ပြနိုင်သည်ကား ဝိဇ္ဇာမယ တန်ခိုးဖြစ်သည်ဟု မှတ်တော်မူရမည်၊ နဂါး ဂဠုန် ဘုတ် ပြိတ္တာတို့၏ အထွေထွေ ဖန်ဆင်းနိုင်သည်လည်း ဝိပါကဇိဒ္ဓိ ဇာတိမယ တန်ခိုးဖြစ်သည်ဟူ၍ မှတ်တော်မူရမည်။

သီရိဓမ္မာသောက မင်းကြီးသည် အလိုမဲ့နေစဉ် အောက်မေ့ သည်၊ အဘယ်သို့ အောက်မေ့သနည်း ဟူမူသော်ကား “ငါသည် အထက် တယူဇနာ, အောက် တယူဇနာပိုင်၏၊ မြေကြီး အထဲ၌

နဂါးပြည် ရှိ၏ဟု ဆို၏၊ နဂါးပင် ဖြစ်သော်လည်း ငါ့နိုင်ငံ အတွင်း ကျလျှင် ငါ့ကို အခွန် မဆက်ဘဲ နေရမည် မဟုတ်” ဟု အောက်မေ့၍ အနီးတွင်ရှိသော သံခြေကျဉ်းကို စေလိုက်၏။

ထိုသို့ စေလိုက်လျှင် ကာလ နဂါးမင်းမှာ စွပ်လျက် ရှိလေသည်၊ ထိုသို့ရှိလျှင် နဂါးမင်းလည်း “သီရိဓမ္မာ သောကမင်းသည် ငါ့နိုင်ငံ ယူဇနာအတွင်းသို့ ပြာသာဒ်ဖျား ထုဗိကာ ဝင်သည်ဟု ငါ့ကို အခွန်ဆက်ရန် ချချေသည်”ဟု နှလုံးထား၍ အခွန်ဆက်ရန် ရွှေ ငွေ ရတနာအများနှင့် လာ၏။

သီရိဓမ္မာသောက မင်းကြီးသည်လည်း “ငါ ရွှေ ငွေ ရတနာ အခွန်ကို အလိုမရှိ၊ ကကုသန်, ကောဏာဂုံ, ကဿပ, ဂေါတမ ဘုရားရှင် လေးဆူတို့ကို နဂါးမင်း မှီလိုက်ပါသည် ဖြစ်သော ကြောင့် ဘုရား လေးဆူတို့၏ သဏ္ဌာန်တော်ကို ဖန်ဆင်း၍ ပြပါ၊ ထိုသို့ ပြလျှင်ပင် အခွန်ဖြစ်ပါစေတော့”ဟု မင်းကြီးက ဆိုလျှင် နဂါးမင်းလည်း ဝန်ခံ၍ ဘုရား လေးဆူတို့၏ သဏ္ဌာန် တော်ကို ရောင်ခြည်တော် ခြောက်သွယ်နှင့်တကွ ဖန်ဆင်း၍ ပြ၏။

ထိုဓမ္မာသောကမင်းကြီး၏ သံခြေကျဉ်း တမန်ပြု၍ စေလျှင် သွားသော တန်ခိုးသည်ကား ရှေးကောင်းမှု ပုညမယ အကျိုး ဖြစ်သည်ဟု မှတ်တော်မူရမည်။

ရသေ့ ရဟန်း ဈာန်ရသော အရှင်မြတ်တို့သည် ဈာန်ဝင်စား၍ တော တောင် ချောက်ကမ်း ကုန်း ကျင်း ဆင် မြင်း အစရှိသော သဏ္ဌာန်တို့ကို ပြသော တန်ခိုးသည် ကား ဈာန်မယိဒ္ဓိ တန်ခိုးဟု မှတ်တော်မူရမည်။

ကုသိုလ်ကံ အကျိုးပေး၍ မြတ်သော လူမျိုးတို့၌ ဖြစ်သော သူတို့သည်ကား နဂါး ဂဠုန်တို့ကဲ့သို့ မဖန်ဆင်းနိုင်၊ အကုသိုလ် အကျိုး ပဋိသန္ဓေ နဂါး ဂဠုန်တို့သည် အဘယ့်ကြောင့် ဖန်ဆင်းနိုင်လေသနည်းဟု ဆိုအံ့၊ နွားချေး မြေဆွေး မစင်တို့မှ ကင်းသော သန့်ရှင်း သော မြေတို့၌ လုပ်ဆောင်သော စပါး ပန်းသစ်ပင်တို့သည်ကား မဖွံ့ မသန် စီးပွား မဖြစ်၊ နွားချေး မြေဆွေး မစင်တို့ဖြင့် ပြွမ်းသော မြေ၌ စိုက်ပျိုးသော စပါး ပန်း သစ်ပင်တို့သည် စည်ပင်ပြန့်ပွား၍ စီးပွားဖြစ်သကဲ့သို့ ဟူသော လောကူပမာကို ဆောင်တော်မူရမည် မဟာဓမ္မရာဇာ။

## ၅၁-အသူရကာယ်ဘုံ

လျှောက်သည် ဆရာတော် လူ့ပြည်တွင် တော တောင် သမုဒ္ဒရာ စသည်တို့၌ ဖြစ်သော အသူရကာယ် တို့သည် အပါယ် လေးဘုံတွင် တဘုံ အဝင် အပါဟု ဆိုကြသည်၊ မကောင်းမှု ခံစဉ် အကုသိုလ်၏ အကျိုး ဖြစ်သည်၊ နတ်၏ စည်းစိမ်ကို ရ၍ ခံစားစဉ် ကုသိုလ် အကျိုး ဖြစ်သည်ဟု ဆိုကြသည်၊ ပဋိသန္ဓေ တခုကိုပင် ကုသိုလ်ကံ အကုသိုလ်ကံ နှစ်ပါး ဖြစ်သလော ဆရာ တော်။

ဗိမ္ဗိသာရ မင်းကြီး၏ အမတ်အပေါင်းတို့သည် "အရှင် ဗိမ္ဗိသာရ မင်းကြီးသည် ရတနာသုံးပါး၌ လွန်စွာ ကြည်ညိုခြင်း

ရှိတော်မူ၏၊ ဥပုသ်နေ့တိုင်း အမတ်တို့ကို ဥပုသ်စောင့်ကြရမည်ဟု နှိုးဆော်တော်မူ၏” ဟု ဆိုကုန်၏။

တယောက်သော အမတ် တရားသူကြီးသည် “မင်းကြီး အမိန့်တော်ရှိလျှင် အမိန့်တော်အတိုင်းပါဘုရား” ဟုဆို၍ တကြိမ်မျှ ဥပုသ် မစောင့်ဖြစ်သည် ဖြစ်၍ သွေးသောက် အမတ်တယောက်က အပြစ်တင်၏။

ထိုသို့ တင်ပြီးလျှင် “မင်းကား ဥပုသ် စောင့်သည် မဟုတ်၊ ဥပုသ်စောင့်ပါမည်ဟု ဝန်ခံပြီးလျက် မစောင့်၊ အရှင်မင်းကြီးကို လှည့်စားသော အပြစ်သည်လည်း ဝန်လေးလှ၏” ဟုဆိုလျှင် ထိတ်လန့်ခြင်း သံဝေဂရ၍ “အကျွန်ုပ်သည် မှန်ပချေ၏၊ ယခုနေ့လည်း နေမွန်းလွဲ၍ ဥပုသ်အချိန် လွဲခဲ့ပြီဟုဆို၏”။

ထိုသို့ဆိုလျှင် သွေးသောက် အမတ် တယောက်ကလည်း “ညဥ့်အဘို့မျှကိုပင် စောင့်သော်လည်း တဝက်မျှသော ဥပစ္စာဂုဏ် အဘို့ကို ရရာ၏” ဟုဆို၏။

ထိုသို့ဆိုလျှင် ထိုအမတ်သည် တညဥ့်မျှကို အင်္ဂါ ရှစ်ပါးနှင့် ပြည့်စုံအောင် စောင့်မည်ဟူ၍ မိဋ္ဌာန် ထားလျက် စောင့်၏၊ ထိုသို့စောင့်၍ မိုးသောက်လျှင်ပင် ကံအားလျော်စွာ လေအနာရောက်၍ စုတေလေလျှင် တခုသော တောအုပ်၌ တရားကို မဖြောင့် မမှန် ကွယ်ရာတွင် လက်ဆောင် စားပြီး၍ စီရင်ဘူးသော မကောင်းမှု အကုသိုလ်ကံပေး၍ အပါယ်လေးဘုံ အဝင် အသူရကာယ်ဘုံ၌ ဖြစ်လေ၏၊ ထိုသို့ဖြစ်သောအခါ တဝက်မျှ ဥပုသ်စောင့်သောကြောင့်ကား နေရာဗိမာန် အသုံးအဆောင် နတ်၏သြဇာ နတ်၏ စည်စိမ်တို့ကို ရ၏။

အစာ စားလိုသော အခါကား တန်ခိုးကြောင့်ဖြစ်သော နတ်ဩဇာတို့ကို မကြိုက် မနှစ်သက်၍ မိမိ အသားကို လက်နှင့် ဖဲ့၍ ကျင်နာလျက်ပင် စားရ၏၊ မိမိကိုယ် ရှေ့က အသားကို မကြိုက် မနှစ်သက်၍ မစားဘဲ မျက်စိ ကွယ်ရာ မျက်စိမမြင်ရာ မိမိ၏ ကျောသားကိုသာ စားရလေ၏၊ ထိုသို့ ရှေ့ကအသားကို မစား၊ နောက်ကွယ်ရာ ကျောသားကို စားရခြင်းသည်ကား ရှေး တရားသူကြီး ဖြစ်သောအခါ အမှုသည် နှစ်ဦးတို့ကို ကိုယ် မျက်စိ ကွယ်ရာ အရပ်၌ လှည့်ပတ်၍ တံစိုး စားသဖြင့် စီရင် ခဲ့ဘူးသော မကောင်းမှုကံကြောင့် မျက်စိကွယ်ရာ ကျောသား ကိုသာ ဖဲ့၍ စားရလေသည်၊ သည်ကိုစွဲ၍ တရား မမှန်ကွယ်ရာ လက်ဆောင်စား၍ စီရင်သောတရားသူကြီးတို့ကို "ကျောက်သား စားမျိုး" ဟူ၍ ရှေးပညာရှိ သူဟောင်းတို့ ပြောဆိုရိုး ထုံးစံ ဖြစ်သည်ဟု မဟာဓမ္မရာဇာ မှတ်တော်မူရမည်။

အသူရကာယ်တို့သည် အပါယ် ပဋိသန္ဓေကို ရ၍ ဆင်းရဲခံရ သည်ကား ပဋိသန္ဓေကပင် အကုသိုလ်ကံပေးသည့် အကျိုးဟု မှတ်တော်မူရမည်၊ နတ်၏စည်းစိမ်ကို ရသည်ကား ပဝတ္တိအခါ မှ ကုသိုလ်ကံ အကျိုးပေးသည်ဟု မှတ်တော်မူရမည်၊ ဥပမာ ကား သစ်စေ့ တစေ့ကို စိုက်၍ မျိုးရောက်မှ သစ်ပင် ပေါက် သောကြောင့် သစ်ပင်ကြီးလျှင် အခြားကြီးပေါင်း လိုက်၍ အရွက် အခက် အမျိုးကွဲ၍ နှစ်ပင်ကဲ့သို့ ထင်ရ၏၊ ထိုသို့ ကြီးပေါင်းလိုက်၍ နှစ်ကွဲနှစ်မျိုး ထင်သော်လည်း သစ်စေ့ နှစ်မျိုးကို မစိုက်မပျိုး သစ်စေ့ပေါင်း၍လည်း တပင်တည်းရောက် သည် မဟုတ်ဖြစ်သကဲ့သို့ မှတ်တော်မူရမည်၊

## ၅၂-အကျွတ်တရား ရ၏ဆိုသည်

လျှောက်သည် ဆရာတော် သတ္တဝါတို့သည် အကျွတ်တရားကို ရ၏ဆိုသည်ကား ကာမကုသိုလ် ရူပကုသိုလ် အရူပကုသိုလ် လောကုတ္တရာ ကုသိုလ်၊ ဤကုသိုလ် လေးရပ်တို့တွင် အဘယ်ကုသိုလ်ကြောင့် အကျွတ်တရားကိုရသနည်း၊ တခုခုကြောင့်ပင် ရ၏ဟု ဆိုရမည်လော၊ အားလုံးကြောင့်ပင် ရ၏ဟု ဆိုရမည်လော ဆရာတော်။

အကျွတ်တရားကို ရသောသူတို့သည် ပါရမီ ဆယ်ပါး အပြားသုံးဆယ်တို့ကို အနည်းဆုံး ကမ္ဘာတသိန်းဖြည့်မှ ပကတိ သာဝက အဖြစ်ဖြင့် ကျွတ်၏ဟူ၍ ဘုရားရှင် ဟောတော်မူသည်၊ ပါရမီ ဆယ်ပါးကို ဖြည့်ရာ၌လည်း ကာမာဝစရ မဟာကုသိုလ် ရှစ်ခု သာဟု မှတ်တော်မူရမည်၊ ပါရမီ ဖြည့်ခြင်း ဝိပဿနာ ပွားခြင်း သည် မဟာကုသိုလ်သာဖြစ်၍ မဟာကုသိုလ်စိတ် ရှစ်ခုကို ထွန်၍ ညက်ပြီးသော လယ်ကဲ့သို့ မှတ်တော်မူရမည်၊ မဂ်ဖိုလ်ကို ညက်ပြီးသောလယ်၌ စိုက်သော ကောက်ပင်ကဲ့သို့ မှတ်တော်မူရမည်၊ နိဗ္ဗာန်ကို အသီးကဲ့သို့ မှတ်တော်မူရမည်၊ နိဗ္ဗာန်ကို ရသောသူကို မြေရှင်ကဲ့သို့ မှတ်တော်မူရမည်။

တနည်းလည်း မဟာကုသိုလ်စိတ် ရှစ်ခုကို ကူးလိုသော ဆိပ်ကမ်းသို့ ရောက်အောင် ပို့သော သူကဲ့သို့မှတ်တော်မူရမည်၊ မဂ်လေးတန်ကို ကူးတို့ ပို့သကဲ့သို့ မှတ်တော်မူရမည်၊ကမ်းတဘက်

သို့ ရောက်သောသူကို နိဗ္ဗာန် ရသောသူကဲ့သို့ မှတ်တော် မူရမည်။

တနည်းလည်း တထောင့်ငါးရာ ကိလေသာကို သူခိုး နောက်ပါ လက်နက်ကဲ့သို့ မှတ်တော်မူရမည်၊ အကုသိုလ်စိတ် တဆဲ့နှစ်ခုကို ခိုးမှုကြီး တကျိတ် နှစ်ယောက်ကဲ့သို့ မှတ်တော် မူရမည်၊ ဝဋ္ဋတရား၌ ကျင်လည်သော သတ္တဝါအပေါင်းတို့ကို သူခိုးရှိသော ကန္တာရ ခရီးခဲ့သို့ သွားသော ခရီးသည်ကဲ့သို့ မှတ်တော်မူရမည်။

ကာမာဝစရ မဟာကုသိုလ်စိတ်ရှစ်ခုကို သူခိုးနှင့်လွတ်အောင် လိုက်၍ လမ်းပြသော ခရီးလမ်းညွှန် ရှစ်ယောက်ကဲ့သို့ မှတ်တော် မူရမည်၊ မဂ်လေးခုကို သူခိုးတို့ကို သတ်မည်ဟု ရှာသော အမတ်ကြီး လေးယောက်ကဲ့သို့ မှတ်တော်မူရမည်၊ မဂ်လေးတန် ရသောသူကို အမတ်ကြီး လေးယောက်သို့ မှီခိုတော ခရီးကဲ့သို့ မှတ်တော်မူရမည်၊ နိဗ္ဗာန်တရားကို ရသောသူကိုကား သူခိုး ရှိသော ကန္တာရခရီးကို ကူးမြောက်၍ ရန် မရှိ ငြိမ်းချမ်း သာယာသော ပြည်ရွာသို့ ရောက်သောသူကဲ့သို့ မှတ်တော်မူရ မည်။

ရူပဝစရ အရူပါဝစရ ကုသိုလ်ကိုကား ခိုးသူတို့ကို အဆုံး တိုင်အောင် မသတ်နိုင်၊ မိမိဆီသို့ ခိုကပ် မှီနေလာသည့်အခိုက် ကိုသာ လွတ်ရုံ ဆီးတားနိုင်သော သူကဲ့သို့ မှတ်တော်မူရမည်။

တနည်းလည်း ကာမကုသိုလ်ကား အကြောင်း, နိဗ္ဗာန် မဂ် ဖိုလ်ကား အကျိုး၊ ကာမ ဝိပဿနာ ကုသိုလ်ကား အကြောင်း, ရူပဝစရ ကုသိုလ်ကား အကျိုး၊ အရူပဝစရ ကုသိုလ်ကား အကြောင်း,မဂ်လေးခုကား အကျိုး၊မဂ်လေးခုကား အကြောင်း,

ဖိုလ်လေးခုကား အကျိုး၊ ဖိုလ်လေးခုကား အကြောင်း,နိဗ္ဗာန်ကား အကျိုး၊ ဤသို့ ဟိတ် ဖိုလ် ပရံပရ, အာရမ္မဏ ပစ္စည်း, ဥပနိဿယ ပစ္စည်း—ပစ္စယုပ္ပန်, အကြောင်း—အကျိုး, မုချဥပစာတို့ကို ပရမတ္ထ နည်းအားဖြင့် အသက် တရာ ပတ်လုံးပင် ဆိုသော်လည်း ဆုံးသည်ဟူ၍ မရှိ၊ ဥာဏ်သက်တိုင်း ကြံ၍ ဆိုရမည် မဟာဓမ္မရာဇာ။

## ၅၃—ကိလေသာမဂ်ဖြင့် ပယ်ပုံ

လျှောက်သည် ဆရာတော် တထောင့် ငါးရာ ကိလေသာ တို့ကို မဂ်စိတ်ဖြင့်သာ ပယ်၏ဟု ဆိုသည်၊ တကာ တော်တို့တွင် မကြိုက် မနှစ်သက်သော ဝတ္ထုတို့ကို သင့်ကို ငါ မကြိုက် မနှစ်သက်ပြီဟု အာရုံပြု၍ ပယ်သကဲ့သို့ မဂ်စိတ် လေးခုတို့သည် ကိလေသာကို အာရုံပြု၍ ပယ်သလော ဆရာတော်။

"လောကုတ္တရ စိတ္တာနိ နိဗ္ဗာနာ လမ္ဗဏာနိ" ဟု ဆိုသောကြောင့် လောကုတ္တရာ မဂ်စိတ်တို့သည် နိဗ္ဗာန်ကိုသာ အာရုံပြု၏၊ နိဗ္ဗာန်မှ တပါးကို အာရုံ မပြု၊ သို့မပြုပါလျှင် "ကိလေသေမာရေတွော နိဗ္ဗာနံ ဂစ္ဆတီတိ—မဂ္ဂေါ"—ဟု ဝစနတ္ထကို ကျမ်းဆရာတို့ ဆိုပြန်ခဲ့သည်ဟု မေးဘွယ်ရှိ၏။

ဥပမာကား မည်သည့်မင်းသည် မည်သည့်အရပ်သို့ သွားရာတွင် ခရီးအကြား၌ တထောင့်ငါးရာသော ခိုးသူတို့ကို ဖမ်း၍ သတ်သည်ဟု ဆိုကြ၏၊ ထိုသို့ ဆိုသော်လည်း ထိုမင်းသည်

ခိုးသူတို့ကို ကိုယ်တိုင် ဖမ်း၍သတ်သည် မဟုတ်၊ အမှုး အမတ်ကျေးကျွန်တို့သာ ဖမ်း၍ သတ်သည်ကို အမှုး အမတ်တို့၌ ထိုမင်း၏ အာဏာ တည်သောကြောင့် ထိုမင်း သတ်သည်ဟု ဆိုပိုင်သကဲ့သို့ တထောင့်ငါးရာ ကိလေသာတို့ကို မဂ်ရှေ့ ဝိပဿနာ မဟာကုသိုလ်ဇောတို့ ငြိမ်းသည်ကိုပင် မဂ်ရထိုက်သော ဝိပဿနာဖြစ်၍ မဂ်ဖြင့် သတ်သည်ဟု ဆိုသည်၊ မင်းသည် ခိုးသူကို မသတ်သကဲ့သို့ မဂ်စိတ်သည်လည်း ကိလေသာကို အာရုံပြု၍ မပယ် မသတ်ဟု မှတ်တော်မူရမည်။

## ၅၄–ကျွတ်သည်နှင့် နိဗ္ဗာန်ရသည်

လျှောက်သည် ဆရာတော် သတ္တဝါတို့သည် ကျွတ်၏ဟူ၍လည်း ဆိုသည်၊ မဂ် ဖိုလ် နိဗ္ဗာန် ရ၏ဟူ၍လည်း ဆိုကြသည်၊ ကျွတ်သည်နှင့် နိဗ္ဗာန်ရသည်ကို အဘယ်ကဲ့သို့ ကွဲကြပါသနည်း၊ ခွဲခြမ်း၍ အမိန့်ရှိတော်မူပါ ဆရာတော်။

"ဝါနတော နိက္ခန္တတ္တာတိ–နိဗ္ဗာနံ"–ဟု ဆိုသောကြောင့် တဏှာမှ ထွက်မြောက်ရာကို နိဗ္ဗာန်ဟုဆိုသည်။

"ဝိဝိဓေဟိ ပါပကေဟိ မုတ္တာတိ–ဝိမုတ္တာ" ဟု ဆိုသောကြောင့် အထူးထူးကုန်သော မကောင်းမှုတို့မှ လွန်ခြင်းကို ဝိမုတ္တဟု ဆိုသည်၊ ဝဋ်တရားမှ လွတ်သည်ကိုလည်း ကျွတ်သည်ဟူ၍ပင် ဆိုသည်။

ဥပမာသော်ကား မင်းတို့၌ အပြစ်ရှိ၍ သံခြေကျဉ်းနှင့် ထားသောသူကို သံခြေကျဉ်းမှ ချွတ်သည်ကိုလည်း ကျွတ်ပြီဟု ဆိုသကဲ့သို့ ထို့အတူ တဏှာမှ လွတ်မြောက်လျှင် ဝဋ်တရားမှ လွတ်သည်ဟု မှတ်တော်မူရမည်။

နိဗ္ဗာန သဒ္ဒါ၏ အနက်ကို တဏှာမှ လွတ်မြောက်ရာ သဒ္ဒတ္ထ အနက် ပေးရမည်ကို မပေးဘဲ နိဗ္ဗာန သဒ္ဒါကို သဒ္ဒ ပဒတ္ထက သဒ္ဒါကိုပင် အနက်ပြု၍ နိဗ္ဗာန်ဟု ဆိုသောကြောင့် ဝေါဟာရ ကွဲ၍ နိဗ္ဗာန်ရသည်နှင့် ကျွတ်သည်ကို ကွဲလွဲသကဲ့သို့ သာထင် သည်၊ အထူးမဟုတ် အတူတူပင် ဖြစ်သည်ဟု မှတ်တော်မူ ရမည်။

ဥပမာသော်ကား မည်သည့်ရွာသို့ မည်သူဆိုက်သည်၊ မည်သည့်ရွာသို့ မည်သူရောက်သည်ဟု ဆိုလျှင်လည်း အပြောသာ ကွဲသည်၊ ရွာလည်းမကွဲ၊ ရောက်သူလည်း မကွဲသကဲ့သို့ ကျွတ်သည်ဟု ဆိုသော်လည်း အခေါ်သာ ကွဲသည်၊ ကိလေသာမှ ထွက်၍ ဝဋ်တရားမှ လွတ်သည်ဟု မှတ်တော်မူရမည်။

ခပ်သိမ်းသော သတ္တဝါတို့သည် တဏှာဟူသော နှောင်အိမ် သံချိုင့်၌ လှောင်၍ ထားသကဲ့သို့ရှိ၏၊ ထိုတဏှာမှ ထွက်မြောက် သည်ကိုပင် နိဗ္ဗာန်ဟုဆိုသည်၊ ခပ်သိမ်းသော သတ္တဝါတို့သည် အာရုံ ငါးပါး၌ တပ်သော ကာမဂုဏ် ကိလေသာ ငါးပါးတို့ သည် သံခြေကျဉ်း ငါးဆင့် ခတ်၍ထားဘိသကဲ့သို့ ရှိ၏၊ ထိုတဏှာ သံခြေကျဉ်းမှ အရဟတ္တမဂ်ကို ရရာတွင် ကျွတ်လေ သောကြောင့် ကျွတ်သည်ဟု ဆိုပေသည် ဘဝရှင်မင်းမြတ်။

## ၅၅-သာသနာ့အမွေခံ

လျှောက်သည် ဆရာတော် သူတပါးကို ပဥ္စင်း, သာမဏေ ပြုလျှင် ထိုပဥ္စင်း, သာမဏေတို့သည် စာပေသင်ခြင်း, ပရိယတ်ဆောင်ခြင်း, ပဋိပတ်ကိုဖြည့်ခြင်းတို့ကို ပြုလျှင် ပဥ္စင်းတကာ, ရှင့်တကာတို့သည် သာသနာတော်၏ အမွေခံဖြစ်သည်ဟု ဟောတော်မူကြသည်၊ ပဥ္စင်း, သာမဏေတို့သည် သာသနာတော်ကို ဖြည့်လျှင် ထိုချီးမြှင့်သောသူတို့သာ သာသနာတော်၏ အမွေခံပါလျှင် ထိုလူတို့လည်း လူဝတ် လူစားနှင့်ပင် ဘုရားဟောတော်မူသော ပါဠိ အဋ္ဌကထာတို့ကို သင်ကြား၍ ပရိယတ္တိ သာသနာကို ဖြည့်ပါလျှင် သာသနာတော်၏ အမွေကို မခံရကောင်းပါသလော ဆရာတော်။

သာသနာတော်၏ အမွေ ဆိုသည်ကား သပိတ် သင်္ကန်း အသုံးအဆောင် ကျောင်းကန် အာဝါသတို့ကိုလည်း သာသနာတော်ဥစ္စာ သာသနာတော်၏ အမွေမဆို၊ ပဥ္စင်း သာမဏေတို့ ပရိယတ် ပဋိပတ်ဖြည့်ဆောင် သင်ကြားသောအခါ တရားတော်၌ ကြည်ညိုသော ကုသိုလ် စေတနာကိုသာ သာသနာတော်၏ အမွေဥစ္စာဟု ဆိုသည်၊ ထိုသို့ ဆိုသောကြောင့် သာမဏေ ပဥ္စင်းတို့ကို လူ၏အဖြစ်မှသည် ရဟန်း သာမဏေ၏ အဖြစ်သို့ ရောက်အောင် ချီးမြှင့်၍ ပစ္စည်းလေးပါး အစရှိသည်တို့ဖြင့် ချီးမြှင့်လျှင် ထိုချီးမြှင့်သော ဒါယကာတို့သည် သာသနာတော်၏ အမွေခံ ဖြစ်၏ဟု ဘုရားရှင် ဟောတော်မူသည်။

ဥပမာသော်ကား ဥယျာဉ်မှာ အစေခံ၍ ရသော သစ်သီးတို့ကို ဥယျာဉ်ပိုင်ရှင်ပင် မဟုတ်သော်လည်း ဥယျာဉ်က ရသည်ဟု ပြောပိုင်သကဲ့သို့ ထိုအတူ ထိုပဋ္ဌင်း သာမဏေတို့ကို ချီးမြှင့်သော စေတနာကြောင့် သာသနာတော်၏ အမွေခံသည်ဖြစ်၏ဟု ဟောတော်မူကြောင်းကို မှတ်တော်မူရမည်။

တနည်းလည်း မင်းတဦးတွင် တယောက်သောသူသည် လုလင်ခံ၍ မင်းမှုကို ဆောင်ရွက်၏၊ တယောက်သော သူသည်ကား လုလင် မခံဘဲ မင်းမှုကို ဝင်၍ ရွက်ဆောင်၏၊ ထို ၂ ယောက်တို့တွင် လုလင်ခံသောသူမူကား မင်း အားရသောကြောင့် မင်း၏ အချီးအမြှင့် ကြေးငွေ အများ ရ၏၊ လုလင် မခံဘဲ ဝင်၍ လုပ်သော သူမူကား ကိုယ်ခသာ ရ၏၊ ထိုအတူသာလျှင် သာသနာတော်ကို ချီးမြှင့်၍သာသနာ အမွေခံရသော သူသည်ကား လုလင်ခံ၍ မင်းမှုကို ဆောင်ရွက်သောသူနှင့် တူ၏၊ လူဝတ် လူစားနှင့် ရဟန်း သာမဏေ မပြုဘဲ ဘုရား ဟောတော်မူသော တရားတော်ကို ကြည်ညို၍ လေ့ကျင့်သင်ကြားသော သူသည်ကား လုလင် မခံဘဲ မင်းမှုကိုဝင်၍ လုပ်သောကြောင့် ကိုယ်ခသာရသော သူနှင့် တူ၏ဟု မှတ်တော်မူရမည်။

## ၅၆—စနည်းတဘောင် ဖတ်ဆိုခြင်း

လျှောက်သည် ဆရာတော် စနည်း တဘောင် ဖတ်ဆိုခြင်းသည် မိစ္ဆာဒိဋ္ဌိ ဗေဒင် လောက သင်္ကေတ

ဖြစ်သည်ဟု အချို့ဆရာတို့ ဆိုကြသည်၊ သုမေဓာ အလောင်းတော်ကို ဗျာဒိတ်ပေးတော်မူစဉ် သုဒ္ဓါဝါသ အနာဂါမ် ရဟန္တာ ဗြဟ္မာတို့လာ၍ စနည်း တဘောင် ဖတ်ဆိုကြောင်းကို ကျမ်းဂန်လာသည်ဟု အချို့ဆရာတို့ ဆိုကြသည်၊ သုဒ္ဓါဝါသ ဗြဟ္မာကြီးတို့သည် အနာဂါမ် ရဟန္တာသာဖြစ်သည်၊မိစ္ဆာဒိဋ္ဌိအယူကို မစွန့်ဟု ယူရမည် လော ဆရာတော်။

အနာဂါမိမဂ်ကို ရလေပြီးသော ကာမပုဂ္ဂိုလ်, ရူပပုဂ္ဂိုလ်, အရူပပုဂ္ဂိုလ်တို့သည်ကား ကာမဂုဏ် ငါးပါးတို့၌ တပ်သော ကာမရာဂဟု ဆိုအပ်သော လောဘ, သူတပါးတို့၌ ချုပ်ချယ် စောင်းမြောင်းတတ်သော ဒေါသ ဤနှစ်ပါးကို ပယ်အပ်လေပြီ၊ ရှစ်ပါးသော အရာ၌ မှားတတ်သော ဝိစိကိစ္ဆာ, မှားသော အရာကို ယူတတ်သော လောဘသမ္ပယုတ် ဒိဋ္ဌိဂတ သမ္ပယုတ် လေးခု နှင့် ယှဉ်သော ဒိဋ္ဌိ၊ ဤနှစ်ပါးကို သောတာပတ္တိမဂ်ကပင် အစပြတ်၍ ပယ်လေပြီ၊ အနာဂါမိ ဖလဋ္ဌာန် ပုဂ္ဂိုလ်ကို ပယ်သည်လည်း မဆိုအပ်၊ မပယ်သည်လည်း မဆိုအပ်၊ တောင်ယာ မလုပ်သောသူကို တောင်ယာ စပါး ရ၏လော ဟူ၍လည်း မမေးအပ်၊ မရသလောဟူ၍လည်း မမေးသင့် သကဲ့သို့ မှတ်တော်မူရမည်၊ သုဒ္ဓါဝါသဘုံ၌ အနာဂါမ် ရဟန္တာတို့သည် မိစ္ဆာဒိဋ္ဌိ မူလ ရှိရင်းတိုင်းကပင် မရှိလေသော ကြောင့် ထိုရဟန္တာတို့ပြုသော အမူ ဆိုသော စကားတို့သည် မိစ္ဆာဒိဋ္ဌိပင် မယှဉ်ဟု မှတ်တော်မူရမည်။

ရဟန္တာတို့ ဖတ်သည့် စနည်း တဘောင်သည် ယခု လောက တွင် ပုထုဇဉ်တို့ ဖတ်သည့် စနည်း တဘောင်နှင့် အလားတူ၍

လျှောက်သည်ကို ဆရာတော်တို့ အဖြေ မစင်ဟု ဆိုရာ၏၊ ဥပမာဖြင့် ဆိုဦးအံ့— လတ်တလော သေစေတတ်သော အဆိပ်ပင်၌ အဆိပ်စေ့ကို လူနှစ်ယောက်တို့ ယူ၏၊ တယောက်သူကား ဆေး ဖော်လို၍ ယူသည်၊ တယောက်သူကား အဆိပ်ကျအောင် ခတ်၍ သတ္တဝါတို့ကို သေစိမ့်မည်ဟု ပြု၏၊ ထိုသို့ပြုသောသူ နှစ်ယောက်နှင့်အတူ "သတ္တဝါတို့မှာ ပုဗ္ဗနိမိတ်သာလျှင် အဆိုး အကောင်းကို ဖြစ်စေသည်၊ ကံဟူ၍ အခြား တပါး မရှိ"ဟု–အယူရှိသောသူတို့ စနည်း တဘောင် ဖတ်ဆိုခြင်းသည် အဆိပ်ကျအောင်ခတ်၍ သတ္တဝါတို့ကို သေစိမ့်မည်ဟု ပြုသောသူနှင့် တူသောကြောင့် မိစ္ဆာဒိဋ္ဌိမှ မလွတ်ဟု ယူတော်မူရမည်။

"သတ္တဝါတို့ကိုကား ကောင်းမှု မကောင်းမှုသာလျှင် စီရင်၏၊ ထိုကံတို့သည် ကောင်းကျိုး မကောင်းကျိုးတို့ကို ပေးလိုလျှင် ပုဗ္ဗနိမိတ် စနည်း တဘောင်တို့သည် ပေါ်မြဲဖြစ်သည်"ဟု ကမ္မဝါဒီ အယူရှိသော ပုဂ္ဂိုလ်တို့၏ စနည်း တဘောင် ဖတ်ဆိုခြင်းသည်ကား ဆေးဖော်လို၍ အဆိပ်သီးကို ယူသကဲ့သို့ မိစ္ဆာဒိဋ္ဌိ မဖြစ်ဟု မှတ်တော်မူရမည်။

ရှင်သုမေဓာကို ဗျာဒိတ် ပေးတော်မူသောအခါ၌ အခါမဲ့ သစ်ပင်တို့သည် သီးပွင့်သည်၊ နတ်ပန်း ကြွေသည်၊ ကောင်းကင် ကြည်သည်၊ စုန်ရေ ရပ်သည်၊ လူ့ပြည် နတ်ပြည် ဗြဟ္မာပြည်တို့သည် ဟင်းလင်း မြင်သည်၊ သောကြာစိုင်းရှူး ဗုဒ္ဓဟူးစသော ဂြိုဟ် နက္ခတ် တာရာ ကြယ်တို့သည် သမသတ် ညီညွတ်စွာ သွားသည်၊ ဤနိမိတ်များကို သုဒ္ဓါဝါသ ဗြဟ္မာ အနာဂါမ်

ရဟန္တာတို့ မြင်လျှင် "ငါတို့သည် ကမ္ဘာ တသောင်း ခြောက်ထောင် အသက်ရှည်သည်ဖြစ်၍ ရှေးဘုရားလောင်းတို့ကို ဘုရားရှင်တို့ ဗျာဒိတ် ပေးတော်မူစဉ်ကကဲ့သို့ပင် ပုဗ္ဗနိမိတ် တို့သည် ထင်ကုန်၏၊ ထိုသို့ ထင်ကြောင်းကိုလည်း ငါတို့ ကြားကုန်၏၊ ကေန် စင်စစ် ရှင်သုမေဓာသည် ဘုရားဖြစ်လာ မည် မုချ"ဟု သုဒ္ဓါဝါသ ဗြဟ္မာတို့သည် စနည်း တဘောင် နိမိတ် ဖတ်ဆိုကြသည်၊ ထိုသို့ ဖတ်ဆိုသော ဗြဟ္မာတို့၌ မိစ္ဆာဒိဋ္ဌိ မဖြစ်ဟု မုချ မှတ်ယူတော်မူရမည်။

စနည်းဆိုသည်ကား လူတို့ ပြောဆိုသည့် စကားကောင်း စကားဆိုး စကားနည်းကိုယူ၍ ဆိုးမည် ကောင်းမည်ကို ဖတ်ဆို သည့် အကြောင်းဖြစ်သည်။

တဘောင် ဆိုသည်ကား ရေစီးရာ ကမ်းနက်ရာ၌ ဤမှာ ဘက်ကကို ထိုမှာဘက်သို့ ကူးနိုင်အောင် တဘောင် ခင်းသကဲ့သို့ ရှေးဖြစ်ဘူးသည့် ပုဗ္ဗနိမိတ်နှင့် ယခုဖြစ်သည့် ပုဗ္ဗနိမိတ်တို့ တူ၏ မတူ, ညီ၏ မညီ တဘောင်ခင်း၍ အဆိုးအကောင်း ဖတ်သည် ကိုပင် တဘောင်ဟု ဆိုသည်။

သုဒ္ဓါဝါသ အနာဂါမ် ရဟန္တာတို့ ဖတ်ဆိုအပ်သော ပုဗ္ဗနိမိတ် စနည်း တဘောင်တို့သည် မိစ္ဆာဒိဋ္ဌိနှင့် မယှဉ် မဖြစ် ကြောင်းကို အရှင်သီလဝံသဆရာ စပ်တော်မူသည်ကား—

"သောကြာ စိုင်ရှူး ဗုဒ္ဓဟူးက စသည်အလို လူတို့ဂုဟ်လည်း မကြိုမကဲ့ ပြိုင်တဲ့မသွပ် ထိပါးလွှတ်၏၊ ယဉ်စပ်နက္ခတ် သမသတ် နှင့် ပါဒ်ဝိဇနာ ဝိသာခါလည်း တရာမရှေ့ ပြည့်သည့်နေ့၌ ကြိုက်မြွေကေန် မှန်တုံရကား ရှင်အလားသို့ ဘုရားဆုယူ

ဟူဟူသမျှ ဗျာဒိတ်ရတို့ ကြိမ်ထရဲပဲ့ ဆိုဆဲဆဲ၍ အင်ရှဲနှစ်သက် မပျက်ထက်ဝယ်။ နေခါဝယ်၍ ငယ်ငယ်ကြီးကြီး အတီးနိမိတ် အကြောင်းဟိတ်ဖြင့် တိုထိပ်အုပ်ကာ ထင်ကုန်လာသား” ဟု ဆရာကျော် စပ်တော်မူသည်ကို နှလုံးထားရမည် တကာတော်။

## ၅၇—ကောသလ အိပ်မက်

လျှောက်သည် ဆရာတော် လောက သင်္ကေတ ဖြစ်သော တိတ္ထိ ပါရာ အိပ်မက် ဗေဒင် ဗာဟိရ ကျမ်းတို့ကို မသင်ကောင်း မလေ့လာကောင်း မဖတ် ကောင်းဟု ဘုရားဟောတော်မူကြောင်းကို ဆိုသည်။ အိပ်မက် တဆယ့်ခြောက်ချက်ကို ကောသလမင်းကြီး လျှောက်လျှင် ဘုရားရှင် ကိုယ်တော်တိုင်ပင် ဖတ်တော် မူကြောင်းကို ကျမ်းဂန်လာသည်ဟု ဆိုကြသည်၊ သူများ သာ မဖတ်ကောင်းသည်၊ ဘုရားရှင် ကိုယ်တော် ဖတ်ကောင်း၏ဟူ၍ သော်လည်း ယူရမည်လော၊ မင်းစိုး ရာဇာတို့ အိပ်မက်ကို ဖတ်ကောင်း၏၊ သူများတို့ အိပ်မက်ကိုသာ မဖတ်ကောင်းသည်ဟူ၍လည်း ယူရမည် လော၊ ကောသလမင်း အိပ်မက်ဟူ၍ပင် ရှိသလော ဆရာတော်။

အိပ်မက်ခြင်းသည်ကား ကုသိုလ် အကုသိုလ် အဗျာကတ နိမိတ်သုံးပါးတို့တွင် ပဋိသန္ဓေ ဘဝင် စုတိဟု ဆိုအပ်သော အဗျာကတစိတ် ဖြစ်သောအခါ အိပ်မက် မမက်၊ ကုသိုလ်

အကုသိုလ် ဇော တဒါရုံ ကာလတွင်သာ မက်၏၊ ထိုသို့ မက်သော်လည်း သတ္တဝါတို့ မျောက်မျည်း အိပ်သည့်ကာလ သာ မက်၏၊ ချိုက်ချိုက်ပျော်၍ ဘဝင်ကျသည့်ကာလလည်း မမက်၊ ထိုသို့ မမက်သည်ကို အရှင် သီလဝံသထေရ် ရည်တော်မူ၍ "မျောက်မျည်းခုါဝယ် မင်းလျာအိပ်မက် မြင်သော ထက်လျှင် ဆတက်အရာ ရှင်ဘင်ါကား ထိုခါလွန်ဝမ်းမြောက်၏တည်း"ဟု စပ်တော်မူသည်။

မျောက်မျည်းအိပ်၏ဟု ဆိုသည်ကား မပျော်တတ်သေး၊ ဘဝင်မကျ ဇောကာလဖြစ်သည်ဟု မှတ်တော်မူရမည်။

မင်းလျာ ဆိုသည်ကား အိမ်ရှေ့မင်းဖြစ်သည်၊ အိမ်ရှေ့မင်းတို့သည် နန်းစည်းစိမ်ကို မပြတ်အောက်မေ့သည်၊ကိုယ်ဝန်ဆောင်မိန်းမ၏ လိပ်ပြာသည်လည်း တနေ့ သုံးကြိမ် သင်းချိုင်း ရှာသည်၊ ဆင်သည်လည်း တနေ့ သုံးကြိမ် ဆင်ဦးစီးကို သတ်မည်ဟု ကြံသည်၊ အိမ်ရှေ့မင်းလည်း တနေ့ သုံးကြိမ် နန်းစည်းစိမ်ကို အောက်မေ့သည်ဟု ရှေ့သူဟောင်းကို ဆိုရိုး ဖြစ်သည်။

အိပ်မက်ခြင်းသည်လည်း ပုဗ္ဗစာရိတ္တ-ရှေးလေ့ကျက် ပြောဆိုခြင်း ကစားခြင်း သွားလာခြင်း အလေ့ကိုစွဲ၍ မက်၏၊ ဓာတ်သေး လေ ချောက်ချား၍ မပျော်တတ်သဖြင့်လည်း မက်သည်၊ နတ်တို့ လို၍ရင်း, မလို၍ရင်း, လှည့်ဖြားလိုသောကြောင့်ရင်း မက်သည်၊ ကောင်းမှု မကောင်းမှု အကျိုးပေးမည်ဟု ပြု၍ လည်း မက်သည်၊ ဤသို့အားဖြင့် အိပ်မက်ခြင်းသည်ကား လေးပါးဖြစ်သည်။

ထိုလေးပါးတို့တွင် ညဉ့်ဦးယံမက်သော အိပ်မက်သည်ကား ဓာတ် ချောက်ချား၍ မက်သည်၊ ထိုအိပ်မက်သည်ကား ရှေး အလေ့အကျက်ကိုစွဲ၍ မက်သည်၊ သန်းခေါင်ယံ၌ မက်သော အိပ်မက်သည်ကား နတ်တို့ လှည့်ဖြား၍ မက်သည်များ၏၊ သန်းလွဲ မိုးသောက်ယံကို မက်သော အိပ်မက်သည်ကား သတ္တဝါတို့ အစာကြေ၍ သွေး လေ ဓာတ် ငြိမ်သက်သည့် ကာလ ဖြစ်သောကြောင့် ကောင်းမှု မကောင်းမှု ကံ အကျိုး ပေးလို၍ ပုဗ္ဗနိမိတ်ပြသောအားဖြင့် မက်သည် များ၏၊ ဘုရားလောင်း မယ်တော် မက်သည့် အိပ်မက်, ဘုရားလောင်း မက်သည့် အိပ်မက်, ကောသလမင်းကြီး မက်သည့် တဆဲ့ခြောက်ချက်သော အိပ်မက်တို့သည်ကား နောင် ဖြစ်လတ္တံ့ ဖြစ်၍ ပုဗ္ဗနိမိတ်ပြသောအားဖြင့် မက်သော အိပ်မက် ဖြစ်သတည်း။

ကောသလမင်းကြီး မက်သည့် အိပ်မက်ကို မင်းကြီး လျှောက်၍ ဘုရားရှင် ဖတ်တော်မူ၏၊ ထိုသို့ ဖတ်တော်မူသည်ကား ဥယျာဉ်သည် ယောကျ်ား စိုက်ထားသည့် သစ်သီးတို့ကို မိမိ၏သား ခင်မွန်းတို့ ဆွတ်၍ စားလျှင် သူခိုးတရားလည်း မရှိ၊ လက်ခံ တရားလည်း မရှိသကဲ့သို့ ထိုအတူ လောကသာမိ ဖြစ်သော ကောသလမင်းကြီး လျှောက်၍ ဓမ္မသာမိဖြစ်သော ဘုရားရှင် ဖတ်တော်မူသည်ကို မိစ္ဆာဒိဋ္ဌိလည်းမဖြစ်၊ကုလဒူသက လည်း မဖြစ်ဟု မှတ်တော်မူရမည်။

ဘုရားရှင် ကောသလမင်းကြီးတို့ ဖတ်ကြသည်ကိုသိရပါပြီ၊ အခြားသူတို့ မေးကြ ဖတ်ကြလျှင် မိစ္ဆာဒိဋ္ဌိ ဖြစ်မည်လောဟု မေးဘွယ်ရှိ၏၊ ကောင်းသည် မကောင်းသည် ယုတ်သည်

မြင့်သည် နိမ့်သည် မြတ်သည် အစရှိသော သတ္တဝါတို့ကို ဘဝဆက်ဆက် ကောင်းမှုကံ မကောင်းမှုကံသာ စီရင်၏ဟု အယူရှိသောသူတို့ကို ကမ္မဝါဒီ ပုဂ္ဂိုလ်ဟုဆိုသည်၊ ထိုပုဂ္ဂိုလ်တို့ကို အခြား သူတို့က အိပ်မက် ဖတ်ပါ ဆိုသောကြောင့် ရှေး မကောင်းမှုကံ အကျိုး ပေးလို၍ မြင်မက်သည်၊ မကောင်းမှု အကျိုး ပေးလိမ့်မည်ဟူ၍ရှင်း၊ ရှေးကောင်းမှုကံ အကျိုး ပေးလို၍ မြင်မက်သည်၊ ကောင်းကျိုး ပေးလိမ့်မည်ဟူ၍ ဖတ်သော်ရှင်း၊ ထိုသို့ဖတ်သည့် အတိုင်း အကျိုး ပေးလိုပေး၊ မပေးလို မပေး၊ မိစ္ဆာဒိဋ္ဌိ မဖြစ်ဟု မှတ်တော်မူရမည်။

အိပ်မက်ဖတ်သောသူသည် သတ္တဝါတို့ကို ကုသိုလ်ကံ အကုသိုလ်ကံတို့ မစီရင် ဖြစ်သည်၊ အပြစ်ရှိလျှင် မကောင်းသော အိပ်မက်ကို ပုဗ္ဗနိမိတ်ထင်၍ အပြစ်ဖြစ်သည်၊ အကျိုးရှိလျှင် ကောင်းသောပုဗ္ဗနိမိတ်ထင်၍ ကောင်းကျိုးဖြစ်သည်ဟု အယူရှိသော သူတို့သည်ကား အကမ္မဝါဒီ ပုဂ္ဂိုလ်ဖြစ်သည်၊ ထိုပုဂ္ဂိုလ်ဖတ်သော အိပ်မက် နိမိတ်တို့သည်ကား မှန်သည်လည်း မိစ္ဆာဒိဋ္ဌိ ဖြစ်၏၊ မမှန်သည်လည်း မိစ္ဆာဒိဋ္ဌိဖြစ်၏ဟု မှတ်တော်မူရမည်။

လူကိုလူချင်း အိပ်မက် တိတ္ထုံကို မေး၍ မိစ္ဆာဒိဋ္ဌိဖြစ်သည် မဖြစ်သည်ကို သိရပြီ၊ ရဟန်းတို့ကို လူက မေး၍ ဖတ်ဆိုသော် အပ်မည်–မအပ်မည်ကို မေးဘွယ်ရှိ၏၊ ထိုသို့ရှိသောကြောင့် "ဒလိဒ္ဒေါဝါ ဂမိက မနုဿောဝါ ယုဒ္ဓ ပရာဇိတောဝါ ဣဿရောဝါ" ဟူသော ဂါထာကို ကျမ်းဆရာတို့ ပြတော်မူသည်။

အမိပ္ပါယ်သော်ကား အလွန်ဆင်းရဲလှသော သူသည်ရှင်း, ခရီးမှား ခရီးကြုံသော သူသည်ရှင်း, စစ်ရှုံး၍ ပြေးလာသော သူသည်ရှင်း, တိုင်းနိုင်ငံကို အစိုးရသော ကေရာဇ်သည်ရှင်း— မေးလျှင် တစုံတခုသော အကြောင်းကို မငဲ့ ဖတ်ဆိုလျှင် ကုလဒူသက မဖြစ်ဟု ကျမ်းဂန်ဆရာတို့ ဆိုသည် တကာ့တော် မင်းမြတ်။

"သဗ္ဗေသံ အပစ္စာ သီသန္တေန ဘေသဇ္ဇံ ကာတုံ ဝဋ္ဋတိ" ဆိုသောကြောင့် မင်းပင်ဖြစ်သော်လည်း လာဘ်ကို ငဲ့၍ ဆိုလျှင် မအပ်၊ သူခပ်သိမ်းတို့ကိုပင် တစုံတခုကို မငဲ့ ဆိုလျှင် ကုလဒူသက မဖြစ်၊ ဆေးပေးသကဲ့သို့ မှတ်ရာ၏၊ တိတ္ထုံ ဗေဒင်ဗာဟိရကျမ်းကို မှီ၍ အသက်မွေးသော ရဟန်းတို့သည် မိစ္ဆာဇီဝ မကောင်းသော အသက်မွေးခြင်း ဖြစ်သောကြောင့် အာဇီဝ ပါရိသုဒ္ဓိ သီလ မဖြစ်ဟု ယူတော်မူရမည်။

ဆေး မပေးအပ်၊ ဗေဒင် တိတ္ထုံ အစရှိသည်ကိုလည်း မဟောအပ်ဟု ဘုရား ပညတ်တော်မူသည်၊ ထိုသို့ ပြောဟော ပေးခြင်းကြောင့် အာပတ်သင့်သည်ကား ပါတိမောက္ခ သံဝရ သီလ ပျက်၏၊ ဟောခြင်း ပေးခြင်းကြောင့် ရသော ပစ္စည်းကို မှီ၍ အသက်မွေးခြင်းကြောင့်ကား ပစ္စယ သံနိဿိတ သီလ ပျက်၏ဟု မှတ်တော်မူရမည်။

ဗေဒင်တွက်ခြင်း ဆေးကုခြင်း ကြံလက္ခဏာ စနည်း တဘောင် ဖတ်ဆိုခြင်းတို့ကို ပြု၍ အသက်မွေးသော ရဟန်းတို့၌ကား သီလလေးပါး အလျှင်းပင် မတည် မရှိဟု မှတ်တော်မူ ရမည်။

ဥပမာဆိုဦးအံ့–လယ်လုပ်၏၊ မိုးကား အရှည် မရွာ၍ မလုပ်ရသောကြောင့် ပေါင်းမြက်အများ ဆူးပန်းတောင်း အများ ရောက်၍ မသွားနိုင် မဆင်းဝံ့သကဲ့သို့ မှတ်တော်မူရမည် ဘဝရှင်မင်းမြတ်။

ရှေးဖြစ်ဘူးသော အတိတ် ထုံးကို ဆိုသောကြောင့် တိတ္ထုံ ဖြစ်သည်၊ ဗေဒ မဟုတ်ဟု ကောစိ ဆရာတို့ ဆိုသည်။

"ဝိဒတိ ဇာနာတိ ဧတေနာတိ–ဝေဒေါ" ဟု ဝစနတ္ထ ပြုရမည်၊ မဖြစ်ဘူးလေသည်ကို သိကြောင်းဟူသော အနက် သည် ဗေဒချည်းဟု မှတ်တော်မူရမည်၊ ဝေဒ–ဟူ ရှိကောင်း လျက် ဝ ကို ဗ ပြု၍ ဗေဒဖြစ်သည်။

ထိုဗေဒင်ကျမ်း၌ တနင်္ဂနွေကို–ဒိပ္ပ ဆိုသည်၊ တနင်းလာကို သျာမ ဆိုသည်၊ အင်္ဂါကို သရဏီ ဆိုသည်၊ ဗုဒ္ဓဟူးကို သန္တာ ဆိုသည်၊ ရာဟုကို ဗျတ္တိကာ ဆိုသည်၊ ကြာသပတေးကို ဂင်္ဂျီသနီ ဆိုသည်၊ သောကြာကို အသာဝဏီ ဆိုသည်၊ စနေကို စုံမာ ဆိုသည်၊ အရိပ်သင့်သည် ကိုဆိုသည်ကား တနင်္ဂနွေ နွေကို အခိုးသင့်သည်ကား စနေဖြစ်သည်၊ တိတ္ထုံ ကျမ်း၌လည်း နွေ လေးခါ ညဥ့် လေးခါ တနင်္ဂနွေ ရောက်ရာကို မှတ်၍ ဟောသည်။

ဗေဒင်ကျမ်းကို မသင်ကောင်ဟု အမေး ကျန်သေး၏ ဆိုဘွယ်ရှိ၍ "န ဘိက္ခဝေ လောကာယတံ ဝါစေတဗ္ဗံ၊ ယော ဝါစေယျ အာပတ္တိ ဒုက္ကဋဿ"–ဟု ဘုရား ဟောတော်မူသော ကြောင့် လူတို့နှင့်စပ်သော လောကာယတကျမ်းကို ရဟန်းတို့ မသင်အပ်ဟု မှတ်တော်မူရမည်။

မသင်အပ် ဟူ၍ကား ဆရာ ဆို၏၊ မသင်အပ်ပါလျှင် အဘယ်အကြောင်းကြောင့် ဆရာ ဗေဒင်စကားကို သိသနည်း၊ ဖြေသည့်ဆရာ ရဟန်း မဟုတ်ပါလေဘဲဟု ဆိုဘွယ်ရှိ၍ "ကုသလ ဂမနတ္ထာယ မာလာဝစ္ဆံ့ ကပ္ပိယ ဘူမိယံ ရောပေယျ အာပတ္တိ ဒုက္ကဋဿ၊ အာရာမတ္ထာယ ကပ္ပိယ ဘူမိယံ သသံ ဝိရောပိတုံ ဝဋ္ဋတိ"—ဟု အဋ္ဌကထာ ဆရာကျော်တို့ ဆိုသောကြောင့် အသက်မွေးခြင်း ကုလသင်္ဂဟကို မငဲ့ဘဲ ဗေဒင်နည်း ပိဋကတ်နည်း ရောက်ရာ အရာရောက်သောကြောင့် သိလို၍ စိုးစဉ်း သင်သည်ဟူ၍ မှတ်ရာ၏။

ဝိနည်း သုတ္တန် အဘိဓမ္မာ ပိဋကတ်ဝင် ရတနာသိမ်မြို့၏ နန်းစဉ် အမေးတော်ပါ ၅၇ ပါးသော ပုစ္ဆာတို့ကို သက္ကရာဇ် ၁၁၃၀-ခု နတ်တော်လဆန်း ၁-ရက် ဗုဒ္ဓဟူးနေ့တွင် **မဟာ** အတုလ ယသ ဓမ္မ ရာဇ ဂုရု ဆရာတော်ပင် ဖြေဆို၍ ပြီးသည်။

နောက်တကြိမ် ပုံနှိပ်ခွင့် ကြုံပါလျှင်ကား အမှားအယွင်း ဤထက် သန့်ရှင်းပေမည်။

ဓသာ်ဇင်

# ဟိန္ဒူဒဿန

# HINDU PHILOSOPHY

ပါဠိလို ဒဿန, သက္ကတလို ဒရ်ရှန်, အင်္ဂလိပ်လို ဖီလိုဆို့ဖီ မြန်မာလို အမြင်ကို အချို့က အဘိဓမ္မာဟုခေါ်၍ ယခု အခါ ဒဿနိက ဟု ခေါ်ကြ၏၊ ကမ္ဘာအရပ်ရပ်ရှိ ပညာရှိအမျိုးမျိုး တို့သည် ကမ္ဘာလောကနှင့် ပတ်သက်၍ သူတို့၏ တွေးဆ သုံးသပ် ထင်မြင်ချက်တို့ကို အသီးသီး ဟောကြား ရေးသား ကြ၏၊ ထိုတွင် ဂရိ, ဂျပန်, ပြင်သစ်, တရုပ်, ဟိန္ဒီ စသူတို့၏ ဒဿနတို့မှာ နာမည်ကျော်ကြား လူသိများ၏၊ ထိုမှ ထုတ်နုတ် မှီငြမ်း၍ လူတို့သည် မိမိတို့၏ အယူအဆ ဝါဒများ စီရင် တည်ထွင်ကြ၏၊ ယခုအခါ တိုးတက်သော မြန်မာ လူငယ်တို့ သည် ဒဿနတို့ကို လေ့လာရန် စိတ်အား ထက်သန်နေကြ၏၊ သို့ရာတွင် သူတို့သည် ထိုထိုဒဿနတို့ကို မူရင်းကျကျ မလေ့ လာနိုင်ကြချေ၊ အများအားဖြင့် အင်္ဂလိပ် ဘာသာပြန်မှသာ ဖတ်ကြရ၏၊ ဤဒဿနကိုကား ဆရာဦးသော်ဇင်သည် သက္ကတ, ဟိန္ဒီ ဘာသာတို့မှ တိုက်ရိုက်ပြန်ဆိုခြင်းဖြစ်၍ ဟိန္ဒူဒဿန ခြောက်စောင်လုံးလည်း ပါဝင်၏၊ စာအုပ်အစတွင် ထိုဒဿနတို့ နှင့် ပတ်သက်၍ ဆရာ'ပါရဂူ'က လိုက်လိုက်လှဲလှဲ လက်သံ ပြောင်ပြောင်နှင့် ဝင်၍ နွှဲထားပါသည်။

လူတိုင်း လက်စွဲထားနိုင်စေရန် လှပသေသပ်သော ဆိုက် အငယ်ဖြင့် ပုံနှိပ်ထုတ်ဝေပါမည်။ (အဖိုး ၃-ကျပ်)

# ဓမ္မပဒ

## ဦးသော်ဇင်

ပိဋကတ သုံးပုံထဲမှ စာအုပ်တအုပ်၏ အမည်ကို ပြောစမ်းပါ ဟု ဆိုလျှင် အထစ်အငေါ့ မရှိဘဲ ဓမ္မပဒကို ညွှန်လိုက်ပါမည်၊ အကြောင်းကား ယင်းသည် စာပေလောကတွင် တခုတည်းသော အကောင်းဆုံး စာအုပ်ဖြစ်၍ အကျွန်ုပ်အား အထူး ကျေးဇူးများသောကြောင့် ဖြစ်ပါသည်၊ နှစ်ပေါင်းလေးဆယ်ကျော်အတွင်း ကံမကောင်း, အကြောင်းမသင့်၍ စိတ်နှလုံး ပူပန် ဆင်းရဲခြင်းဖြစ်သည့် အခါတိုင်း သူသည် အကျွန်ုပ်အား သစ္စာရှိသော မိတ်ဆွေကောင်း တယောက်အဖြစ်ဖြင့် ဖြေဖျော်ခဲ့ပါသည်၊ မနှိုင်းယှဉ်နိုင်လောက်အောင် လှပသော ဂါထာတို့သည် အကြံဉာဏ်ပေးရန်အတွက် ဖြစ်စေ၊ အမျိုးမျိုးသော ဆင်းရဲဒုက္ခတို့မှ လျော့ပါး သက်သာရန် ဖြစ်စေ၊ ဂုဏ်သတင်း ပျံ့သင်း ကျော်စောရန် ဖြစ်စေ-ဘယ်ဘက်ကမှ အချည်းနှီး သက်သက် မဖြစ်ချေ၊ တခုခုအတွက် အကျိုး သက်ရောက်သည် သာတည်း။

**ဒေါက်တာ ကသိယပ် အောပရဲရာ**

ကမ္ဘာ့ ဘာသာကြီးတို့တွင် ဘာသာပြန်လျက် ယဉ်ကျေးသော လူတိုင်း လက်ကိုင်ပြုသော ဓမ္မပဒ ဖြစ်၏၊ မြန်မာပြန်ကား ထိုဘာသာပြန်တို့ထက် သာလွန် မှန်ကန်သည်၊ ဤစာအုပ် ကုန်နေသည်မှာ အတော်ကြာပြီ ဖြစ်၍ ပြန်၍ ပုံနှိပ်နေပါသည်၊ ယခု အကြိမ်မှာမူ လူတိုင်း အမြဲဆောင်နိုင်စေရန် အတွက် ဆိုက်အငယ်ဖြင့် လှပသေသပ်စွာ ထုတ်လုပ်ပါမည်။
(အဖိုး ၃-ကျပ်)

# တေဒဂ္ဂ

## ဦးသော်ဇင်

ရှေးအခါက 'တေဒဂ်ဝတ္ထု' အမည်ဖြင့် စာအုပ်တအုပ် ထွက်ဖူးပါသည်၊ ယခု ရဘို့မလွယ်ပါ၊ ထိုပြင် အစုံအလင်လည်း မဟုတ်ပါ၊ ထိုကြောင့် အမြော်အမြင်ရှိသော ပုဂ္ဂိုလ်အများပင် တေဒဂ် ဝတ္ထု အစုံအလင်ကို ခေတ်မှီမှီ စီရင်ရန် လိုလား တောင့်တခဲ့ကြ၏၊ သို့ရာတွင် တာဝန်ကြီးသော အလုပ်ဖြစ်၍ ရုတ်တရက် မထွက်နိုင်ချေ၊ ယခုအခါ ဆရာဦးသော်ဇင်သည် ရန်ကုန်မြို့ မြောက်ဥက္ကလာပ ရွှေဥမင်တောရ ကျောင်းမှ သီရိ ပဝရ ဓမ္မာစရိယ, ဝိသိဋ္ဌ ဒီဃဘာဏက, အရညဝါသီ အရှင် ပညာဇောတ ၏ အကူအညီဖြင့် အပြည့်အစုံ စီရင်၍ ပြီးပါပြီ၊ ဘုရားရှင်သည် မိမိတပည့်တို့တွင် ထူးချွန်သာလွန် မြင့်မြတ်သော ရဟန်းယောကျ်ား, ရဟန်းမိန်းမ, လူယောကျ်ား, လူမိန်းမ တို့ကို တေဒဂ် အရာ ထားတော်မူခဲ့၏၊ တေဒဂ္ဂ အမည်ရှိသော ဤစာအုပ်သည် ထိုထူးမြတ်သူတို့၏ အတ္ထုပ္ပတ္တိ ဖြစ်ရပ်တို့ပင်၊ အရှင်ပညာဇောတသည် ဤကျမ်းကို ဟောကြားပြီး သပိတ် တလုံး သုံးထည်သော သင်္ကန်းဖြင့် တောထွက် သွားလေပြီ၊ ကျောင်းသူ, ကျောင်းသား, တကာ, တကာမတွေ အတုမြင် အတတ်သင်ကြစေရန် စာအုပ်ဖြစ်အောင် ဆောင်ရွက်ပါဟု မိန့်ကြားသွားပါသည်၊ တောင်ကြီးမြို့ မင်းလမ်း ရှခင်းသာမှ ဒေါ်ရွှေခင်က ဤစာအုပ်ကို ငွေတထောင်ဖိုး လှူပါမည်ဟု တာဝန်ယူလိုက်၏။